# THE 21 INDISPENSABLE

## QUALITIES OF A LEADER

BY

JOHN C. MAXWELL

# အကြွင်းမဲ့ခေါင်းဆောင်မှု

# သဘောတရား

ဘာသာပြန်သူ

မောင်မြင့်ကြွယ်

# မာတိကာ


မိတ်ဆက်စကား

| | | | |
|---|---|---|---|
| ၁။ | အကျင့်စာရိတ္တကောင်းမွန်မှု | ..... | ၁ |
| ၂။ | ဩဇာတိက္ကမ ရှိမှု | ..... | ၁၅ |
| ၃။ | ကတိတည်မှု | ..... | ၂၇ |
| ၄။ | ဆက်သွယ်ပြောဆိုတတ်မှု | ..... | ၄၁ |
| ၅။ | စွမ်းရည်ပြည့်ဝမှု | ..... | ၅၃ |
| ၆။ | သတ္တိရှိမှု | ..... | ၆၅ |
| ၇။ | ချင့်ချိန်နိုင်စွမ်းရှိမှု | ..... | ၇၉ |
| ၈။ | အာရုံစူးစိုက်မှု | ..... | ၉၁ |
| ၉။ | ရက်ရက်ရောရောရှိမှု | ..... | ၁၀၃ |
| ၁၀။ | စတင်တီထွင်တတ်မှု | ..... | ၁၁၇ |
| ၁၁။ | နားထောင်နိုင်မှု | ..... | ၁၂၉ |
| ၁၂။ | ဆန္ဒပြင်းပြမှု | ..... | ၁၄၃ |
| ၁၃။ | အပြုသဘောထားရှိနိုင်မှု | ..... | ၁၅၇ |
| ၁၄။ | ပြဿနာဖြေရှင်းနိုင်မှု | ..... | ၁၆၉ |
| ၁၅။ | ပေါင်းသင်းဆက်ဆံတတ်မှု | ..... | ၁၈၃ |
| ၁၆။ | တာဝန်ယူမှု | ..... | ၁၉၇ |
| ၁၇။ | လုံခြုံစိတ်ချမှု | ..... | ၂၀၉ |
| ၁၈။ | ကိုယ်တိုင်စည်းကမ်းရှိမှု | ..... | ၂၂၃ |
| ၁၉။ | အလုပ်အကျွေးပြုမှု | ..... | ၂၃၇ |
| ၂၀။ | သင်ယူနိုင်စွမ်းရှိမှု | ..... | ၂၅၁ |
| ၂၁။ | အမြင်ကျယ်သည့်စိတ်ကူးရှိမှု | ..... | ၂၆၅ |
| | နိဂုံး | | |

# မိတ်ဆက်စကား

ခေါင်းဆောင်တစ်ယောက်၏ နောက်သို့ လိုက်ပါချင်အောင် လူတွေကို မည်သည့်အချက်များက တွန်းပို့နေပါသနည်း။ လူအချို့က ခေါင်းဆောင်တစ်ဦး၏နောက်သို့ တွန့်ဆုတ်ဆုတ်နှင့် လိုက်ပါနေကြစဉ်တွင် အခြားခေါင်းဆောင်တစ်ဦး၏ နောက်သို့မူ ကမ္ဘာဆုံးသည်အထိ လှိုက်လှိုက်လှဲလှဲ လိုက်ပါနေကြသည်မှာ အဘယ်ကြောင့်နည်း။ တကယ့်စစ်မှန်သော ကမ္ဘာတွင် ထိရောက်စွာ ခေါင်းဆောင်မှုပေးနိုင်သော အောင်မြင်သည့်ခေါင်းဆောင်များနှင့် ခေါင်းဆောင်မှုသီဝရီဆိုင်ရာ ပညာရှင်များအား မည်သည့်အရာက စည်းခြားကန့်သတ်ထားပါ သနည်း။ အဖြေမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျင့်စာရိတ္တအရည် အချင်းများပေါ်၌ တည်မှီနေပါသည်။

စာရှုသူ ချစ်မိတ်ဆွေ။ လူအများအပြားကို ဆွဲဆောင်နိုင်စွမ်း ရှိသည်သာမက၊ လုပ်ငန်းများကို ပြီးမြောက်အောင်မြင်စေသော၊ ကြီးကျယ်သည့် ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်လာစေမည့် အရည်အချင်းများ သင့်ထံတွင် ရှိမရှိ သင်သိပါသလား။ ကျွန်ုပ်ဆိုလိုသည်မှာ သင့်ထံ၌ အလွန်ရဲတင်းသော စိတ်ကူးအကြံအစည်များရှိသည်ဆိုပါက အဆိုပါစိတ်ကူးသည် ကြီးကျယ်လွန်းလှသောကြောင့် မည်သူ့ကိုမျှ ဖွင့်မပြောရသေးသည့်စိတ်ကူးများ ရှိနေပါသလား။ အဆိုပါစိတ်ကူး အကြံအစည်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်



သည့်အရည်အချင်းများ ရှိမရှိ၊ သင့်အဇ္ဈတ္တအတွင်းသဏ္ဌာန်ထဲသို့ အချိန်ယူ၍ အမှန်တကယ် စစ်ဆေးခဲ့ဖူးပါသလား။ အကယ်၍ ကျွန်ုပ်တို့သည် မိမိ၏ တကယ့်စွမ်းပကားကို ရရှိလိုသည်ဆိုပါက၊ ဤမေးခွန်းကို ကျွန်ုပ်တို့ တစ်ဦးချင်း၊ ရိုးသားဖြောင့်မတ်စွာ မေးမြန်းရဲရန်နှင့် ဖြေဆိုရန် လိုအပ်မည် ဖြစ်ပေသည်။

ကျွန်ုပ် ဤစာအုပ်ကို ရေးသားရခြင်းမှာ လူအများအပြား၊ ၎င်း၏ နောက်ကလိုက်ပါလိုကြသည်သာမက အမှန်တကယ် ထိရောက်စွာ ခေါင်းဆောင်မှုပေးနိုင်သူတစ်ဦးအတွက် လိုအပ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အရည်အချင်းများကို သင် သတိထားမိစေရန်၊ ဖွံ့ဖြိုးလာစေရန်နှင့် နေတတ် ထိုင်တတ်လာစေရန် အကူအညီပေးရေးပင် ဖြစ်သည်။ အကယ်၍ သင်သည် **"ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်"**စာအုပ်ကို ဖတ်ရှုပြီးဖြစ်ပါက၊ ခေါင်းဆောင်တစ်ဦး ဖြစ်လာရန် အချိန်ယူရကြောင်း သင်သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ "ဖြစ်စဉ် ဥပဒေသ"အရ ခေါင်းဆောင်မှုသည် နေ့ချင်းညချင်း ဖြစ်ပေါ်လာသည် မဟုတ်ဘဲ တစ်ရက်ပြီးတစ်ရက် တိုးတက်ဖွံ့ဖြိုးလာခြင်းသာ ဖြစ်ပေသည်။ ခေါင်းဆောင်တစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှု တစ်စိတ်တစ်ပိုင်းသည် ခေါင်းဆောင်မှုဥပဒေသများကို လေ့လာခြင်းမှ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ထိုဥပဒေသများသည် ခေါင်းဆောင်မှုအား မည်သို့မည်ပုံ ဆောင်ရွက်ရသည်ကို သင်ကြားပေးသော ကိရိယာပစ္စည်းများပင် ဖြစ်ပေသည်။ သို့ရာတွင် ခေါင်းဆောင်မှုကို နားလည်သဘောပေါက်ခြင်းနှင့် အမှန်တကယ် ဆောင်ရွက်ခြင်းတို့သည် မတူညီသော ဆောင်ရွက်ချက်များ ဖြစ်ကြပါသည်။

မကြာသေးမီက ကျွန်ုပ်သည် "ဘီလ်ဖရီးမင်း"ဆိုသူ မိတ်ဆွေ တစ်ဦးနှင့် စကားစမြည် ပြောခဲ့၏။ သူသည် အမေရိကရှိ ပုဂ္ဂလိကပိုင် အကြီးမားဆုံးသော ထရပ်ကားနှင့် ပို့ဆောင်ပေးသည့် ကုမ္ပဏီကြီး

"ဝတ်ကင်းအဆိုစီယိတ်တက် အင်ဒပ်စထရီးစ် အင်ကောပိုရိတ်တက်"၏ ဥက္ကဋ္ဌဖြစ်သည်။ ဘီလ်သည် အလွန်တော်သော စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်ပြီးလျှင် အခြားသော ခေါင်းဆောင်ကောင်းများကဲ့သို့ပင် စဉ်ဆက်မပြတ် လေ့လာရေးနှင့် ပိုမိုတိုးတက်စေမည့် နည်းလမ်းများကို ရှာဖွေနေသူလည်း ဖြစ်၏။

"ကျုပ် ခင်ဗျားစာအုပ်ကို ဖတ်နေတာ တစ်ဝက်လောက်အထိ ရောက်သွားပြီ"ဟု သူကပြောသည်။ သူဆိုလိုသည့်စာအုပ်မှာ **"ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်"**ပင် ဖြစ်၏။

"အဲဒီစာအုပ်က ကျုပ်အပေါ်မှာ တော်တော်ကလေး ဩဇာသက်ရောက်မှုရှိတယ်ဗျ"

ထို့နောက် သူက ကျွန်တော့်အပေါ်၌ ဩဇာသက်ရောက်မှုရှိစေသည့်စကားတစ်ခွန်းကို ထပ်ပြောလိုက်ပြန်၏။

"ကျုပ် အဲဒီစာအုပ်ကို ဘယ်လိုဖတ်သလဲဆိုတာ ပြောပြရဦးမယ်။ ကျုပ်က မနက်တိုင်း အဲဒီစာအုပ်ထဲက အခန်းတစ်ခန်းကို ပြီးအောင်ဖတ်တယ်။ ပြီးတော့ တစ်နေ့လုံးလုံး အဲဒီဥပဒေသအကြောင်းကိုပဲ စဉ်းစားနေတယ်။ ကျုပ်အလုပ်လုပ်နေတုန်းမှာလဲ ကျုပ်က အဲဒီခေါင်းဆာင်မှု ဥပဒေသနဲ့ စပ်လျဉ်းပြီး ကျုပ်ဘယ်လိုလုပ်ကိုင်နေသလဲလို့ ကိုယ့်ကိုယ်ကို မေးတယ်။ ရုံးခန်းထဲကလူတွေကိုလဲ သူတို့က အဲဒီဥပဒေသကို လိုက်နာနေကြသလားဆိုတာ ကျုပ်ကအကဲခတ်တယ်။ ကျုပ်ရဲ့ကုမ္ပဏီတစ်ခုလုံးကို အဲဒီဥပဒေသနဲ့ ယှဉ်ပြီးလေ့လာအကဲခတ်တယ်၊ အကဲဖြတ်တယ်၊ ဆင်ခြင်သုံးသပ်တယ်။ နံနက်တိုင်း ကွဲပြားခြားနားတဲ့ ဥပဒေသတစ်ခုစီနဲ့ တွေ့ရတယ်။ တကယ့်ကိုအမြင်ကျယ်စေတာပဲဗျာ"

ဘီလ်က ကျွန်ုပ်အား လွန်စွာစိတ်အားတက်ကြွစေခဲ့ပါ၏။ တကယ်ကလည်း ၎င်း၏ မှတ်ချက်များက ကျွန်ုပ်အား ဤစာအုပ်ကို



ရေးသားရန် စေ့ဆော်တိုက်တွန်းခဲ့ကြပါသည်။ သူသည် ၎င်း၏ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်စေရေးကို သူလုပ်သင့်သည့်ပုံစံအတိုင်း အတွင်းဘက်မှစတင်၍ ကျင့်သုံး၏။ ထိရောက်မှုရှိသော ခေါင်းဆောင်များသည် လူတစ်ဦးချင်းအနေနှင့် အဆင့်မြင့်မားစေသော မိမိအတွင်းသဏ္ဌာန်ရှိ အရည်အချင်းများကြောင့်ဖြစ်သည့်အပြင် ဦးဆောင်မှု၏ ထူးခြားသော လက္ခဏာများကို ဖွံ့ဖြိုးအောင် ပြုလုပ်ရပေလိမ့်မည်။

ဘီလ်နှင့် စကားစမြည်ပြောဆိုပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်သိကျွမ်းသော နောက်လိုက်များက အလွန်ကြည်ညိုသည့် ခေါင်းဆောင်ကောင်းများ၏ ထူးခြားချက်များကို ပြန်၍ ဆင်ခြင်သုံးသပ်ကြည့်မိ၏။ ကျွန်ုပ်သည် တူညီသောအကြောင်းအချက်များကိုလည်း ရှာကြည့်မိ၏။ အခြားခေါင်းဆောင်များနှင့် စကားစမြည်ပြောကြည့်ပြီးနောက် သူတို့၏ ထင်မြင်ယူဆချက်များကို နားထောင်၏။ သမိုင်းတွင် ဩဇာတိက္ကမကြီးမားသော ခေါင်းဆောင်များကို လေ့လာသုံးသပ်၏။ ထိုအခါကျွန်ုပ်သည် ခေါင်းဆောင်ကြီးများအားလုံးက ပိုင်ဆိုင်ထားကြသော အရည်အချင်း ၂၁ ချက်ကို လက်ခံလိုက်၏။ အဆိုပါ ထူးခြားသည့် အရည်အချင်းများကို ဤစာအုပ်တွင် ဖော်ပြထားပါသည်။ သာဓကများနှင့်လည်း ရှင်းပြထားပါ၏။ **"ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်"**စာအုပ်နှင့် တွဲဖက်၍ ဖတ်ရှုနိုင်စေရန် ရည်ရွယ်ပါသည်။

သင်သည် ဤစာအုပ်ကို ဖတ်ရှုနေရင်း တစ်ချိန်တည်းမှာပင် အခန်းတော်တော်များများကို ရောရောရှုရှု ဖတ်ရှုသွားနိုင်ကြောင်း တွေ့ရပါလိမ့်မည်။ သင်သည် တစ်ထိုင်တည်းနှင့်ပင် ဤစာအုပ်တစ်အုပ်လုံးကို ကုန်စင်အောင်ဖတ်ရှုနိုင်စွမ်းရှိပါလိမ့်မည်။ **ထိုကဲ့သို့ မဖတ်လိုက်ပါနှင့်။** ဤစာအုပ်သည် ဘီလ်ဖရီးမင်းက စာအုပ်တစ်အုပ်အား ဖတ်ရှုသလိုပင်၊ စနစ်တကျနှင့် မဟာဗျူဟာမြောက်စွာ ကြေကြေညက်ညက် ဖတ်ရှုနိုင်အောင် ပုံစံထုတ်ထားသောစာအုပ် ဖြစ်ပါ၏။

ကျွန်ုပ်က စာရှုသူအား ဤစာအုပ်နှင့် အချိန်ယူ၍ နေထိုင်(ဖတ်ရှု)ရန် တိုက်တွန်းအားပေးလိုပါသည်။ အခန်းတစ်ခန်းကို ဖတ်ပါ။ ပြီးလျှင် ထိုအခန်းအတွက် အသင့်အတင့် အချိန်ပေးပါ။ ထိုအချိန်ပိုင်းအတွင်း ဆင်ခြင်တွေးတောပါ။ ပြန်လည်သုံးသပ်ပါ။ အသစ်တဖန်ပြန်ဖတ်ပါ။ သင်လေ့လာနေသော အရည်အချင်းသည် သင့်ဘဝတွင် အားနည်းသော ပျော့ကွက်ဖြစ်နေပါက ထိုကိစ္စကို ပြုပြင်နိုင်အောင် အချိန်ပေးပါ။ ပြီးမှ နောက်တစ်ခန်းကို ဆက်ဖတ်ပါ။ သင်သည် တစ်နှစ်တာကာလအတွင်း ထိုလုပ်ငန်းစဉ်ကို အကြိမ်ပေါင်းမြောက်မြားစွာ ထပ်ခါတလဲလဲ ဆောင်ရွက်ချင်စိတ် ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာပေလိမ့်မည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် ထိုအရည်အချင်းသည် သင့်၏ စရိုက်လက္ခဏာထဲတွင် စွဲမြဲစွာ အနည်ထိုင်သွားပါလိမ့်မည်။

အရာခပ်သိမ်း၏ တိုးတက်ခြင်းနှင့် ဆုတ်ယုတ်ခြင်းမှန်သမျှတို့သည် ခေါင်းဆောင်မှုပေါ်၌ တည်မှီနေသည်။ ခေါင်းဆောင်မှုအရည်အချင်းကို သင့်အတွင်း သဏ္ဍာန်မှစ၍ ဖွံ့ဖြိုးအောင် လုပ်ယူမှရပါသည်။ သင့်အတွင်းသဏ္ဍာန်၌ သင်ဖြစ်သင့် ဖြစ်ထိုက်သော ခေါင်းဆောင်တစ်ဦး ဖြစ်လာအောင် ဆောင်ရွက်နိုင်စွမ်းရှိပါက ဗဟိဒ္ဓသဏ္ဍာန်၌လည်း သင်ဖြစ်လိုသော ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်ပေသည်။ လူအများကလည်း သင်၏ ခေါင်းဆောင်မှုကို နာခံလိုကြပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်လာပြီဆိုလျှင် သင်သည် မည်သည့်ကိစ္စကိုမဆို ဤကမ္ဘာပေါ်၌ ဆောင်ရွက်နိုင်စွမ်း ရှိပေလိမ့်မည်သာတည်း။

အရည်အချင်း (၁)

# အကျင့်စာရိတ္တ ကောင်းမွန်မှု

## ကျောက်စိုင်ကျောက်ခဲပမာ၊ မယိမ်းယိုင်ပါစေနှင့်

“ခေါင်းဆောင်မှုဆိုတာ တစ်ခုတည်းသော ရည်ရွယ်ချက်နဲ့ ယုံကြည်မှုကို တဖွားဖွားဖြစ်ပေါ်လာစေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ နောက်ဘက်မှာ ယောကျ်ားနဲ့ မိန်းမတွေကို စုစည်းပေးလိုတဲ့ စိတ်နဲ့ စုစည်းပေးနိုင်တဲ့ အရည်အချင်းပဲ ဖြစ်တယ်”

**ဘားနတ်မောင်ဂိုမာရီ**
**ဗြိတိသျှစစ်သေနာပတိချုပ်**

“ဆိတ်ငြိမ်မှုနဲ့ ငြိမ်းချမ်းမှုသက်သက်တို့အတွက်တော့ သင့်အတွေ့အကြုံ ဒါမှမဟုတ် သင့်ယုံကြည်ချက်ကို မည်သည့်အခါတွင်မှ မျိုသိပ်မထားလိုက်ပါနဲ့”

**ဒက်ဟမ်းမားရှိုးလ်**
**ဆွီဒင်နိုင်ငံသား၊**
**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း**

# "ရဲရဲကြီး စွန့်စားလိုက်စမ်းပါ"

အကယ်၍ သင်သည် လေဆိပ်ငယ်များမှတစ်ဆင့် ခရီးသွားဖူးသည်ဆိုပါက သို့မဟုတ် ကုမ္ပဏီပိုင် လေယာဉ်တစ်စီးစီးနှင့် စီးနင်းလိုက်ပါဖူးသော အတွေ့အကြုံများရှိပါက လီယာဂျက်လေယာဉ်ပျံကို မြင်ဖူးကောင်း မြင်ဖူးပေလိမ့်မည်။ သို့တည်းမဟုတ် ထိုလေယာဉ်ပျံပေါ်တွင် စီးနင်းကောင်း စီးနင်းဖူးပေလိမ့်မည်။

ကျွန်ုပ်သည် ထိုလေယာဉ်ပျံတစ်စီးကို နှစ်ကြိမ် သုံးကြိမ် စီးနင်းခွင့် ရခဲ့ဖူးပါသည်။ ထူးခြားသော အတွေ့အကြုံပင် ဖြစ်၏။ ထိုလေယာဉ်ပျံများသည် သေးငယ်ကြပြီး ခရီးသည်ငါးယောက် သို့မဟုတ် ခြောက်ယောက်သာ တင်ဆောင်နိုင်၏။ အလွန်လည်း လျှင်မြန်၏။ ထိုလေယာဉ်ပျံများကို စီးရသည်မှာ ဂျက်အင်ဂျင်တပ်ထားသော ကျဉ်းမြောင်းသည့် ပိုက်လုံးကြီးထဲတွင် စီးနင်းလိုက်ပါရသည်နှင့် တူလှ၏။

ကျွန်ုပ်ဝန်ခံလိုပါသည်။ လီယာဂျက်နှင့် လိုက်ပါစီးနင်းရသည်မှာ အလွန်ပင် ပျော်စရာကောင်းပါ၏။ သို့ရာတွင် ထိုလေယာဉ်နှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ အံ့ဩစရာအကောင်းဆုံးကိစ္စမှာ အချိန်ကုန်သက်သာခြင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် စကားအဖြစ်ပြောရမည်ဆိုပါက လေကြောင်းလိုင်းများနှင့် ခရီးမိုင်သန်းပေါင်းများစွာ သွားလာခဲ့ဖူးပါ၏။ ၎င်းအပြင် ကျွန်ုပ်သည် လေဆိပ်သို့ရောက်အောင် အလွန်ဝေးကွာသည့် ခရီးကို မောင်းနှင်ရမှု၊ ငှားထားသော မော်တော်ကားကို ပြန်ပို့ပေးရမှု၊ ခေါက်တုံ့ခေါက်ပြန် သွားလာနေရမှု၊ လေဆိပ်တွင် ကားများပိတ်ဆို့နေမှုစသည့် သိသိသာသာ မြင်တွေ့နေရသော ကြန့်ကြာနှောင့်နှေးမှုတို့နှင့် ယဉ်ပါးနေသူ ဖြစ်ပါသည်။ ထိုကိစ္စများသည် ထမင်းလုံးတစ္ဆေ ခြောက်မှုကြီး ဖြစ်လာနိုင်ပါ၏။ လီယာဂျက်နှင့် ခရီးသွားလာမှုကမူ



ခရီးသွားလာရသည့်အချိန်ကို လွယ်ကူစွာ တစ်ဝက်အထိ လျှော့ချပစ်နိုင်ပါ၏။

အံ့ဩစရာကောင်းသည့် ဤလေယာဉ်ပျံကို တီထွင်ခဲ့သူမှာ "ဘီလ်လီယာ"ဆိုသူ ဖြစ်၏။ တီထွင်သူ၊ လေယာဉ်ပျံ ထုတ်လုပ်သူနှင့် စီးပွားရေးနယ်ပယ်တွင် ခေါင်းဆောင်တစ်ဦးဖြစ်သူ "ဘီလ်လီယာ"သည် မူပိုင်ခွင့်မှတ်ပုံတင်ထားမှုပေါင်း ၁၅၀ ကျော်ကို ပိုင်ဆိုင်ထားသူလည်း ဖြစ်၏။ ထိုမူပိုင်ခွင့်များထဲတွင် လေယာဉ်ပျံကို အလိုအလျောက်မောင်းနှင်စေနိုင်သော စက်ကိရိယာ၊ မော်တော်ကားရေဒီယို၊ အသံသွင်းနိုင်သော လမ်းကြောင်းရှစ်မျိုးပါသည့် တိပ်ခွေများ (တစ်မိုးလုံးဖျောက်ဆိတ်တော့ သူလုပ်၍မရနိုင်ပါ) စသည်တို့ပါဝင်ကြသည်။ "ဘီလ်လီယာ" သည် တွေးခေါ်ရာ၌လည်း ခေတ်ရှေ့ကိုပြေးနေသူ တစ်ယောက်ဖြစ်၏။ ၁၉၅၀ ဆယ်စုနှစ်အတွင်းတွင် ကော်ပိုရေးရှင်းကြီးများအတွက် အသေးစားဂျက်လေယာဉ်ပျံများ ထုတ်လုပ်မှုသည် အလားအလာရှိကြောင်းကို သူတွေးမြင်နိုင်ခဲ့၏။ သူ့စိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန်မှာ နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရ၏။ ၁၉၆၃ ခုနှစ်တွင် ပထမဦးဆုံး လီယာဂျက်လေယာဉ်ပျံ အစမ်းပျံသန်းမှုကို ပြုလုပ်နိုင်ခဲ့၏။ ၁၉၆၄ ခုနှစ်တွင်မူ ပထမဦးဆုံး ဝယ်ယူသောဖောက်သည်ထံ ပထမဦးဆုံး လေယာဉ်ပျံကို ပေးအပ်နိုင်ခဲ့ပါသည်။

"ဘီလ်လီယာ" ချက်ချင်းလက်ငင်း အောင်မြင်မှု ရရှိသွားခဲ့လေသည်။ သူသည် လေယာဉ်ပျံအများအပြားကို လျင်မြန်စွာ ရောင်းချနိုင်ခဲ့၏။ သို့ရာတွင် သူ့လုပ်ငန်း စတင်၍ များမကြာမီ၌ သူတည်ဆောက်ပေးခဲ့သော လေယာဉ်ပျံနှစ်စီးသည် ထူးခြားဆန်းကြယ်သော အခြေအနေများနှင့် ပျက်ကျခဲ့ကြကြောင်း သိရှိရလေတော့၏။ သူအကြီးအကျယ် ဆုံးရှုံးနစ်နာသွားခဲ့သည်။ ထိုအချိန်က "လီယာဂျက်" ၅၅ စီးကို ပုဂ္ဂလိကများက ဝယ်ယူပိုင်ဆိုင်ထားကြ၏။ သူက အဆိုပါ

လေယာဉ်ပိုင်ရှင်များထံသို့ သူနှင့်သူ့အဖွဲ့က လေယာဉ်ပျက်ကျရမှု အကြောင်းရင်းကို ဖော်ထုတ်နိုင်စွမ်း မရှိသေးခင်အထိ ထိုလေယာဉ်ပျံများကို ဆက်လက်မမောင်းနှင်ကြရန် ချက်ချင်းအကြောင်းကြားလိုက်ရလေ၏။ သတင်းစာများထဲတွင် သူ့ကို ထိခိုက်နစ်နာစေမည့် သတင်းဆိုးများ ပါရှိလာမည့်အရေးထက် နောက်ထပ်၍ လူ့အသက်များစွာ ဆုံးရှုံးနိုင်သည့်ကိစ္စက သူ့စိတ်ထဲတွင် ပိုမို၍ အရေးကြီးနေပါ၏။

သူသည် ကံဆိုးရှာသည့် ပျံသန်းမှုများအကြောင်း လေ့လာသုတေသနပြုလုပ်ရင်းနှင့် ဖြစ်နိုင်ရန်အလားအလာရှိသည့် အကြောင်းရင်းကို ရှာဖွေတွေ့ရှိခဲ့လေ၏။ သို့ရာတွင် အဆိုပါနည်းပညာပိုင်းဆိုင်ရာ ပြဿနာကို သေချာအောင် မြေပြင်ပေါ်၌ ဖော်ထုတ်နိုင်စွမ်းမရှိပါချေ။ ထိုအခါ သူရှာဖွေဖော်ထုတ်ထားသည့် အချက်အလက် မှန်မမှန် သေချာအောင် စစ်ဆေးရန် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိတော့သည်။ သူက ထိုကိစ္စကို လေထဲတွင် သူကိုယ်တိုင် မောင်းနှင်ပြီး ပြန်လည်ဖန်တီးကြည့်ရေးပင် ဖြစ်ပါ၏။

ထိုကိစ္စမှာ အလွန်အန္တရာယ်ကြီးမားသော လုပ်ငန်းစဉ်ဖြစ်သော်လည်း သူဆောင်ရွက်ခဲ့ပါ၏။ သူဂျက်လေယာဉ်ပျံကို စမ်းသပ်မောင်းနှင်နေစဉ် ထိန်းမနိုင်သိမ်းမရနီးပါး ဖြစ်ပွားခဲ့သည်။ သူသည် အခြားလေယာဉ်မောင်းသူနှစ်ယောက်၏ ကံကြမ္မာမျိုးနှင့် တွေ့ကြုံရတော့မလောက် ဖြစ်ခဲ့ရ၏။ သို့ရာတွင် သူသည် စစ်ဆေးမှုများကိုပြုလုပ်ရင်း ချွတ်ယွင်းချက်ကို အတည်ပြုနိုင်ခဲ့၏။ သူသည် ထိုပြဿနာကို ကာကွယ်ပေးနိုင်မည့် အစိတ်အပိုင်းတစ်ခုကို ထပ်မံတီထွင်ပြီးလျှင် အန္တရာယ် ပပျောက်အောင် လေယာဉ်ပျံ ၅၅ စီးစလုံးတွင် တပ်ဆင်ပေးခဲ့၏။

လေယာဉ်ပျံများကို မပျံသန်းရန် တားမြစ်ထားခဲ့ရမှုက ဘီလ်လီယာအတွက် လွန်စွာ ငွေကုန်ကြေးကျများစေခဲ့ပါသည်။ ထိုကိစ္စက ဝယ်ယူရန်



အလားအလာရှိသည့် ပုဂ္ဂိုလ်များ၏စိတ်ထဲတွင် သံသယမျိုးစေ့များကို စိုက်ပျိုးပေးခဲ့၏။ ရလဒ်အနေနှင့် သူသည် ထို လုပ်ငန်းကို နောက်ထပ် ၂ နှစ်ကြာအောင် အချိန်ယူ၍ ပြန်လည်ပျိုး ထောင်ခဲ့ရ၏။ သို့ရာတွင် လီယာသည် ထိုဆုံးဖြတ်ချက်အတွက် မည်သည့်အခါကမှ ဝမ်းမနည်းခဲ့ဖူးချေ။ သူသည် အဆိုပါလေယာဉ် ပျက်ကျမှုများ၏ ဆန်းကြယ်မှုကို ဖြေရှင်းနိုင်ရန်အတွက် သူ၏အောင်မြင်မှု၊ သူ့စီးပွား ဥစ္စာတို့ကိုသာမက သူ့အသက်ကိုပင် စွန့်လွှတ်ရန် ဝန်မလေးသူဖြစ်၏။ သို့ရာတွင် သူ၏ဖြောင့်မတ်ရိုးသားမှုကိုမူ အဆုံးရှုံးခံလိမ့်မည် မဟုတ်ချေ။ ထိုကဲ့သို့ ဖြစ်နိုင်ရန်မှာ ထိုသူသည် အကျင့်စာရိတ္တမဏ္ဍိုင် မယိုင်လဲသူသာ ဖြစ်ရပါလိမ့်မည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ခေါင်းဆောင်တစ်ယောက်က ဘဝ၏ အခြေအနေအရပ်ရပ်အား မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းသည်ဆိုသော အချက်ကလည်း ထိုသူ၏ အကျင့် စာရိတ္တအကြောင်း ကောင်းကောင်းကြီး ဖော်ပြလျက်ရှိ၏။ ဘေးကျပ်နံကျပ်ဖြစ်မှုနှင့် တွေ့ဆုံနေရမှုတို့က အကျင့်စာရိတ္တကို ပုံလောင်းပေးခြင်း မရှိပါ။ သို့ရာတွင် ထိုကိစ္စက အကျင့်စာရိတ္တကို မြင်သာထင်သာ ဖြစ်စေနိုင်၏။ အကုသိုလ်ဆိုးဝင်မှုက လူတစ်ဦးတစ်ယောက်အား လမ်း ၂ သွယ်အနက် တစ်ခုခုကို ရွေးချယ်စေ၏။ အကျင့်စာရိတ္တကိုပဲ ရွေးချယ်မည်လား၊ သို့မဟုတ် အပေးအယူလုပ်မည်လား။ အကျင့်စာရိတ္တကို ရွေးချယ်သည့်အခါတိုင်း ထိုကဲ့သို့ ရွေးချယ်လိုက်မှုက ဆန့်ကျင်ဖက်အကျိုးဆက်များကို ဖြစ်ပေါ်စေသည့်တိုင်အောင် သူ၏ အကျင့်စာရိတ္တသည် ပိုမို၍ ခိုင်မာလာမည် ဖြစ်ပါသည်။

စာရေးဆရာကြီး အဲလက်ဇန်းဒါးဆိုဇင်နစ်ရှင်က အောက်ပါ အတိုင်း ပြောဖူး၏။ **“ကမ္ဘာသားတစ်ယောက်အနေနှင့် သက်ရှင်နေထိုင် ရမှု၏ အဓိပ္ပာယ်သည် ကျွန်ုပ်တို့ တွေးလေ့တွေးထရှိကြသည့်အတိုင်း စီးပွားဖြစ်ထွန်းမှုအတွက် မဟုတ်မူဘဲ၊ စိတ်ဓာတ်ကို ဖွံ့ဖြိုးတိုးတက် စေရေးအတွက်သာလျှင် ဖြစ်ပေသည်။”**

အကျင့်စာရိတ္တကို ဖွံ့ဖြိုးတိုးတက်စေရေးသည် ခေါင်းဆောင် များ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော ကဏ္ဍမှ ပါဝင်သည်သာ မက လူသားများအနေနှင့်လည်း အရေးအပါဆုံး ကိစ္စရပ်ဖြစ်ပေသည်။

အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ မည်သည့်အချက်များကို လူတိုင်း သိရှိထားသင့်ပါသနည်း–

### ၁။ အကျင့်စာရိတ္တသည် ကြေညာရုံနှင့် မပြီးပါ။

လူတိုင်းက သူသည် ရိုးသားဖြောင့်မတ်သူဖြစ်ကြောင်းကို ပြောနိုင် ကြပါ၏။ သို့ရာတွင် တကယ်တမ်း ဆောင်ရွက်ပြမှုကသာလျှင် အကျင့် စာရိတ္တအတွက် စစ်မှန်သော အညွှန်းပြကိန်း ဖြစ်ပါသည်။ သင်၏ အကျင့်စာရိတ္တက သင်သည် မည်သူမည်ဝါဖြစ်ကြောင်း အဆုံးအဖြတ် ပေးပါ၏။ သင် မည်သူမည်ဝါဖြစ်သည်ဆိုသောအချက်က သင် မည်ကဲ့သို့ ကြည့်မြင်သည်ကို အဆုံးအဖြတ်ပေးပါ၏။ သင်၏ ကြည့်မြင်မှုက သင်ပြုလုပ်ဆောင်ရွက်မည့်ကိစ္စကို အဆုံးအဖြတ်ပေး ပါ၏။ ထို့ကြောင့် ခေါင်းဆောင်တစ်ယောက်၏ အကျင့်စာရိတ္တကို ၎င်း၏ ဆောင်ရွက်ချက် များနှင့် မည်သည့်အခါတွင်မှ ခွဲခြား၍မရနိုင်ခြင်း ဖြစ်သည်။ အကယ်၍ ခေါင်းဆောင်တစ်ဦး၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ၎င်း၏ ရည်ရွယ်ချက်တို့သည် အမြဲတစေ ဆန့်ကျင်ဘက် ဖြစ်နေကြမည်ဆိုပါက အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသည်ကို သိနိုင်ရန် ၎င်း၏အကျင့်စာရိတ္တကို စစ်ဆေးကြည့်ရတော့မည် ဖြစ်ပါသည်။



### ၂။ ပါရမီသည် မွေးရာပါဖြစ်ပြီး အကျင့်စာရိတ္တသည် ရွေးချယ်မှု ဖြစ်၏။

ကျွန်ုပ်တို့၏ဘဝတွင် ကိစ္စအတော်များများကို ထိန်းချုပ်နိုင်စွမ်း မရှိပါ။ ကျွန်ုပ်တို့က မိဘများကို ရွေးချယ်နိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့အား မွေးရာဇာတိ သို့မဟုတ် မွေးစဉ်ကအနေအထားနှင့် မည်သို့မည်ပုံ ကြီးပြင်းရမည်ကို ရွေးချယ်နိုင်ခြင်း မရှိပါ။ ကျွန်ုပ်တို့၏ “ပါရမီ” သို့မဟုတ် “ဉာဏ်ရည်”ကို ရွေးချယ်နိုင်ခြင်းမရှိပါ။ သို့ရာတွင် ကျွန်ုပ်တို့က အကျင့်စာရိတ္တကိုမူ ရွေးချယ်၍ ယူငင်ခဲ့ကြပါ၏။ ထိုသို့ ကျွန်ုပ်တို့က ရွေးချယ်မှုများကို ပြုလုပ်လိုက်ကြသည့်အခါတိုင်း ကျွန်ုပ်တို့က အကျင့်စာရိတ္တကို ဖန်တီးခဲ့ကြခြင်းသာလျှင် ဖြစ်ပါ၏။ အခက်အခဲ တစ်ရပ်ရပ်နှင့် ကြုံတွေ့လာရသည့်အခါ ရင်ဆိုင်ဖြေရှင်းမလား၊ ခေါင်းလျှို၍ ငုံ့ထွက်လာမလား။ အမှန်တရားကို သွေဖည်ပစ်လိုက်မလား။ ကြွံ့ကြွံ့ခံပြီး ရပ်တည်မလား၊ အရလွယ်တဲ့ ငွေကြေးကိုပဲ ယူလိုက်မလား၊ ဒါမှ မဟုတ် အဆုံးရှုံးခံလိုက်မလား။ သင့်ဘဝတွင် ရှင်သန်နေထိုင်ရင်း ယနေ့ ရွေးချယ်မှုတစ်ရပ်ပြုလုပ်လိုက်ခြင်းသည် သင်၏ အကျင့်စာရိတ္တကို သင်က ဆက်လက်၍ ဖန်တီးနေခြင်းသာ ဖြစ်ပါသည်။

### ၃။ အကျင့်စာရိတ္တက လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ခိုင်မြဲသော အောင်မြင်မှုကို ရရှိစေ၏။

စစ်မှန်သော ခေါင်းဆောင်မှုသည် လူအများနှင့် အမြဲတစေ ပတ်သက်လျက်ရှိ၏။ ခေါင်းဆောင်မှုနှင့် သက်ဆိုင်သောစကားပုံ တစ်ခု၌ **“အကယ်၍ သင်က ခေါင်းဆောင်နေသည်ဟု ယူဆသော် လည်း၊ မည်သူတစ်ဦးတစ်ယောက်မှ သင့်နောက်က လိုက်ပါမလာကြသည့်အခါ သင်သည် လမ်းလျှောက်ထွက်နေခြင်းသာလျှင် ဖြစ်သည်”**ဟု ဆိုပါ၏။အကျင့်စာရိတ္တတွင် အပြစ်အနာအဆာရှိနေ သော ခေါင်းဆောင်များကို နောက်လိုက်များက မယုံကြည်တတ်ကြသည့် အပြင်

ထိုခေါင်းဆောင်များအား ဆက်လက်၍ ထောက်ခံနေကြလိမ့်မည် မဟုတ်ပါ။

**၄။ ခေါင်းဆောင်များသည် ၎င်းတို့၏အကျင့်စာရိတ္တ ကန့်သတ်ချက်ထက် ကျော်လွန်၍ အထက်ဆင့်သို့ တက်လှမ်းနိုင် ကြမည် မဟုတ်ပါ။**

အလွန်ထူးချွန်သော ပုဂ္ဂိုလ်များသည် အောင်မြင်မှု၏ အဆင့်တစ်ဆင့်သို့ ရောက်ရှိသွားချိန်တွင် ဖြုန်းခနဲ ပျက်စီးနိမ့်ဆင်းသွား သည်ကို သင်မြင်ဖူးတွေ့ဖူးပါသလား။ ထိုအကြောင်းခြင်းရာ၏ သော့ချက်သည် အကျင့်စာရိတ္တပင် ဖြစ်၏။ "ဟားဗတ်ဆေးကျောင်း"မှ စိတ်ပညာရှင်၊ စတီဗင်ဗားဂလပ်စ် (အောင်မြင်ခြင်းဆိုင်ရာ လက္ခဏာစုစာအုပ်ကို ရေးသားသူ)က **"မြင့်မားသောနေရာသို့ ရောက်ရှိသွား သော်လည်း စိတ်ဖိစီးမှုကို ခံစားနေရချိန်တွင် ယိုင်လဲမသွားအောင် ထိန်းသိမ်းပေးနိုင်မည့် အကျင့်စာရိတ္တတည်းဟူသော ခိုင်မာသည့် အခြေခံမရှိပါက ပျက်စီးခြင်းသို့ ဆိုက်ရောက်လေ့ရှိ၏"** ဟု ဆိုထားပါသည်။ ထိုပုဂ္ဂိုလ်များသည် အောက်ပါအချက်လေးချက်အနက် တစ်ခုခုကိုဖြစ်စေ၊ အများအပြားဆီသို့ဖြစ်စေ၊ ဆိုက်ရောက်သွားလေ့ရှိသည်ဟု သူက ယူဆ၏။ ထိုလေးချက်မှာ (က) စိတ်ကြီးဝင်သွားတတ်ခြင်း၊ (ခ) အထီးကျန်ဆန်မှုကို နာကျင်စွာ ခံစားရခြင်း၊ (ဂ) မိမိကိုယ်ကို ထိခိုက်ပျက်စီးစေမည့် စွန့်စားမှုများကို လိုက်လံရှာဖွေနေခြင်းနှင့် (ဃ) သူတစ်ပါး သားမယားကို ပြစ်မှားခြင်းတို့ပင် ဖြစ်သည်။ ထိုအချက်တစ်ချက်စီသည် ပျော့ညံ့သော အကျင့်စာရိတ္တအတွက် ကြီးမားစွာ ပေးဆပ်ရမည့်ကိစ္စရပ်များ ဖြစ်ကြ၏။



## ဆင်ခြင်သုံးသပ်ရန်

အကယ်၍ သင်သည် စိတ်ပညာဆရာ ဗားဂလပ်စ်က ခွဲခြားဖော်ပြထားသည့် အချက်လေးချက်အနက် အချက်တစ်ခုခု၏ နွံအိုင်ထဲတွင် နစ်မွန်းနေကြောင်း တွေ့ရှိရပါက ထိုကိစ္စကို ရပ်ထားလိုက်ပါ။ သင်၏အောင်မြင်မှုမှ ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုအချို့မှ ကင်းဝေးစေနိုင်မည့် သင်လုပ်သင့် လုပ်ထိုက်သော လုပ်ငန်းများကို ဆောင်ရွက်ပါ။ တတ်ကျွမ်းနားလည်သူများထံမှ အကူအညီရယူပါ။ သင်ရောက်ရှိနေသောနေရာမှ အချိန်တန်လျှင် လွတ်မြောက်သွားပါလိမ့်မည်။ ငွေကြေးပိုမိုရရှိလာလိမ့်မည်။ သင့်ကို ပိုမို၍ အထင်ကြီးလာကြလိမ့်မည်ဟုတော့ မထင်လိုက်ပါနှင့်။အကျင့်စာရိတ္တမှ အက်ကြောင်းများကို လျစ်လျူရှုထားလိုက်ပါက အချိန်ကြာလာသည်နှင့်အမျှ ပိုမိုနက်ရှိုင်းလာမည်ဖြစ်သလို ပို၍ ပျက်စီးခြင်းနှင့်လည်း ကြုံတွေ့ရပေလိမ့်မည်။

အကယ်၍ သင်သည် အဆိုပါနယ်ပယ်လေးမျိုးထဲ၌ ရုန်းကန်လှုပ်ရှားနေရသူ မဟုတ်သည့်တိုင်အောင် သင့်အကျင့်စာရိတ္တ၏ အနေအထားကို စစ်ဆေးကြည့်ရှုသင့်ပါသေးသည်။ သင်ပြောသမျှဆိုသမျှနှင့် လုပ်သမျှ ကိုင်သမျှတို့သည် အမြဲတမ်း ကိုက်ညီမှုရှိမရှိ၊ ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်ပါ။ သင်က ကိစ္စတစ်ရပ်ကို ပြီးစီးအောင် လုပ်ကိုင်မည်ဟု ပြောသည့်အခါတိုင်း တကယ်ကော လုပ်ဖြစ်ပါရဲ့လား။ သင်က သင့်ကလေးများကို သူတို့၏ ကဗျာရွတ်ဆိုပွဲ သို့မဟုတ် ဘောလုံးပွဲသို့ ရောက်အောင်လာခဲ့မည်ဟု ပြောပြီးနောက် သင်တကယ်ရောက်ဖြစ်ခဲ့ပါသလား။ လူအများက သင်၏လက်ဆွဲနှုတ်ဆက်မှုကို တရားဝင်စာချုပ်ချုပ်ဆိုသကဲ့သို့ ယုံကြည်မှု ရှိကြပါသလား။

သင်သည် အခြားပုဂ္ဂိုလ်များအား နေအိမ်တွင်သော်လည်း ကောင်း၊ အလုပ်ခွင်တွင်သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင်သော်လည်းကောင်း ဦးဆောင်မှုပေးရာတွင် အကျင့်စာရိတ္တသည် သင်၏ အရေးအကြီးဆုံး ကိုယ်ပိုင်ပစ္စည်းဖြစ်ကြောင်းကို သတိပြုမိပါစေ။ "မစ်ပတ်စ်အင်ကော်ပိုရိတ်တက်"ကုမ္ပဏီ၏ ဥက္ကဋ္ဌ "အလန်ဘားနတ်"က **"လေးစားထိုက်သော ခေါင်းဆောင်မှုအတွက် တကယ်လိုအပ်သည့် အချက်မှာ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကျင့်ဝတ်နီတိပင် ဖြစ်ကြောင်း ယုံမှားသံသယ ဖြစ်စရာမလိုပါ။ ခေါင်းဆောင်တစ်ဦးသည် အမှားနှင့်အမှန်တို့ အကြားရှိ မျဉ်းကြောင်းအထက်၌ အမြဲတစေ ရှိနေရမည်သာမက သူသည် အဆိုပါ မီးခိုးရောင်ဇရိယာ၏အထက်၌ အမြဲတမ်း ကင်းကင်းရှင်းရှင်း ရှိနေရမည်"** ဟု ဆိုခဲ့ပါသည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ အကျင့်စာရိတ္တ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **ပတ်ကြားအက်များကို လိုက်ရှာပါ။** ။သင့်ဘဝမှ အဓိကကျသော အစိတ်အပိုင်းများ (လုပ်ငန်းခွင်၊ အိမ်ထောင်ရေး၊ မိသားစု၊ ဝန်ဆောင်မှု စသည်ဖြင့်)တို့ကို အချိန်ယူ၍ လေ့လာသုံးသပ်ပါ။ သင်သည် မည်သည့်နေရာများ၌ သတ်မှတ်စည်းကမ်းကို မသိမသာ ချိုးဖောက်မှု၊ အပေးအယူလုပ်မှု၊ သို့မဟုတ် လူအများကို စိတ်ပျက် စေခဲ့မှု စသည်တို့ ရှိမရှိ၊ ရှာဖွေဆန်းစစ်ပါ။ လွန်ခဲ့သော ၂ လအတွင်း က သင်မှတ်မိသမျှ အချက်တိုင်းကို ရေးချပါ။

U **ပုံစံကို လိုက်ရှာပါ။** ။သင်ရေးချလိုက်သည့် တုံ့ပြန်ချက်များကို ပြန်၍ စိစစ်ပါ။ သင့်အနေနှင့် မည်သည့်နေရာမျိုးတွင် ပျော့ညံ့မှု ရှိနေပါသနည်း။ သို့တည်းမဟုတ် မကြာခဏ ပေါ်ပေါက် လာတတ်သည့် ပြဿနာတစ်မျိုးမျိုး ရှိနေပါသလား။ ထိုသို့ဖော်ထုတ်၍ ရနိုင်သော ပုံစံများက အကျင့်စာရိတ္တနှင့်ဆိုင်သော ကိစ္စရပ်များအား မှန်းဆရာတွင် ကူညီမှု ပေးပါလိမ့်မည်။

U **ကိုယ့်အမှားကို ကိုယ်ဝန်ခံပါ။** ။အကျင့်စာရိတ္တကို ကောင်းမွန်အောင် ပြုပြင်မှုသည် သင်၏ ချွတ်ယွင်းချက်များကို ကိုယ်တိုင်လက်ခံပြီး တောင်းပန်ခြင်း၊ သင်၏လုပ်ရပ်များမှ ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့် ရင်ဆိုင်ခြင်းဆိုသည့် အကြောင်းအရာများမှ စတင်မည် ဖြစ်ပါသည်။ သင်၏လုပ်ရပ်များအတွက် သင်က တောင်းပန်ရန် လိုအပ်သည့်ပုဂ္ဂိုလ်များစာရင်းကို ပြုစုပါ။ ထို့နောက် စိတ်ရင်း မှန်စွာဖြင့် တောင်းပန်မှုများကို ဆက်လက်ဆောင်ရွက်ပါ။

U **ပြန်လည်တည်ဆောက်ပါ။** ။အတိတ်ကာလမှ သင်၏ လုပ်ရပ်များနှင့် ရင်ဆိုင်ခြင်းသည် ကဏ္ဍတစ်ရပ်ဖြစ်ပြီးလျှင် အနာဂတ် အသစ်ကို တည်ဆောက်မှုက အခြားကဏ္ဍတစ်ရပ်ဖြစ်၏။ ယခု သင်သည် မိမိ၏အားနည်းပျော့ညံ့သော နေရာများကို ရှာဖွေဖော်ထုတ် ပြီး ဖြစ်သဖြင့် အဆိုပါ အမှားအယွင်းမျိုးကို နောက်ထပ်မကျူးလွန် မိအောင် ကာကွယ်တားဆီးမည့် အစီအစဉ်တစ်ခုကို ရေးချပါ။

## နေ့စဉ်မှတ်သားလိုက်နာရန်

လူတစ်ယောက်က သမီးငယ်အား ပျော်ပွဲရွှင်ပွဲများ ကျင်းပ နေသည့်နေရာသို့ ခေါ်ဆောင်သွားခဲ့သည်။ သမီးဖြစ်သူသည် ဆိုင်ခန်း တစ်ခန်းဆီသို့ ချက်ချင်းပြေးသွားပြီး "အာတာပူစီ" တစ်ခုပေးပါဟု မှာလိုက်၏။ ဆိုင်ဝန်ထမ်းက (သကြားမျှင်များနှင့် ပြုလုပ်ထားသော) အလုံးကြီးတစ်လုံးကို ကလေးမလေးအား ပေးလိုက်ရာ ဖခင်ဖြစ်သူက

မေးလိုက်၏။

"သမီးက အဲဒါတွေကို ကုန်အောင်စားနိုင်ပါ့မလား"

သမီးက ပြန်ဖြေ၏။

"စိတ်မပူပါနဲ့ ဒက်ဒီ၊ သမီးက အပြင်ဘက်ကထက် အတွင်းဘက်က အများကြီး ပိုကြီးပါတယ်"

ကောင်းမွန်သော အကျင့်စာရိတ္တသည်လည်း ထိုနည်းလည်း ကောင်းပင် ဖြစ်သည်။ အတွင်းသဏ္ဌာန်၌ ပို၍ ကြီးမားရမည်သာ ဖြစ်ပါ၏။

---

**မှတ်ချက်။** အာတာပူစီ ဆိုသည်မှာ အရောင်ဆိုးထားသော သကြားမျှင်များနှင့် အလုံးကြီးတစ်လုံးဖြစ်လာအောင် ပြုလုပ်ထားသည့် မုန့်တစ်မျိုး ဖြစ်၏။

**အရည်အချင်း (၂)**

# ဩဇာတိက္ကမ ရှိမှု

**မြင့်မြင့်ချင်း အထင်ကြီးမှုက အလုပ်ကိစ္စများကို ပြီးမြောက်စေနိုင်၏**

ဩဇာတိက္ကမ ရှိမှုကို သင်မည်ကဲ့သို့ ရရှိနိုင်ပါသနည်း။အများက သင်နှင့်ပတ်သက်၍ သင်ကောင်းမွန်ကြောင်း၊ တွေးမိလာအောင် ဆောင်ရွက်ရေးထက် ၎င်းတို့ကိုယ်တိုင် ကိုယ့်ကိုယ်ကို အားရကျေနပ်မှု ခံစားကြရအောင် ပြုလုပ်ပေး ရေးကို ပို၍အလေးထားလိုက်ပါ။

**ဒန်ရေးလင်း (ဒုတိယဥက္ကဋ္ဌ)**
**ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး အင်ဂျိုင်းအုပ်စု**

၎င်း၏ ရာထူးအဆင့်သည် မည်မျှလောက်အထိ မြင့်မားနေစေကာမူ ကျေနပ်နှစ်ခြိုက်မှုကို ခံယူနေရသော အချိန်ကာလထက် အကြီးအကျယ် ဝေဖန်သုံးသပ်မှုကို ခံယူနေရသော အချိန်ကာလများတွင် အလုပ်ကို ပိုမိုကောင်းမွန်အောင်နှင့် လုံ့လဉဿာဟကို ပိုမိုစိုက်ထုတ်လုပ်ကိုင်သည့်လူစားမျိုးအား ကျွန်ုပ်ရှာဖွေ၍ မတွေ့ရသေးချေ။

**ချားလ်ရှဝပ် (စက်မှုလုပ်ငန်းရှင်)**

## အင်္ဂလန်နိုင်ငံမှ လိမ္မာပါးနပ်ဆုံး ပုဂ္ဂိုလ်

၁၉ ရာစု၏ ဒုတိယရာစုနှစ်ဝက်တွင် အလွန်အင်အားကြီးမား သော ပုဂ္ဂိုလ်ကြီး ၂ ဦးသည် ဂရိတ်ဗြိတိန်အစိုးရ၏ ဝန်ကြီးချုပ်ရာထူး အတွက် ယှဉ်ပြိုင်ခဲ့ကြ၏။ ဝီလီယံဂလက်စတုန်းနှင့် ဘင်ဂျမင်ဒစ် ဆရေလီတို့ပင် ဖြစ်ကြသည်။ အဆိုပါနိုင်ငံရေးသမား ၂ ယောက်သည် အလွန်ပြင်းထန် သောပြိုင်ဘက်များ ဖြစ်ကြ၏။ ၎င်းတို့အနေနှင့် တစ်ဦး အပေါ် တစ်ဦးက မည်ကဲ့သို့သဘောထားကြသည်ဆိုသောအချက်ကို ဒစ်ဆရေလီ ပြောဖူးသောမှတ်ချက်မှတစ်ဆင့် ကောက်ချက်ချနိုင်ပါသည်။ “ကံဆိုးခြင်းနှင့် ကံဆိုးမိုးမှောင်ကျခြင်း” ဆိုတဲ့ စကားနှစ်လုံးရဲ့ ခြားနား ချက်ကို သိကြရဲ့လား။ တကယ်လို့ “ဂလက်စတုန်း” သိမ်းမြစ်ထဲကို လိမ့်ကျသွားမယ်ဆိုရင်၊ အဲဒါ “ကံဆိုးခြင်း” ပဲ၊ ဒါပေမယ့် တစ်ယောက် ယောက်က သူ့ကို ပြန်ဆွဲတင်လိုက်မယ်ဆိုရင်တော့ အဲဒါက “ကံဆိုးမိုးမှောင်ကျခြင်း” ပဲ ဖြစ်တယ်။”

နှစ်ပေါင်းသုံးဆယ်တိုင်အောင် လစ်ဘရယ်ပါတီ၏ ခေါင်းဆောင် ဖြစ်သူ ဂလက်စတုန်းသည် အင်္ဂလန်နိုင်ငံ၊ ဝိတိုရိယခေတ်ကာလ၏ အကောင်းဆုံးအရည်အချင်းများကို ကိုယ်စားပြုထားသူ ဖြစ်သည်ဟု လူပုဂ္ဂိုလ်အတော်များများက ယုံကြည်ထားကြ၏။ သူသည် ပြည်သူ့ ဝန်ထမ်းအဖြစ် သက်မွေးဝမ်းကျောင်းခဲ့သူ အလွန်တရာ အပြော အပြောကောင်းသူ၊ ဘဏ္ဍာရေးလုပ်ငန်းတွင် အထူးကျွမ်းကျင်သူနှင့်၊ ကိုယ်ကျင့်တရားကို ပြင်းပြင်းထန်ထန် စောင့်ထိန်းသူဖြစ်သည်။ သူသည် အချိန်ကာလခြား၍ ယူနိုက်တက်ကင်းဒမ်း၏ ဝန်ကြီးချုပ် လေးကြိမ်ဖြစ်ခဲ့ဖူးသည်။ ဝန်ကြီးချုပ်အဖြစ် လေးကြိမ်အထိ ဆောင်ရွက် ခဲ့ဖူးသူမှာ သူတစ်ဦးတည်းသာ ရှိသည်။ ၎င်း၏ခေါင်းဆောင်မှု



အောက်တွင် ဂရိတ်ဗြိတိန်သည်၊ “အမျိုးသားပညာရေးစနစ်”ကို တည်ထောင်ခဲ့သည်။ ပါလီမန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။ အလုပ်သမားလူတန်းစားမှ အရေးပါသည့် လူအတော်များများကိုလည်း မဲရအောင် ကြိုးကြပ်ပေးခဲ့သည်။

ဘင်ဂျမင်ဒစ်ဆရေလီသည် ဝန်ကြီးချုပ်အဖြစ် ၂ ကြိမ်တာဝန် ယူခဲ့ပြီးလျှင် သူ့နောက်ခံအနေအထားကလည်း ကွဲပြားခြားနားသည်။ သူသည် အသက်သုံးဆယ်ဝန်းကျင်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပြီးနောက် သံတမန်တစ်ဦးအဖြစ်နှင့်သာမက လူမှုရေးတွင် ပြုပြင်ပြောင်းလဲသူ တစ်ဦးအဖြစ်နှင့်ပါ လူသိများအောင် ကြိုးစား ခဲ့သူဖြစ်သည်။ သို့ရာတွင် ၎င်း၏ အကြီးမားဆုံးစွမ်းဆောင်ချက်မှာ စူးအက်တူးမြောင်း၌ ဂရိတ်ဗြိတိန်က အစုရှယ်ယာများ ဝယ်ယူနိုင်အောင် ကြိုးကိုင်သူအဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

၎င်းတို့ ၂ ဦးစလုံးက ဗြိတိန်နိုင်ငံအတွက် မြောက်မြားစွာ အကျိုးဆောင်ခဲ့ကြသော်လည်း၊ (မတူသော) ခေါင်းဆောင်များအဖြစ် စည်းခြားထားသည့်အချက်မှာ ၎င်းတို့က ပြည်သူများအား ချဉ်းကပ်ပုံ ချဉ်းကပ်နည်းပင် ဖြစ်တော့သည်။ ထိုခြားနားချက်ကို ပြိုင်ဘက် နိုင်ငံခေါင်းဆောင်ကြီး ၂ ဦးနှင့် ၂ ရက်ဆက်တိုက် ညစာစားခွင့်ရခဲ့သော အမျိုးသမီးငယ်တစ်ဦး၏ ပြောဆိုချက်က အကောင်းဆုံးသရုပ် ပေါ်စေမည်ဖြစ်ပါ၏။ ၎င်းတို့ အပေါ် သူမ၏ ထင်မြင်ယူဆချက်အား မေးမြန်းသည့်အခါ ထိုအမျိုး သမီးကလေးက “ကျွန်မက မစ္စတာဂလက်စတုံးနဲ့ ယှဉ်ထိုင်ပြီး ထမင်းစားခဲ့ပြီးတဲ့နောက် ထမင်းစားခန်းထဲက ကျွန်မပြန်ထွက်လာတဲ့အခါ သူဟာ အင်္ဂလန်နိုင်ငံမှာ လိမ္မာပါးနပ်ဆုံး ပုဂ္ဂိုလ်ပဲလို့ တွေးလိုက်မိပါတယ်။ ဒါပေမယ့် မစ္စတာဒစ်ဆရေလီနဲ့ ယှဉ်တွဲပြီး ထိုင်မိတဲ့အခါကျတော့ ကျွန်မဟာ အင်္ဂလန်နိုင်ငံမှာ လိမ္မာပါးနပ်ဆုံး အမျိုးသမီးပဲလို့ တွေးလိုက်မိပါ

တော့တယ်။"

မစ္စတာဒစ်ဆရေလီတွင် လူအများအပြားအား ဆွဲဆောင်နိုင်သည့် အရည်အချင်းရှိသလို ၎င်း၏ဦးဆောင်မှုကိုလည်း ခံယူလိုကြသည်။ သူ့ထံတွင် သြဇာတိက္ကမရှိနေပါ၏။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

လူအများစုက သြဇာတိက္ကမ ရှိမှုကို လျှို့ဝှက်နက်နဲသောကိစ္စတစ်ရပ် သို့မဟုတ် အဓိပ္ပာယ်ဖော်ပြရန်ပင် မဖြစ်နိုင်သောကိစ္စဟူ၍ တွေးထင်နေကြ၏။ သူတို့က ထိုအခြင်းအရာသည် မွေးဖွားစဉ်ကတည်းက ပါလာသောအရည်အချင်းဖြစ်သည်၊ သို့မဟုတ် အရည်အချင်းတစ်ခု မဟုတ်ဟု ထင်မှတ်နေကြ၏။ သို့ရာတွင် ထိုကဲ့သို့ ယူဆချက်များသည် မမှန်ကန်ပါ။ သြဇာတိက္ကမ ရှိမှုကို ရိုးရိုးစင်းစင်း ဖော်ပြရမည်ဆိုပါက ထိုအချက်မှာ လူအများအား သင့်ထံသို့ ဆွဲဆောင်နိုင်စွမ်းရှိသည့် အရည်အချင်းပင်ဖြစ်ပါသည်။ ထို့အပြင် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ခြင်းရာတစ်ရပ်ကဲ့သို့ပင် ဖွံ့ဖြိုးလာအောင် ဆောင်ရွက်၍ ရနိုင်ပါ၏။

အခြားပုဂ္ဂိုလ်များအား ဆွဲဆောင်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်၊ သင့်ကိုယ်ကို ဖြစ်စေလိုပါက အောက်ပါအချက်များကို ကိုယ်စားပြုရန် လိုအပ်ပေသည်–

**၁။ လူ့ဘဝကို မြတ်နိုးပါ။**

လူအများသည် ကိုယ့်ဘဝကို ကျေနပ်အားရနေသော ခေါင်းဆောင်များအား အားရကျေနပ်ကြ၏။ အချိန်ကြာမြင့်စွာ သင်နှင့်အတူတူ လာရောက်နေထိုင်စေလိုသည့် ပုဂ္ဂိုလ်များအကြောင်း စဉ်းစားကြည့်လိုက်ပါ။ သင်က ထိုပုဂ္ဂိုလ်များကို မည်ကဲ့သို့ ဖော်ပြမည်နည်း။



၎င်းတို့သည် မြည်တွန်တောက်တီးနေလေ့ရှိကြသလား။ နာကျည်းနေကြပါသလား။ စိတ်ဓာတ်ကျဆင်းနေကြပါသလား။ ထိုကဲ့သို့ တစ်ခုမှ မဟုတ်ကြပါ။ ထိုပုဂ္ဂိုလ်များသည် အပြစ်ဖို့နေကြသူများလည်း မဟုတ်။ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သူများသာ ဖြစ်ကြ၏။ သူတို့က မိမိဘဝကို နှစ်ခြိုက်စွာ ခင်မင်တွယ်တာကြ၏။ သင်က လူအများကို ဆွဲဆောင်လိုပါက သင်ကိုယ်တိုင် သင်နှင့်အတူတကွ နေထိုင်စေလိုသူများကဲ့သို့ ဖြစ်ရန်လိုအပ်ပါသည်။ တစ်ဆယ့်ရှစ်ရာစုမှ ခရစ်ယာန်တရားဟောဆရာ ဂျွန်ဝက်စလီက ဆွဲဆောင်မှုရှိခြင်းနှင့်စပ်လျဉ်း၍ "သင့်ခန္ဓာကိုယ်ကို မီးတင်ရှို့သည့်အခါမှာပင် သင်မီးလောင်ခံရသည်ကို လူအများက ပျော်ပျော်ရွှင်ရွှင်ဖြင့် လာရောက်ကြည့်ရှုလိုသူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ပါ၏။

**၂။ လူတိုင်းလူတိုင်းကို ၁၀ မှတ် အမှတ်ပြည့်ပေးလိုက်ပါ။**

လူအများအတွက် သင်လုပ်ကိုင်နိုင်သော အကောင်းဆုံးကိစ္စရပ်တစ်ခုမှာ ၎င်းတို့ထံမှ အကောင်းဆုံးကိုသာ မျှော်လင့်ထားရန်ဖြစ်ပါသည်။ ထိုကိစ္စက ၎င်းတို့အား သင့်ထံသို့ ဆွဲဆောင်ပေးလိမ့်မည် ဖြစ်ပါ၏။ ကျွန်ုပ်က ထိုကိစ္စအား "လူတိုင်းကို ဆယ်မှတ် အမှတ်ပြည့်ပေးခြင်း"ဟု ခေါ်ဆိုသတ်မှတ်ထားပါသည်။ ထိုကဲ့သို့ သတ်မှတ်မှုက ၎င်းပုဂ္ဂိုလ်များအား သူတို့ကိုယ်သူတို့ အကောင်းဆုံးဟု ထင်မြင်ယူဆစေရန် ကူညီမှုပေးသလို သင့်ကိုလည်း ကူညီမည် ဖြစ်၏။ Jacques Wiesel ၏ အဆိုအရ **"ကိုယ်တူး ကိုယ်ချွန် သန်းကြွယ်သူဌေးကြီး အယောက်တစ်ရာအား လေ့လာလိုက်သည့်အခါ သူတို့အားလုံးတွင် တူညီသောအချက်တစ်ချက်သာလျှင် ရှိပေသည်။ ဤ အလွန်အောင်မြင်သော သန်းကြွယ် သူဌေးကြီး၊ သူဌေးမကြီးများသည် တစ်ပါးသူ၏ ကောင်းကွက်များ ကိုသာ မြင်လေ့ရှိကြသည်"** ဟု ဆိုသည်။

**ဘင်ဂျမင်ဒစ်ဆရေလီ**သည် ဤသဘောတရားကို နားလည် သည်

သာမက လိုက်နာကျင့်သုံးသူလည်းဖြစ်ပြီး ထိုအချက်သည် ဩဇာတိက္ကမ ရှိမှု၏ လျှို့ဝှက်ချက်တစ်ခုပင် ဖြစ်သည်။ သူတစ်ခါက ပြောဖူး၏။ "အခြားပုဂ္ဂိုလ်တစ်ယောက်အတွက် သင်ဆောင်ရွက်ပေးနိုင်တဲ့ အကောင်းဆုံးလုပ်ရပ်က မိမိရဲ့ ချမ်းသာကြွယ်ဝမှုကို သူနဲ့ခွဲဝေခံစားရုံသာမက သူ့ရဲ့ချမ်းသာကြွယ်ဝမှုကိုလဲ ဖော်ထုတ်ပေးဖို့ ဖြစ်တယ်"။

သင်က အခြားပုဂ္ဂိုလ်များကို တန်ဖိုးထားမည်၊ အားပေးမည်၊ ထို့နောက် ၎င်းတို့၏ စွမ်းရည်အပြည့်အဝအထိ ရောက်ရှိလာအောင် ကူညီမည်ဆိုပါက ထိုကိစ္စအတွက် ၎င်းတို့က သင့်ကို ချစ်ခင်ကြပါလိမ့်မည်။

**၃။ လူအများကို မျှော်လင့်ချက်ပေးပါ။**

ပြင်သစ်စစ်ဗိုလ်ချုပ်ကြီး နပိုလီယံဘိုနာပတ်က ခေါင်းဆောင်များအား "မျှော်လင့်ချက်ကုန်သည်များ"ဟု ရည်ညွှန်းခေါ်ဝေါ်လေ့ရှိသည်။ အခြားအခြားသော ခေါင်းဆောင်ကြီးများကဲ့သို့ပင် "မျှော်လင့်ချက်"သည် ပိုင်ဆိုင်မှုအားလုံး၌ အကြီးမားဆုံးဖြစ်ကြောင်း သူသိထားပါ၏။ အကယ်၍ သင်သည် အဆိုပါဆုလာဘ်အား အခြားသူများသို့ ချီးမြှင့် နိုင်မည်ဆိုပါက ၎င်းတို့က သင့်ထံသို့ ရောက်ရှိလာကြမည် ဖြစ်သလို အမြဲတမ်းလည်း ကျေးဇူးတင်နေကြပါလိမ့်မည်။

**၄။ သင်နှင့်အတူ မျှဝေခံစားပါ။**

လူအများသည် ၎င်းတို့ကိုယ်တိုင်သာမက၊ မိမိ၏ဘဝခရီးများကိုပါ မျှဝေခံစားလေ့ရှိသော ခေါင်းဆောင်များအား ချစ်ခင်ကြ၏။ သင်သည် လူအများကို ဦးဆောင်မှုပေးမည်ဆိုပါက သင့်ကိုယ်တိုင်ကိုလည်း ၎င်းတို့အား ပေးအပ်ပါ။ ဉာဏ်ပညာနှင့် အရင်းအမြစ်ပစ္စည်းများကိုသာမက၊ အထူးအခါသမယများကိုပင် ၎င်းတို့နှင့် ခွဲဝေခံစားပါ။ ထိုကိစ္စမှာ ကျွန်ုပ်အလွန်နှစ်ခြိုက်သော လုပ်ရပ်တစ်ခု ဖြစ်ပါသည်။ ဥပမာပြရမည် ဆိုပါက ကျွန်ုပ်သည် မကြာသေးခင်က တင်နက်ဆီးပြည်နယ် **ဂျုံးစ်ဘိုရိုး**၌ နှစ်စဉ်ကျင်းပသော ပုံပြောပွဲတော်သို့ သွားရောက်ခဲ့၏။ ထိုကိစ္စမှာ နှစ်ပေါင်းများစွာကြာအောင် ကျွန်ုပ်ဆောင်ရွက်ချင်စိတ်ရှိနေခဲ့သော ကိစ္စတစ်ရပ်ဖြစ်ပြီးလျှင် နောက်ဆုံးတွင် ကျွန်ုပ်၏ လုပ်ငန်းစဉ်ဇယားထဲသို့ ထိုခရီးကို ထည့်သွင်းနိုင်ခဲ့၏။ ကျွန်ုပ်၏ဇနီး **မာဂရက်**၊ ကျွန်ုပ်၏ အဖွဲ့သားများထဲမှ ခေါင်းဆောင် ၂ ဦးနှင့် ၎င်းတို့၏ဇနီးများကိုပါ ခေါ်ဆောင်သွားခဲ့သည်။ ကျွန်ုပ်တို့သည် များစွာနှစ်သက်ပျော်ရွှင်ခဲ့ကြပါ၏။ ပို၍အရေးကြီးသောအချက်မှာ ကျွန်ုပ်က အထူးအခါသမယအား ၎င်းတို့နှင့်အတူ ဆင်နွှဲလိုက်ခြင်းဖြင့် ကျွန်ုပ်အနေနှင့် ၎င်းတို့၏ ဘဝအား တန်ဖိုးမြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ဩဇာတိက္ကမအကြောင်း ရောက်ရှိလာသည့်အခါတွင် အခြေခံအချက်မှာ သူတစ်ပါးအား ဦးစားပေးရေးပင်ဖြစ်၏။ မိမိအကြောင်း မတွေးတောမိ၌ အခြားပုဂ္ဂိုလ်များအကြောင်းနှင့် ၎င်းတို့၏ စိုးရိမ်သောကများအကြောင်း တွေးတောလေ့ရှိသောခေါင်းဆောင်များသည် ဩဇာတိက္ကမ ရှိမှုကို ပြသနေလေ့ရှိပါသည်။

## ဆင်ခြင်သုံးသပ်ရန်

ဩဇာတိက္ကမ ရှိမှုနှင့် စပ်လျဉ်း၍ သင်က မိမိကိုယ်ကို မည်ကဲ့သို့ အကဲဖြတ်ပါသနည်း။ အခြားပုဂ္ဂိုလ်များက ပင်ကိုသဘာဝအတိုင်း သင့်ဆီသို့ ရောက်လာလေ့ရှိကြပါသလား။ သင့်ကို လှိုက်လှိုက်လှဲလှဲ နှစ်သက်ကြပါသလား။ ထိုကဲ့သို့မဟုတ်ခဲ့ပါက ဩဇာတိက္ကမ ရှိမှုကို အဟန့်အတားဖြစ်စေသော အောက်ဖော်ပြပါ အချက်တစ်မျိုးမျိုးကို သင်ပိုင်ဆိုင်ကောင်း ပိုင်ဆိုင်နေပေလိမ့်မည်။

**မာန။** ။မိမိသည် လူတိုင်းထက်သာသည်ဟု ကိုယ့်ကိုယ်ကို ထင်နေသော ခေါင်းဆောင်များနောက်သို့ မည်သူမျှ မလိုက်ချင်ကြပေ။

**လိပ်ပြာမလုံမှု။** ။ သင်သည် မိမိကိုယ်တိုင်ပင် မလုံမလဲ ဖြစ်နေပါက အခြားပုဂ္ဂိုလ်များကလည်း သင့်ကို မယုံမရဲ ဖြစ်နေကြပေလိမ့်မည်။

**သုန်သုန်မှုန်မှုန်ဖြစ်နေမှု။** ။ သင်၏တုံ့ပြန်ချက်ကို သင့်ထံမှ မည်သို့မည်ပုံ မျှော်လင့်ထားရမည်ကို မသိပါက သင့်ထံမှ မည်သည့် ကိစ္စကိုမှ ဆက်လက်၍ မျှော်လင့်ကြတော့မည် မဟုတ်ချေ။

**ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်စေလိုမှု။** ။ အကောင်းဆုံးဖြစ်စေလိုသည့်ဆန္ဒကို လူအများက လေးစားကြပါ၏။ သို့ရာတွင် မဖြစ်နိုင်လောက်အောင် သဘာဝမကျသည့် မျှော်လင့်ချက်များကိုမူ ရွံ့မုန်းကြသည်။

**အဆိုးမြင်ဝါဒီဖြစ်မှု။** ။ အကောင်းထက် အပျက်ကိုသာ ပို၍မြင်တတ်သူများ၏ ပြောဆိုမှုကို လူအများက နှစ်ခြိုက်ခြင်း မရှိကြချေ။

သင်သည် အထက်ပါအရည်အချင်းများနှင့် ကင်းလွတ်အောင် ရှောင်နိုင်မည်ဆိုပါက သြဇာတိက္ကမ ရှိမှုကို ပြုစုပျိုးထောင်နိုင်ပါလိမ့်မည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ သြဇာတိက္ကမ ပိုမိုကောင်းမွန်လာစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

**သင်၏အာရုံစိုက်မှုကို ပြောင်းလဲလိုက်ပါ။** ။လာမည့် ၂ ရက် ၃ ရက်အတွင်း၌ အခြားသူများနှင့် ဆက်ဆံရာတွင် ၎င်းတို့၏ တုံ့ပြန်မှုကို လေ့လာပါ။ အခြားပုဂ္ဂိုလ်များနှင့် စကားပြော ဆိုနေစဉ် သင်ပြောနေသော စကားများ၏ မည်ရွေ့မည်မျှသည် သင့်အပေါ်တွင် ဦးတည်နေပါသနည်း။ အခြားပုဂ္ဂိုလ်များအပေါ်၌ အာရုံစူးစိုက်မှု ချိန်ခွင်ညှာပြောင်းလဲသွားအောင် ဆုံးဖြတ်ပြီး ဆောင်ရွက်ပါ။

**မြင်မြင်ချင်း အကောင်းမြင်အောင် ကြိုးစားပါ။** ။စမ်းသပ်မှု တစ်ခုကို



ကြိုးစားကြည့်လိုက်ပါ။ သင်လူစိမ်းတစ်ယောက်နှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံသည့်အခါ သင့်အပေါ်တွင် ထိုပုဂ္ဂိုလ်က အကောင်းမြင်အောင် အတတ်နိုင်ဆုံး ကြိုးစားပါ။ ထိုပုဂ္ဂိုလ်၏နာမည်ကို မှတ်သားပါ။ သူ၏စိတ်ဝင်စားမှုများကို အာရုံစိုက်ပါ။ အပြုသဘောဆောင်ပါ။ အရေးအကြီး ဆုံးမှာ ၎င်းအား အမှတ်"၁၀"အပြည့်အဝရရှိသူတစ်ဦးအဖြစ် လေးလေးစားစားဆက်ဆံပါ။ ဤကိစ္စကို တစ်ရက်ပြည့်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နေ့စဉ်နေ့တိုင်းပင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ထိုနည်းက သင်၏သြဇာတိက္ကမကို နေ့ချင်းညချင်း ပိုမိုကြီးမားလာစေမည် ဖြစ်ပါသည်။

**သင်နှင့် မျှဝေခံစားပါ။** ။သင်၏စွမ်းအားအရင်းအမြစ်များအား အခြားပုဂ္ဂိုလ်များနှင့် မျှဝေခံစားရေးကို ရေရှည်လုပ်ငန်းအဖြစ် ဆောင်ရွက်ပါ။ ယခုနှစ်ထဲတွင် လူငါးယောက်၏ တန်ဖိုးများ မြင့်တက်လာအောင် မည်သို့မည်ပုံ ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပါ။ ထိုပုဂ္ဂိုလ်များသည် မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိမိ၏ဝန်ထမ်းများ သို့မဟုတ် မိတ်ဆွေများလည်းဖြစ်နိုင်ပါသည်။ ၎င်းတို့ကို လုပ်ငန်းအရသော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း ကြီးထွားမြင့်မားလာအောင် သင်၏အကြံဉာဏ်များ၊ အခြားသော အကူအညီများနှင့် ကူညီစောင်မပါ။ သင်၏ ဘဝခရီးတွင် ၎င်းတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံပေါင်းသင်းပါ။

## နေ့စဉ် မှတ်သားလိုက်နာရန်

အလွန်ဧည့်ဝတ်ကျေပွန်သည်ဟု နာမည်ကြီးသောပုဂ္ဂိုလ် **ဒေါ်လီ မက်ဒီဆန်**ပြီးလျှင်၊ ဝါရှင်တန်မြို့မှ ပေါင်းသင်းဆက်ဆံရာ၌ အတော်ဆုံးနှင့် ဧည့်ဝတ်အကျေပွန်ဆုံးဖြစ်သူ **“ပါးလ်မက်စတာ”**ကျင်းပသည့် ဧည့်ခံပွဲများသို့ ကြွယ်ဝချမ်းသာသူများနှင့် နာမည်ကျော်ကြားသူ အများအပြား၊ ဝက်ဝက်ကွဲ တက်ရောက်လေ့ရှိကြသည်။ သူမ၏ ဧည့်ခံပွဲများသို့ လူအများအပြား တက်ရောက်လာအောင် ဆောင်ရွက်နိုင်မှု၏ သော့ချက်ကို ၎င်းအား မေးမြန်းကြ၏။

“အဲဒါက သူတို့အလာမှာ ကြိုဆိုနှုတ်ဆက်တာနဲ့ အပြန်မှာ နှုတ်ဆက်တာတို့နဲ့ လုံးဝသက်ဆိုင်နေပါတယ်။”

သူမက ပြန်ဖြေ၏။ ဧည့်သည်တစ်ယောက်ရောက်လာသည့်အခါ သူမကိုယ်တိုင် တွေ့ဆုံပြီး–

“ရှင်က မရောက်ရောက်အောင် လာခဲ့တာကိုး”ဟု ပြောလေ့ရှိပြီး ဧည့်သည်များ ပြန်ကြသည့်အခါတွင် တစ်ဦးချင်းကို သူမက လိုက်လံပို့ဆောင် နှုတ်ဆက်ပြန်၏။

“ရှင်စောစောစီးစီးပြန်ရတဲ့အတွက် ကျွန်မ ဝမ်းနည်းပါတယ်ရှင်”

သူမ၏အစီအစဉ်မှာ ကိုယ့်ကိုယ်ကိုထက် အခြားသူများအား အာရုံစူးစိုက်ရန်ဖြစ်ပြီး ဤသည်မှာ သြဇာသက်ရောက်စေမှုပင် ဖြစ်ပါသည်။

အရည်အချင်း (၃)

# ကတိ တည်မှု

### ဆောင်ရွက်သူများနှင့် စိတ်ကူးယဉ်သူများကို ခွဲခြားပေးသည်

လူအများသည် ကတိမတည်သော ခေါင်းဆောင်များ၏ နောက်သို့ မလိုက်လိုကြချေ။ ကတိတည်မှုဆိုသော ကိစ္စရပ်တွင် သင်က စွဲစွဲမြဲမြဲ ဆောင်ရွက်လေ့ရှိသည့်အလုပ်ချိန်များ၊ သင်၏ အရည်အချင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းများ၊သို့တည်းမဟုတ် သင့်ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များကို အနစ်နာခံ၍ သင်၏ဆောင်ရွက်မှုစသည်ဖြင့် အကြောင်းအရာများ ကျယ်ပြန့်စွာ ပါဝင်ကြသည်။

**စတီဖင်ဂရတ်**
**အီးတစ်ကော်ပိုရေးရှင်း၏ ချယ်ယာမင်နှင့်**
**အမှုဆောင်အရာရှိချုပ်**

မိမိ၏ ကိုယ်ပိုင်အချိန်အတွက် အကောင်းဆုံးဆောင်ရွက်နိုင်သူသည် အစဉ်အမြဲ ကျော်ကြားနေပေလိမ့်မည်။

**ဂျိုဟာန်ဗွန်ရှီးလ်လာ**
**ပြဇာတ်စာရေးဆရာ**

## အချိန်မတိုင်မီ အိုမင်းရင့်ရော်သွားခဲ့သူ

လွန်ခဲ့သော ၂ နှစ်ကျော်က ကျွန်ုပ်နှင့် ကျွန်ုပ်၏ဇနီး မာဂရက်တို့သည် အီတလီနိုင်ငံတွင် လည်ပတ်ခွင့်ရခဲ့သည်။ ကျွန်ုပ်တို့၏ ဦးစားပေး အစီအစဉ် ၂ ခုမှာ အစားအသောက်နှင့် အနုပညာပင်ဖြစ်၏။ အကောင်းဆုံးအစားအစာများကို ရှာဖွေတွေ့ရှိရန်အတွက် ယခင်က အီတလီနိုင်ငံသို့ သွားရောက်ဖူးသောမိတ်ဆွေများအား မေးမြန်းစုံစမ်းခဲ့ကြ၏။ အကောင်းဆုံးအနုပညာလက်ရာများကို ကြည့်ရှုရန်အတွက်မူ အလွန်တော်သည့် 'လမ်းပြ'တစ်ယောက်၏ အကူအညီကို ရယူရ၏။ ထိုသူသည် နယူးရော့ခ်မက်ထရိုပိုလီတန် အနုပညာပြတိုက်အတွက် အဝယ်တော်ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်၏။ကျွန်ုပ်တို့၏ ခရီးစဉ်အတွင်း အလွန်ကြီးကျယ်သော အနုပညာလက်ရာအမြောက်အမြားကို မြင်တွေ့ခဲ့ရသည်။ သို့ရာတွင် **"မိုက်ကယ်အင်ဂျလို"**၏ **'ဒေးဗစ်'** ရုပ်ထုလောက် မည်သည့်အနုပညာပစ္စည်းကမှ ကျွန်ုပ်ကို မစွဲငြိစေခဲ့ပါ။အဘယ်ကြောင့် ထိုပစ္စည်းအား **"အပြောင်မြောက်ဆုံးလက်ရာ"**ဟု ခေါ်ဝေါ်ကြကြောင်း ထိုအချိန်ကျမှ ကျွန်ုပ်နားလည်သဘောပေါက်ခဲ့ရပါ၏။

မိုက်ကယ်အင်ဂျလို၏ဘဝသည် မယုံနိုင်လောက်စရာပင်ဖြစ်၏။ သူသည် အနောက်တိုင်းယဉ်ကျေးမှု၏ အကြီးကျယ်ဆုံးနှင့် ဩဇာ အရှိဆုံး အနုပညာရှင်ဖြစ်ပြီး ပန်းပုထုရန် မွေးဖွားလာသူလည်းဖြစ်၏။ သူတစ်ခါက ပြောဖူး၏။ သူသည် အထိန်းတော်၏ နို့ကိုစို့ယူ သောက်သုံးနေရစဉ်ကပင် ပန်းပုထုလုပ်သူ၏ ကိရိယာတန်ဆာပလာတို့ကို ချစ်ခင်မြတ်နိုးသောစိတ်မှာ တစ်ပါတည်းပါလာခဲ့သည်ဟု ဆို၏။ သူသည် ၎င်း၏ ပထမဦးဆုံး ရင့်ကျက်သောရုပ်ထုကို အသက် ၂၁ နှစ်အရွယ်တွင် ထုလုပ်ခဲ့ပြီး အသက် ၃၀ မတိုင်မီ၌ Pietà ရုပ်တုနှင့် **'ဒေးဗစ်'**ရုပ်တုတို့ကို



ထုလုပ်ခဲ့၏။

သူ အသက်သုံးဆယ်မှ စွန်းကာစအချိန်တွင် ပုပ်ရဟန်းမင်းကြီး ဂျူးလီးယပ်II က မိုက်ကယ်အင်ဂျလိုအား ပုပ်ရဟန်းမင်းကြီးအတွက် အလွန်ခမ်းနားသော အုတ်ဂူတစ်ခုကို ထုလုပ်ပေးရန် ရောမမြို့သို့ ခေါ်ယူလိုက်၏။ သို့ရာတွင် ၎င်းအား ထိုအုတ်ဂူအစား ပန်းချီရေးဆွဲရမည့်လုပ်ငန်းတစ်ခုကို ပြောင်းလဲအပ်နှံခဲ့လေ၏။ ထိုလုပ်ငန်းမှာ ပုပ်ရဟန်းမင်းကြီး၏ ဗက်တီကန်မြို့တော်ရှိ ဘုရားရှိခိုးကျောင်းငယ်ကလေးတစ်ခု၏ မျက်နှာကြက်တွင် လူရုပ်ပုံ ၁၂ ပုံကို ရေးဆွဲပေးရန်ဖြစ်သောကြောင့် သူက မရေးဆွဲချင်သဖြင့် ငြင်းဆန်လိုသောဆန္ဒဖြစ်ပေါ်လာခဲ့သည်။ သူ့ကို လူငယ်ဘဝကပင် ပန်းချီရေးဆွဲရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်သော်လည်း သူ၏ဆန္ဒအမှန်မှာ ပန်းပုထုရန်ပင်ဖြစ်၏။ သို့ရာတွင် ပုပ်ရဟန်းမင်းကြီးက အတင်းတိုက်တွန်းသော အခါ သူက တွန့်ဆုတ်ဆုတ်နှင့်ပင် ထိုလုပ်ငန်းကို လက်ခံလိုက်လေသည်။

ဤကိစ္စတွင် **မိုက်ကယ်အင်ဂျလို**၏ ပြိုင်ဘက်များကလည်း ထိုလုပ်ငန်းအား သူ့ကိုသာ ပေးသင့်ကြောင်း၊ အတင်းတိုက်တွန်းခဲ့ကြ၏။ ထိုအခါတွင် **မိုက်ကယ်အင်ဂျလို**က ငြင်းပယ်လိုက်မည်ဖြစ်ရာ ပုပ်ရဟန်းမင်းကြီးက သူ့ကို အလိုမကျ ဖြစ်လာလိမ့်မည်။ သို့တည်းမဟုတ် ထို(ပန်းချီဆွဲသည့်)လုပ်ငန်းကို လက်ခံလိုက်ပါကလည်း သူအရှက်ကွဲလိမ့်မည်ဟု ယူဆကြပြီး ပြိုင်ဘက်များက အကွက်ဆင်ခဲ့ခြင်းဖြစ်ကြောင်း စာပေပညာရှင်များက ယုံကြည်ခဲ့ကြသည်။

သို့ရာတွင် **မိုက်ကယ်အင်ဂျလို**က ထိုလုပ်ငန်းကို လက်ခံလိုက်သည်နှင့်တပြိုင်နက် သူ့စိတ်ကိုနှစ်မြှုပ်၍ ကတိတည်အောင် ဆောင်ရွက်လေတော့သည်။ သူက ထိုပန်းချီကားတွင် တမန်တော် ၁၂ ဦး၏ရုပ်ပုံတို့ကို ရိုးရိုးကလေးသာ ရေးချယ်ပေးရန် အစား၊ လူပုံပေါင်းလေးရာကျော်နှင့် ကမ္ဘာဦးကျမ်းမှ ဇာတ်ကွက်ကိုးကွက်တို့ကိုပါ ထည့်သွင်းရေးဆွဲ၍

သူ့လုပ်ငန်းကို တိုးချဲ့ပစ်လိုက်သည်။

**မိုက်ကယ်အင်ဂျလို** သည် Sistine ဘုရားရှိခိုးကျောင်း၏ မျက်နှာကြက်ကို ပန်းချီရေးဆွဲရာတွင် ၄ နှစ်ကြာ ရေးဆွဲခဲ့ရသည်။ ပင်ပန်းဆင်းရဲလှစွာဖြင့် ပက်လက်လှန်၍ ရေးဆွဲရခြင်းဖြစ်၏။ သူသည် ထိုလုပ်ငန်းအတွက် ကြီးမားစွာ ပေးဆပ်ခဲ့ရ၏။ ထိုလုပ်ငန်းက သူ့စက္ခုအာရုံအား အမြဲတမ်းပျက်စီးသွားစေခဲ့သလို သူ့ခန္ဓာကိုယ်သည်လည်း ချုံးချုံးကျသွားခဲ့ရသည်။

**မိုက်ကယ်အင်ဂျလို**က "လေးနှစ်ကြာအောင် သာမန်လူ့အရွယ် အစားထက် ပိုမိုကြီးတဲ့ ရုပ်ပုံပေါင်း လေးရာကျော်ကို ရေးဆွဲပြီးတဲ့နောက် ကျုပ်ကိုယ်ကျုပ် (တမန်တော်)**ဂျေရီးမီးယား**လောက် အသက်ကြီးပြီး ပင်ပန်းနွမ်းနယ်နေတယ်လို့ ထင်မိတယ်။ ကျုပ်အသက် ၃၇ နှစ်ပဲ ရှိသေးတယ်။ ဒါပေမယ့် ကျုပ်က အဘိုးအိုကြီးလိုဖြစ်သွားတော့၊ ကျုပ် မိတ်ဆွေတွေက မမှတ်မိကြတော့ဘူး" ဟု ပြောဖူး၏။

မိုက်ကယ်အင်ဂျလို၏ ကတိတည်မှုက အဆပေါင်းများစွာ သြဇာကြီးမားလာခဲ့၏။ သူ၏ကျေးဇူးရှင် ပုပ်ရဟန်းမင်းကြီးအား နှစ်ခြိုက် သဘောကျစေခဲ့သည့်အပြင် ပုပ်ရဟန်းမင်းကြီး၏ ဗက်တီကန်မြို့တော် အတွက် အခြားလုပ်ငန်းများကိုလည်း အပ်နှံခြင်းခံရ၏။ သို့ရာတွင် ပို၍အရေးကြီးသောအချက်မှာ သူ၏သြဇာသည် အနုပညာရှင်များ၏ အသိုင်းအဝိုင်း၌ များစွာကြီးမားစေခဲ့ခြင်းပင် ဖြစ်သည်။ Sistine ဘုရားရှိခိုးကျောင်းမှ သူရေးဆွဲခဲ့သော နံရံပန်းချီများမှာ ပင်ကိုယ်ဟန်စစ်စစ်၊ စုတ်ချက်ရဲရဲဝံ့ဝံ့နှင့် နုနယ်လှပစွာ ရေးချယ်ထားခြင်းဖြစ်သောကြောင့် ပါရမီထူးချွန်သော ပန်းချီဆရာ **"ရာဖယ်"**အပါအဝင် **မိုက်ကယ် အင်ဂျလို**နှင့် ခေတ်ပြိုင်ရေးဖော် ပန်းချီဆရာများစွာတို့အား၊ ၎င်းတို့၏ ရေးနည်းရေးဟန်ကို ပြောင်းလဲပစ်စေခဲ့သည်။ အနုပညာသမိုင်းဆိုင်ရာ ပညာရှင်များက **မိုက်ကယ်အင်ဂျလို**၏ အပြောင်မြောက်ဆုံးသော



လက်ရာက ဥရောပပန်းချီလောက၏ သွားရာလမ်းကြောင်းကို အမြဲတစေပြောင်းလဲ သွားစေခဲ့သည်ဟု ဆိုကြသည်။ ထိုပန်းချီကားက သူ၏ ရုပ်တုပညာနှင့် ဗိသုကာပညာရပ်များအပေါ်တွင်လည်း ဆတူအရေးပါသော သြဇာသက်ရောက်မှု အခြေခံအုတ်မြစ်များကို ချပေးနိုင်ခဲ့လေသည်။

**မိုက်ကယ်အင်ဂျလို**၏ ပါရမီက ၎င်း၏ ကြီးကျယ်မှုအတွက် အလားအလာရှိစေခဲ့သည်မှာ ယုံမှားဖွယ်ရာမရှိပါ။ သို့ရာတွင် **"ကတိတည်မှု"** မရှိပါက ၎င်း၏ သြဇာသက်ရောက်မှုသည် အနည်းငယ်မျှသာ ဖြစ်ပါလိမ့်မည်။ ၎င်းကတိတည်မှု၏အဆင့်သည် အသေးစိတ်များကို အာရုံစူးစိုက်၍ ရေးဆွဲမှုနှင့် အနာဂတ်ကို လှမ်းမျှော်၍ မြင်နိုင်မှုတို့နှင့် အကဲဖြတ်နိုင်ပေသည်။ Sistine ဘုရားရှိခိုးကျောင်း၏ မှောင်နေသော ထောင့်စွန်းတစ်နေရာတွင် မည်သူမျှ မမြင်နိုင်သည့် ရုပ်ပုံများကို အဘယ်ကြောင့် လုံ့လဝီရိယကြီးမားစွာနှင့် ရေးဆွဲရလေသနည်းဟု ၎င်းအား မေးသောအခါ **မိုက်ကယ်အင်ဂျလို**၏အဖြေမှာကား ရိုးစင်းလွန်းလှပါ၏။

**"ဘုရားသခင်က မြင်တော်မူလိမ့်မည်"**

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ကမ္ဘာပေါ်တွင် ကတိတည်မှု ကင်းမဲ့သော ခေါင်းဆောင်ကြီးများ ဟူ၍ မရှိခဲ့ဖူးပါ။ အမေရိကန်လေတပ်မှ **အက်ဒ်မက်အလ်ရှိုင်း**က ကတိတည်မှု၏ အရေးကြီးပုံကို ဤသို့ပြောပြခဲ့သည်။

"ကတိတည်မှုက ကျွန်ုပ်တို့ကို အင်အားသစ်တွေ ဖြစ်ပေါ်စေတယ်။ နေထိုင်မကောင်းမှု၊ ဆင်းရဲမွဲတေမှု ဒါမှမဟုတ် ဘေးဒုက္ခ ဆိုက်ရောက်မှု၊ ဘယ်လိုကိစ္စမျိုးတွေပဲဖြစ်ဖြစ် ကျွန်ုပ်တို့က ပန်းတိုင်ကို ဘယ်တော့မှ

မျက်ခြည်ပြတ်မခံဘူး”။

ကတိတည်မှုဆိုတာ ဘာလဲ။ ပုဂ္ဂိုလ်တစ်ဦးစီ တစ်ယောက်စီအတွက် အဓိပ္ပာယ်အနည်းငယ်စီ ကွဲလွဲပါသည်။

**လက်ဖွေ့ထိုးသူအတွက်**။ ။၎င်းကို ကြမ်းပြင်ပေါ်သို့ လဲကျသွားအောင် ထိုးလိုက်သည့်အရေအတွက်ထက် တစ်ကြိမ်ပို၍ပြန်ထလာခြင်း။

**မာရသွန်ပြေးသူအတွက်**။ ။၎င်းအတွက် အားအင်ကုန်ခန်းသွားသည့် တိုင်အောင် နောက်ထပ် ၁၀ မိုင် ဆက်ပြေးနိုင်ခြင်း။

**စစ်သည်တစ်ဦးအတွက်**။ ။တောင်ကုန်း၏ အခြားတစ်ဖက်၌ မည်သည့်အရာက စောင့်ဆိုင်းနေမှန်းမသိသည့်တိုင်အောင် တောင်ကုန်းကို ကျော်ဖြတ်ရခြင်း။

**သာသနာပြုပုဂ္ဂိုလ်တစ်ဦးအတွက်**။ ။အခြားပုဂ္ဂိုလ်များ သက်သောင့် သက်သာ နေထိုင်နိုင်ရေးအတွက် မိမိ၏ သက်သောင့် သက်သာနေထိုင်မှုကို စွန့်လွှတ်ခြင်း။

**ခေါင်းဆောင်တစ်ဦးအတွက်**။ ။သင်ဦးဆောင်နေသူအားလုံးသည် သင့်အပေါ်၌သာ တည်မှီနေသောကြောင့် အထက်ပါအချက်များ အားလုံး ထက်ပင် သာလွန်ရပေလိမ့်မည်။

အကယ်၍ သင်သည် ထိရောက်မှုရှိသော ခေါင်းဆောင်ဖြစ်လိုပါက ကတိတည်ရပေလိမ့်မည်။ စစ်မှန်သောကတိတည်မှုက လူအများအပြားကို စိတ်အားထက်သန်စေ၏။ လူအများအပြားကို ဆွဲဆောင်နိုင်စွမ်းရှိ၏။ သင့်ထံတွင် ယုံကြည်မှုအပြည့်အဝရှိကြောင်းကို ထိုကိစ္စက ပြသနိုင်၏။ သင်သည် သင်၏ခံယူချက်ကို ယုံကြည်မှုရှိပါမှ ၎င်းတို့ကလည်း သင့်ကိုယုံကြည်ကြမည်ဖြစ်သည်။ သဘောတရားအရလည်း လူအများစုသည် ခေါင်းဆောင်၏ စည်းရုံးမှုကို ခံယူကြရ၏။ ပြီးမှသာ အမြော်အမြင်ရှိမှုသို့ ကူးပြောင်းလာခဲ့ကြသည်။



ကတိတည်မှု၏ စစ်မှန်သော အနေအထားက မည်သို့နည်း။ အောက်ပါကောက်ချက် သုံးရပ်ကို သုံးသပ်ကြည့်ပါ။

**၁။ ကတိတည်မှုသည် နှလုံးသားမှ စတင်၏။**

အချို့သော ပုဂ္ဂိုလ်များသည် ၎င်းတို့အနေနှင့် တစ်စုံတစ်ရာကို ကတိပေးဖို့ သဘောမတူခင်၊ အစစအရာရာကို စင်းလုံးချောဖြစ်စေချင်ကြ၏။ သို့ရာတွင် အမြဲတမ်းဆိုသလိုပင် ပြီးစီးအောင်မြင်မှုထက် ကတိတည်မှုက ရှေ့သို့ရောက်လာလေ့ရှိ၏။ **ကင်တပ်ကီ ဒါဘီ** မြင်းပွဲ၌ အနိုင်ရရှိသွားသောမြင်းသည် ပထမမိုင်ဝက်မှာပင် အောက်ဆီဂျင် ပြတ်သွားသောကြောင့် ကျန်ခရီးကို နှလုံးသားစိတ်ဓာတ်အင်အား သက်သက်ဖြင့် ဆက်ပြေးခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် အားကစား သမားကြီးတိုင်းက ထိုကိစ္စ၏အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြ၏။ အင်ဘီအေ (ဘတ်စကက်ဘော)ကစားသမား **မိုက်ကယ်ဂျော်ဒန်**က “နှလုံးသားကြွခိုင်မှုက၊ အားကစားသမားကောင်း တစ်ယောက်နဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အားကစားသမားတွေကို ခွဲခြားပေးထားပါတယ်”ဟု ရှင်းပြလေသည်။ အကယ်၍ သင်သည် အခြားပုဂ္ဂိုလ်များ၏ဘဝတွင် ထူးခြားသော ခေါင်းဆောင်တစ်ဦးဖြစ်လိုပါက အမှန်တကယ် ကတိတည်မှု ရှိမရှိကို၊ သင့်နှလုံးသားထဲ၌ ပြန်မေးကြည့်စေလိုပါ၏။

**၂။ ကတိတည်မှုကို လုပ်ကိုင်ဆောင်ရွက်မှုနှင့် စမ်းသပ်ရာ၏။**

ကတိတည်မှုအကြောင်း ပြောဆိုမှုက ကိစ္စတစ်ရပ်ဖြစ်ပြီးလျှင် ထိုကတိကိုတည်အောင် လုပ်ကိုင်ဆောင်ရွက်မှုက အခြားကိစ္စတစ်ရပ် ဖြစ်၏။ ကတိတည်မှုကို အမှန်တကယ် စစ်ဆေးကြည့်ရန်မှာ “ဆောင်ရွက်မှု” ပင် ဖြစ်သည်။ **အာသာဂေါ်ဒွန်**က အသိအမှတ်ပြုဖူး၏။ “စကားလုံးတွေကို ပြောဆိုနေတာထက် ပိုလွယ်တဲ့ကိစ္စမရှိသလို တစ်ရက်ပြီးတစ်ရက် ဆက်လုပ်နေရတာထက် ပိုပြီးခက်ခဲတဲ့ကိစ္စလည်း မရှိတော့ပါဘူး။”

ကောင်တီ (နယ်မြေ)တစ်ခု၏ အထူးရွေးကောက်ပွဲတစ်ခုတွင် အနိုင်ရရှိလာသော အသစ်ကျပ်ချွတ် တရားသူကြီးတစ်ယောက် အကြောင်းလူတစ်ယောက်က ကျွန်ုပ်ကို ပြောပြဖူး၏။ ထိုရာထူးကို လက်ခံပါကြောင်း ပြောဆိုသော ၎င်း၏မိန့်ခွန်း၌ တရားသူကြီးက "ကျွန်ုပ်ကို မဲထည့်ပါ့မယ်လို့ ကတိပေးခဲ့ကြတဲ့ ပုဂ္ဂိုလ် ၄၂၄ ဦးကို၊ ကျေးဇူးတင်လိုပါတယ်။ ကျွန်ုပ်ကို မဲထည့်ခဲ့ပါတယ်လို့ လာပြောတဲ့ လူပုဂ္ဂိုလ် ၃၁၆ ဦးကိုလဲ ကျေးဇူးတင်လိုပါတယ်။ လွန်ခဲ့တဲ့ ကြာသပတေးနေ့က မဲလာပေးခဲ့ကြတဲ့ လူပုဂ္ဂိုလ် ၄၆ ယောက်ကိုလဲ ကျေးဇူးတင်လိုပါတယ်။ ပြီးတော့ ကျွန်တော့ကို တကယ်မဲထည့်ခဲ့ကြတဲ့ လူ ၂၆ ဦးကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောဆိုသွားခဲ့သည်။ သင်သည် ကတိပေးခဲ့မှုများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ လိုက်နာဆောင်ရွက်နေပါသနည်း။

**၃။ ကတိတည်မှုက လုပ်ငန်းပြီးမြောက်မှုတံခါးကို ပွင့်ဟစေပါ၏။**

သင်သည် ခေါင်းဆောင်တစ်ဦးဖြစ်နေပါက ယခုအချိန်၌ မကြုံရသေးသည့်တိုင်အောင် အခက်အခဲပေါင်းများစွာ ဆန့်ကျင်မှုပေါင်းများစွာတို့နှင့် ရင်ဆိုင်ရပေလိမ့်မည်။ ပြီးတော့လည်း တစ်ချိန်ချိန်တွင် ကတိတည်မှုကသာ ရှေ့သို့တွန်းပို့နိုင်သည်ကို တွေ့ရပေလိမ့်မည်။

**ဒေးဗစ်မက်နယ်လီ**က မှတ်ချက်ချဖူး၏။

"ကတိတည်မှုဆိုတာ ရှေ့ကို ဆက်ပြီးချီတက်ဖို့အတွက် ကြမ်းပေါ်ကို လဲကျသွားအောင် ဘယ်နှစ်ကြိမ်ပဲ အထိုးခံရ၊ ခံရ ပြန်ထဖို့ လေးလေးနက်နက်ပေးထားတဲ့ ကတိပဲဖြစ်တယ်။ ဒါကြောင့် ကတိတည်မှုဟာ ခုခံမှုရဲ့ ရန်သူပဲဖြစ်တယ်။"

သင့်အနေနှင့် ထိုက်ထိုက်တန်တန်ရှိသော တစ်နေရာရာကို ရောက်လိုသည်ဆိုလျှင် ကတိစကားတော့ တည်ရပါလိမ့်မည်။



## ဆင်ခြင်သုံးသပ်ရန်

ကတိတည်မှုနှင့် ပတ်သက်လာပါက တကယ်တမ်းအားဖြင့် လူလေးမျိုးလေးစားသာ ရှိနိုင်ပါသည်–

၁။ **ရှောင်ထွက်ပြေးသူ** ။ ။ ရည်မှန်းချက် ပန်းတိုင်လည်းမရှိ၊ ကတိပေးမှုလည်း မရှိသူ။

၂။ **စိုးကပ်နေသူ** ။ ။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်နိုင်မည်ဟု မသိသောပုဂ္ဂိုလ်၊ ထို့ကြောင့် ကတိပေးရန်အတွက် ကြောက်လန့်နေသူ။

၃။ **တစ်ဝက်တစ်ပျက်နှင့် စွန့်ထွက်ပြေးသူ** ။ ။ ရည်မှန်းချက်ပန်းတိုင်ဆီသို့ စတင်ထွက်ခွာလာသော်လည်း လမ်းခရီးတွင် ပင်ပန်းဆင်းရဲလာသောအခါ လက်လျှော့လိုက်သူ။

၄။ **မဖြစ်ဖြစ်အောင် ဆောင်ရွက်သူ** ။ ။ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ်ထားပြီး မဖြစ်ဖြစ် အောင်လည်း တာဝန်ယူသည်။ ထိုနေရာသို့ ရောက်ဖို့အတွက် ဒုက္ခမျိုးစုံနှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်သည်။

သင်သည် မည်သည့်လူစားမျိုး ဖြစ်ပါသနည်း။ သင်ချမှတ်ထားသော ပန်းတိုင်သို့ ရောက်ရှိပြီလား။ သင်ဆောင်ရွက်နိုင်စွမ်း ရှိသည်ဟု ယုံကြည်ထားသမျှကို ဆောင်ရွက်ပြီးပါပြီလား၊ လူအများက သင့်ကို ယုံကြည်ပြီး သင်၏ဦးဆောင်မှုကို အလွယ်တကူ လက်ခံကြ ပါပြီလား။ အထက်ပါမေးခွန်းများအတွက် သင်၏အဖြေမှာ "ဟင့်အင်း" ဟူ၍ ဖြစ်နေပါက ပြဿနာမှာ သင်ကတိတည်မှု၏အဆင့် သို့မဟုတ် အနေအထားကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ကတိတည်မှု တိုးတက်ကောင်းမွန်လာစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ–

U **တိုင်းတာကြည့်ပါ** ။ ။တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် တစ်စုံတစ်ရာအတွက် ကတိပေးထားသည်ဟု ထင်တတ်ကြ၏။ သို့ရာတွင် ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များကမူ တစ်မျိုးတစ်ဖုံ ဖြစ်နေတတ်ကြသည်။ သင်၏လုပ်ငန်းဆောင်ရွက်မှုပြက္ခဒိန်နှင့် သင်၏ငွေကြေးသုံးစွဲမှုမှတ်တမ်းစာအုပ်တို့ကို ယူလိုက်ပါ။ အချိန်အနည်းငယ်ယူပြီးလျှင် သင့်အချိန်များကို မည်ကဲ့သို့ အသုံးပြုခဲ့သည်။သင့်ငွေကြေးများကို မည်ကဲ့သို့ သုံးစွဲခဲ့သည်တို့ကို ပြန်လည်စစ်ဆေးကြည့်ပါ။ သင်၏ အလုပ်ခွင်၌ အချိန်မည်မျှ သုံးစွဲခဲ့သည်၊ ဝန်ဆောင်မှု၌ အချိန်မည်မျှ၊ မိသားစုနှင့် အချိန်မည်မျှ၊ ကျန်းမာရေးအတွက် အချိန်မည်မျှ၊ အပန်းဖြေမှုဆိုင်ရာလုပ်ငန်းများအတွက် အချိန်မည်မျှ စသည်ဖြင့် စစ်ဆေးကြည့်ပါ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍လည်း စားဝတ်နေရေးအတွက် ငွေမည်မျှ၊ ဖြေဖျော်မှုအတွက် ငွေမည်မျှ၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးအတွက် ငွေမည်မျှနှင့် ဒါနပြုမှုများအတွက် ငွေမည်မျှ စသည်ဖြင့် ပြန်လည်တွက်ချက်ကြည့်ပါ။ ဤအချက်များအားလုံးသည် သင်ကတိပေးထားမှုများကို တိုင်းတာကြည့်နိုင်သည့်အချက်များဖြစ်သည်။ သင်၏တွေ့ရှိချက်များက သင့်ကို အံ့အားသင့်စေပါလိမ့်မည်။

U **အသက်နှင့်လဲနိုင်လောက်သည့်ကိစ္စရပ်ကို သိပါ** ။ ။ခေါင်းဆောင်တိုင်း မိမိကိုယ်ကို ပြန်မေးရမည့်မေးခွန်းမှာ မည်သည့်ကိစ္စရပ်မျိုးသည် အသက်နှင့်လဲနိုင်လောက်သည့်ကိစ္စ ဖြစ်ပါသနည်းဟူ၍ပင် ဖြစ်၏။



ထိုကိစ္စနှင့် ပတ်သက်လာပါက သင့်ဘဝတွင် အကျိုးဆက်တရားများက မည်သို့ပင် ရှိနေပါစေ၊ သင့်အနေနှင့် ရပ်တန့်မပစ်နိုင်သည့် အရာသည် မည်သည့်ကိစ္စ ဖြစ်ပါသနည်း။ သင်တစ်ယောက်တည်း ထိုကိစ္စကို နက်နက်နဲနဲ စဉ်းစားကြည့်ပါ။ သင်စဉ်းစား၍ ရသမျှကို စာရွက်ပေါ်၌ ရေးချပါ။ ထို့နောက် သင်၏ပြုမူဆောင်ရွက်ချက်များသည် သင်၏ အမြင့်မားဆုံး မျှော်မှန်းချက်နှင့် ကိုက်ညီမှု ရှိမရှိ တိုက်ဆိုင်ကြည့်ပါ။

U **အက်ဒီဆင်၏ လမ်းစဉ်ကို အသုံးပြုပါ** ။ ။ကတိတည်မှုအတွက် စတင်ဆောင်ရွက်ရမည့်ခြေလှမ်းမှာ သင့်အတွက် အခက်အခဲဖြစ်နေခဲ့ပါက **သောမတ်အက်ဒီဆင်**၏ လမ်းစဉ်ကို သုံးစွဲကြည့်ပါ။ သူက တီထွင်မှုတစ်ခုအတွက် စိတ်ကူးကောင်းတစ်ခုရရှိလာပါက သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး လူသိအောင်ကြေညာပစ်လိုက်သည်။ ထို့နောက် သူသည် ဓာတ်ခွဲခန်းထဲသို့ ဝင်၍ စတင်တီထွင်လေတော့သည်။ သင်၏ အစီအစဉ်များကို အများသိအောင်ချပြလိုက်ပါ။ ထိုအခါသင်သည် ထိုလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန် သို့မဟုတ် ကတိတည်အောင် ပို၍ ဆောင်ရွက်ရတော့မည် ဖြစ်ပေသည်။

## နေ့စဉ် မှတ်သားလိုက်နာရန်

ကြေးစားဘတ်စကက်ဘောကစားသမားဟောင်း **ဘီလ်ဘရက်ဒီ** သည် သူအသက် ၁၅ နှစ်အရွယ်က **"အီးဖီး"အက်ဒ်မက်ကောလေး** ဖွင့်လှစ်ထားသော နွေရာသီဘတ်စကက်ဘော သင်တန်းစခန်းသို့ တက်ရောက်ခဲ့ဖူး၏။

အဆိုပါစခန်းတွင် မက်ကောလေး ပြောခဲ့သော စကားတစ်ခွန်းက ဘရက်ဒီ၏ ဘဝကို ပြောင်းလဲစေခဲ့သည်။

"တစ်ခုပဲ မှတ်ထားကြဖို့က တကယ်လို့ မင်းတို့ရဲ့ အရည်အချင်းရှိသလောက်၊ အားကစားကွင်းထဲမှာ အစွမ်းကုန်အား မထုတ်ကြဘူးဆိုရင် အပြင်ဘက်က တစ်နေရာရာမှာ မင်းတို့နဲ့ အရည်အချင်းတူတဲ့ လူတစ်ယောက်ယောက်ရှိနေလိမ့်မယ်။ တစ်နေ့ ကျတော့ မင်းတို့အချင်းချင်း တွေ့ဆုံပြီး ကစားရတဲ့အခါကျရင် သူက အသာစီးရသွားလိမ့်မယ်"

သင်က အဆိုပါ အဆင့်အတန်းကို မည်သည့်အရာနှင့် တိုင်းတာမည်နည်း။

အရည်အချင်း (၄)

## ဆက်သွယ်ပြောဆိုတတ်မှု

**ဆက်သွယ်ပြော ဆိုတတ်မှု မရှိပါက တစ်ယောက်တည်း ခရီးသွားရပေလိမ့်မည်**

ဆက်သွယ်ပြောဆိုမှု စွမ်းရည်ကို အကောင်းမွန်ဆုံး ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ထိရောက်သောခေါင်းဆောင်မှုအတွက် လုံးဝ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ခေါင်းဆောင်ဖြစ်သူသည် စိတ်ကူးစိတ်သန်းများနှင့် အသိပညာတို့ကို မျှဝေခံစားခြင်းဖြင့် အခြားသူများအား စိတ်အားထက်သန်မှုနှင့် အရေးတကြီး ဆောင်ရွက်ရမည့် အနေအထားကို ဖြန့်ဝေပေးနိုင်ရမည်။ အကယ်၍ ခေါင်းဆောင်တစ်ဦး သည် သတင်းတစ်ရပ်ကို ဖြန့်ဝေပေးပို့ရာ၌ ထိုသတင်းပေါ်တွင် မူတည်၍ အခြားသူများက ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာအောင် ရှင်းရှင်းလင်းလင်းနှင့် စေ့ဆော်တိုက်တွန်းနိုင်စွမ်းမရှိခဲ့ပါက သတင်းရရှိမှုသည်ပင်လျှင် အရေးမပါတော့ချေ။

**ဂီးလ်ဘတ်အမီလီယို**
**နေရှင်နယ်ဆီးမီးကွန်ဒတ်တာ ကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်**

ပညာသင်ကြားရေးဆိုင်ရာပုဂ္ဂိုလ်များက လွယ်ကူသောကိစ္စတစ်ရပ်ကို ရှုပ်ထွေးအောင်ပြုလုပ်ပစ်တတ်ကြပြီးလျှင် ဆက်သွယ်ပြောဆိုတတ်သူများသည် ရှုပ်ထွေးသောကိစ္စတစ်ရပ်ကို ရှင်းလင်းလွယ်ကူအောင် ပြုလုပ်တတ်ကြ၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## အနေအထားမရွေး ဆက်သွယ်ပြောဆိုတတ်သော ကြီးကျယ်ခမ်းနားသူ

အမေရိကန်သမ္မတ အတော်များများသည် ကြီးကျယ်ခမ်းနား သော ဆက်သွယ်ပြောဆိုတတ်သူများအဖြစ် အမေရိကန်နိုင်ငံတွင် ဩဇာသက်ရောက်မှုရှိခဲ့ကြ၏။ **ဂျွန်အက်ဖ်ကနေဒီ၊ ဖရန်ကလင်ဒီရူးစဗဲ့**နှင့် **အေဗရာဟင်လင်ကွန်း**တို့သည် ထူးခြားပြောင်မြောက်သော စံနမူနာ ပြပုဂ္ဂိုလ်များ ဖြစ်ကြ၏။ သို့ရာတွင် သမ္မတတစ်ယောက်တည်းကိုသာလျှင် ကြီးကျယ်ခမ်းနားသောဆက်သွယ်ပြောဆိုတတ်သူအဖြစ် ကျွန်ုပ်တို့က အသိအမှတ်ပြုထားကြသည်။ ထိုသမ္မတသည်ကား **ရော်နယ်ရီဂင်** ပင်တည်း။

ရော်နယ်ရီဂင်သည် ပြောဆိုဆက်သွယ်ရာတွင် ပါရမီရှိသူတစ်ဦးအဖြစ် ၎င်း၏အစွမ်းအစများကို သူငယ်စဉ်ကပင် လင်းကနဲ လက်ကနဲ မြင်တွေ့ကြရ၏။သူသည် ရေဒီယိုတွင် အသံလွှင့်သူအဖြစ်နှင့် အစပြုခဲ့၏။ သူအသက် ၂၀ ကျော်ကျော်အရွယ်ကပင် ရီဂင်သည် အနောက်အလယ်ပိုင်းဒေသ၌ ရေဒီယိုမှ လူသိအများဆုံး ကြေညာသူတစ်ဦး အဖြစ် ကျော်ကြားလာခဲ့သည်။ သူသည် အားကစားပွဲများကို တိုက်ရိုက်လွှင့်ထုတ်ပေးလေ့ရှိသူလည်း ဖြစ်၏။

သူ၏ဘဝတစ်လျှောက်လုံးတွင် ရော်နယ်ရီဂင်သည် လူအများနှင့်ဆက်ဆံသည့်၊ ဆက်သွယ်သည့် ကိစ္စရပ်များ၌ သူမတူအောင် ထူးခြားသည့် စွမ်းရည်ကိုပြသခဲ့၏။ အလွန်ထင်ရှားသည့် သာဓကများမှာ သမ္မတဖြစ်ရေးအတွက် မဲဆွယ်ခဲ့စဉ်နှင့် သမ္မတအဖြစ် ဆောင်ရွက်ခဲ့စဉ်တို့က ဖြစ်ကြ၏။ ၁၉၈၀ ပြည့်နှစ်တွင် သမ္မတအဖြစ် ဝင်ရောက်အရွေးခံမည်ဟု ကြေညာခဲ့စဉ်က သူ၏ မဲဆွယ်မှုအတွက် သူဖြစ်စေလိုသည့်



စိတ်ကူးကို ရှင်းလင်းပြတ်သားစွာ သတ်မှတ်ပေးခဲ့သည်။ "ကျုပ်တို့ပြောဆိုတဲ့စကားတွေထဲမှာ ရှင်းလင်းလွယ်ကူပြီး လူသိများတဲ့စကားလုံး ၅ လုံးပဲ ပါရမယ်။ အင်မတန်ကြီးကျယ်တဲ့ စီးပွားရေး သီအိုရီတွေ မပါစေနဲ့၊ နိုင်ငံရေးဒဿနိကအတွက် ဟောပြောပို့ချချက် တွေမပါစေနဲ့၊ "မိသားစု၊ အလုပ်ခွင်၊ နေအိမ်ပတ်ဝန်းကျင်၊ လွတ်လပ်ရေး၊ ငြိမ်းချမ်းရေး" ဆိုတဲ့ အင်မတန် တိုတောင်းတဲ့စကားလုံး ၅ လုံးပဲ ပါပါစေ။"

မဲဆွယ်စဉ်ကာလတွင် ရီဂင်သည် လက်ရှိသမ္မတဂျင်မီကာတာနှင့် အောင်မြင်စွာ စကားစစ်ထိုးခဲ့ကြ၏။ ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးဟောင်းရီဂင်ကို ခင်မင်နှစ်လိုဖွယ်ကောင်းသော၊ သက်သောင့်သက်သာရှိနေသော၊ စွမ်းရည်ပြည့်ဝသောလူလတ်တန်းစား အမေရိကန်တစ်ယောက်အဖြစ် မြင်တွေ့ကြရသည်။ သူက အလွယ်တကူပင် အနိုင်ရရှိခဲ့၏။ နောက်ပိုင်းတွင် သမ္မတနှင့် စကားစစ်ထိုးနေရသည့်အတွက် စိုးရိမ်ပူပန်မှု ရှိခဲ့ပါသလားဟု မေးမြန်းသည့်အခါ ရီဂင်က ပြန်ဖြေလိုက်၏။

"ဟင့်အင်း၊ လုံးဝမဖြစ်ပါဘူး၊ ကျုပ်က ဇာတ်ခုံတစ်ခုတည်းပေါ်မှာ ဂျွန်ဝိန်းနဲ့အတူတူ ရှိနေခဲ့ဖူးတာပဲ"

သူသည် လူတစ်စုနှင့် ပြောဆိုနေရချိန်တွင်ဖြစ်စေ၊ ကင်မရာကိုကြည့်နေရချိန်တွင်ဖြစ်စေ၊ လူတစ်ဦးချင်းနှင့် ဆက်ဆံပြောဆိုနေရသည့်အချိန်မှာပင်ဖြစ်စေ၊ ရီဂင်သည် ထိရောက်မှုအမြင့်မားဆုံးနှင့် ဆက်သွယ်နိုင်စွမ်းရှိခဲ့၏။ သူ့ကို သေနတ်နှင့် အပစ်ခံရပြီး၊ ခွဲစိတ်ခန်းထဲသို့ လက်တွန်းလှည်းနှင့် တွန်းပို့နေချိန်မှာပင် သူ့ရည်မှန်းချက်မှာ အခြားပုဂ္ဂိုလ်များအား စိတ်သက်သာရာ ရရှိစေရေးပင်ဖြစ်၏။ သူက ခွဲစိတ်ကုဆရာဝန်ကြီးအား ပြောလိုက်သည့်စကားမှာ "ခင်ဗျားတို့အားလုံး ရီပတ်ဗလီကင် (ပါတီဝင်)တွေ ဖြစ်ကြပါတယ်လို့ ကျုပ်ကို အာမခံကြစမ်းပါဗျာ"ဟူသတတ်။

ရီဂင်သည် အလွန်တော်သော အုပ်ချုပ်သူအရာရှိလည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူသည် ရှင်းလင်းပြတ်သားသော 'အမြင်'ရှိသူ ဖြစ်ပြီး ဆုံးဖြတ်ချက်များကို လွယ်ကူစွာချမှတ်ပေးလေ့ရှိ၏။ တာဝန်ကို ထိရောက်စွာ ခွဲဝေပေးတတ်၏။ အလွန်ကြီးကျယ်ခမ်းနားသည့် ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်လာရခြင်းမှာ ဆက်သွယ်ရာတွင် တစ်မူ ထူးခြားသော ၎င်း၏အရည်အချင်းကြောင့်ပင် ဖြစ်ပါသည်။

နိုင်ငံကို ခေါင်းဆောင်မှုပေးသည့်အပိုင်းကဏ္ဍသို့ ရောက်ရှိလာသောအခါ သူသည် မည်သူမည်ဝါဖြစ်ကြောင်း လူအများကသိကြ၏။ သူ၏ရပ်တည်ချက်ကိုလည်း သိကြ၏။ သူ၏လိုအင်ဆန္ဒကို သိကြ၏။ သူနှင့်အတူ အလုအယက်လိုက်ပါ ဆောင်ရွက်လိုကြ၏။ ဆက်သွယ်ပြောဆိုတတ်မှုက ၎င်းအား လူအများက ၎င်း၏ခေါင်းဆောင်မှုကို ခံယူလိုသော ခေါင်းဆောင်တစ်ဦး ဖြစ်လာစေခဲ့သည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

သင်သည် **ရော်နယ်ရီဂင်**ကဲ့သို့ တိုင်းပြည်ကို ဦးဆောင်လိုစိတ်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးမဟုတ်သည့်တိုင်အောင် သင့်ထံတွင် ဆက်သွယ်ပြောဆိုနိုင်သည့် အရည်အချင်းရှိရန် လိုအပ်မည်သာ ဖြစ်ပါသည်။ သင့်အိမ်ထောင်ရေး၊ အလုပ်ခွင်နှင့် ပုဂ္ဂိုလ်ရေးဆက်ဆံမှုများတွင် အောင်မြင်မှု ရရှိစေရေးတို့သည် ထိုအချက်ပေါ်၌ များစွာတည်မှီလျက် ရှိ၏။ သင်၏လိုလားချက်နှင့် သင်၏ဆန္ဒကို လူအများ မသိရှိကြပါက သင်၏ခေါင်းဆောင်မှုကို ခံယူလိုကြမည် မဟုတ်ချေ။

သင်သည် မှန်ကန်သောအခြေခံအချက်လေးချက်ကို လိုက်နာမည်ဆိုပါက ပို၍ ထိရောက်မှုရှိသော ဆက်သွယ်ပြောဆိုတတ်သူတစ်ယောက် ဖြစ်လာပေလိမ့်မည်။



### ၁။ သင်ပြောလိုသည့်စကားသည် ရှင်းလင်းလွယ်ကူပါစေ။

ဆက်သွယ်ပြောဆိုတတ်မှုဆိုသည်မှာ သင်ပြောဆိုသည့် စကားသက်သက်မျှသာ မဟုတ်ဘဲ သင်၏ ပြောပုံဆိုပုံလည်း ပါဝင်ပါသည်။ ဤသဘောတရားသည် အချို့သော ပညာသင်ကြားရေးဆိုင်ရာ ပုဂ္ဂိုလ်များ၏ အယူအဆနှင့် ကွဲလွဲဆန့်ကျင်မည် ဖြစ်သော်လည်း ထိရောက်သော ဆက်သွယ်ပြောဆိုမှု၏ အဓိကသော့ချက်သည် ရှင်းလင်းလွယ်ကူမှုပင် ဖြစ်သည်။ လူအများအား စကားကြီး၊ စကားကျယ်များ၊ သို့ မဟုတ် ရှုပ်ထွေးသော ဝါကျများနှင့် အထင်ကြီးအောင်လုပ်ဖို့ကိစ္စကို မေ့ထားလိုက်ပါ။ အကယ်၍ သင်သည် လူအများနှင့်ဆက်ဆံလိုပါက ရှင်းလင်းလွယ်ကူရေးကို ရှေးရှုပါ။ **နပိုလီယံဘိုနာပတ်**က ၎င်း၏ အတွင်းရေးမှူးများအား "ရှင်းလင်းပြတ်သားပါစေ၊ ရှင်းလင်းပြတ်သားပါစေ၊ ရှင်းလင်းပြတ်သားပါစေ"ဟု မှာကြားလေ့ရှိ၏။

အငယ်တန်းစီမံခန့်ခွဲသူတစ်ယောက်က ထိရောက်သော ဆက်သွယ်ပြောဆိုမှုအတွက် အခြေခံကျသော အချက်တစ်ချက်ကို ပြောပြဖူး၏။ ထိုလူငယ်သည် လူအတော်များများကို လာရောက်ဟောပြောပေးရန် ပထမဦးဆုံးအကြိမ် ဖိတ်ကြားခံရသည်။ ထို့ကြောင့် ၎င်း၏ ဆရာသမားထံ ချဉ်းကပ်၍ ဟောပြောပို့ချချက်အတွက် ကောင်းမွန်သော အကြံဉာဏ်များကို တောင်းခံခဲ့ရာ ၎င်း၏ဆရာသမားက ပြောလိုက်၏။

"ပရိသတ်ထဲမှာရှိတဲ့ လူတိုင်းလူတိုင်းကို ဆွဲဆောင်နိုင်မယ့်၊ စိတ်လှုပ်ရှားဖွယ်ရာ အဖွင့်စကားကို ရေးချလိုက်ပါ။ အဲဒီနောက်တော့ လူတိုင်းလူတိုင်းက လိုက်နာဆောင်ရွက်ချင်လာအောင် တွန်းအားပေးမယ့် ဟောပြောချက်အကျဉ်းချုပ်နဲ့ နိဂုံးစကားကို ရေးချလိုက်ပါ။ နောက်တော့ အဲဒီ ၂ ခုကို ဖြစ်နိုင်သလောက် အနီးကပ်ဆုံးဖြစ်အောင် လုပ်ပေးလိုက်ပါ။"

### ၂။ ပရိသတ်ကို လေ့လာပါ။

ထိရောက်မှုရှိသော ဆက်သွယ်ပြောဆိုတတ်သူများသည် မည်သူများ

နှင့် ဆက်သွယ်ပြောဆိုနေရခြင်းဖြစ်ကြောင်းကို အာရုံစူးစိုက်လေ့ရှိ၏။ ပရိသတ်အကြောင်း တစ်စုံတစ်ရာ မသိဘဲနှင့် ထိုပရိသတ်နှင့် ထိရောက်စွာ ဆက်သွယ်ပြောဆိုရန် မဖြစ်နိုင်ကြောင်းကို သိထားကြ၏။

သင်သည် လူတစ်ဦးတစ်ယောက်စီနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် လူအုပ်စုတစ်စုနှင့်ဖြစ်စေ၊ ဆက်သွယ်ပြောဆိုနေသည့်အခါ အောက်ပါ မေးခွန်းများကို သင်ကိုယ်တိုင် ဖြေကြည့်ပါ။ ကျွန်ုပ်၏ ပရိသတ်သည် မည်သူနည်း။ ၎င်းတို့မေးမည့် မေးခွန်းများက အဘယ်နည်း။ ကျွန်ုပ်က မည်သည့်ကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည် နည်း။ ကျွန်ုပ်အတွက် အချိန်မည်မျှ ရရှိပါသနည်း။ အကယ်၍ သင်သည် ပို၍ကောင်းမွန်သော ဆက်သွယ်ပြောဆိုသူ ဖြစ်လိုပါက ပရိသတ်နှင့် တသားတည်းရှိအောင် ဆောင်ရွက်စေလိုပါသည်။ လူအများက ကြီးကျယ် ခမ်းနားသော ဆက်သွယ်ပြောဆိုသူများအား ယုံကြည်မှုရှိကြခြင်းမှာ ထိုပုဂ္ဂိုလ်များက ပရိသတ်များကို ယုံကြည်မှု ရှိသောကြောင့်ပင် ဖြစ်ပါ၏။

## ၃။ အမှန်တရားကို ပြသပါ။

ယုံကြည်ထိုက်သူတစ်ဦးကသာလျှင် ကြီးကျယ်ခမ်းနားသော ဆက်သွယ်ပြောဆိုတတ်သူတစ်ဦး ဖြစ်နိုင်သည်။ သင့်အား ယုံကြည်ထိုက်မှုကို ပရိသတ်ထံအရောက် ပို့ပေးရန်အတွက် နည်းလမ်း ၂ သွယ်ရှိ၏။ **ပထမ** အချက်မှာ သင်ပြောဆိုသည့်ကိစ္စကို သင်ကိုယ်တိုင်ယုံကြည်ရန်ဖြစ်၏။ သာမာန်လူပုဂ္ဂိုလ်အချို့သည် ၎င်းတို့၏ ဖွဲ့စွဲလမ်းလမ်း ယုံကြည်မှုကြောင့် အလွန်ထူးခြားသော ဆက်သွယ်ပြောဆိုသူများ ဖြစ်လာကြသည်။ **ဖီးမာရှယ်ဖာဒီနန်ဖော့ချ်**က မှတ်ချက်ချဖူး၏။ "ကမ္ဘာပေါ်၌ အင်အား အကြီးမားဆုံးလက်နက်မှာ (လောဘ၊ ဒေါသ၊ မောဟတည်းဟူသည့်) မီး (တစ်မျိုးမျိုး) အလောင်ခံနေရသည့် လူသားတို့၏ 'စိတ်' ပင် ဖြစ်သည်။ ဒုတိယအချက်မှာ သင်ပြောသလိုသာ လုပ်ဆောင်ပြပါ။ မိမိ၏ ယုံကြည်မှုအတိုင်း လုပ်ကိုင်ဆောင်ရွက်ပြနေမှုထက် ပို၍ ယုံကြည်ထိုက်



သောအရာ မရှိနိုင်တော့ပြီ။

## ၄။ တုံ့ပြန်မှုကို အရယူပါ။

သင်ဆက်သွယ်ပြောဆိုမှုတိုင်း၏ နောက်ဆုံးပန်းတိုင်မှာ တက်တက်ကြွကြွ လှုပ်ရှားမှုပင်ဖြစ်ကြောင်းကို မမေ့ပါလေနှင့်။ အကယ်၍ သင်က လူအများအပေါ် သတင်းအချက် အလက်ပေါင်းများစွာကို စုပြုံပြီး သွန်ချနေခဲ့ပါက သင်သည် ဆက်သွယ် ပြောဆိုနေခြင်းမဟုတ်ပါချေ။ သင်က လူအများနှင့် စကားပြောဆိုသည့် အခါတိုင်း ၎င်းတို့အတွက် ခံစားစရာ တစ်ခုခု၊ ပြန်၍သတိရစရာ တစ်ခုခု၊ ဆောင်ရွက်စရာ တစ်ခုခုတို့ကို ပေးအပ်ပါ။ အကယ်၍ သင်သည် ထိုကိစ္စကို အောင်မြင်စွာ ဆောင်ရွက်နိုင် စွမ်းရှိလာပါက သင်က အခြားပုဂ္ဂိုလ်များအား ခေါင်းဆောင်နိုင်သည့် စွမ်းရည်သည် မြင့်မားသော အဆင့်သစ်တစ်ခုသို့ ရောက်ရှိလာပါ လိမ့်မည်။

# ဆင်ခြင်သုံးသပ်ရန်

အမ်ဗီအမ်အင်ကော်ပိုရိတ်တက်၏ ဥက္ကဋ္ဌ **"ဒန်တိုမန်းကွက် ဂျူနီယာ"**က ခေါင်းဆောင်တစ်ယောက်၏ ဆက်သွယ်ပြောဆိုမှု အရည်အချင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြောဖူးသည်။

"ခေါင်းဆောင်တစ်ယောက်ဟာ အခြားပုဂ္ဂိုလ်များကမှ တစ်ဆင့် လုပ်ငန်းတွေကို ပြီးစီးအောင် ဆောင်ရွက်ရလိမ့်မယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်မှာ လှုံ့ဆော်နိုင်မှုနဲ့ ဉာဏ်ကွန့်မြူးစေနိုင်မှု၊ လမ်းပြနိုင်မှုနဲ့ လမ်းညွှန်နိုင်မှု၊ ပြီးတော့ နားထောင်နိုင်စွမ်းရှိမှုဆိုတဲ့ အရည်အချင်းတွေရှိဖို့ လိုအပ်တယ်။ ခေါင်းဆောင်တစ်ယောက်ဟာ ဆက်သွယ်ပြောဆိုမှုက တစ်ဆင့် အခြားပုဂ္ဂိုလ်များ၏ အမြော်အမြင်၊ အတွေးအခေါ်တွေကို ၎င်းတို့ကိုယ်တိုင် ပြန်လည်နှလုံးသွင်းပြီး

အကောင်အထည်ဖော်စေနိုင်မှာ ဖြစ်တယ်”။

အခြားသူများနှင့် ဆက်သွယ်ပြောဆိုသည့် သင်၏စွမ်းရည်ကို မည်ကဲ့သို့ အကဲဖြတ်ပါသနည်း။ ဆက်သွယ်ပြောဆိုမှုသည် သင်၏ ဦးစားပေးကိစ္စတစ်ရပ် ဖြစ်ပါသလား။ သင်က လူအများကို လှုံ့ဆော် နိုင်စွမ်းနှင့် ဉာဏ်ကွန့်မြူးမှု ဖြစ်လာအောင် ဆောင်ရွက်နိုင်စွမ်းရှိပါ သလား၊ သင်၏အမြော်အမြင်များကို သင်၏ဝန်ထမ်းများက နားလည် နိုင်စွမ်း ခံယူနိုင်စွမ်းရှိပြီး အကောင်အထည်ဖော်လာကြအောင် ရှင်းပြ တတ်ပါသလား။ သင်က ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် ဆက်ဆံပြောဆိုသည့် အခါမှာ ၎င်းတို့နှင့် ဆက်သွယ်၍ရပါသလား။ လူအုပ်စုများနှင့် ဆက်သွယ်ပြောဆိုသည့် အခါမျိုးမှာကော ဆက်သွယ်၍ ရပါသလား။ သင်၏ အသည်းနှလုံးထဲ၌ သင်၏အမြော်အမြင်သည် အလွန် ကြီးကျယ်ခမ်းနားကြောင်း သင်ကိုယ်တိုင် သိရှိထား၏။ သို့တိုင်အောင် အခြားသူများက လက်မခံကြသေးဟု ဆိုပါက သင်၏ပြဿနာမှာ ထိရောက်စွာ ဆက်သွယ်ပြောဆိုနိုင်မှု မရှိခြင်းပင် ဖြစ်ပေလိမ့်မည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ဆက်သွယ်ပြောဆိုတတ်မှု တိုးတက်ကောင်းမွန် လာအောင် အောက်ပါအတိုင်း ဆောင်ရွက်ပါ။

U **ခေါင်းလောင်းထိုးသလို ရှင်းလင်းပြတ်သားပါစေ** ။ ။ သင်မကြာ ခင်က ရေးသားခဲ့သော စာ၊ မှတ်စု၊ သို့မဟုတ် အခြားစာပိုဒ်များကို ပြန်လည်စစ်ဆေးပါ။ သင်၏ဝါကျများသည် တို၍ တိုက်ရိုက်ရေးသားမှု ဖြစ်ပါသလား။ သို့တည်းမဟုတ် ဝေ့လည်ကြောင်ပတ် ဖြစ်နေပါသလား။ သင်၏စာကို ဖတ်ရှုသူများသည် သင်ရွေးချယ်ထားသည့် ဝေါဟာရများကို သဘောပေါက် နားလည်ကြပါမည်လား။ သို့တည်းမဟုတ်



အဘိဓာန်ထဲတွင် ကမန်းကတန်း ရှာဖွေနေကြရပါမည်လား။ သင်သည် ဖြစ်နိုင်သလောက် စကားလုံးအနည်းငယ်မျှ ကိုသာ အသုံးပြုခဲ့ပါသလား။ ဆက်သွယ်ပြောဆိုသူ တစ်ယောက်အဖို့ ရိုးစင်းမှုနှင့် ကြည်လင်မှုတို့သည် မိတ်ဆွေကောင်းများ ဖြစ်ကြ၏။ သင်နောက်ထပ်ရေးသားမည့် ဆက်သွယ် စာများတွင် အထက်ပါ အကြောင်းအရာများကို သင့်ခေါင်းထဲ၌ မှတ်သား ထားပါလေ။

U **သင်၏ ဦးစားပေးမှုကို ပြန်၍ အာရုံစူးစိုက်ပါ** ။ ။ လာမည့် ရက်သတ္တပတ်အတွင်းတွင် သင်က အခြားသူများနှင့် ဆက် သွယ်ပြောဆိုမှု ပြုလုပ်ရာ၌ သင်၏ အာရုံစိုက်မှုကို သတိထားကြည့်လိုက်ပါ။ သင်၏ အာရုံစိုက်မှုသည် သင့်အပေါ်တွင်လား၊ သင်အသုံးပြုသည့် အကြောင်း အရာပေါ်တွင်လား၊ သို့တည်းမဟုတ် သင်၏ ပရိသတ်ပေါ်တွင်လား။ သင်၏အာရုံစူးစိုက်မှုသည် လူပရိသတ်ပေါ်၌ ရှိမနေခဲ့ပါက ထိုကိစ္စကို သင်ပြင်ဆင်ရန် လိုအပ်နေပေပြီ။ ၎င်းတို့၏လိုအပ်ချက်များ၊ ၎င်းတို့၏ မေးခွန်းများ၊ ပြီးတော့ ၎င်းတို့၏ လိုအင်ဆန္ဒများကို ထည့်သွင်းစဉ်းစားပါ။ ၎င်းတို့ရှိနေသော နေရာ၌ ထိုလူများနှင့် သွားရောက်တွေ့ဆုံပါ၊ ဤတွင် သင်သည် ပို၍ကောင်းမွန်သော ဆက်သွယ်ပြောဆိုသူ တစ်ဦးဖြစ်လာ ပါလိမ့်မည်။

U **အပြောနှင့်အလုပ် ညီပါစေ** ။ ။သင်ဆက်သွယ်ပြောဆိုသော အကြောင်းအရာများနှင့် သင်၏ဆောင်ရွက်မှုများအကြားတွင် ကွဲလွဲမှု များ ရှိနေပါသလား။ သင်ယုံကြည်ရသော ပုဂ္ဂိုလ်အနည်းစုထံ ချဉ်းကပ်၍ သင်သည် အပြောနှင့်အလုပ်ညီသူ ဟုတ်မဟုတ်ကို မေးမြန်းပါ။ သင်၏ဇနီး သို့မဟုတ် ခင်ပွန်း၊ သင်၏ဆရာသမား သို့မဟုတ် အလွန် ခင်မင်ရင်းနှီးသောမိတ်ဆွေတို့က သင်မမြင်မိသောကိစ္စများကို မြင်တွေ့နိုင်ကြပါလိမ့်မည်။ သူတို့၏ မှတ်ချက်များကို ခြွင်းချက်မရှိ လက်ခံလိုက်ပါ။ ထို့နောက်တွင်ကား သင့်ဘဝ၌ ပြုပြင်ပြောင်းလဲလိုသော

ဆန္ဒသည် ပို၍ ပို၍ ခိုင်မြဲလာပါလိမ့်မည်။

## နေ့စဉ် မှတ်သားလိုက်နာရန်

၁၈၆၅ ခုနှစ်၊ ဧပြီလ ၇-ရက်နေ့တွင် သမ္မတကြီး **အေဗရာဟင် လင်ကွန်း**သည် တာဝန်ကြီးလေးလှသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်ရပြီးနောက် စစ်မြေပြင်၌ရှိနေသော ၎င်း၏ ဗိုလ်ချုပ်ကြီးထံ ဆက်သွယ်အကြောင်းကြားရန် လိုအပ်လာလေသည်။ ထိုကိစ္စရပ်အပေါ်၌ သမ္မတကြီး၏ မျှော်လင့်ချက်အားလုံးနှင့် သမ္မတအဖြစ် ၎င်း၏ ခေါင်းဆောင်မှု တာဝန်အားလုံးတို့က တည်မှီလျက်ရှိကြ၏။ သူသည် ဆက်သွယ်ပြောဆိုတတ်သူတစ်ဦးအဖြစ် သူ့တွင် အတန်အသင့် ရှိနေသော ကျွမ်းကျင်မှုအားလုံးကို အသုံးပြု၍ အောက်ပါအကြောင်းကြားစာကို ရေးသားလိုက်လေ၏။

ဒုတိယဗိုလ်ချုပ်ကြီး ဂရန့်

"အကယ်၍ ဤကိစ္စကို ဖိအားပေးမည်ဆိုလျှင် (ဗိုလ်ချုပ်ကြီး)**လီ** လက်နက်ချလိမ့်မည်ဟု ထင်မြင်ယူဆကြောင်း" **ဗိုလ်ချုပ်ကြီးရှရီဒန်**က ပြောကြားပါသည်။ ထိုကိစ္စကို ဖိအားပေးပါ။

**အေ-လင်ကွန်း**

သမ္မတကြီးသည် အရေးပါသော ဆက်သွယ်ပြောကြားမှုတစ်ခု၏ ရိုးစင်းရှင်းလင်းမှုတွင် ရှုပ်ထွေးမှုများ ပါဝင်ရောယှက်ရန် ခွင့်မပြုခဲ့ပါ။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့ကလည်း ခွင့်မပြုသင့်ပါချေ။

အရည်အချင်း (၅)

# စွမ်းရည်ပြည့်ဝမှု

**စွမ်းရည်ပြည့်ဝမှုကို သင်တည်ဆောက်ခဲ့ပါက သူတို့ ရောက်လာကြပါလိမ့်မည်**

စွမ်းရည်ပြည့်ဝမှုကို စာဖွဲ့၍ မရနိုင်ပါ။ စွမ်းရည်ပြည့်ဝမှုဆိုသည်မှာ ကိစ္စတစ်ရပ်ကို "ချ" ပြပြီးနောက်တွင်၊ စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်နိုင်သော ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းဖြစ်သည်။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

အလွန်ကောင်းမွန်စွာဖြင့် ရေပိုက်ပြင်ဆင်တတ်မှုကို နိမ့်ကျသောလုပ်ငန်း ဖြစ်သောကြောင့် အထင်သေးသော လူ့အဖွဲ့အစည်းတစ်ခုသည် အညံ့စားဖီလော်ဆော်ဖီကို လက်ခံထားခြင်းပင် ဖြစ်သည်။

**ဂျွန်ဂါဒနာ (စာရေးဆရာ)**

## သာမန်လူတစ်ဦးကို ဩဘာပေးခြင်း

**ဘင်ဂျမင်ဖရန်ကလင်**သည် မိမိကိုယ်ကို သာမန်တိုင်းသူပြည်သားတစ်ယောက် ဖြစ်သည်ဟု ထင်မြင်လေ့ရှိသူဖြစ်၏။ ဖရန်ကလင်သည် ဖယောင်းတိုင်လုပ်ငန်းကို လုပ်ကိုင်သော ကုန်သည်တစ်ယောက်၏သားဖြစ်ပြီးလျှင် မွေးချင်း ၁၇ ယောက်အနက် တစ်ဦးဖြစ်သည်။ ၎င်း၏ဖခင်သည် ချမ်းသာကြွယ်ဝသူ မဟုတ်ဘဲ ဘင်ဂျမင်ဖရန်ကလင်သည် သာမန်ကလေးတစ်ယောက်လိုပင် ကြီးပြင်းခဲ့ရသူဖြစ်၏။ သူသည် ကျောင်းတွင် ၂ နှစ်မျှသာ စာသင်ကြားရပြီးနောက် အသက် ၁၂ နှစ်အရွယ်တွင် သူ့အစ်ကို၏ ပုံနှိပ်လုပ်ငန်း၌ အလုပ်သင်အဖြစ် ဆောင်ရွက်ခဲ့သည်။

ဖရန်ကလင်သည် အလုပ်ကို ကြိုးစားသည်သာမက၊ ရိုးသားစွာနေထိုင်တတ်သူလည်းဖြစ်၏။ သူ၏ပြုမူနေထိုင်မှုကို အကျင့်သီလ ၁၃ ပါးနှင့် စံထား၍ နေထိုင်လေ့ရှိ၏။ သူသည် နေ့စဉ် အဆိုပါသီလ ၁၃ ပါးနှင့် သူ့ကိုယ်သူ အကဲဖြတ်လေ့ရှိ၏။

အသက် ၂၀ အရွယ်တွင် သူသည် မိမိ၏ကိုယ်ပိုင်ပုံနှိပ်လုပ်ငန်းကို စတင်တည်ထောင်၏။ ဖရန်ကလင်သည် ၎င်း၏ပုံနှိပ်လုပ်ငန်းတွင်သာ ရောင့်ရဲတင်းတိမ်နေခဲ့မည်ဆိုပါက **ဖီလ်လဒယ်ဖီးယား**၏ သမိုင်းတွင် အောက်ခြေမှတ်စုတစ်ခုထက် အနည်းငယ်မျှသာ သာလွန်၍ ဖော်ပြခံရမည်ဖြစ်ပါသည်။ သို့တိုင်အောင် သူသည် ဘဝကို အလွန်ထူးခြားစွာ နေထိုင်ခဲ့၏။ သူသည် အမေရိကန်နိုင်ငံလွတ်လပ်ရေး၏ ဖခင်တစ်ဦးဖြစ်ပြီး ပေါ်ထွန်းလာသောနိုင်ငံသစ်၏ ခေါင်းဆောင်ကြီးတစ်ဦးလည်းဖြစ်သည်။ သူသည် အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်းကို ပူးတွဲရေးသားသူတစ်ဦးဖြစ်၏။ နောက်ပိုင်းတွင် သူသည် ပဲရစ်သဘောတူ



စာချုပ်နှင့် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့ကို ရေးသားရာတွင် ပါဝင်ကူညီခဲ့သည်။ (အဆိုပါ သုံးမျိုးစလုံးတွင် ပါဝင်လက်မှတ်ရေးထိုးသူမှာ သူတစ်ယောက်တည်းသာရှိ၏) စစ်ပွဲကာလအတွင်း သူသည် အမေရိကန်တော်လှန်ရေးအတွက် စစ်ရေးနှင့်ငွေကြေးအထောက်အပံ့ မလွဲမသွေရရှိရေးကို ဆောင်ရွက်ရန် ပဲရစ်သို့ စေလွှတ်ခြင်းခံရ၏။ ထိုကိစ္စမှာ အလွန်ခက်ခဲပြီး အန္တရာယ်ကြီးမားလှသည်သာမက လျှို့ဝှက်စွာ ဆောင်ရွက်ရသည့် သံတမန်ရေးရာလုပ်ငန်းတစ်ခုလည်းဖြစ်၏။

သူသည် အမေရိကန်မြောက်ပိုင်းမှ ကုန်သည်တစ်ဦးမျှသာ ဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲတွင် တောင်ပိုင်းမှ ကြွယ်ဝချမ်းသာသောမြေပိုင်ရှင်ကြီးများက ထူးခြားထင်ရှားစွာ ဦးဆောင်၍ ပါဝင်တိုက်ခိုက်ခဲ့ကြ၏။ ထိုကဲ့သို့သော ပုဂ္ဂိုလ်များအပေါ်တွင် ၎င်းက အလွန်ကြီးမားစွာ ဩဇာလွှမ်းမိုးနိုင်သောအခွင့်အရေးရရှိအောင် မည်သည့်အကြောင်းအချက်များက တွန်းပို့ခဲ့ကြလေသနည်း။ ထိုအချက်မှာ **ဘင်ဂျမင်ဖရန်ကလင်**၏ ထူးကဲသော စွမ်းရည်ပြည့်ဝမှုကြောင့်ပင် ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါ၏။

ဘင်ဂျမင်ဖရန်ကလင် လုပ်ကိုင်ခဲ့သမျှ လုပ်ငန်းတိုင်းသည် ဆယ်စုနှစ် ၇ ခုကြာအောင် အကောင်းဆုံးချည်းသာ ဖြစ်စေခဲ့ပါ၏။ ၁၇၂၆ ခုနှစ်တွင် သူပိုင် ပုံနှိပ်လုပ်ငန်းကို စတင်ထူထောင်သည့်အခါ ဖီလ်လဒယ်ဖီးယားမြို့ရှိ မြို့သူမြို့သားများက တတိယမြောက်ပုံနှိပ်လုပ်ငန်းရှင်အနေနှင့် ဤမြို့တွင် ရေရှည်တည်တံ့နိုင်လိမ့်မည်မဟုတ်ဟု ယုံကြည်ခဲ့ကြသည်။ သို့ရာတွင် ဖရန်ကလင်သည် ထိုမြို့တွင် အကျွမ်းကျင်ဆုံးနှင့် အကြိုးစားဆုံး ပုံနှိပ်လုပ်ငန်းရှင်ဖြစ်ကြောင်း တစ်ခဏနှင့်နာမည်ကျော်ကြားလာခဲ့၏။ သို့ရာတွင် ဖီလ်လဒယ်ဖီးယားမြို့မှ ကုန်သည်ကလေးသည် ထိုစွမ်းဆောင်ချက်လောက်နှင့် ကျေနပ်နေမည့်

ပုဂ္ဂိုလ်မဟုတ်ပါချေ။

**ဖရန်ကလင်**၏စိတ်ဓာတ်သည် အလွန်ထူးဆန်း၏။ သူသည် သူကိုယ်သူ တိုးတက်စေရေးနှင့် အခြားသူများအား တိုးတက်စေမည့် နည်းလမ်းတို့ကို စဉ်ဆက်မပြတ် ရှာဖွေနေသူဖြစ်၏။ ၎င်း၏လုပ်ငန်းကို စာအုပ်ထုတ်ဝေရေးဘက်သို့ တိုးချဲ့လိုက်၏။ ၎င်းထုတ်ဝေသော စာအုပ်များထဲတွင် ထင်ရှားကျော်ကြားသော "ဆင်းရဲသောရစ်ချတ်၏ နှစ်ချုပ်စာအုပ်" လည်း ပါဝင်၏။သူသည် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်ပြုလုပ်ခဲ့ပြီးနောက်၊ ယနေ့ အထိလက်ခံအသုံးပြုနေကြရသော လျှပ်စစ်နှင့် ပတ်သက်သည့် ဝေါဟာရ စကားလုံးပေါင်း မြောက်မြားစွာကို တီထွင်ခဲ့၏။ သူသည် ပစ္စည်းမျိုးစုံကိုလည်း တီထွင်ခဲ့ရာ ဗိုက်ပူမီးဖို၊ ဆီးချူပြွန်၊ အနီးအဝေးကြည့်၍ ရသောမျက်မှန်–စသည်တို့ ပါဝင်ကြ၏။ သူသည် အက်တလန်တစ် သမုဒ္ဒရာကို မကြာခဏဖြတ်သန်း၍ ခရီးသွားလာရသဖြင့် ရေပူစီးကြောင်းအား တိုင်းတာသည့် လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့၏။ ဘဝနှင့် ပတ်သက်သည့် ၎င်း၏သဘောထားကို နှစ်ချုပ်မှတ်တမ်းအတွက် သူရေးသားခဲ့သော ပညာရှိတို့၏စကား၌ မြင်တွေ့နိုင်ပါသည်။

**"သင်၏ ထူးချွန်မှုများကို ဖုံးကွယ်မထားပါနှင့်၊**
**ယင်းတို့အတွက် အသုံးချစရာနေရာများစွာ ရှိနေပါ၏။**
**"နေ"နာရီသည် အရိပ်ထဲ၌ မည်ကဲ့သို့အသုံးဝင်နိုင်ပါမည်နည်း"**

**ဖရန်ကလင်**၏ ထူးချွန်မှုအတွက် သက်သေပြစရာများမှာ များပြားလှပါသည်။ ဖီလ်လဒယ်ဖီးယားမြို့၏ ပထမဦးဆုံးသော စာကြည့်တိုက်ကို တည်ထောင်နိုင်အောင် သူကူညီခဲ့၏။ အမေရိကန်နိုင်ငံ၏ ပထမဦးဆုံး မီးသတ်ဌာနကို သူ,စတင်ခဲ့၏။ နွေရာသီတွင် ပုံမှန်ထက် အချိန်တစ်နာရီစောထားသည့် အယူအဆကိုလည်း သူစတင်ခဲ့၏။ ပြီးတော့လည်း သူသည် နိုင်ငံတော်၏ ရာထူးပေါင်းများစွာတွင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်၏။



အများအားဖြင့် ဖရန်ကလင်သည် ၎င်း၏အရည်အချင်းအတွက် အသိအမှတ်ပြုခံရခြင်းဖြစ်သော်လည်း တစ်ခါတစ်ရံ၌ သူ၏စွမ်းရည်ရှိမှုကို လက်တွေ့ပြသခဲ့ရ၏။ တစ်ခါက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တိုးတက်ကောင်းမွန်စေရေးအတွက် သူဆောင်ရွက်နေစဉ်အချိန်တွင် မြက်ပင်များနှင့် ဂျုံပင်များကို သရွတ်ပေါ်၌ စိုက်ပျိုးပါက ပို၍အပင်ရှင်သန်ကြီးထွားနိုင်ကြောင်းကို သူရှာဖွေတွေ့ရှိခဲ့လေ၏။ သို့ရာတွင် အဆိုပါ တွေ့ရှိချက်အား အခြားလယ်နီးချင်းပုဂ္ဂိုလ်များက မယုံကြည်ကြချေ။ ယုံအောင်လည်း ပြော၍မရပေ။ သူ၏ဖြေရှင်းနည်းမှာ မည်သို့နည်း။ နွေဦးရာသီသို့ ရောက်လာသောအခါ လူအများသွားလာနေသည့် လမ်းနှင့် နီးသော လယ်ကွင်းတစ်ကွင်းသို့ သွားရောက်ပြီးလျှင် မြေကြီးကို စာလုံးပုံစံများ ဖြစ်လာအောင် သူ့လက်နှင့်ယက်၍ မြောင်းများ တူးဖော်လိုက်၏။ အဆိုပါမြောင်းများထဲသို့ သရွတ်များကို လောင်းထည့်လိုက်ပြီးမှ လယ်ကွင်းတစ်ခုလုံးကို စိုက်ပျိုးလိုက်၏။ ထို့နောက်တွင်ကား အဆိုပါ လူသွားလမ်းအတိုင်း သွားလာကြသူများသည် လယ်ကွင်းထဲမှ စိမ်းစိုနေသော စာလုံးများက ကျန်သောလယ်ကွင်းတစ်ခုလုံးထက် ပို၍ တောက်ပစွာ ရှင်သန်နေသည်ကို တွေ့ကြရလေ၏။ ထိုစာလုံးများက "ဤနေရာများတွင် သရွတ်ကိုင်ထားသည်" ဟု ဖော်ပြထားပါသည်။ ဤတွင် လူအများက သူပြောလိုသည့်အချက်ကို နားလည်သွားခဲ့ကြလေ၏။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ကျွန်ုပ်တို့အားလုံးသည် တိကျစွာဆောင်ရွက်ရလေ့ရှိသည့် လက်မှုပညာရှင်၊ သို့မဟုတ် ကမ္ဘာ့အဆင့်မီ အားကစားသမား၊ သို့မဟုတ် အောင်မြင်နေသော စီးပွားရေးလုပ်ငန်းရှင်၊ ခေါင်းဆောင်စသည်ဖြင့် အလွန်အရည်အချင်းပြည့်ဝသော မည်သူ့ကိုမဆို လေးစားကြည်ညိုကြ၏။ သို့ရာတွင် သင်သည် အကောင်းဆုံးအရည်အချင်းများကို ပိုင်ဆိုင်နိုင်ရန်အတွက် ဘတ်စကက်ဘောကစားသူ **မိုက်ကယ်ဂျော်ဒန်**၊ သို့မဟုတ် ကွန်ပျူတာပညာရှင် **ဘီလ်ဂိတ်** ဖြစ်ဖို့မလိုပါ။ အဆိုပါ အရည်အချင်းကို ရယူလိုသည်ဆိုပါက သင်ဆောင်ရွက်ရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ၁။ နေ့စဉ်နေ့တိုင်း မပျက်မကွက် လာရောက်ပါ။

“**စောင့်နေသူတစ်ဦးထံသို့၊ ပစ္စည်းအားလုံးရောက်ရှိလာတတ်၏**” ဟူသော ဆိုရိုးစကားရှိ၏။ သို့ရာတွင် ထိုကိစ္စမှာ တစ်ခါတစ်ရံတွင် ၎င်းနေရာသို့ အစောဆုံးရောက်ရှိသွားသူများက ချန်ထားရစ်ခဲ့သော အကြွင်းအကျန်ကလေးများသာ ဖြစ်နေတတ်ကြ၏။ တာဝန်ရှိသော ပုဂ္ဂိုလ်များသည် ၎င်းတို့လာရောက်ရမည့် အချိန်၌ ရောက်ရှိလာတတ်ကြသော်လည်း အလွန်စွမ်းရည်ပြည့်ဝသော ပုဂ္ဂိုလ်ကမူ အခြားသူများထက် ခြေတစ်လှမ်း ပိုလှမ်းလေ့ရှိ၏။ ၎င်းတို့က ခန္ဓာကိုယ်ကြီးနှင့်သာ ကိုယ်ထင်လာပြကြသူများမဟုတ်ကြဘဲ၊ ၎င်းတို့၏ ခံစားချက်က မည်သို့ပင်ရှိနေပါစေ။ ၎င်းတို့သည် မည်ကဲ့သို့သော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရသည်ဖြစ်ပါစေ၊ သို့တည်းမဟုတ် ထိုအားကစားမှုသည် မည်မျှလောက် ခက်ခဲလိမ့်မည်ကို မျှော်လင့်ထားလျက်နှင့်ဖြစ်စေ၊ အားကစားရန် အသင့်အနေအထားမျိုးနှင့် နေ့စဉ်လာ



ရောက်လေ့ရှိကြ၏။

### ၂။ တိုးတက်အောင် အမြဲလုပ်နေပါ။

**ဘင်ဂျမင်ဖရန်ကလင်**ကဲ့သို့ပင်၊ စွမ်းရည်ပြည့်ဝသူအားလုံးသည် လေ့လာသင်ယူရန်၊ ဉာဏ်ရည်တိုးလာစေရန်နှင့် ပို၍တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို စဉ်ဆက်မပြတ်ရှာဖွေနေလေ့ရှိကြ၏။ အဆိုပါပုဂ္ဂိုလ်များက ထိုကိစ္စကို “အဘယ်ကြောင့်နည်း”ဟု မေးခွန်းထုတ်ခြင်းဖြင့် ဆောင်ရွက်လေ့ရှိကြ၏။ အဆုံးမှာတော့ “ဘယ်ပုံဘယ်နည်း ဆောင်ရွက်ရသည်”ဆိုသောအချက်ကို သိသော ပုဂ္ဂိုလ်အတွက် အလုပ်အကိုင်တစ်ခုခုသည် အမြဲတစေ ရှိနေမည်သာ ဖြစ်ပါ၏။ သို့ရာတွင် “အဘယ်ကြောင့်နည်း” ဆိုသော အချက်ကို သိသူသည် အမြဲတစေ “ဆရာသမား” ဖြစ်နေလိမ့်မည် ဖြစ်ပါသည်။

### ၃။ “အကောင်းဆုံးစံ”ဖြင့် ပြီးစီးအောင် ဆောင်ရွက်ပါလေ။

လုပ်ငန်းတစ်ခုအား ပြီးစီးသည်အထိ ဆောင်ရွက်နိုင်ခြင်းမရှိသူအား စွမ်းရည်ပြည့်ဝသူဟု သတ်မှတ်သည်ကို ကျွန်ုပ်မည်သည့်အခါကမှ မတွေ့ခဲ့ဖူးချေ။ သင်သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်ပါလိမ့်မည်။ **ဝီလ်လာအေဖော်စတာက “အရည်အချင်းသည် မတော်တဆဖြစ်လာမှုမဟုတ်။ ထိုကိစ္စသည် မြင့်မားသောရည်ရွယ်ချက်၊ ရိုးသားစွာ ကြိုးပမ်းချက်၊ ပညာသားပါသော ညွှန်ကြားချက်နှင့် ကျွမ်းကျင်လိမ္မာစွာ အကောင်အထည်ဖော်ချက်တို့မှ အမြဲတမ်းပေါက်ဖွားလာလေ့ရှိသော ရလဒ်ဖြစ်သည်။ ရွေးချယ်စရာနည်းလမ်းပေါင်းများစွာထဲမှ ပညာသားပါပါ ရွေးချယ်မှုတစ်ရပ်လည်းဖြစ်သည်”** ဟု မှတ်ချက်ချဖူး၏။

အဆင့်မြင့်မားစွာ အကောင်းဆုံးစံဖြင့် ဆောင်ရွက်နိုင်ခြင်းသည် စိတ်ဆန္ဒပါစွာ ဆောင်ရွက်မှုဖြစ်ပြီးလျှင် အမြဲတမ်းရွေးချယ်မှုတစ်ခုလည်း ဖြစ်၏။ ခေါင်းဆောင်တစ်ဦးအနေဖြင့် မိမိ၏နောက်လိုက်ငယ်

သားများအား ပေးအပ်ထားသည့်တာဝန်ကို ပြီးစီးအောင် ဆောင်ရွက်စေလိုသောဆန္ဒရှိကြ၏။ ၎င်းတို့က လည်း ခေါင်းဆောင်များအပေါ်တွင် ထို့ထက်မက အဆများစွာ သာလွန်၍ မျှော်လင့်ထားကြ၏။

**၄။ မျှော်လင့်ထားသည်ထက် ပို၍စွမ်းဆောင်ပြလိုက်ပါ။**

အလွန်စွမ်းရည်ပြည့်ဝသော ပုဂ္ဂိုလ်များသည် အမြဲတမ်းလိုလိုပင် မိမိ၏တာဝန်ထက် ပို၍ထမ်းဆောင်လေ့ရှိကြ၏။ ၎င်းတို့အဖို့ "ကောင်းသလောက် နည်းပါး" ဆိုသည့် ဝေါဟာရသည် လုံလောက်မှုမရှိချေ။ စာရေးဆရာဂျင်မ်ကွန်ဝေးက "အချို့သောပုဂ္ဂိုလ်များထံတွင် ကြီးကျယ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာစေရေး၌ လိုအင်ဆန္ဒများကို လျော့နည်းကျဆင်းသွားစေမှုနှင့် ကိစ္စတစ်ရပ်ကို မိမိတတ်နိုင်သမျှသော အကောင်းဆုံးနည်းလမ်းနှင့် ဆောင်ရွက်ကြပါစို့ဆိုသော စိတ်ထားမျိုး တိုးပွားလာလျက်ရှိနေသည်" ဟု ဆိုပါ၏။ ခေါင်းဆောင်များတွင်မူ ထိုစိတ်ထားမျိုး မရှိသင့်ချေ။ ၎င်းတို့အနေနှင့် လုပ်ငန်းတစ်ခုကို ပြီးစီးအောင် ဆောင်ရွက်ကြရပါမည်။ အချို့ကမူ–နေ့စဉ်နေ့တိုင်း နေဝင်မှနေထွက်အထိ ဆောင်ရွက်ကြရမည်သာ ဖြစ်ပါ၏။

**၅။ အခြားပုဂ္ဂိုလ်များကိုလည်း လှုံ့ဆော်အားပေးပါ။**

အလွန်စွမ်းရည်ပြည့်ဝသူများသည် အကောင်းဆုံးသောစွမ်းရည်နှင့် အဆင့်မြင့်မားစွာ ဆောင်ရွက်လေ့ရှိသည်ထက် ပို၍ဆောင်ရွက်တတ်ကြပါသည်။ သူတို့က အခြားပုဂ္ဂိုလ်များအား သူတို့ကဲ့သို့ ဆောင်ရွက်ချင်စိတ်ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးလေ့ရှိပါ၏။ အချို့သောပုဂ္ဂိုလ်များက ၎င်းတို့၏ ရှင်သန်ရေးအတွက် အခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံရေး ကောင်းမွန်နေမှုအပေါ်တွင် အားကိုးအားထားပြုလေ့ရှိကြသည်။ ထိရောက်မှုရှိသော ခေါင်းဆောင်များကမူ ထိုအရည်အချင်းကိုပါ ပေါင်းစပ်၍ ၎င်း၏အဖွဲ့အစည်းအား ပို၍ သြဇာရှိစေသော၊ ပို၍ ကောင်းမွန်သော အဆင့်သစ်သို့ရောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြ၏။



## ဆင်ခြင်သုံးသပ်ရန်

အလုပ်ပြီးစီးအောင် ဆောင်ရွက်ရေး၌ သင်သည် မည်သည့်အဆင့်အတန်းတွင် ရှိနေပါသနည်း။ သင်က လုပ်ငန်းမှန်သမျှကို ဖြစ်နိုင်သမျှသော အကောင်းဆုံးစွမ်းရည်နှင့် စိတ်အားထက်သန်စွာ ဆောင်ရွက်လေ့ရှိပါသလား၊ သို့တည်းမဟုတ် တစ်ခါတစ်ရံတွင် ကောင်းသလောက်နီးပါးကို လက်ခံလေ့ရှိပါသလား။

စွမ်းရည်ပြည့်ဝမှုရှိသောပုဂ္ဂိုလ်များကို စဉ်းစားကြည့်လိုက်မည်ဆိုပါက သင်သည် အမျိုးအစားသုံးမျိုးကိုသာ စဉ်းစား၍ ရပါလိမ့် မည်။

၁။ မည်သည့်ကိစ္စရပ်များ ဖြစ်လာစေရန် လိုအပ်သည်ကို သိသော ပုဂ္ဂိုလ်၊

၂။ ထိုကိစ္စများကို ဖြစ်ထွန်းလာအောင် လုပ်နိုင်သောပုဂ္ဂိုလ်၊

၃။ တကယ်လိုအပ်သည့်အချိန်ကျမှသာလျှင် ထိုလိုအပ်ချက်များကို ဖြစ်ပေါ်စေနိုင်သူ။

သင်၏ အသက်မွေးမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ သင်သည် မည်သည့်ကဏ္ဍတွင် အမြဲတမ်း ရှေ့နောက်ညီညွတ်စွာ ဆောင်ရွက်လေ့ရှိပါသနည်း။ သင်သည် အတွေးသမားလား၊ ဆောင်ရွက်သူတစ်ဦး လား၊ ခက်ခဲသောအခြေအနေမျိုးတွင် အားကိုးအားထားပြုလောက်သူတစ်ဦးလား။ သင်၏အနေအထားသည် ပို၍ကောင်းမွန်လာသည်နှင့် အမျှ လူအများနှင့် ဆက်ဆံရာတွင်လည်း ပို၍ သြဇာရှိလာမည့် အလားအလာများ ပိုရှိလာမည် ဖြစ်ပေသည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏စွမ်းရည် တိုးတက် ကောင်းမွန်လာစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

**၁။ သင်၏အလုပ်ထဲတွင် အာရုံစူးစိုက်ထားပါ။**

အကယ်၍ သင်သည် အလုပ်ထဲတွင် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း၊ စိတ်ခံစားမှုအရသော်လည်းကောင်း၊ ပူးကပ်၍ မရဘဲ ဖြစ်နေခဲ့ပါက ပြန်၍ ပေါင်းစပ်ပေးရန် အချိန်ကျရောက်လာ လေပြီ။ ပထမအနေနှင့် သင့်အလုပ်ထဲတွင် သင့်ကိုယ်သင် ပြန်လည်၍ နှစ်မြှုပ်ထားလိုက်ပါ။ ထိုအလုပ်အတွက် လုံးဝ မထွေပြားသောစိတ်အာရုံနှင့် သင့်လျော်သောအချိန်နာရီကို မဖြစ်မနေပေးလိုက်ပါ။ ဒုတိယအနေနှင့် အဘယ်ကြောင့် အလုပ်နှင့်လူ ပေါင်းစပ်၍မရနိုင်အောင် ဖြစ်ခဲ့ရသည့်အကြောင်းရင်းကို ရှာဖွေပါ။ သင့်အတွက် အသစ်စိန်ခေါ်မှုများ လိုအပ်နေသောကြောင့်လား၊ သင်သည် လုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် ဆရာသမားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့်လား၊ သင်သည် လုံးဝတိုးတက်စရာမရှိသည့်အလုပ်ကို လုပ်နေရသောကြောင့်လား၊ ထိုပြဿနာ၏ အရင်းအမြစ်ကို ရှာဖွေပါ။ ထို့နောက် ၎င်းကိစ္စကို ဖြေရှင်းနိုင်မည့် အစီအစဉ်တစ်ခုကို ရေးဆွဲပါ။

**၂။ စံကို အစီမှာယ် ပြန်သတ်မှတ်ပါ။**

သင်၏ ဆောင်ရွက်မှုများသည် အမြဲတစေပင် အဆင့်မြင့်မား နေခြင်းမရှိပါက သင်၏စံချိန်ကို ပြန်လည်၍သုံးသပ်ပါလေ။ သင်၏ ဆောင်ရွက်ချက်သည် သိပ်ညံ့နေပါသလား၊ သင်သည် ပြီးစလွယ် လုပ်တတ်ပါသလား၊ အကယ်၍ ဤကဲ့သို့ဖြစ်နေခဲ့ပါက သင်၏ စိတ်ဓာတ်အား ပြန်လည်အားဖြည့် မြှင့်တင်ပေးမည့် စိတ်ခလုတ်ကို နှိပ်လိုက်ပါ။ သင့်ထံမှ ပို၍မြင့်မားသော မျှော်လင့်ချက်များကို ဖော်ထုတ်ပေးနိုင်မည့် စီမံချက်တစ်ရပ်ကို ရေးဆွဲပါ။



**၃။ တိုးတက်မှုဖြစ်လာစေမည့် နည်းလမ်းသုံးမျိုးကို ရှာဖွေပါ။**

မည်သူမဆို တိုးတက်လိုသော ရည်ရွယ်ချက် မရှိပါဘဲနှင့် တိုးတက်လာလိမ့်မည် မဟုတ်ပါ။ သင်၏ သက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ ကျွမ်းကျင်မှုများကို တိုးတက်လာအောင် ပြုလုပ်နိုင်မည့်အချက် သုံးချက်ကို အနည်းငယ် သုတေသနပြုလုပ်ပြီး ရှာဖွေပါ။ ထို့နောက် ထိုအချက် သုံးချက်ကို အချိန်ပေးပြီး ငွေကုန်ခံ၍ စိုက်လိုက်မတ်တတ် ဆောင်ရွက်ပါလေ။

## နေ့စဉ် မှတ်သားလိုက်နာရန်

သိပ်မကြာသေးသော ကာလက ကျွန်ုပ်သည် "တက်ဆက်ကုန်သွယ်မှုလုပ်ငန်း" ဆိုသည့် စာစောင်မှ ခေါင်းကြီးတစ်ပုဒ်ကို ဖတ်ရှုခဲ့ရာတွင် ထိုခေါင်းကြီးက အောက်ပါအတိုင်း ရေးသားထား၏။

"ကျွန်ုပ်တို့သည် အမှန်တကယ်ပင် လမ်းပျောက်နေသော မျိုးဆက်ဖြစ်ပေသည်။ အလွန်လျင်မြန်သော ပြေးလမ်းပေါ်တွင် ဟောဟဲဟောဟဲနှင့် ပင်ပန်းကြီးစွာ အသက်ရှူရင်း ဦးတည်ရာမဲ့ ပြေးနေကြ၏။ အမြဲတမ်းပင် ပိုက်ဆံရရေးတည်းဟူသော ဦးတည်ချက်အတိုင်း လိုက်ရှာနေကြ၏။ ထိုကိစ္စသည်သာ ကျွန်ုပ်တို့ အသိအမှတ်ပြုထားသည့် တစ်ခုတည်းသော စံလည်းဖြစ်၏။ ကျွန်ုပ်တို့၏ အဇ္ဈတ္တသဏ္ဍာန်တွင် တစ်ပါတည်းပူးတွဲပါလာခဲ့သော ယုံကြည်ချက်လည်းမရှိ၊ ကျင့်ဝတ်နီတိနယ်ခြားမျဉ်းလည်း လုံးဝမရှိ။"

သင်သည် သင်၏ကိုယ်ပိုင် "စံ"များအရသာလျှင် ကောင်းမွန်သူ ဖြစ်နိုင်ပါ၏။ သင်သည် မည်သည့်အခါက လုပ်ငန်းတစ်ခုခုကို

သင်ကိုယ်တိုင်ကလွဲ၍ အကောင်းဆုံးဖြစ်ကြောင်း အခြားသူများမသိအောင် နောက်ဆုံးလုပ်ခဲ့ဖူးပါသနည်း။

**အရည်အချင်း (၆)**

# သစ္စာရှိမှု

**သစ္စာရှိသူ တစ်ယောက်သည် လူအများစုပင် ဖြစ်သည်၊**

သစ္စာရှိမှုသည် လူသားတို့၏အရည်အချင်းများထဲတွင် ပထမဦးဆုံး မှန်ကန်စွာ အလေးထားထိုက်သော အရည်အချင်းဖြစ်ပါပေ၏။ အဘယ်ကြောင့်ဆိုသော် ထိုအရည်အချင်းက အခြားသူအားလုံးကို အာမခံနိုင်သောကြောင့် ဖြစ်၏။

**ဝင်စတန်ချာချီ၊ ဗြိတိသျှဝန်ကြီးချုပ်**

သစ္စာဆိုသည်မှာ ၎င်းနှင့်ဆိုင်သော ဆုတောင်းများကို တတွတ်တွတ် ရွတ်ဆိုနေသည့် ကြောက်စိတ်ပင် ဖြစ်၏။

**ကားလ်ဘတ်သ်၊ ဆွီဒင်လူမျိုး ဘာသာရေးပညာရှင်**

# လေသူရဲတကာတို့ထက် အတော်ဆုံးလေသူရဲ

အောက်ဖော်ပြပါ သုံးယောက်စလုံးတွင် တူညီစွာရှိနေသော အချက်သည် မည်သည့်အချက်နည်း။ ၁၉၁၄ ခုနှစ်က ဒေတိုနာမြို့တွင် ကမ္ဘာ့မော်တော်ကားအမြန်ဆုံးစံချိန်ကို တင်ခဲ့သော ကားမောင်းပြိုင်သူ တစ်ဦး၊ ပထမကမ္ဘာစစ်အတွင်းက ဝေဟင်၌ ဂျာမန်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် အောင်မြင်မှုရသော တိုက်ပွဲပေါင်း စံချိန်တင်ခဲ့သည့် လေယာဉ်မောင်းနှင်သူတစ်ဦး၊ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ပျံ ပျက်ကျရာတွင် မသေဘဲ၊ ပစိဖိတ်သမုဒ္ဒရာထဲ၌ မျောပါနေခဲ့သော စစ်ဖက်ဆိုင်ရာ ဝန်ကြီး၏ အထူးအကြံပေးအရာရှိ၊ ၎င်းတို့သုံးဦးစလုံးသည် အလွန်အန္တရာယ်ကြီးမားသော အခြေအနေများကို ကျော်လွန်ဖြတ်သန်းခဲ့ကြသူများဖြစ်၏။ သူတို့သည် ခြိမ်းခြောက်၍ အကျပ်ကိုင်သည်ကို ခံနေကြရချိန်တွင် အလွန်စိတ်ဓာတ်ခိုင်ကျည်မှုနှင့် သတ္တိရှိမှု တို့ကို ပြသခဲ့ကြ၏။ ထိုကိစ္စရပ်အားလုံးသည် "အက်ဒီရစ်ကင်ဘက်ကာ" ဆိုသည့် ပုဂ္ဂိုလ်တစ်ဦးတည်း၌သာ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။

စိန်ခေါ်မှုနှင့် ရင်ဆိုင်ရာတွင် ထိုစိန်ခေါ်မှုသည် ကာယနှင့် ဆိုင်သော သို့မဟုတ် စိတ်နှင့်ဆိုင်သော သို့မဟုတ် စီးပွားရေးနှင့် ဆိုင်သော မည်သည့်စိန်ခေါ်မှုမျိုးပင် ဖြစ်နေပါစေ၊ **ရစ်ကင်ဘက်ကာ** အတွက် ပြဿနာတစ်ရပ်မဟုတ်ပါချေ။ သူအသက် ၁၂ နှစ်အရွယ်တွင် ၎င်း၏ ဖခင်ကွယ်လွန်သွားသောကြောင့် ကျောင်းကထွက်၍ မိသားစုအတွက် အဓိကဝင်ငွေရှာပေးသူ ဖြစ်လာခဲ့ရ၏။ သတင်းစာရောင်းသည်၊ ကြက်ဥဘဲဥ ရောင်းသည်၊ ဆိတ်နို့ရောင်းသည်။ သူသည် မှန်စက်ရုံ၊ ဘီယာထုတ်လုပ်သည့်စက်ရုံ၊ ဖိနပ်စက်ရုံနှင့် သတ္တုအရည်ကျို သော စက်ရုံတို့တွင် ဝင်၍ အလုပ်လုပ်ခဲ့သည်။ သူသည် လူပျိုပေါက် အရွယ်တွင်



ပြိုင်ပွဲဝင်မော်တော်ကားများအား ပြင်ဆင်ပေးရသည့် စက်ပြင်ဆရာအဖြစ် စတင်၍ ဆောင်ရွက်ခဲ့ပြီး အသက် ၂၂ နှစ်အရွယ်တွင် ကားမောင်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကားမောင်းသူတစ်ဦး ဖြစ်လာခဲ့သည်။ နောက် ၂ နှစ်ကြာသော အခါ သူသည် ကမ္ဘာ့မော်တော်ကား အမြန်ဆုံးစံချိန်ကို တင်ခဲ့လေ၏။

ပထမကမ္ဘာစစ်တွင် အမေရိကန်ပြည်ထောင်စုက ပါဝင်ဆင်နွှဲသော အခါ ရစ်ကင်ဘက်ကာသည် လေယာဉ်ပျံမောင်းနှင်သူအဖြစ် စစ်မှုထမ်း ခွင့်ရရန် လျှောက်ထားခဲ့သည်။ သို့ရာတွင် သူသည် သတ်မှတ်ချက်ထက် အသက်ပိုကြီးသူ ဖြစ်နေ၏။ ပြီးတော့ သတ်မှတ်ထားသည့် ပညာ အရည်အချင်းနှင့်လည်း မပြည့်မီချေ။ ဤတွင် စစ်မှုထမ်းရန် အစား ယာဉ်မောင်းအဖြစ် လျှောက်ထား၍ ဆောင်ရွက်ခွင့်ရခဲ့၏။ ထို့နောက် ၎င်းအား လေယာဉ်မောင်းသင်တန်းသို့ စေလွှတ်ပေးချင်အောင် မိမိ၏အထက်အရာရှိများအား တင်ပြနိုင်ခဲ့သည်။ သူသည် တက္ကသိုလ်များ၌ တက်ရောက်၍ ပညာသင်ကြားခဲ့ဖူးသော အခြားလေယာဉ်မောင်းနှင်သူများနှင့် လေတပ်ထဲတွင် အံမဝင်၊ ခွင်မကျဖြစ်ခဲ့ရသော်လည်း လေယာဉ်မောင်းသူတစ်ဦးအနေနှင့်မူ အလွန်ထူးချွန်သူ ဖြစ်၏။ ပထမကမ္ဘာစစ်ကြီး ပြီးစီးသွားသောအခါ သူသည် အခြားလေယာဉ်ပျံမောင်းနှင်သူများ ကဲ့သို့ပင် လေယာဉ်နှင့် တိုက်ပွဲဝင်ခဲ့သော နာရီပေါင်း ၃၀၀ ခန့်ရှိခဲ့ပြီး ရန်သူနှင့် ၁၃၄ ကြိမ် ရင်ဆိုင်တိုက်ခိုက်ရာ၌ အသက်မသေခဲ့သူလည်း ဖြစ်သည်။ သူက ရန်သူ့လေယာဉ် ၂၆ စီးကို ပစ်ချနိုင်ခဲ့၏။ သူသည် စစ်ဖက်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ် တစ်ခု၊ ထူးချွန်စွာ တာဝန်ထမ်းဆောင်မှုအတွက် ချီးမြှင့်ခံရသော ကြက်ခြေတံဆိပ်ရှစ်ခုနှင့် ပြင်သစ်ရှိနိုင်ငံခြားတပ်ဖွဲ့ဝင်များအားချီးမြှင့်သည့် ဆုတံဆိပ်တစ်ခုတို့ကို ရရှိခဲ့သည်။ ၎င်းအား ဗိုလ်ကြီးရာထူးသို့ တိုးမြှင့်ပေးပြီးလျှင် ၎င်း၏ လေယာဉ်အုပ်တွင် ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ် ခြင်းခံခဲ့ရ၏။

ရစ်ကင်ဘက်ကာ၏ ဝေဟင်တွင် ထူးချွန်စွာ တာဝန်ထမ်း

ဆောင်နိုင်မှုတို့အတွက် စာနယ်ဇင်းများက ၎င်းအား "အမေရိကန်လေသူရဲတကာတို့ထက် အတော်ဆုံးလေသူရဲ" ဟု ကင်ပွန်းတပ်ခဲ့ကြ၏။ ဝေဟင်၌ ယှဉ်ပြိုင်တိုက်ခိုက်နေစဉ် ၎င်း၏သတ္တိနှင့်စပ်လျဉ်း၍ မေးမြန်းသောအခါတွင် သူ့ကြောက်စိတ်ဝင်နေခဲ့ကြောင်း ဝန်ခံခဲ့ပါ၏။ **"သတ္တိဆိုတာ သင်လုပ်ဖို့ ကြောက်ရွံ့နေတဲ့ကိစ္စကို ဆောင်ရွက်ခြင်းပါပဲ၊ သင့်မှာ အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့နေခြင်းမရှိခဲ့ရင် သတ္တိဆိုတာ မရှိနိုင်ပါဘူး"** ဟု သူပြောခဲ့၏။

အဆိုပါ သတ္တိရှိမှုက ပထမကမ္ဘာစစ်ကြီးတွင် လေသူရဲတကာတို့ထက် အတော်ဆုံးလေသူရဲအတွက် ကောင်းစွာအသုံးဝင်၊ အသုံးကျခဲ့ပါသည်။ ၁၉၃၃ ခုနှစ်တွင် သူသည် "အရှေ့ပိုင်းလေကြောင်း သယ်ယူပို့ဆောင်မှု"ကုမ္ပဏီ၊ (နောက်ပိုင်းတွင် အရှေ့ပိုင်းလေကြောင်းလိုင်းဖြစ်လာသည်)၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုစဉ်အခါက လေကြောင်းလိုင်းများသည် အစိုးရ၏ အထောက်အပံ့အကူအညီပေးမှုတို့ကြောင့်သာ ရပ်တည်နိုင်ခဲ့ကြ၏။ သို့ရာတွင် ရစ်ကင်ဘက်ကာက မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်စွမ်းရှိသင့်သည်ဟု ယူဆသဖြင့် ၎င်းတို့လေကြောင်းကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းတို့ကို လုံးဝပြောင်းလဲပစ်ရန် သူဆုံးဖြတ်လိုက်၏။ နှစ်နှစ်အတွင်းမှာပင် သူက (အီစတင်အဲယားလိုင်း) အရှေ့ပိုင်းလေကြောင်းလိုင်းကို အမြတ်အစွန်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ လေကြောင်းလိုင်းသမိုင်းတွင် ပထမဦးဆုံးလည်း ဖြစ်ခဲ့ပါသည်။ အမေရိကန်သမ္မတကြီးက လေကြောင်းလိုင်းများနှင့် ချုပ်ဆိုထားသော လေကြောင်းစာပို့ ကန်ထရိုက်စာချုပ်အားလုံးကို ဖျက်သိမ်းပစ်လိုက်သောအခါတွင် ရစ်ကင်ဘက်ကာက သမ္မတကြီးနှင့် ရင်ဆိုင်၍ အရေးဆိုခဲ့ပြီးနောက် အနိုင်ရရှိခဲ့၏။ ရစ်ကင်ဘက်ကာသည် အရှေ့ပိုင်းလေကြောင်းလိုင်းကို နှစ်ပေါင်းသုံးဆယ်တိတိ ဦးဆောင်မှုပေးခဲ့ပြီး အသက် ၇၃ နှစ်တွင် အနားယူခဲ့သည်။ နောက်



ဆယ်နှစ်ကြာ၍ သူကွယ်လွန်သွားသောအခါ သားဖြစ်သူဝီလျံက အောက်ပါအတိုင်းရေးသားခဲ့၏။ "အကယ်၍ သူ့တွင် ဆောင်ပုဒ်တစ်ခုရှိသည်ဆိုပါက ကျွန်တော်အကြိမ်တစ်ထောင်မက ကြားဖူးနေခဲ့သော "ကျုပ်ကတော့ ကြောင်ရိုင်းတစ်ကောင်လို တိုက်ခိုက်မှာပဲ" ဆိုတာသာ ဖြစ်ရမည်" ဟူသတတ်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

အက်ဒီရစ်ကင်ဘက်ကာလို ပုဂ္ဂိုလ်မျိုး၏ဘဝအကြောင်း လေ့လာလိုက်သောအခါ အလွန်ကြီးမားသည့် သတ္တိရှိမှုကို မတွေ့ရပဲ မနေနိုင်ချေ။ သတ္တိကို စစ်ဖက်ဆိုင်ရာ သူရဲကောင်းများထံ၌ အလွယ်တကူတွေ့ရတတ်၏။ သို့ရာတွင် စီးပွားရေးလောကမှ ခေါင်းဆောင်ကြီးများ၊ အစိုးရဝန်ထမ်းများနှင့် သာသနာရေးဆိုင်ရာပုဂ္ဂိုလ်များထံတွင်လည်း တွေ့ရတတ်ပါသည်။ အဖွဲ့အစည်းတစ်ခုတွင် ထူးထူးခြားခြား တိုးတက်မှုများကို မြင်တွေ့ရသည့်အခါတိုင်း ခေါင်းဆောင်ဖြစ်သူက သတ္တိရှိသောဆုံးဖြတ်ချက်ကို ချလိုက်ကြောင်း သင်သိနိုင်ပေလိမ့်မည်။ ခေါင်းဆောင်၏နေရာကို ရရှိနေမှုက ထိုပုဂ္ဂိုလ်အား သတ္တိရှိလာစေလိမ့်မည်မဟုတ်သော်လည်း သတ္တိရှိမှုက ခေါင်းဆောင်မှုနေရာကို ၎င်းအားပေးနိုင်စွမ်းရှိပါ၏။ ထိုအချက်မှာ ကက်ပတိန်အက်ဒီရစ်ကင်ဘက်ကာ အဖို့လည်း မှန်ကန်စေခဲ့ပါသည်။

လာရီအော့စဘွန်းက ဤကဲ့သို့ မှတ်ချက်ပြု၏။ "အလွန့်အလွန်ထိရောက်မှုရှိတဲ့ ခေါင်းဆောင်တွေရဲ့ အထူးခြားဆုံးကိစ္စရပ်ကတော့ သူတို့ရဲ့တူညီမှုတွေဟာ အလွန်နည်းပါးတယ်ဆိုတဲ့အချက်ပဲ၊ တစ်ယောက်က တိုင်တည်ပြီး ကျိန်ဆိုနေချိန်မှာ နောက်တစ်ယောက်က ထိုကဲ့သို့ပြုလုပ်ဖို့ ဆန့်ကျင်တယ်။ ဒါပေမယ့် တူညီတဲ့အကြောင်းခြင်းရာ

တစ်ခုကတော့ ထူးခြားစွာပေါ်လွင်လျက် ရှိနေပါတယ်။ အဲဒါကတော့ စွန့်စားဖို့ လိုလိုလားလား ရှိနေကြတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်”

သင့်အား စိန်ခေါ်နေသည့် အလွန်ခက်ခဲသော ဆုံးဖြတ်ချက်များ ချမှတ်ရန်ရှိသည့်အခါတိုင်း သတ္တိနှင့်ပတ်သက်သော အောက်ဖော်ပြပါ အမှန်တရားများကို သတိပြုပါလေ–

**၁။ သတ္တိရှိမှုသည် အတွင်းစိတ်၌ စစ်ပွဲဖြစ်ပွားမှုက အစပြုလေသည်။**

ခေါင်းဆောင်တစ်ဦးအဖြစ် သင်ရင်ဆိုင်ရမည့် စမ်းသပ်မှုမှန်သမျှ တို့သည် သင်၏အတွင်းဘက်က စတင်လေသည်။ သတ္တိကို စမ်းသပ်မှု သည်လည်း မည်သို့မျှကွဲပြားခြင်းမရှိချေ။ စိတ်ကုထုံးနည်းဖြင့် ကုသ ပေးသူ ရှယ်လဲဒန်ကော့ပ်က “ထူးခြားသောစစ်ပွဲမှန်သမျှဟာ မိမိ၏ အတွင်းဘက်မှာ တိုက်ပွဲဆင်နွှဲကြတာပါပဲ”ဟု မှတ်ချက်ပြု၏။ သတ္တိရှိမှု သည် ကြောက်စိတ်ကင်းမှု မဟုတ်ဘဲ သင်ဆောင်ရွက်ရန် ကြောက် လန့်နေသည့်ကိစ္စကို ဆောင်ရွက်ခြင်းပင် ဖြစ်လေသည်။ မိမိနှင့် အကျွမ်း တဝင် ဖြစ်နေမှုကို စွန့်လွှတ်ပြီး နယ်သစ်ပယ်သစ်ထဲသို့ တိုးဝင်သွားနိုင် သည့်အစွမ်းပင် ဖြစ်သည်။ ထိုအချက်သည် ရစ်ကင်ဘက်ကာအတွက် မှန်ကန်ခဲ့သလို သင့်အတွက်လည်း မှန်ကန်နိုင်ပေသည်။

**၂။ သတ္တိဆိုသည်မှာ အမှန်အတိုင်းဖြစ်အောင် ဆောင်ရွက်ခြင်း ဖြစ်ပြီး ပြေလည်သွားအောင် လုပ်ပေးခြင်းသက်သက် မဟုတ်ပါ။**

ပြည်သူ့အခွင့်အရေးခေါင်းဆောင် **မာတင်လူသာကင်းဂျူနီယာ** က ကြေညာခဲ့၏။ “လူတစ်ဦးတစ်ယောက်ကို နောက်ဆုံးအကဲဖြတ်တဲ့ ကိစ္စကတော့ သက်သောင့်သက်သာနဲ့ အဆင်ပြေနေတဲ့အချိန်မှာ သူဘယ်မှာ ရပ်တည်နေသလဲဆိုတာကို အကဲဖြတ်ဖို့မဟုတ်ဘဲ စိန်ခေါ်မှုတွေနဲ့ အငြင်းပွားစရာတွေ ဖြစ်နေတဲ့အချိန်မှာ သူဘယ်မှာ ရပ်တည်ခဲ့သလဲ ဆိုတာပဲ” ခေါင်းဆောင်ကြီးများထံတွင် လူသားတို့၏ ကောင်းမွန်သော ကျွမ်းကျင်မှုများကိုယ်စီရှိကြ၏။ ထိုနည်းတူစွာပင် အချင်းချင်းပြေလည်အောင်နှင့် အတူတကွ လုပ်ဆောင်နိုင်စွမ်းတို့လည်း ရှိကြ၏။ သို့ရာတွင် ၎င်းတို့သည် လိုအပ်လာသော အချိန်၌မူ ခိုင်ခိုင်မာမာ ရပ်တည်လေ့ရှိကြပါသည်။

သတ္တိသည် မူအရသာ ဆောင်ရွက်ခြင်းဖြစ်ပြီးလည်း ထိုးထွင်းဉာဏ် နှင့် ဆောင်ရွက်ရန်မဟုတ်ပါချေ။ သင်သည် ခိုင်ခိုင်မာမာ ရပ်တည် ရမည့်အနေအထားကို သိမြင်နိုင်သည့်အရည်အချင်းနှင့် ထိုကိစ္စကို ဆောင်ရွက်ရန် ခိုင်မာသည့်ယုံကြည်ချက်မရှိပါက မည်သည့်အခါတွင်မှ ထိရောက်မှုရှိသော ခေါင်းဆောင်ဖြစ်လာမည် မဟုတ်ပါ။ သင်က လူအများကို ကျေနပ်နှစ်သိမ့်စေလိုသောစိတ်ထားထက် မိမိ ဆောင်ရွက်ရမည့် ရည်ရွယ်ချက်ကို အောင်မြင်ပေါက်ရောက်အောင် ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမှတ်ထားမှုက ပို၍ အားကောင်းရပေမည်။

**၃။ ခေါင်းဆောင်တစ်ဦးထံ၌ရှိသော သတ္တိက နောက်လိုက်များ၏ ပါဝင်ဆောင်ရွက်လိုစိတ်ကို ဖြစ်ပေါ်စေနိုင်သည်။**

“သတ္တိသည် ကူးစက်တတ်သည်”ဟု ခရစ်ယာန်တရားဟောဆရာ ဘီလီဂရေဟမ်က အခိုင်အမာပြောခဲ့၏။ “ရဲရင့်သူတစ်ဦးက ခိုင်ခိုင် မာမာ ရပ်တည်လိုက်တဲ့အခါမှာ ကျန်ပုဂ္ဂိုလ်များရဲ့ ကျောရိုးတွေဟာ အလိုလို တောင့်တင်းသွားကြတယ်” လူတစ်ဦးတစ်ယောက်၏သတ္တိရှိကြောင်း ပြသမှုက အခြားပုဂ္ဂိုလ်များကိုလည်း အားပေးအားမြှောက်ပြုစေပါသည်။ သို့ရာတွင် ခေါင်းဆောင်တစ်ဦး၏ သတ္တိရှိကြောင်းပြသမှုက အခြား ပုဂ္ဂိုလ်များအား လှုံ့ဆော်အားပေးနိုင်သည်။ ထိုအချက်က လူအများကို ၎င်း၏ ခေါင်းဆောင်မှုနောက်သို့ လိုက်ပါချင်စိတ် ဖြစ်ပေါ်စေ၏။ ကျွန်ုပ်၏မိတ်ဆွေ ဂျင်မီလာဒိုက “ခေါင်းဆောင်မှုဆိုတာ သတ္တိကို အဓိပ္ပာယ်ဖော်ပြချက်တစ်ရပ်ပဲဖြစ်တယ်။ အဲဒီလိုဖော်ပြလိုက်မှုက လူအများကို မှန်တဲ့အတိုင်း ပြုမူဆောင်ရွက်ကြဖို့ တိုက်တွန်းချက်လဲ ဖြစ်ပါတယ်” ဟု ရှင်းပြခဲ့သည်။

**၄။ သင်၏ဘ၀သည် သင်၏ သတ္တိရှိမှုနှင့် အချိုးညီစွာ ကြီးထွားကျယ်ပြန့်လာသည်။**

ကြောက်စိတ်က ခေါင်းဆောင်တစ်ဦးကို ကန့်သတ်ပေးထားသည်။ ရောမသမိုင်းပညာရှင် တက်ဆီတပ်က "ဘေးအန္တရာယ်ကင်းမှုကို လိုလားခြင်းဟာ အလွန်ကြီးကျယ်ပြီး မြင့်မြတ်တဲ့အဖွဲ့အစည်းတွေနဲ့ ဖီလာဆန့်ကျင်ဖြစ်လေ့ရှိတယ်" ဟု ရေးသားခဲ့သည်။ သို့ရာတွင် သတ္တိကမူ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ထိုကိစ္စက အခွင့်အလမ်းများကို ပွင့်သွားစေသဖြင့် အလွန်အံ့သြဖွယ်ကောင်းသော အကျိုးကျေးဇူးများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့်ပင် ဗြိတိသျှဘာသာရေးပညာရှင် ဂျွန်ဟင်နရီနယူမင်က **"သင့်ဘ၀သည် အဆုံးသို့ရောက်ရှိသွားမည်ကို မကြောက်လန့်ပါနှင့်၊ သို့ရာတွင် သင့်ဘ၀အတွက် မည်သည့်အခါတွင်မှ အစပြု၍ မရှိတော့မည်ကိုသာ ကြောက်လန့်ပါ"** ဟု ပြောခဲ့ခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သတ္တိက ကောင်းမွန်သောစတင်မှုကို ဖြစ်စေသည် သာမက ပို၍ကောင်းမွန်သော အနာဂတ်ကိုလည်း အပ်နှင်းလေသည်။

ဘ၀၏လှည့်ကွက်တစ်ခုမှာ စွန့်စားမှုများကို ပြုလုပ်ရန် သတ္တိမရှိသူများသည် စွန့်စွန့်စားစားပြုလုပ်သူများနှင့် တူညီစွာပင်၊ ၎င်းတို့၏ဘ၀၌ ကြောက်စိတ်ကို ညီတူမျှတူ ခံစားကြရခြင်းဖြစ်သည်။ တစ်ခုတည်းသော ခြားနားချက်မှာ စွန့်စားမှုမပြုလုပ်သူများသည် သေးဖွဲသော ကိစ္စရပ်များအတွက်လည်း သောကဖြစ်နေတတ်ကြခြင်းပင် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ အကယ်၍ သင်က ကြောက်စိတ်နှင့် သံသယစိတ်များကိုသာ ကျော်လွှားနိုင်ခဲ့မည်ဆိုပါက ထိုကိစ္စကို အကျိုးရှိအောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။



## ဆင်ခြင်သုံးသပ်ရန်

**အယ်လီနာရူးစဗဲ့**က "တကယ်လို့ သင်က အတွေ့အကြုံတိုင်းမှာ ကြောက်စိတ်ကို ရဲရဲကြီး ရင်ဆိုင်ပြီးကျော်လွှားနိုင်ခဲ့မယ်ဆိုရင် သင့်မှာ အင်အားတွေ တိုးပွားလာမယ်၊ သတ္တိရှိလာမယ်၊ ယုံကြည်မှုလဲ ရှိလာလိမ့်မယ်။ ငါက ကြောက်စရာကောင်းတဲ့ကိစ္စကြီးကိုတောင် တစ်ချိန်လုံး တောင့်ခံထားနိုင်ခဲ့တယ်၊ နောက်တစ်ခါ ဖြစ်လာမယ့်ကိစ္စကိုလဲ ရင်ဆိုင်နိုင်မှာပါလို့ ကိုယ့်ကိုယ်ကို ပြောနိုင်စွမ်း ရှိလာမယ်" ဟု ပြောဖူး၏။

သင်ကရော ကြောက်စိတ်ကို မည်ကဲ့သို့ ကိုင်တွယ်နေပါသနည်း။ သင်က ကြောက်စိတ်ကို လိုလိုလားလားပွေ့ပိုက်ထားပါသလား၊ လက်ကုန်ကြိုးပမ်းရသည့် အတွေ့အကြုံများသည် သင်၏နေ့စဉ်ဘ၀တွင် ပုံမှန်ဖြစ်ပေါ်နေပါသလား၊ သို့တည်းမဟုတ် သင်က ကြောက်စိတ်ကို ခံစားစရာမလိုအောင်ပင် သက်သောင့်သက်သာရှိလှသော နယ်မြေထဲသို့ ထွက်ပြေးပုန်းခိုနေပါသလား။ သင့်ဘ၀တွင် သတ္တိဆိုသော စိတ်ဓာတ်ကို မွေးမြူနိုင်ရန် သင့်ကို မည်ကဲ့သို့ ပြောင်းလဲစေရမည်နည်း။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်သတ္တိပိုကောင်းလာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ–

U **ရဲရဲကြီး ရင်ဆိုင်လိုက်စမ်းပါ။**

သတ္တိကို မွေးမြူရန်အတွက် အပြင်ထွက်ပြီး တစ်ခုခုကို လက်ကုန်ဖွင့်လုပ်လိုက်စမ်းပါ။ လေယာဉ်ပေါ်မှ ခုန်ချပြီးလျှင် သင့်တော်သည့် နေရာရောက်မှ လေထီးကိုဖွင့်ရသည့် အားကစားနည်း ဒါမှမဟုတ် ပရိသတ်ရှေ့မှောက်တွင် စကားပြောခြင်း (လူအတော်များများ၏

အကြီးမားဆုံး ကြောက်လန့်သောလုပ်ရပ်) သို့မဟုတ် ပြဇာတ်တစ်ခုခုတွင် ပါဝင်ကပြခြင်း၊ ဒါမှမဟုတ် အန္တရာယ်များပြီး အလွန်ရေစီး သန်သောချောင်းကျဉ်းကလေးထဲတွင် ဖောင်နှင့်မျှောချခြင်း၊ သို့တည်း မဟုတ် ကျောက်တောင်ပေါ်သို့ စွန့်စွန့်စားစားတက်ခြင်း စသည်ဖြင့် တစ်ခုခုကို လုပ်လိုက်ပါ။ မည်သည့်ကိစ္စပဲဖြစ်ပါစေ၊ သင်၏စိတ်ထဲတွင် အလွန်အမင်း ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာစေမည့် လုပ်ရပ်တစ်ခုခုကို ဆောင်ရွက်ခြင်း ဖြစ်နေရမည်။

**U ရင်ဆိုင်တွေ့ပြီး စကားပြောလိုက်စမ်းပါ။**

လူအများစုသည် ၎င်းတို့၏ဘဝတွင်ရှိ မိမိ၏ဝန်ထမ်းတစ်ယောက် သို့မဟုတ် ဆွေမျိုးတစ်ယောက် သို့မဟုတ် လုပ်ဖော်ကိုင်ဖက် တစ်ယောက် စသည်ဖြင့် တစ်ယောက်ယောက်နှင့် ရင်မဆိုင်လိုဘဲ ရှောင်နေလေ့ရှိ၏။ ထိုကိစ္စသည် သင့်အဖို့ မှန်ကန်နေသည်ဆိုပါက ဤရက်သတ္တပတ်တွင် ထိုပုဂ္ဂိုလ်နှင့် စကားပြောဖြစ်အောင် ပြောလိုက်ပါ။ သူ့အပေါ်တွင် တစ်ဖက်သတ် အပြစ်ပုံမချပါနှင့် သို့တည်းမဟုတ် ပြစ်တင်ပြောဆိုခြင်း မလုပ်ပါနှင့်။ မေတ္တာရှေ့ထား၍ အမှန်တရားကို ပြောပြပါ။ အကယ်၍ သင်သည် လေယာဉ်ပေါ်မှ အလွတ်ခုန်ချပြီးမှ လေထီးကို ဖွင့်ရသည့် အားကစားနည်းတစ်ခုခုကို လုပ်ဆောင်ထားပြီး ဖြစ်ပါက ထိုကဲ့သို့ တွေ့ဆုံ၍ စကားပြောဆိုရန် သိပ်ကြောက်လန့်တော့ မည်မဟုတ်ပါ။

**U ခြေလှမ်းကျဲကျဲကြီး တစ်လှမ်းလှမ်းလိုက်စမ်းပါ။**

သင်သည် လက်ရှိလုပ်ကိုင်နေသည့် အလုပ်မှ အခြားလုပ်ငန်း တစ်ခုခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် ကြောက်ရွံ့နေသူဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သင့်စိတ်ထဲ နှလုံးသားထဲမှ သင့်လက်ရှိအလုပ်အကိုင်ကို ပြောင်းလဲလုပ်ကိုင်သင့်ပြီ၊ သို့တည်းမဟုတ် လုပ်ငန်းသစ်ကို စတင်သင့်ပြီဟူ၍ ခံစားနေရပါက ယခုအချိန်သည် လက်တွေ့အကောင်အထည်ဖော်ရမည့်အချိန်ပင်ဖြစ်သည်။ ထိုကိစ္စကို အချိန်ယူ၍ လေ့လာပါ။



သင်၏ အိမ်ထောင်ဖက်၊ သင်၏ဆရာ၊ သင်ယုံကြည်ရသောမိတ်ဆွေ တစ်ဦး သို့မဟုတ် နှစ်ဦးနှင့် ဆွေးနွေးကြည့်ပါ။ ထိုကိစ္စသည် ဆောင်ရွက်သင့်သော ကိစ္စတစ်ရပ်ဖြစ်ပါက ယခုပင် စတင်ဆောင်ရွက်ပါတော့။

## နေ့စဉ် မှတ်သားလိုက်နာရန်

မိမိ၏နယ်မြေအတွင်း မြင်းစီး၍ လှည့်လည်သွားလာပြီး တရားဓမ္မများကို ဟောပြောပို့ချနေရသော ၁၉ ရာစုမှ ခရစ်ယန်ဘုန်းတော်ကြီး ပီတာကတ်ရိုက်သည် တနင်္ဂနွေနေ့တစ်ရက်၌ တရားဟောရန် ကြိုတင်ပြင်ဆင်နေစဉ် တရားနာမည့် ပရိသတ်ထဲ၌ အမေရိကန်သမ္မတ အင်ဒရူးဂျက်ဆန် ရောက်ရှိနေသဖြင့် သူဟောပြောသည့်အခါတွင် အနှောင့်အသွားမလွတ်သည့်စကားများကို ထည့်သွင်းမပြောကြားရန် လာရောက်သတိပေးလေသည်။

သူက တရားဟောနေစဉ် "ဒီတရားနာပရိသတ်ထဲမှာ အင်ဒရူးဂျက်ဆန် ရောက်ရှိနေတယ်လို့ ကျုပ်ကို လာပြောပါတယ်၊ ပြီးတော့ ကျုပ်စကားပြောတဲ့အခါမှာ ထိန်းထိန်းသိမ်းသိမ်း ပြောပါလို့လဲ ပြောကြသေးတယ်၊ ကျုပ်ပြောရမယ့်စကားကတော့ အင်ဒရူးဂျက်ဆန်ဟာ သူလုပ်ခဲ့တဲ့ အကုသိုလ်တွေအတွက် "နောင်တ"မရဘူးဆိုရင် သူငရဲကို ရောက်လိမ့်မယ်ဆိုတာပဲ"ဟူ၍ ထည့်သွင်းပြောကြားသွားခဲ့သည်။

တရားဟောပြီးသောအခါ အင်ဒရူးဂျက်ဆန်သည် ပီတာကတ်ရိုက်ထံသို့ ရောက်လာပြီး "ကျုပ်ဆီမှာ ခင်ဗျားလိုလူစားမျိုး တပ်ရင်းတစ်ရင်းစာလောက်သာရှိခဲ့ရင် ကျုပ်က တစ်ကမ္ဘာလုံးကို အုပ်စိုးနိုင်မှာပဲ"ဟု သမ္မတကြီးက ပြောလိုက်လေ၏။

သတ္တိရှိသော အပြုအမူတစ်ရပ်သည် မကြာခဏဆိုသလိုပင်

မျှော်လင့်မထားသော အပြုသဘောဆောင်သည့် ရလဒ်တစ်ခုကို ရရှိတတ်ပါ၏။

အရည်အချင်း (၇)

# ချင့်ချိန်နိုင်စွမ်းရှိမှု

**ချင့်ချိန်နိုင်စွမ်းရှိမှုက ဖြေရှင်း၍မရသည့် လျှို့ဝှက်ဆန်းကြယ်မှုများကို ဆုံးခန်းတိုင်စေ၏**

ချက်ချာပါးနပ်သော ခေါင်းဆောင်များသည် သူတို့ကြားသမျှ၏ တစ်ဝက်ကိုသာ ယုံကြည်ကြ၏။ ချင့်ချိန်နိုင်စွမ်းရှိသော ခေါင်းဆောင်များကမူ မည်သည့်တစ်ဝက်ကို ယုံကြည်ရမည်ဖြစ်ကြောင်း သိကြ၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

တွင်းများ၏ ပထမဥပဒေသ – သင်တွင်းတစ်ခုထဲ၌ ရောက်ရှိနေခဲ့လျှင် ဆက်တူးနေမှုကို ရပ်တန့်ထားလိုက်ပါ။

**မော်လီအိုင်ဗင်–ပင်တိုင်ဆောင်းပါးရှင်**

## ကိစ္စတစ်ခု၏ ဗဟိုချက်မကို အမြဲတမ်းသိသူ

**မာယာစကိုလို ဒိုစကာ**သည် ကိစ္စတိုင်း၏ ဗဟိုအချက်အချာ အထိ အမြဲတမ်းရောက်ချင်သူဖြစ်၏။ ပိုလန်နိုင်ငံတွင် ကြီးပြင်းလာရသော ကလေးတစ်ယောက်အနေနှင့် သူမသည် ကျောင်းတက်ရန်နှင့် စာသင်ကြားရန် အလွန်လိုလား၏။ သူမ၏မိဘ ၂ ပါးသည် ကျောင်းဆရာ အလုပ်မှ ပြုတ်သွားကြသောအခါ စားဝတ်နေရေးအတွက် ၎င်းတို့ နေအိမ်တွင် အခကြေးငွေယူ၍ ဘော်ဒါဆောင်ဖွင့်လိုက်ရသည်။ ဤတွင် သူမသည် အိမ်မှ ဗာဟီရအလုပ်မျိုးစုံကို ကူညီလုပ်ကိုင်ရင်း နာရီပေါင်း များစွာ ကုန်လွန်စေခဲ့ရ၏။ ထိုကဲ့သို့ အလုပ်အလွန်များနေသော်လည်း သူမ၏အတန်းထဲတွင် အမြဲတမ်းပထမရနေဆဲပင် ဖြစ်၏။ ပြီးတော့လည်း ထိုဘာသာရပ်များကို ရုရှဘာသာနှင့် ဖြေဆိုရခြင်းဖြစ်၏။

သူမသည် အထက်တန်းပညာကို ဆက်လက်၍ မသင်ကြားနိုင် သောကြောင့် ကလေးထိန်းသူနှင့် ကျူရှင်စာပြသူတစ်ဦးဖြစ်လာရ၏။ သူမသည် မဖြစ်မနေပိုက်ဆံစုဆောင်းပြီးလျှင် သူမ၏အစ်မကြီးကို ပဲရစ်ရှိ ဆေးကျောင်းသို့ ပို့နိုင်ခဲ့သည်။ ထို့နောက် သူမသည် ဆော်ဘွန်း တက္ကသိုလ်၌ ဆက်လက်စာပေဆည်းပူးနိုင်ရန် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ လာခဲ့၏။ ၂ နှစ်ကြာမြင့်သောအခါ၌ သူမသည် ၎င်း၏အတန်းထဲတွင် ရူပဗေဒ ပညာရပ်နှင့် ပထမရရှိခဲ့၏။ နောက်ထပ်၍ တစ်နှစ်တိတိ စာသင်ကြား ပြီးသောအခါ သင်္ချာဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိခဲ့လေသည်။

ထို့နောက်တွင်ကား သူမသည် ပြင်သစ်ရှိစက်မှုလက်မှုလုပ်ငန်းတို့ အတွက် စမ်းသပ်မှုများကို ဆောင်ရွက်ပေးရင်းနှင့် သုတေသနလုပ်သည့် လုပ်ငန်း၌သာ အာရုံစူးစိုက်ထားလေတော့၏။ သို့ရာတွင် သူမ၏ ပြင်းထန်သောဆန္ဒမှာ ယူရေနီယမ်သတ္တုမှ ထွက်ပေါ်လာသော ဓာတ် ရောင်ခြည်များ၏ လျှို့ဝှက်ချက်ကို ရှာဖွေလိုခြင်းပင် ဖြစ်သည်။



သူမသည် ပို၍ကောင်းမွန်သော ဓာတ်ခွဲခန်းတစ်ခုကိုရှာဖွေရင်း နောက်ပိုင်းတွင် သူမနှင့်တွဲဖက်၍ သုတေသနပြုလုပ်သူသာမက ၎င်း၏ခင်ပွန်းပင် ဖြစ်လာမည့် “ပီရီ”နှင့် တွေ့ဆုံခဲ့ရလေ၏။ သင်သည် မာယာစကိုလိုဒိုစကာအကြောင်းကို ကြားဖူးကောင်း ကြားဖူးပေလိမ့်မည်။ သို့ရာတွင် သူမသည် ၁၈၉၅ ခုနှစ်တွင် ပီရီကျူရီနှင့် အိမ်ထောင်ပြုပြီး နောက် သူမပိုမို၍ နှစ်ခြိုက်သည့် နာမည်ကိုလည်း သင်သိကောင်း သိပေလိမ့်မည်။ သူမက သူ့ကိုယ်သူ မဒမ်မေရီကျူရီဟု ခေါ်ဝေါ် အသုံးပြုလေ့ရှိပါ၏။

မဒမ်ကျူရီသည် အနုမြူဓာတ်ရောင်ခြည်ကြွမှု (သူမစတင်၍ အသုံးပြုခဲ့သော ဝေါဟာရဖြစ်၏) နယ်ပယ်တွင် ပထမဦးဆုံး စတင်၍ ပန္နက်ရိုက်ခဲ့သူ ဖြစ်၏။ ထိုမှစ၍ သူမက နူကလီးယားရူပဗေဒနှင့် ဓာတ်ရောင်ခြည်ကို အသုံးပြု၍ လေ့လာစူးစမ်းနိုင်ကြရန် တံခါးဖွင့် ပေးခဲ့လေသည်။ မော်တော်ကားအတိုက်ခံရမှုကြောင့် ပီရီသည် ၁၉၀၆ ခုနှစ်၌ ကွယ်လွန်သွားသောအခါ မေရီကျူရီသည် သုတေသန လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပြီးနောက် အခြားအခြားသော ထိုးဖောက် အောင်မြင်မှုများစွာကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်။

သူမ တစ်ခါကပြောဖူး၏။ “ဘဝဆိုတာ ကျွန်မတို့အားလုံး အတွက် သက်သာလွယ်ကူမှု မရှိနိုင်ပါဘူး။ ဒီတော့ ဘာဖြစ်ရမှာလဲ။ ကျွန်မတို့မှာ ဇွဲလုံ့လရှိပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု ရှိရမယ်။ ကျွန်မတို့ကိုယ်စီမှာ ထူးချွန်တဲ့ အချက်တစ်ချက်စီ ပါရှိလာကြတယ်။ အဲဒါကို မရရအောင် ရှာဖွေနိုင်တယ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုရှိရမယ်” သူမ၏ သုတေသနလုပ်ငန်းက သူမကို ကြီးမားစွာ အသိအမှတ်ပြုခဲ့ပါသည်။ ရွှေတံဆိပ် ၁၅ ခု၊ ဘွဲ့ဒီဂရီ ၁၉ ခုနှင့် နိုဗယ်ဆု ၂ ဆု (ရူပဗေဒအတွက်

တစ်ဆုနှင့် ဓာတုဗေဒအတွက် တစ်ဆု) တို့ဖြစ်ကြ၏။

မဒမ်ကျူရီ၏ စွဲစွဲမြဲမြဲ ဆောင်ရွက်တတ်မှုသည် သူမ၏သိချင်စိတ် ပြင်းပြမှု၌သာမက သုတေသနပြု၍ တွေ့ရှိလာမှုများအား လက်တွေ့အသုံးချနိုင်ရေးတို့၌ပါ သက်သေပြလျက်ရှိ၏။ ပထမကမ္ဘာစစ်ကြီးအတွင်းက စစ်မြေပြင်များ၌ မည်သို့မည်ပုံ ဖြစ်ပျက်နေခဲ့ကြသည်ကို သူမသိပါ၏။ ထိုမျှသာမကသေး၊ သူမရှာဖွေတွေ့ရှိထားသည့် နည်းပညာက လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်းကိုလည်း သူမသိပါ၏။

သူမနှင့် သူမ၏သမီး အိုင်ရင်း (သူမသည်လည်းနောက်ပိုင်းတွင် နိုဗယ်ဆုတစ်ဆုရရှိသည်) ပူးတွဲ၍ ဓာတ်ရောင်ခြည်နှင့် ဓာတ်ပုံရိုက်ကူးမှုကို တီထွင်နိုင်ခဲ့ကြသည်။ ထို့နောက် လူနာတင်ယာဉ်များတွင် အိတ်စ်ရေးကိရိယာများ တပ်ဆင်မှုလုပ်ငန်း ပေါ်ပေါက်လာသည်။ မဒမ်ကျူရီက ထိုအိတ်စ်ရေးကရိယာများအား အသုံးပြုတတ်မည့် ကျွမ်းကျင်ဝန်ထမ်း ၁၅၀ ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထို့အပြင် မဒမ်ကျူရီသည် ပဲရစ်တက္ကသိုလ်၌ ရေဒီယမ်အင်စတီကျူစ်ကို ထူထောင်ရန် ကူညီခဲ့သည်။ သူမသည် ဓာတ်ခွဲခန်းများ တည်ဆောက်မှုကို ကိုယ်တိုင်ကြီးကြပ်ခဲ့သည်သာမက လိုအပ်သည့် ငွေကြေးနှင့် ဓာတ်ခွဲခန်းတွင် တပ်ဆင်မည့်ပစ္စည်းပစ္စယများ ရရှိရေးအတွက်ပါ ဥရောပတိုက်နှင့် အမေရိကတို့မှ အလှူခံပေးခဲ့လေသည်။

ကျူရီက မှတ်ချက်ချဖူး၏။ **“ဘဝတွင် မည်သည့်အရာကိုမှ ကြောက်လန့်နေစရာမလို။ ထိုအရာကို နားလည်ဖို့သာ လိုအပ်ပေသည်”**

သူမ၏ဉာဏ်ကောင်းမှုနှင့် ချင့်ချိန်နိုင်စွမ်းရှိမှုတို့က ကျွန်ုပ်တို့ကမ္ဘာအတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်သည့်အရာပေါင်းများစွာကို နားလည်ပြီး ရှာဖွေတွေ့ရှိခဲ့သည်။ ကံဆိုးသည့်ကိစ္စမှာ သူမ၏



ထက်သန်သော ချင့်ချိန်နိုင်စွမ်းရှိမှုက သူမ၏ ကျန်းမာရေးနယ်ပယ်အထိ ရောက်ရှိမလာခဲ့ပါချေ။ သူမသည် အနုမြူဓာတ်ကြွပစ္စည်းများအား သုတေသနပြုရာတွင် ရှေ့ဆုံးက ရောက်နေသူ ဖြစ်သောကြောင့် မိမိကိုယ်ကို ဓာတ်ရောင်ခြည်များ၏ အကျိုးသက်ရောက်မှုမှ ကာကွယ်ခဲ့ခြင်းမရှိချေ။ သူမ၏အလုပ်က သူမကို ဖြည်းညှင်းစွာ သတ်ဖြတ်ခဲ့ပါသည်။ ဖြုန်းကနဲဆိုသလို သူမ၏ ကျန်းမာရေးသည် ရုတ်တရက် ယိုယွင်းလာပြီး ၁၉၃၄ ခုနှစ် အသက် ၆၆ နှစ်အရွယ်တွင် သွေးကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရရှာလေသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ချင့်ချိန်နိုင်စွမ်းရှိမှုသည် အကြောင်းအရာတစ်ခု၏ အခြေခံအချက်ကို ရှာဖွေနိုင်စွမ်းရှိသော အရည်အချင်းအဖြစ် ဖော်ပြ၍ရနိုင်ပါသည်။ ၎င်းအပြင် ထိုအရည်အချင်းသည် အလိုလိုသိသောစိတ်နှင့် စဉ်းစားချင့်ချိန်နိုင်သော ဉာဏ်တို့အပေါ်တွင် အားကိုးအားထားပြုရလေသည်။ ထိရောက်မှုရှိသော ခေါင်းဆောင်များတွင် ချင့်ချိန်နိုင်စွမ်းရှိမှု လိုအပ်၏။ သို့တိုင်အောင် အလွန်တော်သော ခေါင်းဆောင်များ၌ပင်လျှင် ချင့်ချိန်နိုင်စွမ်းရှိမှုကို အမြဲတမ်းရှာမတွေ့နိုင်ချေ။ ဥပမာအနေဖြင့် ခေါင်းဆောင်များ၏ အလွန်ကျော်ကြားထင်ရှားသော နောက်ဆုံးစကားများဟု ကျွန်ုပ်ယူဆသည့် မှတ်ချက်များကို ဖတ်ကြည့်ကြစေလိုပါသည်။

“ဝဲလ်လင်တန်ဟာ အင်မတန်ညံ့ဖျင်းတဲ့ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်ပဲဆိုတာ မင်းတို့ကို ငါပြောမယ်။ အင်္ဂလိပ်လူမျိုးတွေဟာ အင်မတန်ညံ့ဖျင်းတဲ့ စစ်သားတွေ၊ ငါတို့ ဒီကိစ္စကို နေ့လယ်စာစားချိန်မှာ အပြီးစာရင်း ရှင်းလိုက်ကြမယ်။”

**(ဝါတာလူးစစ်ပွဲ (၁၈၁၅)မတိုင်မီ နံနက်စာစားနေစဉ်၊ နပိုလီယံဘိုနာပတ်က ၎င်း၏စစ်ဗိုလ်ချုပ်ကြီးများကို ပြောခဲ့သည့် စကား)**

“ကျုပ်ထင်တာကတော့ ကမ္ဘာ့ဈေးကွက်မှာ ကွန်ပျူတာ ၅ လုံးလောက်ပဲ ရောင်းရဖို့ရှိတယ်”

**သောမတ်ဂျေဝတ်ဆန်၊ အိုင်ဘီအမ်ကုမ္ပဏီ၏ ချယ်ယာမင်(၁၉၄၃)**

“ကျုပ်အတွက် ကိုယ်ရံတော်အစောင့်အကြပ်တွေ မလိုအပ်ပါဘူး” **ဂျင်မီဟိုဖာက သူပျောက်ဆုံးမသွားခင် တစ်လအလို၌ ပြောခဲ့သည့် စကား (၁၉၇၅)**

ချင့်ချိန်နိုင်စွမ်းရှိမှုသည် ထိရောက်မှုကို အမြင့်မားဆုံးအဆင့် အထိဖြစ်စေလိုသည့် ဆန္ဒရှိသော မည်သည့်ခေါင်းဆောင်၌မဆို မရှိမဖြစ် လိုအပ်သည့် အရည်အချင်းတစ်ခုဖြစ်၏။

**၁။ အခြေခံအကျဆုံး အချက်ကို တွေ့အောင်ရှာပါ။**

အလွန်ကြီးမားသော အဖွဲ့အစည်းကြီးများ၏ ခေါင်းဆောင်များ သည် နေ့စဉ်နေ့တိုင်းပင် ရှုပ်ထွေးပွေလီမှုများနှင့် အလွန်များပြားသော ကစဉ့်ကလျားဖြစ်မှုများတို့ကို ရင်ဆိုင်ဖြေရှင်းရမည်သာ ဖြစ်၏။ သူတို့သည် ကိစ္စတိုင်းအတွက် ပြည့်ပြည့်စုံစုံ သိရှိရအောင် အချက်အလက် များကို စုဆောင်း၍ရနိုင်မည် မဟုတ်ချေ။ ရလဒ်အနေဖြင့် ၎င်းတို့ သည် ချင့်ချိန်နိုင်စွမ်းရှိမှုကိုသာ အားကိုးရတော့မည်ဖြစ်၏။ မက်ဂင်းလ် တက္ကသိုလ်မှ သုတေသနပြုသူ ဟင်နရီမင့်တ်ဇဘတ်ခ်က ဆိုဖူးသည်။ “အဖွဲ့အစည်းဆိုင်ရာ ထိရောက်မှုဆိုတဲ့ကိစ္စရပ်ဟာ အမြင်ကျဉ်းမြောင်းတဲ့ အယူအဆတစ်ခုဖြစ်တဲ့ “ကျိုးကြောင်းဆင်ခြင်တတ်မှု”အပေါ်မှာ တည်မှီခြင်းမရှိဘူး၊ အဲဒီကိစ္စဟာ ခေါင်းရှင်းရှင်းထားပြီး စဉ်းစားတတ်တဲ့ ယုတ္တိဗေဒနဲ့ အင်မတန်အားကောင်းတဲ့ အလိုလိုသိမှုတို့အပေါ်မှာ မူတည်



နေတယ်”

ချင့်ချိန်နိုင်စွမ်းရှိမှုက ခေါင်းဆောင်တစ်ဦးအား ကိစ္စတစ်ခု၏ အစိတ်အပိုင်းအချို့ကိုသာ မြင်တွေ့စေ၏။ လိုနေသောအပိုင်းကဏ္ဍ များကို အလိုလိုသိသောစိတ်နှင့် ဖြည့်စွက်ပြီး ပြဿနာ၏ အရင်းခံ အကြောင်းရင်းကို ရှာဖွေနိုင်ရန် ဖြစ်ပါသည်။

**၂။ ပြဿနာဖြေရှင်းနိုင်သည့် သင့်စွမ်းရည်ကို မြှင့်တင်ပါ။**

အကယ်၍ သင်သည် ပြဿနာတစ်ရပ်၏ အရင်းခံအကြောင်းကို သိခဲ့လျှင် ထိုကိစ္စကို ဖြေရှင်းနိုင်ပါလိမ့်မည်။ ခေါင်းဆောင် တစ်ယောက်သည် သူ၏ အထုံပါရမီရှိသော နယ်ပယ်နှင့်နီးကပ်လာ လေလေ ၎င်း၏အလိုလိုသိမြင်မှုနှင့် အရင်းခံအကြောင်းကို မြင်နိုင်စွမ်း ရှိမှုတို့သည် ပို၍အားကောင်းလာလေလေပင် ဖြစ်၏။ အကယ်၍ သင်က မိမိ၏ချင့်ချိန်နိုင်စွမ်းရှိမှု အလားအလာကို သိလိုပါက သင့်အတွက် အင်အားကောင်းသောနယ်မြေအတွင်း၌သာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

**၃။ အများဆုံးထိရောက်မှု ရှိစေရေးအတွက် သင်ဆောင်ရွက်မည့် နည်းလမ်းများကို တန်ဖိုးဖြတ်ပေးပါ။**

စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ရောဘတ်ဟဲလာက ဤကဲ့သို့ အကြံပေးဖူး၏။ **“အူလှိုက်သည်းလှိုက် ခံစားရမှုကို ဘယ်တော့မှ မပစ်ပယ်လိုက်ပါနဲ့၊ ဒါပေမယ့် အဲဒါတစ်ခုတည်းနဲ့လဲ လုံလောက် ပြီလို့ မထင်လိုက်ပါနဲ့”**။ ချင့်ချိန်နိုင်စွမ်းရှိမှုသည် အလိုလိုသိသော စိတ်တစ်ခုတည်းအပေါ်၌ စိတ်ချယုံကြည်ထား၍မရပါ။ ထိုနည်းတူစွာပင် ဉာဏ်ပညာတစ်ခုတည်းအပေါ်၌လည်း ပုံအော၍ မရနိုင်ပေ။ ချင့်ချိန်နိုင် စွမ်းရှိမှုက သင်၏အူလှိုက်သည်းလှိုက် ခံစားမှုကိုသာမက ဉာဏ်ပညာကိုပါ အသုံးပြု၍ သင်၏လက်အောက်ငယ်သားများနှင့် သင့်အဖွဲ့အစည်း အတွက် အကောင်းဆုံးအနေအထားကို ရွေးချယ်ခွင့်ပေးမည်ဖြစ်သည်။

**၄။ သင်၏အခွင့်အလမ်းများကို ဆတက်ထမ်းပိုး တိုးအောင်လုပ်ပါ။**

ချင့်ချိန်နိုင်စွမ်းမရှိသောပုဂ္ဂိုလ်များသည် မှန်ကန်သောနေရာ၌ မှန်ကန်သောအချိန်တွင် ရှိနေခဲလှသည်။ ဝေဖန်သုံးသပ်သူတို့ အမြင်၌ အချို့သော ခေါင်းဆောင်ကြီးများသည် မကြာခဏ ကံကောင်းလေ့ရှိသည်ဟု ထင်မှတ်ဖွယ်ရှိသည်။ ကျွန်ုပ်၏အမြင်၌မူ အဆိုပါခေါင်းဆောင်ကြီးများသည် ချင့်ချိန်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်များ ဖြစ်သောကြောင့် ၎င်းတို့၏ အတွေ့အကြုံများကို အသုံးချ၍ ပင်ကိုယ် အသိစိတ်နောက်သို့ လိုက်ပြီးမှ မိမိတို့၏ ကံကောင်းမှုကို ဖန်တီးယူကြခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။

## ဆင်ခြင်သုံးသပ်ရန်

သင်သည် ချင့်ချိန်နိုင်စွမ်းရှိသော ခေါင်းဆောင်တစ်ဦးဖြစ်ပါသလား။ ရှုပ်ထွေးပွေလီသော ကိစ္စရပ်များနှင့် တွေ့ကြုံရပါက ထိုကိစ္စ၏ အခြေခံရင်းမြစ် အကြောင်းအရာကို လွယ်လွယ်ကူကူနှင့် မြင်တွေ့နိုင်ပါသလား။ သင်သည် ခက်ခဲသော ပြဿနာများ၏ သတင်းစကားများကို ဘက်စုံ ထောင့်စုံမှ မရရှိခဲ့သည့်တိုင်အောင် ထိုပြဿနာ၏ အခြေခံရင်းမြစ်အကြောင်းတရားကို မြင်နိုင်စွမ်းရှိပါသလား။ သင်သည် အလိုလိုသိသောစိတ်ကို အားကိုးအားထားပြုသည်သာမက သင့်အတွေ့အကြုံနှင့် ဉာဏ်ပညာများအပေါ်၌လည်း အားကိုးအားထားပြုပါ သလား။ ထိုကဲ့သို့မဟုတ်ခဲ့ပါက သင်က ချင့်ချိန်နိုင်စွမ်းရှိမှုကို ပြုစု ပျိုးထောင်ရန် လိုအပ်နေပေပြီ။ ရိုးရာအစဉ်အလာမဟုတ်သော တွေးခေါ်နည်းကိုလည်း တန်ဖိုးထားပါ။ ပြောင်းလဲမှု မရေရာမှုနှင့် မသေချာမှုတို့ကို လက်သင့်ခံပါ။ သင်၏ စိတ်ကူးမိုးကုတ် စက်ဝိုင်းကို စမ်းသပ်မှုတစ်ရပ်အနေနှင့် ကျယ်ပြန့်အောင်ချဲ့ထွင်ပေးပါ။ သင်၏ အလိုအလျောက်သိစိတ်သည် အသုံးပြုမှုက ကြိမ်ဖန်များလာသည်နှင့်အမျှ တိုးတက်လာပါလိမ့်မည်။



## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ချင့်ချိန်နိုင်စွမ်းရှိမှု တိုးတက်လာအောင် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **အတိတ်မှ အောင်မြင်မှုများကို ဆန်းစစ်ပါ**

အတိတ်ကာလမှ သင်အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သော ပြဿနာအချို့ကို ပြန်စဉ်းစားကြည့်ပါ။ ထိုပြဿနာတစ်ခုချင်းတွင် အရင်းခံအချက်က မည်သည်နည်း။ သင်က အဘယ့်ကြောင့် အောင်မြင်မှုရရှိခဲ့သနည်း။ အကယ်၍ သင်က ထိုကိစ္စ၏ ဗဟိုချက်မအကြောင်းကို စာလုံးရေအနည်းငယ်မျှနှင့် ဖော်ပြပေးနိုင်စွမ်းရှိပါက အနာဂတ်ကာလ၌ သင်ကြုံတွေ့ရမည့် ပြဿနာများကိုလည်း ထိုနည်းအတိုင်းပင် ဖြေရှင်းပေးနိုင်ဖွယ်ရှိပါလိမ့်မည်။

U **အခြားပုဂ္ဂိုလ်များ၏ တွေးတောပုံ တွေးတောနည်းကိုလေ့လာပါ**

သင်ကမည်သည့်ခေါင်းဆောင်ကြီးများကို လေးစားကြည်ညိုပါသနည်း။ သင်၏ သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းနှင့်တူသူ သို့မဟုတ် အထုံပါရမီပါမှုတွင် သင်နှင့်တူညီသော ခေါင်းဆောင်ကြီးများကို ရွေးထုတ်ပြီး ၎င်းတို့၏ကိုယ်ရေးအတ္ထုပ္ပတ္တိများကို ဖတ်ကြည့်ပါ။ အခြားချင့်ချိန်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်များက မည်သို့မည်ပုံ တွေးခေါ်ကြသည်ကို လေ့လာပါ။ ထိုအခါ သင်သည်လည်း ပို၍ ချင့်ချိန်နိုင်စွမ်းရှိလာပါလိမ့်မည်။

U **သင်၏ အူလှိုက်သည်းလှိုက် ခံစားရမှုကို နားထောင်ပါ**

သင်၏ အလိုအလျောက်သိသောစိတ်က သင့်ကို ကြိုအသိပေးထားပြီး ထိုအသိပေးမှုအတိုင်း မှန်ကန်စွာ ဖြစ်ပေါ်ခဲ့သည့်ကိစ္စတစ်ရပ်ရပ်ကို သင်ပြန်စဉ်းစားကြည့်ပါ။ (ထိုအချိန်က ထိုကိစ္စကို သင်လက်ခံချင်မှ လက်ခံခဲ့ပေလိမ့်မည်။) အဆိုပါအတွေ့အကြုံများတွင် မည်သည့်တူညီချက်

ရှိနေပါသနည်း။ ထိုကိစ္စများနှင့်စပ်လျဉ်းသည့် 'ပုံစံ'တစ်ခုခုကို ရှာဖွေပါ။ အဆိုပါပုံစံက သင်၏အလိုလိုသိနိုင်စွမ်းရှိမှုအတွက် ထိုးထွင်း၍ သိမြင်လာအောင် ကူညီပါလိမ့်မည်။

## နေ့စဉ်မှတ်သားလိုက်နာရန်

အချိန်ကာလကြာမြင့်စွာ ကတည်းကပင် ဆွစ်ဇာလန်နိုင်ငံသားများသည် နာရီတည်ဆောက်မှုလုပ်ငန်းကို အပိုင်စီးထားနိုင်ခဲ့ကြသည်။ သူတို့က ငွေနှင့်ဝယ်ယူ၍ ရနိုင်သမျှသော အကောင်းဆုံးနာရီများကို ထုတ်လုပ်ခဲ့ကြ၏။ ၁၉၄၀ ဆယ်စုနှစ်ကာလများတွင် ၎င်းတို့သည် ကမ္ဘာ ပေါ်မှ ရှိရှိသမျှ နာရီများအနက် ၈၀ ရာခိုင်နှုန်းကို ထုတ်လုပ်ခဲ့ကြ၏။ ၁၉၆၀ ဆယ်စုနှစ်နှောင်းပိုင်းကာလတွင် တီထွင်သူတစ်ယောက်က နာရီပုံစံသစ်တစ်မျိုး ထုတ်လုပ်ရန်အတွက် ၎င်း၏စိတ်ကူးစိတ်သန်းကို ဆွစ်ဇာလန်နိုင်ငံမှ နာရီထုတ်လုပ်သော ကုမ္ပဏီကြီးတစ်ခု၏ အကြီးအကဲများထံ တင်ပြခဲ့ရာ ၎င်းတို့က ပယ်ချလိုက်၏။ တကယ်ကလည်း အဆိုပါပုဂ္ဂိုလ် ချဉ်းကပ်တင်ပြခဲ့သော ဆွစ်ဇာလန်နိုင်ငံမှ နာရီကုမ္ပဏီတိုင်းက လက်မခံခဲ့ကြသည်သာ ဖြစ်ပါ၏။

ထိုဒီဇိုင်းတွင် အရည်အချင်းရှိသည်ဟု ယုံကြည်သော ထိုပုဂ္ဂိုလ်က အဆိုပါဒီဇိုင်းကို ဂျပန်နိုင်ငံရှိ ကုမ္ပဏီတစ်ခုထံ သွားရောက်ပြသခဲ့၏။ ထိုအဖွဲ့အစည်း၏အမည်မှာ 'ဆီကို'၊ နာရီဒီဇိုင်းက 'ဒီဂျစ်တယ်' ဖြစ်ပြီးလျှင် ယနေ့ကာလတွင် နာရီအားလုံး၏ ၈၀ ရာခိုင်နှုန်းသည် ဒီဂျစ်တယ် ဒီဇိုင်းများ ဖြစ်နေကြ၏။

ချင့်ချိန်နိုင်စွမ်းရှိမှုက တွန်းအားပေးသော ဆုံးဖြတ်ချက်တစ်ခု သည် သင့်ကံကြမ္မာ၏ လမ်းကြောင်းတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်စွမ်း ရှိပေသည်။

**အရည်အချင်း (၈)**

# အာရုံစူးစိုက်မှု

**အာရုံစူးစိုက်မှု ပို၍ထက်မြက်လာသည်နှင့်အမျှ သင်လည်း ပို၍ ထက်မြက်လာ ပေလိမ့်မည်**

အကယ်၍ သင်က ယုန် ၂ ကောင်ကို လိုက်ဖမ်းခဲ့သည် ရှိသော် ၂ ကောင်စလုံး လွတ်သွားပေလိမ့်မည်။

**(အမည်မသိ)**

လူတွေပြောသမျှ၊ လူတွေလုပ်သမျှနှင့် သူတို့လုပ်သည်ဟု ပြောသမျှ–တို့သည် အားလုံး တစ်ခြားစီသာ ဖြစ်ကြသည်။

**မာဂရက် မိ(ထ်)၊ မနုဿဗေဒပညာရှင်**

## အာရုံတစ်မျိုးတည်းကိုသာ စူးစိုက်ထားသော လူတစ်မျိုး

၁၉၉၈ ခုနှစ်က အက်တလန်တာ ဘရေဗ့်အသင်းနှင့် ဆန်ဒိုင်ဂို ပက်ဒရီအသင်းတို့သည် အမျိုးသားဘေ့စ်ဘောအလံ ဗိုလ်လုပွဲအတွက် ယှဉ်ပြိုင်၍ ကစားခဲ့ကြရာ ကျွန်ုပ်သည် ပွဲစဉ်အတော်များများကို သွားရောက်ကြည့်ရှုခွင့်ရခဲ့ပါသည်။ ဆန်ဒိုင်ဂိုမြို့၌ နေထိုင်ခဲ့စဉ်က ကျွန်ုပ်သည် ပက်ဒရီအသင်းကို မမိုတ်မသုန် အားပေးသော ဝါသနာအိုး တစ်ဦး ဖြစ်ခဲ့၏။ ၁၉၉၇ ခုနှစ်တွင် အက်တလန်တာမြို့သို့ ပြောင်းရွှေ့ လာသောအခါ ကျွန်ုပ်၏ သစ္စာရှိမှုကို ပြောင်းလဲ၍ အက်တလန်တာ ဘရေ့ဗ်ဘေ့စ်ဘောအသင်းကို အားပေးခဲ့ပြန်ပါ၏။ ကျွန်ုပ်သည် တစ်ရာသီလုံးလုံး၊ ဘရေ့ဗ်အသင်းကို စွဲစွဲမြဲမြဲ အားပေးခဲ့သော်လည်း ဆန်ဒိုင်ဂိုပက်ဒရီအသင်းနှင့် ဗိုလ်လုပွဲအတွက် ပြန်ကစားရန်ရှိသော အခါတွင်မူ ဘက်ပြောင်း၍ အားပေးခဲ့ပါသည်။ အဘယ့်ကြောင့် ကျွန်ုပ် ဘက်ပြောင်းခဲ့ရလေသနည်း။ ကျွန်ုပ်က 'တိုနီဂွင်း' ကို ဆန့်ကျင်၍ အားမပေးနိုင်သောကြောင့် ဖြစ်ပါ၏။

တိုနီဂွင်းသည် တက်ဒ်ဝီလျံ နောက်ပိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ဘေ့စ်ဘော ဘောလုံးကို ဘေ့စ်ဘော တုတ်တန်နှင့် အကောင်းဆုံးရိုက်နိုင်သူ ဖြစ်၏။ သူသည် အံ့ဩစရာကောင်းလောက် အောင် ဘောလုံးအရိုက်တော်မှုအတွက် ချန်ပီယံဆုပေါင်း ရှစ်ဆုအထိ ရရှိထားသူဖြစ်၏။ (တိုင်ကော့စ်ဆိုသူ ဘေ့စ်ဘောရိုက်သူတစ်ယောက် တည်းကသာ သူ့ထက်ပို၍ ဆုရဖူး၏) တိုနီဂွင်းကစားနေသည်ကို ကြည့်ရသည်ကပင် ပျော်စရာ ကောင်းလှ၏။ သူသည် နယူးရော့စ်၊ ကော့ပါးတောင်းရှိ ကျော်ကြားသူများ၏ပြတိုက်တွင် မလွဲမသွေ ပြသထားသည်ကို ခံရမည့်သူလည်း ဖြစ်ပါသည်။

အကယ်၍ သင်သည် လမ်းမပေါ်တွင် တိုနီဂွင်းနှင့် ဆုံတွေ့လိုက်ရ



ပါက ပြီးတော့လည်း သူသည် မည်သူမည်ဝါဖြစ်ကြောင်းကို သင်သိ မထားပါက သူသည် ဘေ့စ်ဘောရိုက်သောအလုပ်နှင့် အသက်မွေး ဝမ်းကျောင်းမှုပြုသူတစ်ဦးဖြစ်ကြောင်း သင်ခန့်မှန်းနိုင်မည်မဟုတ်ပါ။ အရပ်က ၅ ပေနှင့် ၁၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၂၂၀ ရှိသော သူသည် တောက်ပနေသော အားကစားသမားတစ်ယောက်၏ ပုံစံမျိုးမပေါက်ချေ။ သို့ရာတွင် အထင်တော့မမှားလိုက်ပါနှင့်၊ တိုနီဂွင်း သည် အလွန်ပါရမီထူးချွန်သော အားကစားသမားဖြစ်ပါ၏။ ဘေ့စ်ဘောနှင့် ဘတ်စကက်ဘော ကစားရာတွင် တော်လွန်းလှသော ကြောင့် ကောလိပ်ကျောင်းမှ သူ့ကို အမိန့်နှင့်ထုတ်ပြန်၍ ကစားခိုင်းသည် ကို ခံရသူလည်း ဖြစ်၏။ ပြီးတော့ သူ့တွင် အလွန်ထူးချွန်သည့် ပါရမီပါလာသော်လည်း ၎င်းအောင်မြင်မှု၏ အဓိကသော့ချက်မှာ အာရုံစူးစိုက်မှုပင် ဖြစ်ပါသည်။

တိုနီဂွင်းသည် ဘေ့စ်ဘော ဘောလုံးအား တုတ်တန်နှင့်ရိုက်ရ သည်ကို အလွန်နှစ်ခြိုက်သူဖြစ်၏။ သူသည် ထိုကိစ္စအတွက် သူ့ကိုယ်သူ လုံးဝ မြှုပ်နှံထားခဲ့၏။ အားကစားရာသီတိုင်း၌ သူသည် တက်ဒ်ဝီလျံ၏ **"သိပ္ပံနည်းကျ ဘေ့စ်ဘောရိုက်နည်း"**စာအုပ်ကို အကြိမ်ပေါင်းများစွာ ဖတ်ရှုလေ့ရှိ၏။ သူ ကောလိပ်ကျောင်းတက်နေစဉ်ကပင် စတင် ဖတ်ရှုမိခဲ့သော စာအုပ်ဖြစ်၏။ သူသည် ဘေ့စ်ဘောနှင့်ဆိုင်သော ဗီဒီယိုတိပ်ခွေများကို နာရီပေါင်း မရေမတွက်နိုင်အောင်ကြည့်ရှု၏။ ၎င်း၏နေအိမ်တွင်လည်း ဘေ့စ်ဘောရိုက်ချက်များအကြောင်း ရိုက်ကူး ထားသည့် တိပ်ခွေများကို စုဆောင်းထားသည့် စာကြည့်တိုက်ရှိ၏။ ထိုတိပ်ခွေများမှာ စလောင်းမှ ဖမ်းယူရရှိသည့် ကစားပွဲများကို ၎င်း၏ ဗီဒီယိုတိပ်ခွေကူးစက် (VCR)၅လုံးနှင့် စဉ်ဆက်မပြတ် ကူးယူ ထားသောတိပ်ခွေများ ဖြစ်ကြသည်။ သူသည် ခရီးသွားနေစဉ် လမ်းပေါ် ၌ပင်လျှင် တိပ်ခွေများကို ကြည့်ရှုနေတတ်၏။ သူ ဘေ့စ်ဘောကစားရန်

အတွက် ခရီးသွားသည့်အခါတွင်မူ ဗီစီအာ ၂ လုံးကို ယူသွားလေ့ရှိ၏။ သူက သူ၏ရိုက်ချက်များကိုသာ စုဆောင်း၍ တည်းဖြတ်ထားနိုင်ရန်ဖြစ်သည်။ သူသည် ဘော့စ်ဘောတုတ်တန်ကို လွှဲရိုက်နေသည့်အချိန်၊ သို့မဟုတ် တိပ်ခွေများကို ကြည့်နေသည့်အချိန်တို့ မဟုတ်ခဲ့ပါက အားကစားသမားပေါင်းစုံ ပါဝင်ဆင်နွှဲသည့်ပွဲများတွင် တက်ဒ်ဝီလျံကဲ့သို့သော အလွန်ထူးချွန်သည့် အားကစားသမားကြီးများနှင့် အတူတူ သူပါဝင်ကစားခဲ့ပုံများကို ၎င်း၏အဖွဲ့သားများအား ပြောပြနေတတ်၏။

တိုနီဂွင်းသည် ဤမျှလောက်နှင့် ကျေနပ်အားရမှုမရှိသေးပါ။ တုတ်တန်နှင့်ရိုက်နေရမှုသည် ၎င်း၏ပျော်ရွှင်မှုသုခတစ်ရပ်ပင် ဖြစ်၏။ ဧည့်ခံပွဲများသို့ တက်ရောက်လာသည့်အခါ၌ ၎င်း၏အင်္ကျီအိတ်ထဲမှ တုတ်တန်နှင့် ရိုက်ရာတွင် အသုံးပြုသည့် လက်အိတ်သည် ထိုးထိုးထောင်ထောင်နှင့် ပေါ်ထွက်နေလေ့ရှိ၏။ သူသည် လမ်းခရီးပေါ်ရှိ ကစားကွင်းများတွင်လည်း တစ်ချက်နှစ်ချက်ဆိုသလို ဝင်ရိုက်လေ့ရှိသောကြောင့် ဖြစ်၏။

ပြီးတော့လည်း သူသည် လေ့ကျင့်နေချိန်၊ ဗီဒီယိုတိပ်ခွေကို ကြည့်နေချိန်၊ သို့တည်းမဟုတ် အခြားသောဘော့စ်ဘော အားကစားသမားများနှင့် အမြင်ချင်းဖလှယ်နေချိန်မဟုတ်ခဲ့လျှင် သူသည် မျက်စိနှင့်လက်လှုပ်ရှားမှုတို့ ချိတ်ဆက်မိမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် ပင်ပေါင်ကစားခြင်း သို့မဟုတ် အခြားလှုပ်ရှားမှုတစ်မျိုးမျိုးကို ဆောင်ရွက်နေလေ့ရှိ၏။ ၎င်းအပြင် သူ၏အားကစားသက်တမ်းတစ်လျှောက်လုံး ဆန်ဒိုင်ဂို၌သာ နေထိုင်ရန် ဆုံးဖြတ်ခဲ့မှုကလည်း ၎င်း၏အားကစားစွမ်းရည်ကို ပိုမို၍ တိုးတက်စေခဲ့သည်။ တိုနီဂွင်းက ပြောဖူး၏။ “ကျုပ်ရဲ့ ခွန်အားတစ်မျိုးကတော့ ကျုပ်က ဘယ်လောက်အထိ ကိုယ်တွယ်ဆောင်ရွက်နိုင်စွမ်းရှိမယ်ဆိုတာကို သိထားခြင်းပဲ၊ ဆန်ဒိုင်ဂိုမှာ အာရုံထွေပြားစရာက နည်းနည်းပါးပါးပဲရှိတယ်။ စာနယ်ဇင်းသမားတွေရဲ့ ဆူဆူညံညံ လုပ်ရပ်တွေလဲ သိပ်မရှိဘူး။ အဲဒီကိစ္စတွေက ကျုပ်ကို တစ်သမတ်တည်း ဖြစ်နေစေနိုင်တယ်”



တစ်သမတ်တည်း ဖြစ်နေစေမှုသည် အလွန်မှန်ကန်ပါ၏။ ပင်တိုင်ဆောင်းပါးရှင် ဂျော့ချ်ဝင်လ် က “တိုနီဂွင်းကဲ့သို့ မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းတွင် ကြီးကျယ်ခန့်ညားမှုရှိသောပုဂ္ဂိုလ်များသည် လူအများစု မသိကြသော အာရုံစူးစိုက်မှုတစ်မျိုးကို ပြုစုပျိုးထောင်ထားသောကြောင့်ပင် ဖြစ်၏”ဟု ဆိုခဲ့သည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

စစ်မှန်စွာ ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ဦးဖြစ်လာစေရေးအတွက် လိုအပ်သော အာရုံစူးစိုက်မှုကို မည်သည့်အခြင်းအရာများက ဖြစ်စေခဲ့ပါသနည်း။ အာရုံစူးစိုက်မှု၏ အဓိကသော့ချက်များမှာ ဦးစားပေးမှုနှင့် အာရုံကို စုစည်းထားမှုများပင် ဖြစ်ကြသည်။ ခေါင်းဆောင်တစ်ဦးသည် မိမိ၏ဦးစားပေးမှုများကို သိသော်လည်း အာရုံစူးစိုက်မှုနည်း၏။ ထိုသူသည် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကိုတော့သိ၏။ သို့ရာတွင် သူသည် ပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းမရှိပါချေ။ အကယ်၍ သူ့ထံတွင် အာရုံစူးစိုက်မှုရှိပါသော်လည်း ဦးစားပေးမှုမရှိပါက အလွန်ကောင်းမွန်နေပါသော်လည်း တိုးတက်မှုတော့ ရှိမည်မဟုတ်ပါချေ။ သို့ရာတွင် ထိုသူသည် နှစ်မျိုးစလုံးကို နိုင်နိုင်နင်းနင်း ကိုင်တွယ်ထားနိုင်မည်ဆိုပါက သူ့တွင် အလွန်ကြီးကျယ်သော လုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် အလားအလာများရှိနေပြီ ဖြစ်ပါသည်။

ကျွန်ုပ်သည် အသေးအမွှားကိစ္စရပ်များကိုသာ အလေးထားနေကြသည့် ခေါင်းဆောင်နေရာမှ လူအတော်များများကို တွေ့ဖူးပါ၏။ ထိုကိစ္စက အဓိပ္ပာယ်သိပ်မရှိလှပါ။ တိုနီဂွင်းက ၎င်း၏စွမ်းအားဖြစ်သော

ဘော့စ်ဘောဘောလုံးအား တုတ်တံနှင့်ရိုက်သည့်ကိစ္စကို အာရုံစိုက်ရမည့်အစား အခြားကိစ္စများကို အလေးထားနေခြင်းမျိုး ဖြစ်နေပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်သွားပါက ၎င်း၏ပါရမီနှင့် အချိန်တို့အား အလဟဿ ဖြုန်းတီးပစ်ရာ ရောက်ပါလိမ့်မည်။

ထို့ကြောင့် အရေးကြီးသော မေးခွန်းတစ်ခုမှာ "သင်၏ အချိန်နှင့် စွမ်းအားကို မည်သို့မည်ပုံ အာရုံစူးစိုက်စေသင့်ပါသနည်း။" သင့်အား အကူအညီပေးနိုင်မည့် အောက်ပါလမ်းညွှန်ချက်များကို အသုံးပြုပါ–

**U ခွန်အားအပေါ်တွင် ၇၀ ရာခိုင်နှုန်း အာရုံစူးစိုက်ပါ**

မိမိတို့စွမ်းဆောင်နိုင်သည့် အလားအလာများကို ပြည့်ဝစွာ အသုံးပြုနိုင်သော ထိရောက်သည့် ခေါင်းဆောင်များသည် ၎င်းတို့၏ မှားယွင်းသော လုပ်ဆောင်မှုများအပေါ် အချိန်ပေး၍ အာရုံစူးစိုက်နေမည့်အစား ၎င်းတို့၏ ကောင်းမွန်သော ဆောင်ရွက်ချက်များအပေါ် ၌သာ အချိန်ပေးပြီး အာရုံစိုက်လေ့ ရှိပါ၏။ ခေါင်းဆောင်မှု ပညာရှင် **ပီတာဒရပ်ကာ** က "ကျုပ်တို့အတွက် နားမလည်နိုင်လောက်တဲ့ကိစ္စတစ်ခုက လူတွေ အလုပ်လုပ်တဲ့အခါမှာ ဆိုးဆိုးရွားရွားဖြစ်အောင် လုပ်မိတတ်ကြပါတယ်။ ဒါပေမယ့် ဒီလူတွေဟာ တစ်ခါတစ်ရံမှာတော့ ကိစ္စအနည်းငယ်ကို ကောင်းမွန်စွာ လုပ်ဆောင်တတ်ကြတယ် ဆိုတာပဲ။ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ကိစ္စတစ်မျိုးတည်းကတော့ အရည်အချင်း မပြည့်ဝမှုပဲ ဖြစ်ပြီး ခွန်အားကတော့ အမြဲတမ်းသီးသန့်ကိစ္စ ဖြစ်တယ်။ ဥပမာပြရရင် တယောထိုးတဲ့နေရာမှာ အလွန်တော်တဲ့ တယောဝိဇ္ဇာကြီးတစ်ယောက်ဟာ "ထရမ်းပက်" ကိုတော့ ကောင်းကောင်းမှုတ်တတ်မှာ မဟုတ်ပါဘူးလို့ ဘယ်သူကမှ ပြောရဲကြမှာ မဟုတ်ဘူး" အောင်မြင်မှု ရချင်သည်ဆိုရင်တော့ သင်၏ခွန်အားပေါ်မှာသာ အာရုံစူးစိုက်ပြီး ဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ဆောင်ပါ။ သင်ရဲ့အချိန်၊ အင်အားနဲ့ အရင်းအမြစ်တွေကို အဲဒီနေရာမှာ အသုံးပြုဖို့ပဲ ဖြစ်ပါတယ်။



**U အသစ်ဖြစ်ပေါ်လာမှုများအတွက် ၂၅ ရာခိုင်နှုန်း အာရုံစူးစိုက်ပါ။**

ဖွံ့ဖြိုးမှုနဲ့ ပြောင်းလဲမှုဟာ တူညီကိန်းဖြစ်ပါတယ်။ အကယ်၍ သင်ဟာ ပိုပြီးကောင်းသည်ထက် ကောင်းလာစေချင်တယ်ဆိုရင် တိုးတက်အောင် လုပ်ဆောင်နေရမှာ ဖြစ်တယ်။ အမြဲပဲပြောင်းလဲနေရမှာလဲ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ နယ်သစ်ပယ်သစ်တွေထဲကို ခြေလှမ်းလှမ်းလိုက်ဖို့ပါဘဲ။ တိုနီဂွင်းက လွန်ခဲ့တဲ့လေး၊ ငါး၊ ဆယ်နှစ်က တက်ဒ်ဝီလျံနဲ့ ဆွေးနွေးပြောဆိုပြီးတဲ့အချိန်မှာ အဲဒီမိုဒယ် ပုံစံကို ချမှတ်ခဲ့ပါတယ်။ ကြေးစားအားကစားသမားဟောင်းကြီးက တိုနီဂွင်းဟာ ဘော့စ်ဘောဘောလုံးကို ကွင်းထဲမှာပဲ ရိုက်တတ်အောင် လေ့လာကြိုးစားရင် ပိုကောင်းတဲ့အားကစားသမား ဖြစ်လာလိမ့်မယ်လို့ အကြံပေးခဲ့လေသည်။ တိုနီဂွင်းသည် ဘော့စ်ဘောဘောလုံးကို ကွင်း အပြင်သို့ရောက်အောင် ရိုက်ရန် ပို၍အားသန်သူဖြစ်၏။ သို့ရာတွင် သူ ကြိုးစား၍ရိုက်လာသောအခါ ၎င်း၏ပျမ်းမျှရိုက်ချက်သည် သိသိသာသာကြီး တိုးတက်သွားလေ၏။ အကယ်၍ သင်သည် ခွန်အားနယ်ပယ်နှင့် ဆက်စပ်နေသည့် အကြောင်းအရာသစ်များကို အချိန်ပေး၍ ဆောင်ရွက်မည်ဆိုပါက ခေါင်းဆောင်တစ်ဦးအဖြစ် ကြီးထွားလာနိုင်မည်ဖြစ်သည်။ တစ်ခုကိုတော့ မမေ့လိုက်ပါနှင့်။ ခေါင်းဆောင်မှုကဏ္ဍ၌ သင်သည် ကြီးထွားလာခြင်း မရှိတော့ပါက သင်သည် ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပြီ။

**U အားနည်းသော နယ်ပယ်အတွက် ၅ ရာခိုင်နှုန်းသာ အာရုံစူးစိုက်ပါ။**

မည်သူမဆို အားနည်းသောနယ်ပယ်များမှ လုံးဝရှောင်ကွင်း၍ သွားနိုင်ကြမည်မဟုတ်ပါ။ သော့ချက်မှာ ထိုအားနည်းချက်ကို ဖြစ်နိုင်သမျှ လျော့နည်းသွားအောင် လျှော့ချပစ်ရန်ပင် ဖြစ်ပါသည်။ ခေါင်းဆောင်များသည် ထိုကိစ္စကို အခြားပုဂ္ဂိုလ်များအား တာဝန်ခွဲဝေပေးခြင်းဖြင့် ဆောင်ရွက်နိုင်ပါ၏။ ဥပမာအားဖြင့် ကျွန်ုပ်သည် အသေးစိတ် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အခြားသူများအား တာဝန်ခွဲဝေပေး

ထားခဲ့သည်။ THE INJOY အုပ်စုမှ ဝန်ထမ်းတစ်စုက ကျွန်ုပ်၏ ကွန်ဖရင့်များနှင့် စပ်လျဉ်းသော ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းအားလုံးကို တာဝန်ယူဆောင်ရွက်ပေးကြ၏။ ဤနည်းဖြင့် ထိုကွန်ဖရင့်ကျင်းပသည့် နေရာသို့ ရောက်ရှိသွားသည့်အခါ ကျွန်ုပ်အနေနှင့် အကောင်းဆုံးလုပ်တတ်သည့် ကိစ္စ(ဥပမာ) ဟောပြောပို့ချခြင်းဆိုသည့် လုပ်ငန်းများကိုသာ စိုက်လိုက်မတ်တတ် ဆောင်ရွက်ရလေတော့သည်။

## ဆင်ခြင်သုံးသပ်ရန်

အာရုံစူးစိုက်မှုနယ်ပယ်တွင် သင့်ကိုယ်သင် မည်ကဲ့သို့အဆင့်သတ်မှတ်ထားပါသနည်း။ သင်၏ ခွန်အားကို ထူထောင်ရာတွင် အောင်မြင်မှုမရှိဘဲ ကျဆုံးစေခဲ့သော အားနည်းချက်များအပေါ်၌သာ အချိန်များစွာ အကုန်ခံနေပါသလား။ သင်သည် အသေးအဖွဲ့များကိုသာ ပိုမိုပြီး အလေးထားနေပါသလား။ အလားအလာအနည်းဆုံးပုဂ္ဂိုလ် များက သင်၏အချိန်များကို မောင်ပိုင်စီးထားကြပါသလား၊ ထိုကဲ့သို့ဖြစ်နေခဲ့ပါက သင်၏ အာရုံစူးစိုက်မှုသည် လျော့နည်းနေဖွယ်ရှိပါသည်။

အာရုံစူးစိုက်မှုတည်းဟူသော လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **သင့်ကိုယ်ကို အလုပ်လုပ်စိုင်းပါ** ။ ။သင်ကိုယ်တိုင်သည် သင်၏အကြီးမားဆုံးသော အဖိုးတန်ပစ္စည်းဖြစ်သည်။ သို့မဟုတ် သင့်ကို ပြန်လည်ဖျက်ဆီးမည့်ပစ္စည်းလည်းဖြစ်သည်။

U **ဦးစားပေးမှုများကို ဆောင်ရွက်ပါ** ။ ။သင်သည် ထိုဦးစားပေးမှုများကို ပြီးစီးအောင် အကြိတ်အနယ် ဆောင်ရွက်ရပေလိမ့်မည်။

U **ခွန်အားကို အသုံးပြုပါ** ။ ။သင်၏ဖြစ်နိုင်သော အလား အလာအထိရောက်ရှိအောင် အစွမ်းကုန် ကြိုးပမ်းအားထုတ်ပါ။



U **သင်၏စေတ်ပြိုင်များနှင့် တွဲဖက်၍ ဆောင်ရွက်ပါ။** သင်တစ်ဦးတည်းသာ ဆောင်ရွက်မည်ဆိုပါက ထိရောက်မှုရှိနိုင်မည် မဟုတ်ပါ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ အာရုံစူးစိုက်မှု တိုးတက်ကောင်းမွန်လာအောင် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **ခွန်အားရှိသည့်နေရာသို့ ရွှေ့ပြောင်းပါ။**

သင်၏အလုပ်တွင် သင်ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ကိစ္စသုံး၊ လေးမျိုးကို စာရင်းပြုစုပါ။ သင်သည် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သင့်အချိန်၏ ရာခိုင်နှုန်းမည်မျှကို အသုံးပြုခဲ့ပါသနည်း။ သင့်ရင်းမြစ်များ၏ ရာခိုင်နှုန်းမည်မျှကို အဆိုပါခွန်အားရှိသောနယ်ပယ်များအတွက် ရည်စူးသတ်မှတ်ထားပါသနည်း။ သင်၏ အချိန် ၇၀ ရာခိုင်နှုန်းကို ခွန်အားရှိသည့် နယ်ပယ်များအတွက် သတ်မှတ်ပေးထားသော မူလအစီအစဉ်နှင့်မတူဘဲ လုံးဝပြောင်းလဲသွားစေမည့် အစီအစဉ်သစ်တစ်ခုကို ဖန်တီးပါ။ အကယ်၍ ထိုကဲ့သို့ဆောင်ရွက်၍ မရဟုဆိုပါက သင်၏အလုပ် သို့မဟုတ် အသက်မွေးမှုလုပ်ငန်းအား ပြန်လည်သုံးသပ်ရန် အချိန်ကျရောက်လာပေပြီ။

U **သင်၏ ပျော့ညံ့ချက်များကို တာဝန်လွှဲပေးပါ။**

သင်၏လုပ်ငန်း၌ လိုအပ်နေသော ကိစ္စရပ်များအနက် သင်ကကောင်းမွန်စွာ မဆောင်ရွက်နိုင်ခဲ့သော ကိစ္စသုံး၊ လေးမျိုးကို ရှာဖွေပါ။ သင်က ထိုတာဝန်များအား အခြားသူများထံ မည်သို့ ခွဲဝေပေးနိုင်မည်ကို ဆုံးဖြတ်ပါ။ ထိုကိစ္စအတွက် ဝန်ထမ်းထပ်မံ ငှားရန် လိုအပ်ပါမည်လား။ သင်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် ပူးတွဲ၍ တာဝန်ယူရန်ကော

ဖြစ်နိုင်ပါသလား။ စီမံချက်တစ်ခုကို ရေးဆွဲပါ။

U **စွန်းထွက်လာမည့် ကိစ္စတစ်ရပ်ကို ဖန်တီးပါ။**

ယခု သင်သည် ဦးစားပေးမှုများအကြောင်း စဉ်းစားခဲ့ပြီးဖြစ်သဖြင့် အာရုံစူးစိုက်မှုကိုလည်း စဉ်းစားရန်ရှိပါ၏။ သင့်ခွန်အား၏ အဓိက နယ်ပယ်တွင် နောက်အဆင့်တစ်ဆင့်သို့ရောက်ရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ပါမည်နည်း။ မည်သည့် ကိရိယာပစ္စည်းအသစ်များ လိုအပ်ပါသနည်း။ သင်၏ ဆောင်ရွက်မှုပုံစံကို ပြန်လည်စဉ်းစားပါ။ စွန့်လွှတ်အနစ်နာခံရန် ဝန်လေးမနေပါနှင့်။ နောက်တစ်ဆင့်သို့ ရောက်အောင် ဆောင်ရွက်ရာတွင် သင်သုံးစွဲသည့် ငွေနှင့်အချိန်တို့သည် သင်၏ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေသည်။

## နေ့စဉ်မှတ်သားလိုက်နာရန်

အတွေ့အကြုံများစွာရှိသော တိရစ္ဆာန်လေ့ကျင့်သူများသည် ခြင်္သေ့လှောင်အိမ်ထဲသို့ ဝင်ရောက်သွားသည့်အခါတွင် ၎င်းတို့နှင့်အတူ ခွေးခြေငယ်ကလေးတစ်လုံးကိုသာ ယူဆောင်သွားလေ့ရှိကြ၏။ ခွေးခြေကို အဘယ်ကြောင့် ယူသွားပါသနည်း။ ထိုပစ္စည်းက ခြင်္သေ့တစ်ကောင်ကို အခြား အခြားသောပစ္စည်းများထက် (မေ့ဆေးသေနတ်က လွဲခဲ့ရင် ပေါ့လေ) ယဉ်ပါးအောင်လုပ်၍ရသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်များကို လေ့ကျင့်ပေးသူက ခွေးခြေ၏ ခြေထောက်များကို ခြင်္သေ့၏မျက်နှာဘက်ဆီသို့ ဆန့်တန်း၍ ကိုင်ထားလိုက်သည့်အခါ ထိုခြင်္သေ့သည် ခွေးခြေ၏ ခြေထောက်လေးချောင်းစလုံးပေါ်တွင် တပြိုင်နက်တည်း အာရုံစူးစိုက်ရန် ကြိုးစားလေတော့၏။ ဤတွင် ထိုကိစ္စက ခြင်္သေ့အား မလှုပ်နိုင် မရှားနိုင်အောင် ဖြစ်စေခဲ့ပါသည်။ အာရုံစူးစိုက်မှုကို ဖြန့်ကြက်ထားရှိမှုက သင့်အား အမြဲတစေပင် ဒုက္ခပေးလိမ့်မည် ဖြစ်ပါ၏။

**အရည်အချင်း (၉)**

# ရက်ရက်ရောရောရှိမှု

**သင့်ဖယောင်းတိုင်က အခြားဖယောင်းတိုင်အား မီးညှိပေးလိုက်သည့်အခါ**

**သင့်ဖယောင်းတိုင်က မည်သည့်အရာကိုမျှ ဆုံးရှုံးခြင်း မရှိပါ။**

မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမှ ၎င်း၏ ကြွယ်ဝချမ်းသာမှုအတွက် ဂုဏ်ပြုချီးကျူးခြင်းခံရလေ့ မရှိပါ။ စွန့်ကြဲပေးကမ်း တတ်သူများကိုသာ ဂုဏ်ပြုချီးကျူးလေ့ ရှိပါ၏။

**–ကဲလ်ဗင်ကူလီရစ်ချ်၊ အမေရိကန်သမ္မတ**

စွန့်ကြဲခြင်းသည် ဘဝတွင် အဆင့်အတန်းအမြင့်ဆုံးနေထိုင်မှုပင်ဖြစ်၏။

**–ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## နှလုံးသားမှ အစပြုပါ၏

အလွန်ရက်ရက်ရောရောရှိသူများအကြောင်း သင်စဉ်းစားကြည့်လိုက်သည့်အခါတွင် မည်သည့်ပုဂ္ဂိုလ်များကို တွေးမိပါသနည်း။ ရာစုနှစ်အစပိုင်းမှ ပရဟိတအလှူဒါနရှင် သန်းကြွယ်သူဌေးကြီးများဖြစ်ကြ သော အင်ဒရူးကာနက်ဂီ၊ ဂျေပီမော်ဂန်နှင့် အင်ဒရူးမီလွန်တို့၏ အမည်များကို တွေးမိပါသလား၊ သို့တည်းမဟုတ် ခေတ်ပြိုင်အလှူဒါနရှင်များဖြစ်ကြသည့် ဂျုံးကရော့၊ သို့မဟုတ် ဘီလ်ဂိတ်တို့ကို တွေးမိပါသလား။ ထိုပုဂ္ဂိုလ်များသည် ဒေါ်လာသန်းပေါင်းများစွာကို လှူဒါန်းခဲ့သူများဖြစ်ကြ၏။ သို့ရာတွင် ကျွန်ုပ်က အခြားအလှူဒါန ပြုလုပ်ခဲ့သူတစ်ဦးနှင့် သင့်အား မိတ်ဆက်ပေးလိုပါ၏။ သူမသည် သင်မည်သည့်အခါကမှ မကြားဖူးခဲ့သော အမျိုးသမီးတစ်ယောက်လည်းဖြစ်၏။ သို့တိုင်အောင်ပင် သူမ၏အလှူက နှလုံးသားထဲမှသာ လာနိုင်သော နက်ရှိုင်းစွာ ပေးလှူခြင်းမျိုးကို ကိုယ်စားပြုထားပါ၏။

သူမ၏နာမည်မှာ "အဲလိဇဘက် အီးလီးယော့"ဖြစ်၏။ ၁၉၅၀ ဆယ်စုနှစ်အစောပိုင်းကာလများက အီကွေဒေါနိုင်ငံရှိ ကွီချူအာအင်ဒီယန်းများနှင့် ဆက်သွယ်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့် သွားရောက်ခဲ့ကြသော သာသနာပြုအဖွဲ့တစ်ဖွဲ့နှင့်အတူ လိုက်ပါသွားခဲ့သူ ဖြစ်သည်။ အဆိုပါ အုပ်စုတွင် ဂျင်မ်ဆိုသည့်လူငယ်တစ်ဦးလည်း လိုက်ပါလာ၏။ ဂျင်မ်က သူမအား ၁၉၄၇ ခုနှစ်ကစ၍ ပိုးပန်းနေခဲ့သူဖြစ်သည်။ သူတို့သည် အတူတကွ အလုပ်လုပ်ကြရင်း အီကွေဒေါနိုင်ငံသား အင်ဒီးယန်းများအတွက် ဘဝနှင့်ရင်း၍ ဆောင်ရွက်နေကြသူများ ဖြစ်ကြသောကြောင့် နောက်ဆုံးတွင် ၎င်းတို့ ၂ ဦးသည် လက်ထပ်လိုက်ကြလေ၏။

သူတို့လက်ထပ်ကြပြီး ၂ နှစ်အကြာ "ဗယ်လာရီ"ဟု အမည်



ပေးထားသော သမီးကလေးကလည်း ဆယ်လ အရွယ်သို့ရောက်ရှိနေချိန်တွင် ဂျင်မ်နှင့် သာသနာပြုအဖွဲ့ဝင် အခြားလေးယောက်တို့သည် ထိုဒေသတွင်ပင် နေထိုင်လျက်ရှိသော "အူကန်"ဆိုသည့် အခြားလူရိုင်းအုပ်စုငယ်တစ်စုနှင့် သွားရောက်ဆက်သွယ်ဖို့ လိုအပ်သည်ဟု သဘောရရှိလာကြ၏။ ထိုအူကန်အင်ဒီယန်းများသည် အလွန်ဆိုးရွားရက်စက်ကြောင်း သတင်းကျော်ကြားလျက်ရှိ၏။ ၎င်းတို့နှင့် အစောဆုံးဆက်သွယ်မှုအဖြစ် မှတ်တမ်းတင်ထားသောကိစ္စမှာ ၁၆၀၀ ပြည့်နှစ်တစ်ဝိုက်က ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးအား သတ်ဖြတ်ခဲ့မှုပင်ဖြစ်သည်။ ထိုအချိန်ကစ၍ ၎င်းတို့ထံသို့ လာရောက်သူတိုင်းအား တိုက်ခိုက်လေ့ရှိကြသဖြင့် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှု အတွက် အီကွေဒေါနိုင်ငံရှိ အခြားအင်ဒီယန်းများကပင်လျှင် သူတို့ကို ရှောင်ကြဉ်ကြ၏။

ဂျင်မ်နှင့် အဖွဲ့သားများက အူကန်များနှင့် အဆက်အသွယ်ရရှိရေးကို ကြိုးပမ်းနေကြစဉ်မှာပင် ထိုလူငါးယောက်သည် ကိုယ့်သေတွင်းကို ကိုယ်တူးနေကြသူများဖြစ်ကြောင်း အဲလိဇဘက်သိနေပါသည်။ သို့ရာတွင် သူမကလည်း ကြံ့ခိုင်စွာ ဆုံးဖြတ်ထားပြီးဖြစ်ပါ၏။ ၎င်းတို့ ၂ ဦးသည် ဤသာသနာပြုအဖွဲ့အတွက် အသက်ကိုပင် ပေးအပ်ထားကြ သူများဖြစ်သည်။ သာသနာပြုအဖွဲ့မှ လေယာဉ်မောင်းနှင်သူတစ်ဦးသည် ရက်သတ္တပတ်ပေါင်းများစွာ ကြာအောင် အူကန်ကျေးရွာပေါ်တွင် လေယာဉ်ပျံငယ်ကလေးတစ်စီးနှင့် ကျော်ဖြတ်မောင်းနှင်ရင်း စားနပ်ရိက္ခာများနှင့် အခြားပစ္စည်းများကို လက်ဆောင်အဖြစ် ချပေးခဲ့၏။ သူတို့သည် ထိုလူမျိုးစုနှင့် ပထမအကြိမ် တွေ့ဆုံရေးအတွက် ၎င်းတို့၏ ဓာတ်ပုံများကိုပင် ထည့်ပေးခဲ့ကြ၏။

နောက်ထပ်ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ဂျင်မ်နှင့် အခြားလေးယောက်တို့သည် ကူရာရေးမြစ်ပေါ်ရှိ ကျဉ်းမြောင်းသော

သဲသောင်ပြင်ပေါ်သို့ ဆင်းလိုက်ကြပြီးလျှင် စခန်းချ၍ နေထိုင်ကြလေ၏။ ထိုနေရာတွင် သူတို့သည် အူကန်သုံးယောက် (အမျိုးသားတစ်ယောက်၊ အမျိုးသမီး ၂ ယောက်)နှင့် ဆက်သွယ်မှုရခဲ့၏။ ထိုသုံးယောက်သည် ခင်ခင်မင်မင်နှင့် လက်ခံကြမည့်သဘောရှိ၏။ ထို့နောက်ပိုင်းရက်များတွင် သူတို့သည် အခြားအူကန်အတော်များများနှင့်လည်း တွေ့ဆုံခဲ့ကြ၏။ ဂျင်မ်တို့လူစုက ဇနီးများထံသို့ ရေဒီယိုနှင့် ဆက်သွယ်ကြပြီး ထိုလူမျိုးစုနှင့် ခင်မင်ရင်းနှီးအောင် ဆောင်ရွက်မှုမှာ သိသိသာသာ ကောင်းမွန်တိုးတက်နေပုံရကြောင်းကို အကြောင်းကြားခဲ့ကြသည်။

သို့ရာတွင် နောက်ထပ်ရက်အနည်းငယ်ကြာသောအခါ ထိုလူစုသည် သတ်မှတ်ထားသောအချိန်တွင် ပင်မစခန်းနှင့် ဆက်သွယ်ရန် ပျက်ကွက်ခဲ့၏။ ဇနီးများသည် ၎င်းတို့ထံမှ ဆက်သွယ်လာမှုကို စောင့်ဆိုင်းနေကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရလေသည်။ မိနစ်များစွာ နာရီပေါင်းများစွာ ကုန်လွန်သွားခဲ့၏။ ထို့နောက် အဲလိဇဘတ်နှင့် အခြား သူများသည် အဆိုးရွားဆုံးကိုသာ မျှော်လင့်နေကြရလေတော့၏။

ထိုအဖွဲ့ကို ရှာဖွေစုံစမ်းရန်အတွက် ရှာဖွေရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ရာ ၎င်းတို့က သတင်းဆိုးကို ရေဒီယိုနှင့် ပြန်၍ပေးပို့လိုက်၏။ သူတို့သည် ရေထဲ၌ မျောပါနေသော လူဖြူတစ်ယောက်၏အလောင်းကို မြင်တွေ့ကြရပြီးနောက် ရှာဖွေသူများသည် ဂျင်မ်တို့လူစုကို တစ်ယောက်ပြီး တစ်ယောက်ရှာဖွေ၍ တွေ့ရှိခဲ့ကြသည်။ အားလုံး၏ ကံကြမ္မာသည် အတူတူပင် ဖြစ်ကြ၏။ သူတို့အားလုံးကို အူကန်လှံများနှင့် ခုတ်ထစ်ထားကြ၏။ ငါးယောက်စလုံး သေဆုံးခဲ့ရလေပြီ။

အဆိုပါအနေအထားမျိုးတွင် အဲလိဇဘတ်၏ နေရာ၌ရှိနေသူ လူပေါင်းများစွာတို့သည် မိမိတို့၏နေအိမ်သို့ ပြန်ကြတော့မည်သာ ဖြစ်၏။ အခြားသူများအား ကူညီရန်အတွက် အမေရိကန်ပြည်ထောင်စု၌ သက်သောင့်သက်သာနေထိုင်ရမှုကို စိတ်အားထက်သန်စွာဖြင့်



စွန့်လွှတ်ရန်ဆိုသည့် ကိစ္စမှာ တစ်မျိုးဖြစ်ပြီး ယခုကိစ္စမှာ မိမိ၏ ခင်ပွန်းကိုစွန့်လွှတ်လိုက်ရမှုဖြစ်၏။ သို့ရာတွင် အဲလိဇဘက်အီးလီးယော့တွင် အမှန်တကယ် ရက်ရက်ရောရောရှိလှသည့် နှလုံးသားတစ်ခုရှိ၏။ သူမ၌ အလွန်ဆိုးရွားသော ဆုံးရှုံးမှုကြီးရှိနေသည့်တိုင်အောင် သူမသည် အီကွေဒေါနိုင်ငံသားများကို ကူညီချင်စိတ် ရှိနေဆဲပင် ဖြစ်၏။ သူမသည် ဆက်လက်၍ နေထိုင်ခဲ့ပြီး "ကွီချူအာ" များအားလည်း ဆက်လက်၍ ကူညီနေခဲ့ပါသည်။

ထိုကိစ္စနောက်ပိုင်း၌ ဖြစ်ပျက်လာမှုများမှာ ပို၍ပင် ထူးထူးခြားခြား ရှိလှပါသည်။ အခြားသာသနာပြုအဖွဲ့များကလည်း အူကန်ကျေးရွာနှင့် အဆက်အသွယ်ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့ကြ၏။ နောက်ထပ် ၂ နှစ်ခန့်ကြာသောအခါမှပင် ၎င်းတို့အောင်မြင်မှု ရရှိခဲ့ကြပါသည်။ ချက်ချင်းလိုလိုပင် အဲလိဇဘက်အီးလီးယော့သည် ထိုကျေးရွာသို့ အပြေးအလွှား သွားရောက်ခဲ့လေ၏။ လက်စားချေဖို့များလား။ မဟုတ်ပါချေ။ ၎င်းတို့နှင့်အတူတူ နေထိုင်ပြီး ၎င်းတို့အတွက် လုပ်အားပေးရန်ပင် ဖြစ်ပါ၏။ အဲလိဇဘက်အီးလီးယော့သည် အူကန်လူမျိုးများနှင့်အတူ ၂ နှစ်ကြာအောင် နေထိုင်ခဲ့ပြီးနောက် အူကန်လူမျိုးအတော်များများက အားရဝမ်းသာစွာ ခရစ်ယန်ဘာသာထဲသို့ ဝင်ရောက်ခဲ့ကြ၏။ ထိုပုဂ္ဂိုလ်များထဲတွင် ၎င်း၏ခင်ပွန်းကို သတ်ဖြတ်ခဲ့သော လူ ၇ ယောက်ထဲမှ ၂ ယောက်လည်း ပါဝင်ပါသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ခေါင်းဆောင်တစ်ဦး၏ ရက်ရက်ရောရောရှိမှုက အခြားပုဂ္ဂိုလ်များအား နှုတ်ဖြင့်စောင်မမှု၊ သို့တည်းမဟုတ် လက်ဖြင့်စောင်မကူညီမှုတို့ထက် ပို၍သိသာထင်ရှားသော လုပ်ရပ်ဖြစ်ပေသည်။ အမှန်တကယ် ရက်ရောမှုသည် တစ်ခါတစ်ရံတွင်သာ ဖြစ်ပွားလေ့ရှိသော ကိစ္စမျိုး မဟုတ်ချေ။ ထိုကိစ္စသည် နှလုံးသားမှ ယိုစိမ့်ထွက်ကျလာခြင်း ဖြစ်ပြီး ခေါင်းဆောင်တစ်ဦး၏ဘဝမှ ကဏ္ဍပေါင်းစုံထဲသို့ စိမ့်ဝင်ရောက်ရှိသွားတတ်၏။ သူ၏အချိန်၊ သူ၏ငွေကြေး၊ သူ၏အစွမ်းအစနှင့် သူပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းများအထိပင် ဖြစ်၏။ လူအများအပြားက ၎င်း၏ ခေါင်းဆောင်မှုကို ခံယူချင်ကြသော ထိရောက်မှုရှိသည့် ခေါင်းဆောင်များသည် ပစ္စည်းများကို ၎င်းတို့အတွက်သာ မဟုတ်ဘဲ အခြားသူများကို ဖြန့်ဝေစွန့်ကြဲရန်အတွက် စုဆောင်းနေကြခြင်းဖြစ်သည်။ သင့်ဘဝတွင် ရက်ရက်ရောရောရှိသည့် အရည်အချင်းတစ်ရပ်ကို ပြုစုပျိုးထောင်ယူပါ။ ပျိုးထောင်ပုံ ပျိုးထောင်နည်းမှာ ဤသို့ဖြစ်ပါ၏။

**၁။ သင့်ထံ၌ ရှိနေသမျှအတွက် ကျေးဇူးတင်ပါ။**

မိမိထံတွင် ရှိနေသော ပစ္စည်းများနှင့် ကျေနပ်နှစ်သိမ့်မှုမရှိနိုင်သော ပုဂ္ဂိုလ်အဖို့ ရက်ရက်ရောရောရှိရန် ခက်ခဲမည်သာ ဖြစ်ပါသည်။ ရက်ရက်ရောရောရှိမှုသည် တင်းတိမ်ရောင့်ရဲမှုမှ ပေါ်ထွန်းလာခြင်းဖြစ်ပြီးလျှင် ပို၍ရရှိလာခြင်းနှင့် ရောပါလာခြင်းမရှိချေ။ သန်းကြွယ်သူဌေးကြီး ဂျွန်ဒီရော့ခ်ဖဲလားက ဝန်ခံဖူး၏။ "ကျုပ်က ငွေကြေးသန်းပေါင်းများစွာရအောင် လုပ်ခဲ့တယ်။ ဒါပေမယ့် အဲဒါတွေက ကျုပ်ကို မပျော်ရွှင်စေနိုင်ဘူး" အကယ်၍ သင်သည် အနည်းငယ်မျှနှင့် ရောင့်ရဲမှုမရှိပါက အများကြီးနှင့်လည်း ရောင့်ရဲတင်းတိမ်နိုင်မည် မဟုတ်ချေ။ ပြီးတော့လည်း



သင့်ထံ၌ အနည်းငယ်မျှသာ ရှိနေစဉ်ကပင် ရက်ရောမှုမရှိပါက သင်ချမ်းသာလာချိန်တွင် သင့်အနေအထားသည် ရုတ်တရက် ပြောင်းလဲသွားလိမ့်မည် မဟုတ်ပါ။

**၂။ လူ့ပုဂ္ဂိုလ်ကို ရှေ့တန်းတင်ပါ။**

ခေါင်းဆောင်တစ်ဦးအား တိုင်းတာရာတွင် သူ့အား လူပေါင်းမည်မျှက ခယနေကြသနည်းဆိုသည့်အချက်သာ မဟုတ်မူဘဲ သူက လူပေါင်းမည်မျှကို ဝန်ဆောင်မှုပေးနေသနည်းဆိုသည့်အချက်ပင် ဖြစ်သည်။ ရက်ရက်ရောရောရှိမှုတွင်လည်း အခြားပုဂ္ဂိုလ်များအား မိမိရှေ့က ဦးစားပေးထားရှိရန် လိုအပ်ပေသည်။ သင်သည် ထိုကဲ့သို့ ပြုလုပ်နိုင်ပြီဆိုပါက ပေးကမ်းစွန့်ကြဲမှုသည် သင့်အတွက် အလွန်တရာ ပို၍လွယ်ကူသွားပါလိမ့်မည်။

**၃။ ပိုင်ဆိုင်လိုသည့်ဆန္ဒက သင့်ကို မလွှမ်းမိုး၊ မချုပ်ချယ်ပါစေနှင့်။**

ကျွန်ုပ်၏ သူငယ်ချင်း "အာလ်ဝီလ်ဆင်"၏ အလိုအရ လူ အများကို အုပ်စုသုံးစုအဖြစ် ခွဲခြား၍ ရနိုင်ပါသည်။ **"ရှိသူများ၊ မရှိသူများနှင့် ၎င်းတို့ထံရောက်ရှိနေသည့်ပစ္စည်းများအတွက် တန်ရာတန်ဖိုးမပေးကြသူများ"** ဟူ၍ပင် ဖြစ်၏။ လူပေါင်းများစွာတို့သည် ရယူပိုင်ဆိုင်လိုသည့်ဆန္ဒ၏ ကျေးကျွန်ဘဝသို့ ပို၍ပို၍ ရောက်ရှိနေကြသည်။ စာရေးဆရာ "ရစ်ချတ်ဖော့စတာ"က "ပစ္စည်းများကို ပိုင်ဆိုင်လိုမှုသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုတွင် အစွဲအလမ်းကြီးတစ်ခုဖြစ်နေသည်။ အကယ်၍ ကျွန်ုပ်တို့က ပစ္စည်းတစ်ခုကို ပိုင်ဆိုင်ခဲ့သည်ရှိသော် ထိုပစ္စည်းကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ထင်မြင်ကြ၏။ ထိန်းချုပ်နိုင်သည့်အခါတွင်လည်း ထိုပစ္စည်းက ကျွန်ုပ်တို့ကို ပိုမို၍ ပျော်ရွှင်မှုပေးမည်ဟု ထင်နေကြ၏။ ထိုကိစ္စသည် စိတ်၏လှည့်စားမှုတစ်ခုမျှသာဖြစ်ပါ၏" ဟု ရေးသားဖူးသည်။ သင်သည် သင့်နှလုံးသားကို စိုးမိုးသူဖြစ်လိုပါလျှင် သင်၏ ပိုင်ဆိုင်မှုများက သင့်ကို လွှမ်းမိုးမသွားပါစေနှင့်။

### ၄။ ငွေကြေးစနက်ကို အရင်းအမြစ်ပစ္စည်းတစ်ခုအဖြစ်သာ သဘောထားပါ။

တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်က "ငွေကြေးကိစ္စနှင့် ပတ်သက်လာလျှင် မိမိကိုယ်ကို မထိန်းသိမ်းနိုင်ကြတော့ပါ"ဟု တစ်ချိန်က ပြောခဲ့ဖူးသည်။ သင်သည် ဥစ္စာခနေ ကြွယ်ဝရေးကိုသာ အာရုံစူးစိုက်နေပါက သင်သည် ရုပ်ဝါဒီတစ်ဦးဖြစ်၏။ သင်သည် ဥစ္စာခနေ ရရှိရန် ကြိုးစားသော်လည်း ရှာဖွေ၍မရသူ ဖြစ်ပါက သင်သည် အရှုံးသမား ဖြစ်၏။ အကယ်၍ သင်သည် ငွေကြေးမြောက်မြားစွာ ရရှိထားသော်လည်း သိမ်းဆည်းထားပါက သင်သည် ကပ်စေးနှဲသူဖြစ်၏။ သင်က ငွေကြေးရရှိအောင် ဆောင်ရွက်နိုင်သလို သုံးစွဲသူလည်း ဖြစ်ပါက သင်သည် အသုံးအဖြုန်းကြီးသူဖြစ်၏။ သင်သည် ငွေကြေးရရှိရေးကို စိတ်မဝင်စားသူ ဖြစ်ပါက သင်သည် ရည်မှန်းချက်မကြီးမားသူ ဖြစ်၏။ သင်သည် ငွေကြေးအမြောက်အမြားရရှိအောင် ဆောင်ရွက် နိုင်ခဲ့ပြီး သင်ကွယ်လွန်သည့်အချိန်တွင် ထိုငွေကြေးများသည် အများအပြား ကျန်ရစ်ခဲ့ပါက သင်သည် ထိုဥစ္စာခနေများကို သင်နှင့်အတူ ယူဆောင်သွားရန် ကြိုးစားမှုကြောင့် မိုက်မဲသူတစ်ဦး ဖြစ်ပေသည်။

ငွေကြေးနှင့်ပတ်သက်၍ အနိုင်ရရှိနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ထိုငွေကြေးကို မမြဲတမြဲ ကိုင်ဆောင်ထားရန်ပင် ဖြစ်၏။ ပြီးတော့ တန်ဖိုးရှိသော ကိစ္စများကို လုပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းရမည့်လုပ်ငန်းများတွင် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲရန် ဖြစ်သည်။ "အီးစတန်လီဂျုံးစ်" က ပြောဖူး၏။

"ငွေကြေးဟာ အံ့ဩစရာကောင်းတဲ့ တပည့်ဖြစ်တယ်၊ ဒါပေမယ့် အလွန်ဆိုးရွားတဲ့ ဆရာသမားလဲ ဖြစ်တယ်၊ သူက သင့်အထက်ကို ရောက်သွားပြီး သင်က သူ့အောက်ကို ရောက်သွားတဲ့အခါကျရင်တော့ သင်ဟာ ငွေကြေးရဲ့ ကျေးကျွန်ဖြစ်သွားလိမ့်မယ်"



### ၅။ ပေးကမ်းစွန့်ကြဲသည့် အကျင့်ကို ပြုစုပျိုးထောင်ပါ။

၁၈၈၉ ခုနှစ်တွင် သန်းကြွယ်စက်မှုလက်မှုလုပ်ငန်းရှင် အင်ဒရူး ကာနက်ဂီက "ကြွယ်ဝမှု၏ အမှန်တရား"ဆိုသော အက်ဆေးတစ်ပုဒ်ကို ရေးသားခဲ့သည်။ အဆိုပါ အက်ဆေးထဲတွင် သူက "ကြွယ်ဝချမ်းသာသူတို့၏ဘဝတွင် အချိန် ၂ ချိန်ရှိသင့်၏။ စီးပွားရှာချိန်နှင့် ထိုစီးပွား ဥစ္စာများကို ပြန်လည်ခွဲဝေပေးချိန်တို့ ဖြစ်ကြသည်။ ရက်ရက်ရောရော ပေးကမ်းလိုသည့်စိတ်ထားကို ထိန်းသိမ်းထားနိုင်သည့်တစ်ခုတည်းသော နည်းလမ်းမှာ သင်၏ "အချိန်" "ဂရုစိုက်မှု" "ငွေကြေး"နှင့် "ရင်းမြစ်ပစ္စည်း"တို့ကို သူတစ်ပါးအား ပေးကမ်းသည့်အကျင့်ကို ပြုလုပ်ထား ရန်ပင် ဖြစ်၏။ "ရစ်ချတ်ဖော့စတာ"ကလည်း အကြံပေးဖူး၏။ "ငွေကြေး ကို စွန့်လွှတ်ခြင်း၊ သို့တည်းမဟုတ် အခြားရတနာတချို့ကို စွန့်လွှတ်ခြင်းဆိုတဲ့ အပြုအမူက ကျွန်ုပ်တို့ရဲ့အတွင်းဘက်မှာ တစ်ခုခုကို ဖြစ်ပေါ်လာစေတယ်။ အဲဒါက လောဘရမ္မက်ဆိုတဲ့ ဘီလူးကြီးကို ဖျက်ဆီးပစ်လိုက်ခြင်းပဲ ဖြစ်တယ်"ဟု ဆိုဖူး၏။ အကယ်၍ သင်သည် လောဘရမ္မက်၏ ကျေးကျွန်ဖြစ်နေခဲ့ပါက လူအများစုကို ခေါင်းဆောင်နိုင်လိမ့်မည် မဟုတ်ပါ။

## ဆင်ခြင်သုံးသပ်ပါ

သင်သည် ရက်ရက်ရောရောရှိသော ခေါင်းဆောင်တစ်ဦး ပေလား။ သင်က အခြားပုဂ္ဂိုလ်များကို တန်ဖိုးတက်လာစေမည့် နည်းလမ်းများကို စဉ်ဆက်မပြတ် ရှာဖွေနေပါသလား။ သင့်ထက်ပို၍ ကြီးမြတ်သော ကိစ္စတစ်ရပ်အတွက် ငွေကြေးလှူဒါန်းဖူးပါသလား။ သင့်ကို မကူညီနိုင်သည့် ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ်တစ်ခုခုကို ပြန်၍ ပေးဆပ်နိုင်စွမ်းမရှိသူများအား ကူညီစောင်မဖူးပါသလား၊ စာရေး

ဆရာ“ဂျွန်ဘန်ယန်”က အခိုင်အမာပြောဖူး၏။ **“ယနေ့တွင် သင်သည် မိမိအား မည်သည့်အခါတွင်မှ ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသူတစ်ဦးအတွက် တစ်ခုခုကို ဆောင်ရွက်ပေးခြင်းမရှိသေးသ၍ ယနေ့အဖို့ သင်အသက်ရှင်နေသည်ဟု မဆိုနိုင်ချေ”** အကယ်၍ သင့်ဘဝ၏ သေးငယ်သောအစိတ်အပိုင်းများတွင် ပေးကမ်းစွန့်ကြဲမှု မရှိခဲ့ပါက သင်သည် ရက်ရက်ရောရောရှိသည့် ခေါင်းဆောင်တစ်ယောက်ဖြစ်လာနိုင်ဖွယ် မရှိပါ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲမှု ပိုမိုတိုးတက်လာစေရေးအတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **တစ်ခုခုကို ပေးကမ်းစွန့်ကြဲလိုက်ပါ။**

သင်ပိုင်ဆိုင်သော ပစ္စည်းများက သင့်အပေါ်တွင် မည်မျှလောက်အထိ ချုပ်ကိုင်ထားနိုင်ကြောင်း အဖြေရှာပါ။ သင်တကယ်တန်ဖိုးထားသည့် ပစ္စည်းတစ်ခုခုကို ယူလိုက်ပြီးနောက် သင်ချစ်ခင်ကြင်နာသူတစ်ယောက်ယောက်ကို တွေးကြည့်လိုက်ပါ။ထိုပစ္စည်းက သူ့အတွက် အကျိုးဖြစ်ထွန်းစေနိုင်မည် ဆိုပါက သူ့ကိုပေးလိုက်ပါ။ အကယ်၍ သင်က အမည်မဖော်ဘဲ ပေးကမ်းနိုင်မည်ဆိုပါက ပို၍ပင် ကောင်းမွန်ပါလိမ့်မည်။

U **သင်၏ ငွေကြေးကို အလုပ်လုပ်စိုင်းပါ။**

အကယ်၍ သင်သည် အမှန်တကယ်ကြီးကျယ်ကောင်းမွန်သည့် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရန် အမြော်အမြင်ရှိသူတစ်ဦးဦးကို သိပါက၊ ထိုလုပ်ငန်းကလည်း အခြားပုဂ္ဂိုလ်များ၏ဘဝကို အပြုသဘောနှင့် ထိရောက်သော အကျိုးသက်ရောက်မှု ဖြစ်စေနိုင်မည်ဆိုပါက ၎င်းပုဂ္ဂိုလ်အနေနှင့် ထိုလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ထောက်ပံ့လိုက်ပါ။ သင်ကွယ်လွန်သွားသော်လည်း ဆက်လက်၍ ကျန်ရစ်နေမည့် လုပ်ငန်းတစ်ခုခုအတွက် သင့်ငွေကြေးကို ပေးအပ်ပါလေ။

U **တစ်ဦးတစ်ယောက်အတွက် “ဆရာ”အဖြစ် ဆောင်ရွက်ပါ။**

ခေါင်းဆောင်မှုအခန်းကဏ္ဍတွင် သင်သည် အဆင့်တစ်ဆင့်သို့ ရောက်ရှိနေပြီဆိုပါက အဖိုးအထိုက်တန်ဆုံးသော ပစ္စည်းအား ပေးအပ်ရမည့်သူမှာ သင့်ကိုယ်တိုင်ပင် ဖြစ်သည်။ သင်၏ဘဝတွင် သင်တတ်ကျွမ်းနားလည်ထားသမျှကို လုံးဝဥဿုံ ပုံ၍ (အမွေ)ပေးအပ်ရမည့်သူ တစ်ဦးဦးကို ရှာဖွေပါ။ ထို့နောက် ၎င်းအား ပို၍တော်သော ခေါင်းဆောင်တစ်ယောက်ဖြစ်လာစေရေးအတွက် သင်၏ အချိန်နှင့် အရင်းအမြစ်များကို ပေးအပ်ပါ။

## နေ့စဉ်မှတ်သားလိုက်နာရန်

ပြင်သစ်နိုင်ငံမှ လူကြိုက်များသော စာရေးဆရာ “ဒိုးမိနစ်လာပီးယား”သည် စာအုပ်သစ်တစ်အုပ်အတွက် သုတေသနပြုလုပ်ရန် အိန္ဒိယနိုင်ငံသို့ သွားရောက်သည့်အခါ အဆိုပါစာအုပ်အတွက် ရရှိသော ကြိုတင်ငွေနှင့် ဝယ်ယူထားသည့် ငွေရောင်ရိုးစ်ရွိုက်စ် ကားကြီးနှင့် စတိုင်ကျကျ သွားရောက်ခဲ့လေ၏။ သူရောက်ရှိသွားသော အခါ သူရေးသားမည့် ‘သုခမြို့တော်’စာအုပ်အတွက် လိုအပ်သည့် အချက်အလက်များကို ရရှိခဲ့ပါသည်။ သို့ရာတွင် အခြားပစ္စည်းတစ်ခုကိုလည်း သူရရှိခဲ့ပါသေးသည်။ ထိုကိစ္စမှာ သူတွေ့ရှိခဲ့ရသော စိတ်မချမ်းသာစရာ ကောင်းပြီး၊ ဆင်းရဲမွဲတေနေသူများအား ကူညီနိုင်ရန် ပြင်းပြသည့် ဆန္ဒဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ သူ၏တွေ့ရှိချက်က သူ့ဘဝကို တစ်သက်လုံး ပြောင်းလဲသွားစေခဲ့ပါ၏။ ယခုအခါတွင်

သူသည် ၎င်း၏အချိန်ကို စာရေးသားခြင်း၊ ရန်ပုံငွေရှာဖွေခြင်းနှင့် လူအများအား ကူညီရန် အချိန်နှင့်ငွေကြေးတို့ကို ထောက်ပံ့ခြင်းတို့ အတွက် ခွဲခြားထားရှိရလေသည်။ သူ့သဘောထားကို ၎င်း၏လုပ်ငန်း ကတ်ပြား ကျောဖက်၌ ရိုက်နှိပ်ဖော်ပြထားသော အိန္ဒိယကဗျာဆရာကြီး ရာဗင်ဒရာနတ်တဂိုး၏ စာသားဖြင့် အကျဉ်းချုပ်၍ ဖော်ပြနိုင်မည် ဖြစ်ပါသည်။ ထိုစာသားမှာ **"စွန့်ကြဲခြင်းမရှိသော အရာအားလုံးသည် ပျောက်ဆုံးသွားမည်သာ ဖြစ်၏"** ဟူ၍ ဖြစ်ပါ၏။ လက်ရှိအနေ အထား၌ သင်သည် ဆုပ်ကိုင်ထားခြင်းဖြင့် မည်သည့်အရာကို ဆုံးရှုံး နေပါသနည်း။

**အရည်အချင်း (၁၀)**

# စတင်တီထွင်တတ်မှု

## စတင်၍ မတီထွင်တတ်ပါက နေအိမ်ကပင် ခွာ ရလိမ့်မည်မဟုတ်

အောင်မြင်မှုသည် လုပ်ဆောင်မှုနှင့် ဆက်စပ်နေပုံရ၏။ အောင်မြင်သောပုဂ္ဂိုလ်များသည် အမြဲလှုပ်ရှားနေကြ၏။ သူတို့သည် အမှားများကိုလည်း ပြုလုပ်မိတတ်ကြ၏။ သို့ရာတွင် သူတို့က လက်မလျှော့ကြချေ။

**ကွန်းရက်ဟီလ်တန် – ဟိုတယ်စီမံခန့်ခွဲသူ**

အရာခပ်သိမ်းအားလုံးအနက် ခေါင်းဆောင်တစ်ယောက်အနေ နှင့် ကြောက်လန့်သင့်သောကိစ္စမှာ မိမိကိုယ်ကို ကျေနပ် အားရနေမှုသည် ထိပ်ဆုံးက ဖြစ်သင့်ပါ၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## နောက်ထပ်တစ်လှမ်းတည်းသာ ရှေ့ကို လှမ်းလိုက်စမ်းပါ

"ကင်းမွန်ဝီလ်ဆင်"သည် အမြဲတမ်းပင် စတင်၍ ခြေလှမ်းလှမ်းတတ်သူဖြစ်၏။ သူသည် အသက် ၇ နှစ်သားအရွယ်မှစ၍ အလုပ်လုပ်ခဲ့သူဖြစ်ပြီး ထိုအချိန်မှစ၍ မရပ်မနားအလုပ်လုပ်ခဲ့သူ ဖြစ်၏။ သူသည် မဂ္ဂဇင်းများ၊ သတင်းစာများနှင့် "ပြောင်းဖူးပေါက် ပေါက်"များကို ရောင်းခြင်းတို့မှ စတင်ခဲ့ရ၏။ ၁၉၃၀ ပြည့်နှစ်၊ သူ့အသက် ၁၇ နှစ်တင်းတင်းပြည့်ချိန်တွင် ပထမဦးဆုံးအကြိမ်အဖြစ် လခစားအလုပ်၌ ဝင်စမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။ သူသည် ဝါဂွမ်းပွဲစား၏ ဈေးနှုန်းကျောက်သင်ပုန်းကြီးပေါ်၌ ဈေးနှုန်းများကို ရေးသားပေးခြင်းဖြင့် ရက်သတ္တတစ်ပတ်လျှင် ၁၂ ဒေါ်လာရ၏။

ရက်သတ္တတစ်ပတ်တွင် ၃၅ ဒေါ်လာရသော စာရင်းကိုင်အလုပ်နေရာသစ် ပေါ်ပေါက်လာသောအခါ ဝီလ်ဆင်က လျှောက်ထားသဖြင့် သူ့ကို ခန့်ထားလိုက်၏။ သို့ရာတွင် သူ့လစာကို ရရှိသောအခါ ၁၂ ဒေါ်လာပင် ဖြစ်နေ၏။ သူက လခတိုးပေးရန် မေတ္တာရပ်ခံသော ကြောင့် တိုးပေးလိုက်ရာ နောက်တစ်ပတ်တွင် သူသည် ၃ ဒေါ်လာတိုး၍ ရပါ၏။ အဘယ်ကြောင့် သူသည် အခြားစာရင်းကိုင်များကဲ့သို့ ၃၅ ဒေါ်လာ မရသနည်းဟု မေးမြန်းသောအခါ ၎င်းတို့၏ ကုမ္ပဏီက ၁၇ နှစ်သားအရွယ်ချာတိတ်တစ်ယောက်အား ထိုလစာမျိုးကို မပေးပါဟု ပြန်ပြောလေသည်။ ဤတွင် ဝီလ်ဆင်က အလုပ်မှ ထွက်တော့မည်ဟု 'နို့တစ်'ပေးလိုက်၏။ ထိုအလုပ်သည် နှစ်ပေါင်း ၇၅ နှစ်ကျော်ကာလအတွင်း သူနောက်ဆုံးလုပ်ခဲ့သော လခစားအလုပ်ပင်ဖြစ်သည်။

ထို့နောက်ပိုင်းတွင် ဝီလ်ဆင်သည် ပင်းဘောလ်စက်ကလေးများထောင်ခြင်း၊ အချိုရည်ဖြန့်ဖြူးခြင်း၊ ငွေအကြွေထည့်ပြီး အစား အသောက်



ဝယ်ယူ၍ရသောစက်များ ထောင်ခြင်းစသည်ဖြင့် လုပ်ငန်း မျိုးစုံကို လုပ်ကိုင်ဆောင်ရွက်ပြီး ဝင်ငွေရှာခဲ့၏။ ထို့အပြင်သူသည် ငွေစုပြီး သူ့မိခင်အတွက် နေအိမ်တစ်လုံးကို ဆောက်ပေးနိုင်ခဲ့သည်။ ဤတွင် အိမ်ရာဆောက်လုပ်သည့် လုပ်ငန်းမှာများစွာ အလားအလာရှိကြောင်း သူသဘောပေါက်သွားခဲ့၏။ သူသည် မင်းဖစ်မြို့၌ လုပ်ငန်းစတင်ခဲ့ပြီးနောက် စစ်ပြီးကာလတွင် နေအိမ်ဆောက်လုပ်မှု အရှိန်တိုးမြင့်မားလာမှုအပေါ် အမြတ်ထုတ်နိုင်ခဲ့သဖြင့် ငွေကြေးအမြောက်အမြားကို ရရှိလိုက်လေ၏။

ဝီလ်ဆင်၏ စတင်တီထွင်တတ်မှုက သူ့ကို ငွေကြေးအမြောက်အမြား ရစေခဲ့ပါသည်။ သို့ရာတွင် သူသည် ၁၉၅၁ ခုနှစ်အထိ ကမ္ဘာပေါ်တွင် သိသိသာသာ ဩဇာသက်ရောက်မှုမရှိသေးချေ။ ထိုနှစ်က ဝီလ်ဆင်သည် ၎င်း၏မိသားစုနှင့်အတူ ဝါရှင်တန်ဒီစီသို့ အပန်း ဖြေခရီးထွက်ခဲ့ကြ၏။ ထိုခရီးတွင် သူသည် အမေရိကန်ရှိ မိုတယ်များ၌ တည်းခိုရမှုသည် အလွန်စိတ်ပျက်ဖွယ်ကောင်းသည့် အနေအထား၌ ရှိနေကြောင်းကို သိလိုက်ရလေ၏။ ၁၉၂၀ ပြည့်နှစ်များမှစ၍ မိုတယ်များသည် နိုင်ငံတနံတလျား၌ ပေါ်ပေါက်နေခဲ့ကြပြီးလျှင် အချို့မှာ အိပ်စက်ရန်နေရာကို နာရီနှင့် ငှားကြရ၏။ ပြဿနာမှာ ခရီးသွားသူများသည် မည်သည့်မိုတယ်အမျိုးအစားနှင့် ကြုံတွေ့ရမည်ကို မသိနိုင်ကြခြင်းပင် ဖြစ်သည်။

ဝီလ်ဆင်က နောက်ပိုင်းတွင် ပြန်ပြောပြခဲ့၏။

"ခင်ဗျားက ဘယ်လိုအနေအထားမျိုးနဲ့ တွေ့ကြုံရမယ်ဆိုတာကို မပြောနိုင်ဘူး၊ တချို့နေရာတွေက ပြောပြဖို့ မသင့်အောင် အလွန်ပဲ ညစ်ပတ်နေကြတယ်၊ ပြီးတော့လဲ သူတို့အားလုံးက ကလေးတွေအတွက်ပါ အခန်းခတောင်းကြတယ်။ ဒီတော့ ကျုပ်လို စကော့တလန်သွေးပါတဲ့လူအဖို့ သွေးဆူစရာ ဖြစ်လာရတာပေါ့"

ကလေးငါးယောက်ရှိသော ဝီလ်ဆင်လိုပုဂ္ဂိုလ်များအတွက် အမှန်တကယ်ပင် ၎င်း၏ဝင်ငွေကို ထိခိုက်သွားစေခဲ့ပါသည်။ မိုတယ်များက အခန်းခအဖြစ် တစ်ညလျှင် ၄ ဒေါ်လာမှ ၆ ဒေါ်လာအထိ ယူကြ၏။ ပြီးတော့ ကလေးတစ်ယောက်လျှင် ၂ ဒေါ်လာစီ ထပ်ယူသောကြောင့် ၎င်း၏ကုန်ကျစရိတ်မှာ သုံးဆဖြစ်လာလေ၏။

ထိုကိစ္စကို လူအများစုက ကန့်ကွက်စကား ပြောကြသော်လည်း ထို့နောက်တွင်ကား မေ့သွားကြလိမ့်မည်ဖြစ်ပါသည်။ သို့ရာတွင် အမြဲတမ်းပင် စတင်တီထွင်လေ့ရှိသူ ဝီလ်ဆင်ကမူ ထိုကိစ္စကို အရေးယူဆောင်ရွက်ရန်နှင့် တစ်ခုခုလုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချလိုက်လေ၏။

သူက သူ့ဇနီးကို ပြောလိုက်၏။ "ငါတို့အိမ်ပြန်ကြရအောင်၊ ပြီးတော့ ဟိုတယ်ခွဲတွေ အများကြီးရှိမယ့် မိသားစုဟိုတယ်တွေကို ဆောက်ကြရအောင်၊ မင်းတို့ကိုယ်တို့ ယုံကြည်နိုင်လောက်တဲ့နာမည်မျိုးနဲ့ ဆောက်မယ့်ဟိုတယ်ကွ"

သူ့ရည်မှန်းချက်မှာ ဟိုတယ်ပေါင်းလေးရာအထိ ဆောက်လုပ်ရန်ဖြစ်ပြီးလျှင် သူ့ဇနီးကတော့ ရယ်မောလိုက်လေသည်။

မင်းဖစ်မြို့သို့ ဝီလ်ဆင် ပြန်ရောက်လာသောအခါ သူပထမဦးဆုံးဆောက်လုပ်မည့်ဟိုတယ်အတွက် ၎င်းအား ကူညီရန် ပုံဆွဲဆရာတစ်ဦးကို ငှားရမ်းလိုက်၏။ သူလိုချင်သောပုံစံမှာ သူ့ဟိုတယ်သည် သန့်ရှင်းရမည်၊ ရိုးစင်းရမည်၊ ပြီးတော့ ကြိုတင်၍ ခန့်မှန်းနိုင်ရမည်ဟု သတ်မှတ်ထားသည်။ ပြီးတော့လည်း သူနှင့် သူ့မိသားစု မိုတယ်များ တွင် တည်းခိုခဲ့စဉ်က မရနိုင်ခဲ့သော ပစ္စည်းများအားလုံး၊ (ဆိုပါစို့) အခန်းတိုင်း၌ ရုပ်မြင်သံကြားစက်တစ်လုံးစီနှင့် ဟိုတယ်တစ်ခုတွင် ရေကူးကန်တစ်ကန်စီပါရှိစေရေးပင်ဖြစ်၏။ နောက်နှစ်တွင် သူ၏ ပထမဦးဆုံးဟိုတယ်ကို မင်းဖစ်မြို့၏ မြို့အစွန်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဟိုတယ်၏နာမည်ကို ၅၃ ပေမြင့်သော ဆိုင်းဘုတ်ကြီးမှ လင်းကနဲလက်ကနဲ ဖြစ်နေစေ၏။ ထိုဟိုတယ်၏



နာမည်မှာ "ဟောလီးဒေးအင်း"။

ဝီလ်ဆင်အနေနှင့် ရည်မှန်းထားခဲ့သော ဟိုတယ်လေးရာအထိ ရောက်ရှိရေးမှာ သူမျှော်မှန်းထားသည်ထက်ပင် ပို၍ ကြာမြင့်ခဲ့၏။ ၁၉၅၉ ခုနှစ်တွင် သူက ဟိုတယ်တစ်ရာကို ဖွင့်လှစ်ပြီးပါပြီ။ သို့ရာတွင် ၎င်းက လုပ်ငန်းနာမည်လုပ်ကိုင်ခွင့်ပေးသောစနစ်ကို ကျင့်သုံးရန် ဆုံးဖြတ်လိုက်သောအခါ ဟိုတယ်ဖွင့်မှုများသည် တစ်ဟုန်ထိုး မြင့်မားလာခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် "ဟောလီးဒေးအင်း"ပေါင်း ငါးရာရှိခဲ့ပြီ ဖြစ်၏။ ၁၉၆၈ ခုနှစ်တွင်မူ တစ်ထောင်အထိ ရှိခဲ့လေပြီ။ ၁၉၇၂ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာအရပ်ရပ်တွင် ၇၂ နာရီပြည့်တိုင်း "ဟောလီးဒေးအင်း" တစ်ခုကို ဖွင့်လှစ်နေလေပြီ။ ၁၉၇၉ ခုနှစ်တွင် ဝီလ်ဆင်သည် နှလုံးရောဂါ၏ တိုက်ခိုက်ခံရမှုကြောင့် ကုမ္ပဏီ၏ အကြီးအကဲရာထူးမှ အနားယူလိုက်ရ၏။ ထိုအချိန်အထိ ဟိုတယ်ခွဲ ပေါင်းမြောက်မြားစွာရှိနေသော ဟိုတယ်တွဲကြီးသည် ဆက်လက်၍ ကြီးထွားနေဆဲပင်ဖြစ်သည်။

ဝီလ်ဆင်က ပြောဖူး၏။

"ကျုပ်ငယ်ငယ်တုန်းက အရမ်းဆာလောင်မွတ်သိပ်နေခဲ့တယ်။ ထမင်းတစ်လုပ်စားဖို့အရေးအတွက် အလုပ်တစ်ခုခုကို အမြဲပဲလုပ်ကိုင်နေခဲ့ရတယ်။ ကျုပ်နှလုံးရောဂါ ရုတ်တရက်ဖြစ်ပွားပြီးတဲ့နောက် အနားယူလိုက်ရတဲ့အချိန်မှာ နှင်းဆီပန်းအနံ့ကို ရှူဖို့ အိမ်ကိုပြန်သွားခဲ့တယ်။ အဲဒါကလဲ တစ်လလောက်ပဲ ခံပါတယ်ဗျာ"

ရှေးဦးတီထွင်သူတစ်ဦးအဖို့ ထိုကဲ့သို့ အလုပ်မလုပ်ပဲ အနားယူနေရသည်မှာ သူ့အတွက် ခက်ခဲပင်ပန်းလှပါဘိ။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

“ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်” စာအုပ်ထဲတွင် ကျွန်ုပ်က ခေါင်းဆောင်များသည် ၎င်းတို့၏ နောက် လိုက်များနှင့် ဆက်သွယ်မှုတစ်ခုကို စတင်တီထွင်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ထောက်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ခေါင်းဆောင်များက ၎င်းတို့၏ စတင်တီထွင်တတ်မှုကို ပြသရန်မှာ ထိုနယ်ပယ်တစ်ခုတည်း၌သာ မဟုတ်ပါချေ။ခေါင်းဆောင်များသည် အခွင့်ကောင်း အခါကောင်းကို အမြဲတမ်း ရှာဖွေနေကြရမည်ဖြစ်ပြီး ထိုအခွင့်အရေးကို အရယူ၍လည်း အဆင်သင့်ဖြစ်နေကြရပါမည်။

လုပ်ငန်းများကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်သည့် ခေါင်းဆောင်များတွင် မည်သည့်အရည်အချင်းများ ရှိနေပါသနည်း။ ကျွန်ုပ်က အနည်းဆုံးအရည်အချင်းလေးခုရှိသည်ဟု ထင်ပါသည်။

**၁။ သူတို့၏ လိုအင်ဆန္ဒကို သူတို့ သိကြပါသည်။**

အလွန်ဟာသဉာဏ်ရှိသော စန္ဒရားဆရာ အော်စကာလီးဗန့်က ဟာသတစ်ခု ပြောပြဖူး၏။“တစ်ခါက ကျုပ်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချလိုက်ဖူးတယ်၊ အဲဒီမှာတင် ကျုပ်မှာ ချီတုံချတုံ ဖြစ်မှုတွေ အများကြီး ဖြစ်လာတော့တာပဲ”၊ စိတ်မကောင်းစရာတစ်ခုကတော့ လူအတော်များများက အမှန်တကယ်ပင် ထိုကဲ့သို့ ဆောင်ရွက်နေကြခြင်းဖြစ်၏။ သို့ရာတွင် မည်သူမျှ ချီတုံချတုံလည်းဖြစ်သည်၊ ထိရောက်မှုလည်း ရှိသည်ဆိုတာမျိုး မဖြစ်နိုင်ကြချေ။ စာရေးဆရာ နပိုလီယံဟင်းလ်က ပြောခဲ့သလိုပင်။ **“အောင်မြင်ပြီးမြောက်မှုအားလုံး စတင်ခဲ့သောနေရာသည် “ဆန္ဒပြင်းပြမှု” ပင် ဖြစ်လေသည်”**။ အကယ်၍ သင်သည် ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ယောက် ဖြစ်လိုပါက သင်လိုချင်



သောအရာကို သင်သိရပေလိမ့်မည်။ သို့မှသာလျှင် အခွင့်ကောင်း၊ အခါကောင်း ပေါ်ပေါက်လာပါက သင်သတိပြုမိပေလိမ့်မည်။

**၂။ အလုပ်လုပ်ဖြစ်အောင် မိမိကိုယ်ကို တွန်းအားပေးကြသည်။**

**“သင့်၌ ဆန္ဒရှိခဲ့လျှင် သင်စွမ်းဆောင်နိုင်ပါလိမ့်မည်”** ဆိုသော ရှေးဆိုရိုးစကားရှိ၏။ စတင်တီထွင်တတ်သူများသည် အခြားပုဂ္ဂိုလ်များက ၎င်းတို့အား လာရောက်လှုံ့ဆော်သည်အထိ စောင့်နေလေ့မရှိကြချေ။ ၎င်းတို့သည် မိမိတို့၏သက်သောင့်သက်သာရှိသော ဇုံနယ်မြေမှ ကျော်လွန်အောင် တွန်းအားပေးရေးမှာ မိမိတို့၏ တာဝန်သာဖြစ်ကြောင်း သိသူများဖြစ်ကြ၏။ ပြီးတော့လည်း ၎င်းတို့က ထိုကိစ္စကို မှန်မှန် ဆောင်ရွက်ရသည့် လုပ်ငန်းအဖြစ် သတ်မှတ်ကြ၏။ ထို့ကြောင့်သာလျှင် ၂၀ ရာစု၏ ရှေးဦးတီထွင်သူများတွင် ကြီးကျယ်သော ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည့် အမေရိကန်သမ္မတ သီယိုဒိုရူးစဗဲ့က “ကျုပ်ရဲ့ဘဝမှတ်တမ်းမှာ အလွန့်အလွန်ထက်မြက်မှု ဒါမှမဟုတ် ထူးချွန်ပြောင်မြောက်မှုဆိုတာမျိုး မရှိပါဘူး၊ တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ကျုပ်ဆောင်ရွက်သင့်တယ်လို့ ထင်တဲ့အလုပ်တွေကို ကျုပ်လုပ်တယ်–ပြီးတော့လဲ တစ်ခုခုကို ဆောင်ရွက်တော့မယ်လို့ စိတ်ပိုင်း ဖြတ်လိုက်ရင် မဖြစ်ဖြစ်အောင် ဆောင်ရွက်တော့ တာပါပဲ” ဟု ပြောနိုင်ခဲ့ခြင်းဖြစ်၏။

**၃။ သူတို့က ပို၍စွန့်စားကြ၏။**

ခေါင်းဆောင်များက သူတို့ ဘာကိုလိုချင်သလဲဆိုတာ သိကြပြီ။ ပြီးတော့ ဆောင်ရွက်အောင်လည်း တွန်းအားပေးနိုင်ခဲ့ကြပြီဟု ဆိုသည့်တိုင်အောင် သူတို့အတွက် အတားအဆီးအခက်အခဲတစ်ခု ကျန်ရှိနေသေး၏။ ထိုကိစ္စမှာ စွန့်စားရန် စိတ်ပါမှုရှိရေးပင် ဖြစ်သည်။ အခြေအနေကို ဖြစ်လာအောင် ဖန်တီးယူတတ်သူများသည် အမြဲတမ်း စွန့်စားလေ့ရှိကြ၏။ သို့ရာတွင် ခေါင်းဆောင်ကောင်းများက စွန့်စားရန် ဝန်မလေးကြသည့် အချက်တစ်ချက်မှာ ရှေးဦးတီထွင်မှု ပြုလုပ်သည့်

အတွက် တန်ရာတန်ဖိုးပေးရလေ့ရှိသည်ဆိုသော အချက်ကို နားလည်ထားကြသောကြောင့်ဖြစ်သည်။ သမ္မတဂျွန်အက်ဖ်ကနေဒီက အခိုင်အမာ ပြောဖူး၏။ **"လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်အတွက် စွန့်စားရမှုနဲ့ ငွေကြေးကုန်ကျမှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ဘာမှ မဆောင်ရွက်ပဲ သက်သောင့်သက်သာ နေလိုက်တဲ့အတွက် ရေရှည်မှာ ကြုံတွေ့လာရမည့် အန္တရာယ်နဲ့ ငွေကြေးကုန်ကျမှုတွေထက်စာရင်တော့ အများကြီးပိုနည်းပါတယ်"**

**၄။ ၎င်းတို့က အမှားအယွင်းများကို ပိုလုပ်ကြ၏။**

ရှေးဦးတီထွင်သူများအတွက် ကောင်းသတင်းမှာ ၎င်းတို့က ပစ္စည်းများကို ဖြစ်လာအောင် ဖန်တီးနိုင်ခြင်းဖြစ်ပြီးလျှင် ဆိုးရွားသောသတင်းမှာ ၎င်းတို့သည် အမှားအယွင်းပေါင်းများစွာကို ပြုလုပ်ခဲ့ကြခြင်းပင် ဖြစ်၏။ အိုင်ဘီအမ်ကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ "သောမတ်ဂျေဝတ်ဆန်" က မှတ်ချက်ချရာတွင် ထိုအချက်ကို အသိအမှတ်ပြုဖော်ပြခဲ့၏။

**"အောင်မြင်မှုအတွက် နည်းလမ်းကတော့ သင်၏ မအောင်မြင်မှု နှုန်းထားကို နှစ်ဆတိုးလိုက်ဖို့ပါပဲ"**

ရှေးဦးတီထွင်သူများသည် မအောင်မြင်မှုများကို ပို၍ တွေ့ကြုံရတိုင်း ထိုကိစ္စအတွက် စိတ်ဆင်းရဲမခံကြချေ။ အောင်မြင်ရန် အလားအလာ ပို၍ကြီးမားလေလေ ရှေးဦးစွာမအောင်မြင်ရန် အခွင့်အလမ်းက ပို၍ ကြီးမားလေလေပင် ဖြစ်သည်။ "ဆီနေတာရောဘတ်ကနေဒီ"က ထိုကိစ္စကို သံခိပ်ပြု၍ မှတ်ချက်ချဖူး၏။ "ကြီးကြီးမားမားရှုံးနိမ့်ရဲသူများကသာ ကြီးကျယ်စွာ အောင်မြင်နိုင်ကြမှာ ဖြစ်တယ်"

အကယ်၍ သင်သည် ခေါင်းဆောင်တစ်ဦးအနေနှင့် ကြီးမားစွာ အောင်မြင်မှုရရှိလိုပါက ရှေးဦးတီထွင်ရန် စိတ်ပါလက်ပါရှိရမည် ဖြစ်သည့်အပြင် သင့်ကိုယ်ကို ထိုလုပ်ငန်းထဲ၌ အာရုံနှစ်ထားလိုက်ပါလေ။



## ဆင်ခြင်သုံးသပ်ရန်

သင်သည် ရှေးဦးတီထွင်သူတစ်ဦး ဖြစ်ပါသလား၊ သင်သည် အခွင့်ကောင်း၊ အခါကောင်းကို အမြဲလိုက်လံရှာဖွေနေသူဖြစ်ပါသလား၊ သို့တည်းမဟုတ် ထိုအခွင့်အရေးက သင့်ထံသို့ ရောက်လာသည်အထိ စောင့်ဆိုင်းနေပါသလား။ သင်သည် သင်၏ အကောင်းဆုံးပဋိသန္ဓေစိတ်အပေါ်တွင် အခြေခံ၍ စတင်ဆောင်ရွက်လိုစိတ်ရှိပါသလား။ သို့တည်းမဟုတ် သင်က ကိစ္စအားလုံးကို မပြီးနိုင် မဆုံးနိုင်အောင် ဆန်းစစ်နေလေ့ရှိပါသလား။ ခရိုက်စလာမော်တော်ကားကုမ္ပဏီ၏ ချယ်ယာမင်ဟောင်း "လီအိုင်ယာကိုကာ" က **"မှန်ကန်တဲ့ဆုံးဖြတ်ချက်သည်ပင်လျှင် သိပ်နောက်ကျမှ ချမှတ်ခဲ့ရင် မှားယွင်းတဲ့ ဆုံးဖြတ်ချက်ဖြစ်သွားနိုင်ပါတယ်"** ဟု ပြောဖူး၏။ သင့်ဘဝတွင် ထူးခြားမှုရှိသော ကိစ္စတစ်ရပ်ကို နောက်ဆုံးအဖြစ် မည်သည့်အချိန်က စတင်ဆောင်ရွက်ခဲ့ဖူးပါသလဲ၊ သင်သည် မကြာသေးသောအချိန်က သင်၏ သက်သောင့်သက်သာရှိမှု နယ်မြေမှ အပြင်ဘက်သို့ ရောက်အောင် တွန်းထုတ်ခဲ့ပါသလား၊ ထိုကဲ့သို့ မလုပ်ခဲ့ပါက သင်၏ ရှေးဦးတီထွင်မှုစိတ်ဓာတ်ကို အတင်းတွန်းနှိုးဖို့ လိုအပ်နေလေပြီ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ရှေးဦးတီထွင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ–

U **သင်၏ ပုံသေအတွေးအခေါ်ကို ပြုပြင်လိုက်ပါ။**

အကယ်၍ သင့်ထံတွင် ရှေးဦးတီထွင်မှု ချို့တဲ့နေပါက ထို

ပြဿနာသည် အခြားသူများထံမှ ရောက်ရှိလာခြင်းမဟုတ်ဘဲ သင်၏ အတွင်းစိတ်မှ ဖြစ်ပွားလာခြင်းသာ ဖြစ်ကြောင်းကို သတိပြုပါ။ သင်က ဆောင်ရွက်ရန်အဘယ်ကြောင့် တွန့်ဆုတ်မှု ဖြစ်ရကြောင်း အပြီးအပိုင် ဆုံးဖြတ်ပါ။ စွန့်စားရမှုကို သင်ကြောက်လန့်နေပါသလား။ သင်သည် အတိတ်က ဖြစ်ခဲ့သော မအောင်မြင်မှုများကြောင့် စိတ်ပျက်အားလျော့မှု ဖြစ်နေပါသလား။ အခွင့်အလမ်းက ပေးမည့်အလားအလာကို သင် မမြင်မတွေ့ဖြစ်မိပါသလား။ သင်တွန့်ဆုတ်နေရခြင်းအကြောင်းရင်းကို ရှာဖွေ ပြီး ပြုပြင်ပါ။ သင်၏ အဇ္ဈတ္တသဏ္ဌာန်ကို ရှေ့ဘက်သို့ ရွှေ့လျား အောင် မလုပ်နိုင်သေးသရွေ့ ကာလပတ်လုံး သင်၏ ဗဟိဒ္ဓသဏ္ဌာန်ကို ရှေ့ဘက်သို့ ရွှေ့အောင်လုပ်နိုင်မည် မဟုတ်ပါ။

### U **အခွင့်ကောင်း၊ အခါကောင်းက တံခါးလာခေါက်သည်အထိ စောင့်ဆိုင်းမနေပါနှင့်။**

အခွင့်ကောင်းအခါကောင်းသည် သင့်အခန်းတံခါးကို လာ၍ခေါက် လိမ့်မည် မဟုတ်ပါ။ သင်ကသာ အပြင်ဘက်သို့ ထွက်၍ ရှာဖွေရပါလိမ့် မည်။ သင်၏ အဖိုးတန်အရည်အချင်းများ၊ စွမ်းရည်များနှင့် အရင်းအမြစ်ပစ္စည်းများစသည်တို့ကို စာရင်းပြုစုထားပါ။ ထိုကဲ့သို့ ပြုလုပ်ခြင်းကြောင့် သင်၏ ဖြစ်နိုင်စွမ်းရှိသည့် အလားအလာများအတွက် စိတ်ကူးစိတ်သန်းများ ပေါ်ပေါက်လာပါလိမ့်မည်။ ယခု သင်က ရက်သတ္တတစ်ပတ်လုံးလုံး အခွင့်ကောင်းအခါကောင်းများကို လိုက်လံရှာဖွေပါ။ မည်သည့်နေရာ၌ လိုအပ်ချက်ရှိနေသည်ကို သင် တွေ့ပါသလား၊ သင့်တွင်ရှိသည့် ကျွမ်းကျင်မှုမျိုးကို မည်သူက လိုက်လံ ရှာဖွေနေပါသနည်း။ သင်က ကမ်းလှမ်းရန်ရှိသည့် သင့်အရည်အချင်းကို အသေရရ အရှင်ရရ လိုချင်နေကြသော သင်နှင့်မဆက်သွယ်ရသေးသည့် အုပ်စုများရှိနေပါသလား၊ အခွင့်အလမ်းတို့က နေရာတိုင်း၌ ရှိနေကြ ပါသည်။



### U **နောက်ထပ် တစ်လှမ်းလှမ်းလိုက်ပါ။**

အခွင့်အလမ်းကို မြင်တတ်မှုမှာ ကိစ္စတစ်ရပ်ဖြစ်ပြီးလျှင် ထိုကိစ္စ အတွက် တစ်ခုခုကို ဆောင်ရွက်ခြင်းမှာ အခြားကိစ္စတစ်ရပ်ဖြစ်သည်။ တစ်ယောက်သောပုဂ္ဂိုလ်က အရွှန်းဖောက်ပြီး ပြောလိုက်သကဲ့သို့ပင် "လူတိုင်းလူတိုင်းသည် ရေချိုးနေစဉ်၌ စိတ်ကူးကောင်းများကို ရရှိတတ် ကြသည်။" သို့ရာတွင် လူအနည်းငယ်ကသာ ရေချိုးခန်းထဲက ထွက်၊ မိမိကိုယ်ကို သွေ့ခြောက်အောင် မျက်နှာသုတ်ပုဝါနှင့်သုတ်ပြီးနောက် ထို စိတ်ကူးအတွက် တစ်ခုခုလုပ်တတ်ကြပေသည်။ သင်မြင်တွေ့ရသည့် အကောင်းဆုံးအခွင့်အလမ်းကို အရယူပြီးလျှင် သင်တတ်နိုင်သလောက် ရေဆုံးရေဖျား ဆောင်ရွက်လိုက်ပါ။ သင်က ဖြစ်မြောက်သည်အထိ တတ်နိုင်သမျှ မီးကုန်ယမ်းကုန် မဆောင်ရွက်ဘဲ ရပ်မပစ်လိုက်ပါနှင့်။

## နေ့စဉ်မှတ်သားလိုက်နာရန်

၁၉၄၇ ခုနှစ်က "လက်စတာဝမ်းဒါးမင်း"သည် နယူးရော့ခ်ရှိ ၎င်း၏ ကြော်ငြာလုပ်ငန်းမှ တစ်ဖက်သတ်အလုပ်ဖြုတ်ပစ်သည်ကို ခံလိုက်ရလေ၏။ သို့ရာတွင် ထိုလူငယ်က သူသည် ကြော်ငြာဌာန၏ ခေါင်းဆောင် "မက်ဆက်ဟိန်း" ထံမှ သင်ယူစရာအများအပြားရှိနေ သေးကြောင်း နားလည်သဘောပေါက်၏။ နောက်တစ်နေ့တွင် ဝမ်းဒါးမင်းသည် ၎င်း၏ရုံးခန်းသို့ ပြန်သွားပြီးလျှင် ယခင်ပုံစံအတိုင်း အလုပ်ဆက်လုပ်လေသည်။ သို့ရာတွင် လခတော့ မရပါချေ။

'မက်ဆက်ဟိန်း' သည် "ဝမ်းဒါးမင်း" ကို တစ်လတိတိ မသိဟန်၊ မမြင်ဟန်ဆောင်ခဲ့၏။ နောက်ဆုံးတွင် သူက 'ဝမ်းဒါးမင်း' ထံသို့ လျှောက်သွားပြီး "အိုကေ၊ မင်းနိုင်သွားပြီ။ ပိုက်ဆံရရှိရေးထက် မင်းလောက်အလုပ်ကို ပိုပြီးလိုချင်တဲ့လူတစ်ယောက်ကို ငါမတွေ့ဖူး

သေးဘူး” ဟု ပြောလိုက်လေ၏။

“ဝမ်းဒါးမင်း” သည် ဆက်လက်၍ အလုပ်လုပ်ရင်းနှင့် ရာစုနှစ်၏ အအောင်မြင်ဆုံး ကြော်ငြာလုပ်ငန်းရှင်ဘဝသို့ ရောက်ရှိသွားလေသည်။ သူသည် “တိုက်ရိုက်ဈေးကွက်တင်ခြင်း” ၏ ဖခင်ကြီးဖြစ်သည်ဟု သိကြ၏။ ယနေ့ သင်ရဲရဲကြီး လှမ်းလိုက်သော ခြေတစ်လှမ်းသည် နက်ဖြန်တွင် သင့်အစွမ်းအစ၏ ထိပ်ဆုံးသို့ ရောက်ရှိသွားစေနိုင်ပါလိမ့်မည်။

အရည်အချင်း (၁၁)

# နားထောင်နိုင်မှု

**၎င်းတို့၏ နှလုံးသားနှင့် ဆက်သွယ်နိုင်ရန် သင့်‘နား’များကို အသုံးပြုပါ**

ခေါင်းဆောင်တစ်ဦး၏ နားသည် ပြည်သူတို့၏အသံများနှင့် မြည်ဟီးနေရမည်။

**ဝုဒရိုးဝီလ်ဆန်၊ အမေရိကန်သမ္မတ**

ခေါင်းဆောင်ကောင်းတစ်ယောက်သည် သူကြားချင်သည့် စကားများကိုသာမဟုတ်ဘဲ သူကြားရန် လိုအပ်သည့်စကားများ ကိုလည်း ပြောပြကြရန် ၎င်း၏နောက်လိုက်များအား တိုက်တွန်း အားပေးလေ့ရှိသည်။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## သူမက အလွန်စကားပြောနိုင်သလောက် ပို၍လည်း နားထောင်ပေးသည်

အမေရိကန်ပြည်ထောင်စု၌ ဩဇာတက္ကိမအရှိဆုံးပုဂ္ဂိုလ်များစာရင်းတွင် သင်မည်သူ့ကို ထည့်သွင်းမည်နည်း။ အမေရိကန်သမ္မတကြီးကတော့ အဆိုပါစာရင်း၌ ပါမည်အမှန်ပင်။ "အလန်ဂရင်းစပန်"လည်း ပါပါလိမ့်မည်။ "မိုက်ကယ်ဂျော်ဒန်"လည်း ပါဖွယ်ရှိ၏။ သူ့မျက်နှာ သည် ဤကမ္ဘာပေါ်တွင် လူအများဆုံးက မှတ်မိနေကြသော မျက်နှာဖြစ်ပေသည်။ သင်က ထိုစာရင်းတွင် "ဘီလ်ဂိတ်"ကိုလည်း ထည့်သင့်သည်ဟု အငြင်းအခုံပြုနိုင်၏။ ခဏလောက်နားပြီးလျှင် သင်ထည့်လိုသည့် ပုဂ္ဂိုလ်များ စာရင်းကို ထပ်စဉ်းစားကြည့်ပါ။ ယခုကျွန်ုပ်က သင်တွေးမိမည်မဟုတ်သော အမည်တစ်ခုကို ထိုစာရင်း၌ ဖြည့်စွက်လိုပါ၏။ သူ့အမည်မှာ "အိုပရာဝင်းဖရေး"။

၁၉၈၅ ခုနှစ်က "အိုပရာဝင်းဖရေး"ကို လူမသိကြသလောက်ပင် ဖြစ်သည်။ သူမသည် "စတီဗင်စပီးဘတ်စ်"ရိုက်ကူးသော "မရမ်းစေ့ရောင်"ဆိုသည့် ရုပ်ရှင်ကားတွင် ပါဝင်ဖူး၏။ ပြီးတော့လည်း သူမသည် ထိုဒေသရှိ ရုပ်မြင်သံကြားဌာနတစ်ခုမှ ထုတ်လွှင့်သော နံနက်ခင်း ဆွေးနွေးခန်းအစီအစဉ်တွင် ဒိုင်ခံ၍ ဆွေးနွေးမေးမြန်းသူအဖြစ် ချီကာဂိုမြို့၌ ဆောင်ရွက်နေရသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်သည်။ သူအောင်မြင်မှုရခဲ့မှုက ၎င်း၏စကားပြောဆိုမှုကို မည်ကဲ့သို့ အထောက်အကူပြုစေပါသနည်း။ "ဝင်းဖရေး" က ရှင်းပြဖူး၏။ "လူတွေနဲ့ ဆက်သွယ်မှုဟာ ကျွန်မအနေနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးတက်လာစေဖို့အတွက် ဖွံ့ဖြိုးအောင် အမြဲတမ်းလုပ်ဆောင်နေတဲ့ ကိစ္စပါပဲ"။ သူမသည် ငယ်စဉ်ကပင် ထိုကိစ္စအတွက် ချီးမွမ်းခံခဲ့ရ၏။ "ကျွန်မ ၂ နှစ်သမီးအရွယ်တုန်းက ဘုရားရှိခိုးကျောင်းမှာ စကားပြောရတော့ "ဒီကလေးဟာ၊ တကယ်စကားပြောတတ်တယ်၊ တကယ်ပြောတတ်တဲ့ကလေးပဲ" လို့ လူတွေပြောကြတာကို ကျွန်မ မှတ်မိနေပါတယ်"



သို့ရာတွင် ဝင်းဖရေးသည် သူနားထောင်ထိုက်သည်ထက် ပို၍ပင် နားထောင်ခဲ့ပါ၏။ တကယ်ကလည်း နားထောင်နိုင်သော အရည်အချင်းသည် သူမ၏ဘဝတွင် အဓိကကျသော ထူးခြားချက်ဖြစ်ပါသည်။ သူမသည် နားထောင်ရန် အကျင့်ပါနေသူဖြစ်သည့်အပြင် ၎င်း၏ နားထောင်နိုင်မှုစွမ်းရည်က စာရေးဆရာများ၏ ပညာများကို ခံယူရရှိပြီးနောက်တွင် စတင်၍တိုးတက်မှု ရရှိလာစေခဲ့သည်။ သူမသည် ဝတ္ထုစာအုပ်များနှင့် အတ္ထုပ္ပတ္တိစာအုပ်များကို လောဘတကြီး ဖတ်၏။ အခြားပုဂ္ဂိုလ်များက မည်ကဲ့သို့ ခံစားပြီး မည်ကဲ့သို့ တွေးတောကြသည်ကို လေ့လာဆည်းပူး၏။ ဤကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် သူမသည်လည်း ကိုယ့်အကြောင်းကိုယ် ပိုသိလာလေလေပင် ဖြစ်သည်။

နားထောင်မှုကို အလေးပေးတတ်မှုက သူမလုပ်ငန်း၏ ဘက်ပေါင်းစုံအတွက် ကောင်းစွာအကျိုးပြုခဲ့သည်။ ထိုအချက်အား အသုံးချနိုင်မှုက ၎င်း၏ရုပ်မြင်သံကြားအစီအစဉ်တွင် ထင်းထင်းကြီး ပေါ်လွင်လျက်ရှိသည်။ သူမသည် ရေဒီယိုမှ ထုတ်လွှင့်ရမည့် အကြောင်းအရာများကို ကြည့်ရှု မှတ်သားနေခြင်း၊ နားထောင်ခြင်းတို့ဖြင့် အမြဲတစေ ရှာဖွေလျက်ရှိ၏။ ပြီးတော့လည်း သူမ၏အစီအစဉ်သို့ ကျော်ကြားသူများ၊ စာရေးဆရာများ သို့မဟုတ် ကျွမ်းကျင်သူပညာရှင်များအား ဖိတ်ခေါ်လာသည့်အခါ ၎င်းတို့ပြောဆိုကြသည် စကားများကို သူမက စိတ်ပါဝင်စားစွာ နားထောင်လေ့ရှိ၏။ ဂီတပညာရှင် "မက်ဒေါ်နား" က ဝင်းဖရေးနှင့် ပတ်သက်၍ "သူဟာ ပရိသတ်ရှေ့မှောက်ရောက်နေတာ အတော်ကြီးကြာခဲ့ပါပြီ၊ ဒါပေမယ့် သူက အံ့ဩစရာကောင်းလောက်အောင်ကို လူတွေနဲ့ အဆင်ပြေအောင် ပေါင်းတတ်သင်းတတ်တယ်။ သူဘယ်လို

လုပ်သလဲဆိုတာ ကျွန်မမသိဘူး”ဟု ပြောဖူး၏။ သူမက နားထောင်မှုမှ တစ်ဆင့် ဆောင်ရွက်ခြင်းသာလျှင် ဖြစ်ပါသည်။

အိုပရာဝင်းဖရေး၏ နားထောင်နိုင်စွမ်းရှိသော အရည်အချင်းက ၎င်းအား ထူးခြားသော အောင်မြင်မှုနှင့် မယုံနိုင်စရာကောင်းအောင် ဩဇာသက်ရောက်မှုတို့ကို ရရှိစေခဲ့သည်။ သူမသည် ကမ္ဘာပေါ်တွင် ငွေကြေးအများဆုံးရရှိသော ဖြေဖျော်သူတစ်ဦးဖြစ်ပြီး ဒေါ်လာသန်း ၅၀၀ ခန့် ကြွယ်ဝချမ်းသာသူဖြစ်၏။ အမေရိကန်တစ်နိုင်ငံတည်းမှာပင် လူပေါင်း ၃၃ သန်းက သူမ၏ အပတ်စဉ် ရုပ်မြင်သံကြားအစီအစဉ်ကို စောင့်ကြည့်လေ့ရှိကြ၏။

ရုပ်မြင်သံကြားအစီအစဉ်က ထိုမျှအောင်မြင်မှုရရှိနေသည့်တိုင်အောင် သူမသည် မကြာသေးခင်က အစီအစဉ်ကို ရပ်ဆိုင်းပစ်ဖို့ စဉ်းစားခဲ့သေး၏။ သို့ရာတွင် ရပ်ဆိုင်းပစ်မည့်အစား ပြုပြင်ပြောင်းလဲရန်ကိုသာ ဆုံးဖြတ်လိုက်၏။ ပြုပြင်ပြောင်းလဲရမည်ကို သူမက မည်ကဲ့သို့ ဆုံးဖြတ်ပါသနည်း။ သူမက ၎င်း၏ဝန်ထမ်းများထံမှ အကြံဉာဏ် တောင်းခံလိုက်ခြင်းပင် ဖြစ်ပါသည်။

သူမကပြောလိုက်၏။

“အဲဒီကိစ္စက အလုပ်ဖြစ်ဖို့တော့ သိပ်မလွယ်လှပါဘူး။ ဒီအစီအစဉ်ကို ပြောင်းလဲမှုတွေ လုပ်ဖို့ဆိုတာဟာ ကိုယ်တို့ဘဝမှာ ပြောင်းလဲမှုတွေ လုပ်တဲ့ ပုံစံမျိုးအတိုင်းပါပဲ။ အဲဒီလိုလုပ်ရတာ ပျော်ဖို့တော့ကောင်းလိမ့်မယ်။ ဒီတော့ စမ်းကြည့်ကြရအောင်။ ပိုပြီးပျော်စရာကောင်းအောင် အဲဒီ ကိစ္စကို တို့များ ဘယ်လိုလုပ်ကြမလဲ”

သူမ၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးထံမှ ရရှိသော စိတ်ကူးစိတ်သန်း တစ်ရပ်နှင့် ပတ်သက်၍ အတော်လေး မယုံမကြည်ဖြစ်ခဲ့၏။ သို့ရာတွင် နားထောင်ရန်နှင့် စမ်းကြည့်ရန်ကိုမူ သူမတွင် ပညာဉာဏ်အပြည့်အဝ ရှိခဲ့သည်။ ထိုစိတ်ကူးမှာ “စာအုပ်အသင်း” ဖြစ်၏။ သင်သိကောင်း



သိထားလိမ့်မည် ဖြစ်သလိုပင် ထိုအစီအစဉ်မှာ အံ့ဖွယ်ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည်။ လူထောင်ပေါင်းရာပေါင်းများစွာတို့သည် စာဖတ်ခြင်းကြောင့် တိုးတက်လာကြ၏။ ကြီးမြင့်လာကြ၏။ အချို့မှာ ပထမဦးဆုံးအကြိမ် စာဖတ်ဖြစ်ခဲ့ကြခြင်းဖြစ်သည်။ အိုပရာဝင်းဖရေးအတွက် များစွာ ဝမ်းမြောက်ကြည်နူးရပါ၏။ သူ့ဘဝ၏ ရည်ရွယ်ချက်မှာ လူအများကို တန်ဖိုးမြင့်လာအောင် ပြုလုပ်ပေးဖို့ဖြစ်ပြီးလျှင် သူမအောင်မြင်မှုရခြင်းသည် နားထောင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

“ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်”စာအုပ်ထဲတွင် ခေါင်းဆောင်များသည် အကူအညီမတောင်းသေးခင် ထိုပုဂ္ဂိုလ်၏ နှလုံးသားကို ထိကိုင်နိုင်ဖို့ လိုအပ်သည်ဟု ကျွန်ုပ်က ထောက်ပြခဲ့ပြီးဖြစ်၏။ ထိုကိစ္စသည် “ဆက်သွယ်မှု၏ ဥပဒေသ” ပင်ဖြစ်သည်။ သို့ရာတွင် ခေါင်းဆောင်တစ်ဦးက အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ နှလုံးသားကို မထိကိုင်နိုင်ခင် ထိုနှလုံးသားထဲ၌ မည်သည့်အရာများရှိကြောင်းကို သိထားဖို့တော့ လိုအပ်သည်။ ထိုကိစ္စကို သူသည် နားထောင်ခြင်းဖြင့်သာ လေ့လာနိုင်မည် ဖြစ်ပါ၏။

နားထောင်လိုစိတ်မရှိမှုကို ညံ့ဖျင်းသော ခေါင်းဆောင်များထံတွင် တွေ့ရလေ့ရှိ၏။ အမေရိကန်စီမံခန့်ခွဲမှု ပညာရပ်၏ ဖခင်ကြီး “ပီတာဒရပ်ကာ” က စီမံခန့်ခွဲရေးဆိုင်ရာ ပြဿနာအားလုံး၏ ၆၀ ရာခိုင်နှုန်းသည် ညံ့ဖျင်းသော ဆက်သွယ်မှုများ၏ ရလဒ်ဖြစ်သည်ဟု ယုံကြည်၏။ ဆက်သွယ်မှုဆိုင်ရာ ပြဿနာအများစုသည် ညံ့ဖျင်းသော နားထောင်မှုမှသာ ဖြစ်ပွားလာခြင်းဖြစ်သည်ဟု ကျွန်ုပ်ဆိုချင်ပါသည်။

သင်၏ အာရုံစိုက်မှုကို တောင်းဆိုနေကြသည့် အသံဗလံပေါင်း

မြောက်မြားစွာရှိနေပါသည်။ သင်နားထောင်မည့်အချိန်ကို မည်ကဲ့သို့အသုံးပြုမည်နည်းဟု စဉ်းစားသည့်အခါတွင် ရည်ရွယ်ချက် ၂မျိုးရှိကြောင်း သိထားအပ်ပေ၏။ ထို ၂ မျိုးမှာ လူအများနှင့် ဆက်သွယ်ရန်နှင့် လေ့လာသင်ယူရန်တို့ ဖြစ်ကြသည်။ ထို့ကြောင့် အောက်ပါပုဂ္ဂိုလ်များထံ သင်၏ 'နား' ကို စွင့်ထားရန် လိုအပ်၏။

**၁။ သင်၏နောက်လိုက်ယ်သားများ။**

လူအများက ၎င်း၏ခေါင်းဆောင်မှုကို ခံယူလိုကြသော ခေါင်းဆောင်ကောင်းများသည် လူအများနှင့် ဆက်ဆံသည့်အခါတွင် လုပ်ငန်းဖြစ်မြောက်ရေးတစ်မျိုးတည်းကိုသာ ဦးတည်ခြင်း မရှိကြချေ။ သူတို့သည် လူတစ်ဦးချင်း၏ ခံစားချက်ကိုသိအောင် အချိန်ယူလေ့ရှိပါ၏။ ချက်စတာဖီး မြို့စားကြီး "ဖီးလစ်စတန်ဟုပ်" က "လူအတော်များများက သူတို့လိုချင်တဲ့ကိစ္စကို ချီးမြှင့်ပေးလိုက်တာထက် သူတို့ပြောတာကို ပိုပြီးနားထောင်စေချင်ကြတယ်" ဟု ယုံကြည်ထားပါသည်။ အကယ်၍ သင်သည် တင်ပြလာသောအချက်အလက်များကိုသာ နားထောင်လေ့ ရှိပြီး "ထိုကိစ္စကို လာရောက်ရှင်းပြသူ" အား အာရုံစူးစိုက်သည့် အလေ့အထမရှိခဲ့ပါက သင်၏အာရုံစူးစိုက်မှုကို ပြောင်းလဲပြီး စိတ်ပါလက်ပါ နားထောင်ရန် ဖြစ်ပါသည်။

**၂။ သင်၏ဖောက်သည်များ။**

ချီရိုကီလူနီအင်ဒီးယန်းတို့တွင် ဆိုရိုးစကားတစ်ရပ် ရှိ၏။ **"တိုးတိုးကလေး ပြောဆိုသံများကို နားထောင်နေပါက ငယ်သံပါအောင် အော်ဟစ်မှုမျိုးကို သင်ကြားရတော့မည် မဟုတ်ချေ"** အချို့သော ခေါင်းဆောင်များသည် မိမိတို့၏ စိတ်ကူးစိတ်သန်းများကိုသာ အာရုံစိုက်နေလေ့ရှိကြသဖြင့် ဖောက်သည်များ၏ ကြောင့်ကြစိုးရိမ်မှု၊ မကျေနပ်မှုနှင့် အကြံပေးမှုများကို လုံးဝကြားလေ့မရှိကြပေ။ ထိုခေါင်းဆောင်များကို ကျွန်ုပ် အံ့ဩမိပါ၏။ မိုက်ကရိုဆော့ ကုမ္ပဏီ၏



အမှုဆောင်အရာရှိချုပ် "ဘီလ်ဂိတ်"က ၎င်းရေးသားသော "အတွေး၏အမြန်နှုန်းနှင့် ဆောင်ရွက်သောလုပ်ငန်း" ဆိုသည့် စာအုပ်ထဲ၌ "မကြေလည်သော ဖောက်သည်များသည် အမြဲတမ်းပင် ကြောင့်ကြစိုးရိမ်ဖွယ်ဖြစ်၏။ ၎င်းတို့သည် သင်၏ အကြီးမားဆုံး အခွင့်အရေးလည်း ဖြစ်ကြပေ၏" ဟု ရေးသားထား၏။ ခေါင်းဆောင်ကောင်းများသည် သူ့အလုပ်အကျွေးပြုနေသူများနှင့် အဆက်အသွယ်မပြတ်စေရေးကို ဦးစားပေးလေ့ရှိကြပါသည်။

**၃။ သင်၏ပြိုင်ဘက်များ။**

"တကယ်လို့ သင်ဟာ ကျုပ်နဲ့သဘောမတူဘူးဆိုခဲ့ရင် ခင်ဗျားက နားထောင်မနေတာပဲ ဖြစ်ရမယ်" ဟု "ဆမ်မာကီဝစ်ချ်" က ကြေညာလိုက်၏။ သူက ရယ်စရာအဖြစ်နှင့် ပြောလိုက်ခြင်းဖြစ်သော်လည်း ဝမ်းနည်းစရာကောင်းလှသည့် မှန်ကန်သောအချက်တစ်ချက်မှာ ခေါင်းဆောင်တစ်ယောက်က အခြားအဖွဲ့အစည်းတစ်ခုအား ပြိုင်ဘက်အဖြစ်မြင်လိုက်ချိန်တွင် သူက သူ့ကိစ္စကိုသာ အာရုံထား၍ ထိုကိစ္စအောင်မြင်ရေးကိုသာ အာရုံစိုက်လေတော့၏။ သူသည် အခြားအုပ်စုက ဆောင်ရွက်နေမှုများကို လေ့လာရန် မေ့လျော့သွားတော့သည်။

"လယ်ရီကင်း"က ပြောဖူး၏။ "မနက်တိုင်း ကျုပ်ကိုယ်ကျုပ် သတိပေးလေ့ရှိတယ်၊ ဒီနေ့ ငါပြောတဲ့စကားတွေက ငါ့ကိုဘယ်လိုမှ ပညာပေးနိုင်မှာမဟုတ်ဘူး၊ ဒီတော့ ငါက လေ့လာသင်ယူမယ်ဆိုရင် နားထောင်ခြင်းနဲ့ပဲ ဆောင်ရွက်ရလိမ့်မယ်" ခေါင်းဆောင်တစ်ဦးအနေနှင့် အခြားပုဂ္ဂိုလ်တစ်ယောက်၏ လုပ်ရပ်ကြောင့် သင်က ယုတ်မာသော လုပ်ရပ်များနှင့် တုံ့ပြန်ရန် လိုအပ်လိမ့်မည်မဟုတ်ပါ။ သို့ရာတွင် သင်က နားစွင့်ထောင်ပြီးလျှင် သင့်ကိုယ်သင် မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်ကို လေ့လာသင်ယူနိုင်ပါသည်။

**၄။ သင်၏ ဆရာသမားများ။**

လူတစ်ယောက်သည် အလွန်ခေတ်ရှေ့ပြေးနေသော သို့တည်း မဟုတ် အတွေ့အကြုံများပြားရင့်ကျက်သော ခေါင်းဆောင်တစ်ယောက် ဖြစ်နေသည့်တိုင်အောင် ထိုသူသည် ဆရာသမားမရှိဘဲနှင့် မရပ်တည်နိုင်ချေ။ ကျွန်ုပ်သည် ကျွန်ုပ်ထက်ပို၍ အတွေ့အကြုံများသော ခေါင်းဆောင်များထံမှ များစွာသင်ယူခွင့်ရခဲ့ပါ၏။ ထိုပုဂ္ဂိုလ်များမှာ "မဲလ်ဗင် မက်ဆဝဲလ်" (ကျွန်ုပ်၏ဖခင်)၊ "အလ်မာတောင်းစ်"၊ "ဂျက်စ်ဟေးဖို့ဒ်"၊ "ဖရက်ဒ်စမစ်" နှင့် "ဂျေအော့စဝဲလ်ဆန်းဒါးစ်" တို့ ဖြစ်ကြသည်။ အကယ်၍ သင့်တွင် ဆရာသမားတစ်ယောက်ယောက် မရှိသေးပါက အပြင်ထွက်ပြီး တစ်ယောက်ယောက်ကို တွေ့အောင်ရှာပါ။ သင့်အား လူကိုယ်တိုင် ကူညီနိုင်မည့်သူ ရှာမတွေ့ပါကလည်း စာအုပ်များကို ဖတ်ရှုခြင်းဖြင့် ဤအစီအစဉ်ကို စတင်ဆောင်ရွက်ပါ။ ထိုနည်းအတိုင်းပင် ကျွန်ုပ်စတင်ခဲ့ခြင်းဖြစ်ပါ၏။ အဓိကကျသည့် အချက်မှာ ထိုလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ဖြစ်ဖို့သာလျှင် ဖြစ်ပါသည်။

## ဆင်ခြင်သုံးသပ်ရန်

သင်သည် ကောင်းစွာ နားထောင်တတ်သူတစ်ဦးဖြစ်ပါသလား၊ ခေါင်းဆောင်မှုလုပ်ငန်းကို စတင်စဉ်ကပင် ကျွန်ုပ်သည် ကောင်းစွာ နားထောင်သူတစ်ဦး မဟုတ်ကြောင်း သိပါ၏။ ကျွန်ုပ်က မိမိ၏ ကိစ္စကိုသာ ဆောင်ရွက်ခြင်း၊ ပြီးတော့ထိုလုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်ခြင်းတို့ဖြင့် အလွန်အလုပ်ရှုပ်နေခဲ့ပါ၏။ သို့ရာတွင် ကျွန်ုပ်သည် အရှိန်ကိုလျှော့ချလိုက်ပြီးနောက် မိမိပတ်ဝန်းကျင်၌ မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို ပို၍အာရုံစိုက် လိုက်သောအခါတွင်မူ ရလဒ်အနေဖြင့် ကျွန်ုပ်၏ လုပ်ငန်းများတွင် ပို၍အာရုံစူးစိုက်မှု



ဖြစ်ပေါ်လာစေပြီး ပိုမို၍ ဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရလေတော့သည်။

သင်သည် လူအများအပေါ်တွင် နီးကပ်စွာ အာရုံစိုက်ပြီး ၎င်းတို့ပြောသည့်စကားများကို နားထောင်ခဲ့ရသည်မှာ နောက်ဆုံး မည်သည့်အချိန်က ဖြစ်ခဲ့ပါသနည်း။ အချက်အလက်များကိုသာ အာရုံစိုက်နေမှုထက် ပိုခဲ့ပါသလား။ သင်သည် စကားလုံးများကိုသာမက ၎င်းတို့၏ ခံစားချက်များ၊ အနက်အဓိပ္ပာယ်များနှင့် အတွင်းသဘောထားများကိုပါ လေ့လာနားထောင်ကြည့်ပါ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ နားထောင်နိုင်မှုစွမ်းရည် တိုးတက်လာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **သင်၏အချိန်ဇယားကို ပြောင်းလဲပစ်ပါ။**

သင်သည် သင်၏နောက်လိုက်ငယ်သားများ၊ ဖောက်သည်များ၊ ပြိုင်ဘက်များနှင့် ဆရာသမားများထံမှ ပြောကြားချက်များကို အချိန်ပေး၍ နားထောင်လေ့ရှိပါသလား။ အကယ်၍ သင်၏ပြက္ခဒိန်ပေါ်တွင် ထိုအုပ်စုလေးမျိုးစလုံးအတွက် အချိန်လျာထားမှုကို မှန်မှန်သတ်မှတ်မထားခဲ့ပါက သင်သည် ၎င်းတို့အား လုံလောက်သောအာရုံစိုက်မှု မရှိသည်မှာ ဖြစ်နိုင်ပါသည်။ ၎င်းတို့အား နေ့စဉ်၊ အပတ်စဉ် သို့မဟုတ် လစဉ်နှုန်းထားဖြင့် အချိန်လျာထားချက် တစ်ခုပေးလိုက်ပါ။

U **၎င်းတို့၏ နယ်မြေတွင် တွေ့ဆုံပါ။**

ကောင်းမွန်စွာ နားထောင်နိုင်ခြင်း၏ သော့ချက်မှာ ၎င်းတို့နှင့် အခြေခံတူညီမှုကို ရှာဖွေခြင်းပင်ဖြစ်သည်။ နောက်တစ်ကြိမ်သင်က သင်၏ ဝန်ထမ်း သို့မဟုတ် ဖောက်သည်တစ်ယောက်ယောက်နှင့်

တွေ့ဆုံရသည့်အခါတွင် လူသားတစ်ယောက်အနေနှင့် ထိုပုဂ္ဂိုလ်အား မေးခွန်းလေးခု သို့မဟုတ် ငါးခုမေးဖြစ်အောင် မေးပါ။ သူမည် သူမည်ဝါနည်းဆိုသည်ကို သိအောင်လုပ်ပါ။ သူနှင့်ဆက်သွယ်မှုကို တည်ဆောက်ရန် အတွက် အခြေခံတူညီချက်ကို ရှာဖွေပါ။

**U တိပ်မြှုပ်နေသည့် အဓိပ္ပာယ်ကို နားထောင်ပါ။**

သင်သည် လူအများနှင့် ဆက်ဆံရာတွင် အဓိပ္ပာယ်ရှိသော အချက်အလက်များကိုသာ သင်ကနားထောင်လိုမည်မှာ အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုကိစ္စ၌ ပါဝင်နေသော စိတ်လှုပ်ရှားမှုကိုလည်း မသိဟန်မဆောင်လိုက်ပါနှင့်။ တစ်ခါတစ်ရံတွင် အမှန်တကယ် ဖြစ်ပျက်နေမှုများအား တိမ်မြုပ်နေသည့်အဓိပ္ပာယ်ကို ဖော်ထုတ်ခြင်းဖြင့် သိနိုင်ပေသည်။ ရှေ့လာမည့်နေ့ရက်များနှင့် ရက်သတ္တပတ်များတွင် အချိန်ယူ၍ သင်၏နှလုံးသားဖြင့် နားထောင်ကြည့်ပါ။

## နေ့စဉ်မှတ်သားလိုက်နာရန်

သမ္မတကြီး သီယိုဒိုရူးစဗဲ့သည် တက်ကြွစွာ ဆောင်ရွက်လေ့ရှိသူ ဖြစ်၏။ သို့ရာတွင် ကောင်းမွန်စွာ နားထောင်လေ့ရှိသူလည်း ဖြစ်ပါသည်။ နားထောင်တတ်သည့် အရည်အချင်းရှိသော အခြားပုဂ္ဂိုလ်များကိုလည်း သူက လေးစား၏။ တစ်ခါက ကြီးကျယ်ခမ်းနားသော ကပွဲကြီးတစ်ခု တွင် သူပြောသည့်စကားများကို တောင့်တောင့်ကြီးနှင့် စိတ်မပါ လက်မပါဘဲ နှစ်လိုဖွယ်ရာစကားများနှင့် ပြန်ဖြေနေသူများကို သူ စိတ်ပျက်လက်ပျက်ဖြစ်နေ၏။ ထို့ကြောင့်သူသည် အခြားသူများအား နှုတ်ဆက်ရာတွင် အပြုံးကလေးနှင့် “ကျုပ်ဒီကနေ့ မနက်က ကျုပ်အဘွားကို သတ်ပစ် ခဲ့တယ်”ဆိုသောစကားကို ပြော၍ နှုတ်ဆက်လေတော့၏။ လူပုဂ္ဂိုလ်အများစုသည် ၎င်းနှင့်တွေ့ဆုံရမှုကို ကတုန်ကယင်ဖြစ်နေ



ကြသောကြောင့် သူဘာပြောလိုက်သလဲဆိုသည်ကိုပင် မကြားလိုက် ကြချေ။ သို့ရာတွင် သံတမန်တစ်ယောက်က ကြားသွားလေ၏။ သူက သမ္မတကြီးစကားကို ကြားလိုက်ရသည့်အခါတွင် သူ့ကိုယ်ကို ရှေ့သို့ကိုင်းလိုက်ပြီး လေသံကလေးနှင့် ပြောလိုက်၏။

“အဘွားကလဲ သူအသတ်ခံရတော့မယ်ဆိုတာ သိနေမှာအမှန်ပဲ ပေါ့နော်”

သင်၏လိုအပ်ချက်တို့ကို သိရှိနိုင်ရန်အတွက် စတင်၍ နားထောင် ပါလေ။

အရည်အချင်း (၁၂)

# ဆန္ဒပြင်းပြမှု

**ထိုဘဝကို လက်ခံပါ၊ ထိုဘဝကို ချစ်မြတ်နိုးပါ**

ခေါင်းဆောင်တစ်ယောက်က ပြင်းပြသောဆန္ဒဖြင့် လက်ကမ်းလာခဲ့သည်ရှိသော် ပြင်းပြသောဆန္ဒဖြင့် တုံ့ပြန်အဖြေပေးမှုကို ထုံးစံအတိုင်း တွေ့ရပေလိမ့်မည်။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

မည်သူမဆို မတောက်တစ်ခေါက်လုပ်တတ်ကြ၏။ သို့ရာတွင် သင်က ထိုကိစ္စကို အခိုင်အမာ ဆုံးဖြတ်ထားပြီး သင့် “သွေး” ထဲတွင်လည်း ထိုကိစ္စရပ်က ရောက်ရှိနေပြီဆိုပါက သင့်ကို မည်သူကမျှ တားဆီး၍ မရနိုင်တော့လေပြီ။

**ဘီလ်ခရော့စဘီ၊ လူရွှင်တော်**

## သူ့သွေးထဲ၌ ပီဇာချဉ်ရည် ရောက်ရှိနေပြီ

"ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်" စာအုပ်ထဲတွင် ဖေဖေကြီးဂျွန်၏ ပီဇာမုန့်အကြောင်းနှင့် ၁၉၈၄ ခုနှစ်တွင် ဂျွန်ရှနတ်တာက စတင်တည်ထောင်ခဲ့သော ကုမ္ပဏီသည် ပထမ ၇ နှစ်အတွင်း ဆိုင် ၁ ဆိုင်မှ ဆိုင်ပေါင်း ၄၆ ဆိုင်အထိ တိုးချဲ့လာခဲ့ပုံနှင့် နောက်ထပ် ၇ နှစ်တာကာလတွင် ဆိုင်ပေါင်း ၄၆ ဆိုင်မှ ဆိုင်ပေါင်း ၁၆၀၀ အထိ တိုးချဲ့လာခဲ့ပုံကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဒုတိယ ၇ နှစ်ကာလတွင် ထိုကုမ္ပဏီ၏ အံ့မခန်းအောင်မြင်လာမှုမှာ "ပေါက်ကွဲမှုသဖွယ် ကြီးထွားမှုဆိုင်ရာ ဥပဒေသ" ကြောင့်ပင် ဖြစ်ပါသည်။ ထိုဥပဒေသက ဤသို့ဖြစ်၏။ **"ကြီးထွားမှုကို ပို၍ ကြီးမား လာစေလိုပါက နောက်လိုက်များကို ဦးဆောင်မှုပေးပါ။ နောက်ထပ် အဆပေါင်းများစွာ ကြီးထွားလာစေလိုသည်ဆိုပါက ခေါင်းဆောင်များကို ဦးဆောင်ပါ"** သို့ရာတွင် ပထမ ၇ နှစ်အတွင်း အောင်မြင်မှု ရခဲ့သော ဖေဖေကြီးဂျွန်၏ သော့ချက်ကား အဘယ်နည်း။

အဖြေမှာ ဆန္ဒပြင်းပြမှုပင် ဖြစ်သည်။ ဂျွန်ရှနတ်တာသည် ၎င်း၏ ပီဇာမုန့်ကို စားသုံးရုံသာမကဘဲ ၎င်းနှင့်ပင် အသက်ရှူ၏။ ၎င်းနှင့်ပင် အိပ်၏။ ပီဇာသည်သာ ၎င်း၏ဘဝဖြစ်တော့၏။ ပီဇာသည် သူ့ကို အမြဲတစေလွှမ်းမိုးနေသော အတွေးလည်းဖြစ်၏။ 'အောင်မြင်မှု' မဂ္ဂဇင်းတွင် လီမန်းဘရားသားမှ ဆောင်းပါးရှင် "မိုက်ကယ်စပိုက်ဆာ"က သူ့ အကြောင်း ရေးသားရာတွင် "ပီဇာသည် ရှနတ်တာ၏ ဘဝဖြစ်ပြီးလျှင် သူက ပီဇာကို အလေးအနက်သဘောထားသူ ဖြစ်၏" ဟု ဖော်ပြခဲ့သည်။

ရှနတ်တာ၏ အတွေးအခေါ်မှာ လွယ်ကူပြီး ရိုးရိုးစင်းစင်းပင် ဖြစ်သည်။ သူအကြံပေးပုံက **"သင်ကောင်းကောင်းလုပ်ဆောင်တတ်သည့် ကိစ္စကိုသာ အာရုံစိုက်ပါ။ ပြီးတော့ အခြားပုဂ္ဂိုလ်များထက် ပိုကောင်း အောင်လုပ်ပါ"** ဟူ၍ပင် ဖြစ်၏။ သူကောင်းမွန်စွာ လုပ်တတ်သော ကိစ္စမှာ ကမ္ဘာပေါ်၌ လျှင်မြန်စွာ ကြီးထွားနေသော အဆိုပါလုပ်ငန်းကို ဦးဆောင်မှုပေးခြင်းပင် ဖြစ်သည်။ သူသည် ထိုလုပ်ငန်းကို ဆောင်ရွက်ရာတွင် အလွန်ပင် နှစ်ထောင်းအားရမှုရှိသောကြောင့် သူကိုယ်တိုင် ထိုလုပ်ငန်းထဲ၌ နစ်မြုပ်ကျုံ့ဝင်လျက် ရှိနေတတ်၏။



မကြာသေးမီက သူသည် သူ့ဇနီး အင်းနက်၏ လုပ်ငန်းခွင့်ပြု ချက်ဖြင့် ဖွင့်လှစ်ထားသော လူးဝစ်စ်ဗီးလ် မြို့လည်ကောင်ရှိ ဆိုင် တစ်ဆိုင်သို့ ရောက်ရှိသွားခဲ့ရာ မမျှော်လင့်ဘဲ ထိုဆိုင်တွင် မုန့်အမှာစာ များလွန်းလှသောကြောင့် လက်မလည်နိုင်အောင် ဖြစ်နေမှုကို တွေ့လိုက် ရလေ၏။ သူဘာလုပ်ပါသလဲ။ သူက ထိုလုပ်ငန်းခွင်သို့ ကိုယ်တိုင်ဝင်ပြီး ပီဇာမုန့်လုပ်ရာတွင် တစ်နာရီခွဲကြာအောင် ဝင်ရောက်အကူအညီ ပေးခဲ့လေ၏။ ထိုကိစ္စမှာ သူနှစ်ခြိုက်စွာ ဆောင်ရွက်လေ့ရှိသည့် လုပ်ငန်းလည်းဖြစ်၏။ သူသည် ပီဇာ မုန့်ရောင်းသည့် စတိုးဆိုင်များသို့ တစ်ပတ်လျှင် လေးကြိမ်မှ ငါးကြိမ်အထိ အစစအရာရာ အဆင်ပြေနေခြင်း ရှိမရှိ သိနိုင်အောင် ကြိုတင်၍အကြောင်းကြားခြင်းမရှိဘဲ သွားရောက် လေ့ရှိသည်။

ရှနတ်တာက "ကျုပ်အသက် ၂၂ နှစ်မှာ ပီဇာမုန့်လုပ်ငန်းကို စတင်ဖို့ဆိုတဲ့ စိတ်ကူးကို ပြောပြတော့ လူတွေက ကျုပ်ကို ရူးနေပြီလို့ ထင်ကြတယ်။ လမ်းမှာ မုန့်လျှောက်ရောင်းတဲ့လူတွေ၊ ဘဏ်အရာရှိတွေနဲ့ မိတ်ဆွေသူငယ်ချင်းအချို့ကတောင် ကျုပ်က တစ်လမှာ ငါးဆိုင်က ခြောက်ဆိုင်အထိ ဖွင့်မယ်ဆိုတော့ ရယ်ကြတယ်" ဟု ပြောပြ၏။ ယခုသူသည် အံ့ဩစရာကောင်းလောက်အောင်ပင် တစ်လလျှင် ဆိုင်သုံးဆယ်ကို မှန်မှန်ဖွင့်လှစ်နေလေပြီ။ တစ်နှစ်လုံးတွင် နေ့စဉ်နေ့တိုင်း

ဆိုင်သစ်တစ်ဆိုင် ဖွင့်နေရခြင်း ဖြစ်သည်။

ပြီးတော့ သူက ထိုအရေအတွက်ကို တိုးမြှင့်လိုပြန်သေး၏။ လုပ်ငန်းခွင့်ပြုချက်ဖြင့် မက်ဆီကိုတွင် ဖွင့်ရန်သာမက ရှုနတ်တာထံ၌ ဗင်နီဇွဲလား၊ ပြူတိုရီကိုနှင့် အခြားသောနိုင်ငံခြားဈေးကွက်များတွင်ပါ တိုးချဲ့ ဖွင့်လှစ်ရန် စီမံချက်ရှိနေပေ၏။ သူသည် ကမ္ဘာပေါ်တွင် ပီဇာမုန့်ကို အကြီးကျယ်ဆုံး ရောင်းချသောဆိုင်များအား ခေါင်းဆောင်သူဖြစ်သည်အထိ ဆက်လက်ဆောင်ရွက်မည့်သူ ဖြစ်၏။ သူသည် ထိုလုပ်ငန်းကို ချစ်မြတ်နိုးသည်သာမက သူ့ထံတွင် ရှိရှိသမျှကိုလည်း ပုံအောထားသောကြောင့် သူ့ဆန္ဒအတိုင်း ဖြစ်နိုင်ဖွယ်ရှိပါသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

မည်သည့်အခြင်းအရာများက လူအများအား အောင်မြင်မှုရရှိစေသနည်းဆိုသည့်အချက်ကို ကျွမ်းကျင်သူများက အချိန်များစွာယူ၍ တွေးတောခဲ့ကြ၏။ ၎င်းတို့က ထိုပုဂ္ဂိုလ်သည် မည်သူမည်ဝါဖြစ်သည်ဆိုသော အထောက်အထားများ၊ ထိုပုဂ္ဂိုလ်၏ ဉာဏ်ပညာထက်မြက်မှု၊ ပညာတတ်မှုနှင့် အခြားသောအကြောင်းခြင်းရာများကို လေ့လာကြည့်ရှုတတ်ကြ၏။ သို့ရာတွင် ဆန္ဒပြင်းပြမှုက အခြားအကြောင်းအရာများထက်ပို၍ ကွဲပြားခြားနားမှုကို ဖြစ်စေနိုင်ပါသည်။ အာစီအေမှ "ဒေးဗစ်ဆားနော့ဗ်" က **"မည်သူမဆို မိမိအလုပ်ကို ချစ်မြတ်နိုးမှုမရှိသရွေ့ အောင်မြင်မှုမရရှိနိုင်"** ဟု ဆိုဖူး၏။

အကယ်၍ သင်သည် ထိရောက်သော ခေါင်းဆောင်များ၏ဘဝကို လေ့လာမည်ဆိုပါက ၎င်းတို့သည် သမားရိုးကျပုံစံခွက်ထဲမှ ထွက်လာသော လူစားမျိုးမဟုတ်ကြောင်းကို တွေ့ကြရပေလိမ့်မည်။ ဥပမာအဖြစ် ဖော်ကျွန်းမဂ္ဂဇင်းက ရွေးချယ်သော ကုမ္ပဏီ ၅၀၀ ၏



အမှုဆောင်အရာရှိချုပ် ၅၀ ရာခိုင်နှုန်းကျော်ကျော်သည် တက္ကသိုလ်ကျောင်းနေခဲ့စဉ်က ကျောင်းစာတွင် ပျမ်းမျှအားဖြင့် စီအဆင့် သို့မဟုတ် (စီ–)အဆင့်သာရရှိခဲ့ကြသည်။ အမေရိကန်သမ္မတ ၇၅ ရာခိုင်နှုန်းခန့်သည် ကျောင်းနေစဉ်က ရမှတ်အဆင့်အလိုက် တန်းစီပြီးလျှင် ထိုအတန်းကို ထက်ဝက်ပိုင်းခြားလိုက်မည်ဆိုပါက အောက်ဘက်အခြမ်း၌သာ ရှိခဲ့ကြသူများ ဖြစ်သည်။ ပြီးတော့လည်း စီးပွားရေးစွမ်းဆောင်ရှင် သန်းကြွယ်သူဌေးအားလုံး၏ ၅၀ ရာခိုင်နှုန်းသည် ကောလိပ်ကျောင်းများ၌ ပြီးဆုံးအောင် စာသင်ခဲ့ရသူများ မဟုတ်ကြချေ။

သာမန်ပုဂ္ဂိုလ်များအဖြစ်သာ မြင်တွေ့ကြရသူများအား ထူးချွန်သောပုဂ္ဂိုလ်များဖြစ်လာအောင် မည်သည့်အကြောင်းခြင်းရာများက တွန်းပို့ခဲ့ကြပါသနည်း။ အဖြေမှာ ဆန္ဒပြင်းပြမှုပင် ဖြစ်သည်။ ခေါင်းဆောင်တစ်ဦး၏ ဘဝတွင် ဆန္ဒပြင်းပြမှုနေရာ၌ မည်သည့်အကြောင်းခြင်းရာနှင့်မှ အစားထိုး၍မရနိုင်ပါချေ။

ဆန္ဒပြင်းပြမှုနှင့် စပ်လျဉ်း၍ မှန်ကန်သော အောက်ပါအချက်လေးချက်ကို လေ့လာကြည့်ရန်နှင့် ထိုအချက်များက ခေါင်းဆောင်တစ်ဦးအဖြစ် သင့်အား မည်သို့မည်ပုံ ပံ့ပိုးပေးနိုင်သည်ကိုလည်း လေ့လာပါ။

**၁။ ဆန္ဒပြင်းပြမှုသည် စွမ်းဆောင်နိုင်မှုအတွက် ပထမခြေလှမ်း ဖြစ်သည်။**

သင်၏လိုအင်ဆန္ဒက သင်၏ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်လေသည်။ ကြီးကျယ်သော ခေါင်းဆောင်ကြီးများအကြောင်း သင်လေ့လာကြည့်ပါ။ ၎င်းတို့၏ လိုအင်ဆန္ဒပြင်းပြမှုကို ထင်ထင်ရှားရှား မြင်တွေ့ရပါလိမ့်မည်။ လူသားတို့၏ အခွင့်အရေးအတွက် ဂန္ဒီ၊ လွတ်လပ်မှု အတွက် ဝင်စတန်ချာချီ၊ လူသားအချင်းချင်း အခွင့်အရေးညီမျှမှုအတွက် မာတင်လူသာကင်းဂျူနီယာ၊ နည်းပညာအတွက် ဘီလ်ဂိတ်။

မည်သူမဆို မိမိ၏ သာမန်ဘဝထက် ကျော်လွန်၍ နေထိုင်လိုသူ

များတွင် ကြီးကျယ်သော လိုအင်ဆန္ဒများ ရှိကြသည်။ ဤအချက်သည် မည်သည့်နယ်ပယ်တွင်မဆို မှန်ကန်မှုရှိ၏။ ပျော့ညံ့သော လိုအင်ဆန္ဒက ပျော့ညံ့သော ရလဒ်များကိုသာလျှင် ဖြစ်ပေါ်စေလိမ့်မည်။ သေးငယ်သော မီးက အပူဓာတ်အနည်းငယ်မျှကိုသာ ပေးနိုင်သကဲ့သို့ပင်တည်း။ သင်၏မီးတောက်က ပို၍အင်အားကြီးမားလေလေ လိုအင်ဆန္ဒက ပို၍ကြီးမားလေလေဖြစ်သလို သင်၏အလားအလာကလည်း ပို၍ ကြီးမားလာမည် ဖြစ်ပါသည်။

## ၂။ ဆန္ဒပြင်းပြမှုက စိတ်ဓာတ်အင်အားကို တိုးတက်စေ၏။

တည်ကြည်ဖြောင့်မတ်သော လူငယ်တစ်ဦးက ဂရိခ်တွေးခေါ်ပညာရှင် ဆိုကရေးတီးထံလာရောက်၍ ချဉ်းကပ်ခဲ့ဖူးသည်ဟု အဆိုရှိခဲ့သည်။ အဆိုပါလူငယ်က ဆိုကရေးတီးအား ပေါ့ပေါ့ဆဆ ပြောလိုက်၏။

"အို ကြီးမြတ်လှပါသော ဆိုကရေးတီးခင်ဗျား၊ ကျွန်ုပ်က အသိပညာအတွက် သင့်ထံသို့ လာရောက်ခြင်း ဖြစ်ပါ၏"

တွေးခေါ်ပညာရှင်ကြီးက ထိုလူငယ်အား ပင်လယ်သို့ခေါ်သွားပြီး ထိုလူငယ်နှင့်အတူ ရေထဲသို့ ဆင်းလိုက်ပြီးနောက် ၎င်း၏ ဦးခေါင်းကို ရေထဲတွင် စက္ကန့်သုံးဆယ်ကြာအောင် နှစ်ထားလိုက်သည်။ ထို့နောက် ထိုလူငယ် အသက်ပြန်ရှူနိုင်စေရန် ဦးခေါင်းကို ရေပေါ်သို့ ပြန်ဖော်ပေးလိုက်ပြီးနောက် ဆိုကရေးတီးက ထိုလူငယ်အား ၎င်းလိုချင်သည့် ဆန္ဒကို ထပ်မံ၍ ပြောပြခိုင်းပြန်၏။

"အသိပညာပါ၊ ကြီးမြတ်လှသောဆရာခင်ဗျား"ဟု ထိုလူငယ်က ဗလုံးဗထွေး ပြောလိုက်၏။

ဆိုကရေးတီးက ထိုလူငယ်၏ ဦးခေါင်းအား ရေအောက်သို့ ယခင်ကထက် အနည်းငယ်ပိုကြာအောင် နှစ်လိုက်ပြန်သည်။ ထိုကဲ့သို့ အကြိမ်ပေါင်းများစွာ ကြာအောင် ထပ်ခါတလဲလဲ နှစ်လိုက်၊ မေးမြန်းလိုက်၊



လုပ်ပြီးမှ နောက်ဆုံးတွင် တွေးခေါ်ပညာရှင်ကြီးက မေးလိုက်ပြန်၏။

"မင်းက ဘာကိုလိုချင်တာလဲ"

ထိုလူငယ်က နောက်ဆုံးတွင် မောမောနှင့် ရှိုက်၍ပြောလိုက် လေ၏။

"လေ၊ ကျွန်ုပ် လေကို လိုချင်ပါတယ်"

"ကောင်းတယ်"

ဆိုကရေးတီးက ပြန်ဖြေလိုက်၏။

"ကဲ၊ မင်းကအခု 'လေ'ကို လိုချင်နေသလိုပဲ အသိပညာကို လိုချင်တယ်ဆိုရင်တော့ မင်းရမှာပေါ့ကွာ"

ဆန္ဒပြင်းပြမှုအတွက် မည်သည့်အရာနှင့်မှ အစားထိုး၍ မရပါ။ ထိုအရာသည် စိတ်ဓာတ်၏ လောင်စာဆီလည်းဖြစ်၏။ အကယ်၍ သင်သည် တစ်ခုခုကို လွန်မင်းစွာ လိုချင်သည်ဆိုပါက ထိုကိစ္စကို ဆောင်ရွက်နိုင်မည့် စိတ်ဓာတ်ခွန်အားကို ရှာတွေ့နိုင်ပါလိမ့်မည်။ ထိုကဲ့သို့သော လိုအင်ဆန္ဒကို ရရှိပိုင်ဆိုင်ရေးအတွက် ဆောင်ရွက်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဆန္ဒပြင်းပြမှု ကြီးထွားလာအောင် ထူထောင်ရန်ပင် ဖြစ်ပါသည်။

## ၃။ ဆန္ဒပြင်းပြမှုက သင့်ကို ပြောင်းလဲသွားစေ၏။

အခြားပုဂ္ဂိုလ်များ၏ သိမြင်နိုင်စွမ်းရှိမှုနောက်သို့ သင်ကမလိုက်ဘဲ မိမိ၏ဆန္ဒပြင်းပြမှုနောက်သို့သာ လိုက်ခဲ့မည်ဆိုပါက သင်သည် ပိုမို၍ ရည်မှန်းချက်ပြင်းထန်သော ထုတ်လုပ်မှုစွမ်းအားကောင်းသော ပုဂ္ဂိုလ်တစ်ယောက်အဖြစ်သို့ မလွဲမသွေ ရောက်ရှိလာရပေမည်။ ထို့ အပြင် ထိုအခြင်းအရာက အခြားပုဂ္ဂိုလ်များအပေါ်၌ သြဇာရှိနိုင်သော အရည်အချင်းကိုပါ တိုးမြှင့်ပေးပါလိမ့်မည်။ နောက်ဆုံးတွင် သင်၏ စိတ်ဆန္ဒပြင်းပြမှုက သင်၏ ဥပမိရုပ်ထက်ပင် ပို၍ သြဇာသက်ရောက်စေမည် ဖြစ်ပါ၏။

### ၄။ ဆန္ဒပြင်းပြမှုက မဖြစ်နိုင်သော ကိစ္စတို့ကို ဖြစ်စေနိုင်၏။

လူသားများအား တည်ဆောက်ထားသည့်ပုံစံမှာ ၎င်းတို့၏ စိတ်ဝိညာဉ်ကို တစ်ခုခုကသာ လာရောက်လောင်ကျွမ်းစေပါက မဖြစ်နိုင်ဟု ဆိုသော အခြင်းအရာများသည် ပပျောက်ကုန်ကြလေ၏။ သင့်နှလုံးကို မီးစွဲလောင်နေခဲ့ပါက ထိုကဲ့သို့ စွဲလောင်နေမှုက သင့်ဘဝတွင် အစစ အရာရာကို မြှင့်တင်ပေးပါလိမ့်မည်။ ထို့ကြောင့် ဆန္ဒပြင်းပြသော ခေါင်းဆောင်များသည် အလွန်ထိရောက်မှုရှိကြခြင်း ဖြစ်၏။ ကြီးမားသော ဆန္ဒပြင်းပြမှုနှင့် ကျွမ်းကျင်မှုအနည်းငယ်သာရှိသော ခေါင်းဆောင်တစ်ဦးသည် ကျွမ်းကျင်မှုအလွန်ပြည့်ဝသော်လည်း စိတ်ဆန္ဒပြင်းပြမှုမရှိသော ခေါင်းဆောင်ထက်စာလျှင် ပို၍ ဆောင်ရွက်နိုင်စွမ်းရှိပေလိမ့်မည်။

## ဆင်ခြင်သုံးသပ်ရန်

"ဆန္ဒပြင်းပြမှု"၌ အစွမ်းသတ္တိရှိနေသည့်တိုင်အောင် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုမှ လူအတော်များများက ဆန္ဒပြင်းပြမှုကို သံသယဝင်စရာ ခြင်းရာတစ်ခုအဖြစ် ယုံကြည်နေကြ၏။ လူမှုရေးပညာရှင် "တိုနီကမ်ပိုလို"က–

"ကျွန်ုပ်တို့ဟာ တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုဂုဏ်ဒြပ်နဲ့ ပတ်သက်လာရင် အဆင့်တစ်ခုမှာ အမိခံနေကြရတယ်၊ ကျွန်ုပ်တို့ဟာ ရုပ်ဝတ္ထုဝါဒီသမားတွေ ဖြစ်ကြရုံသာမက အဲဒါထက်လည်း ပိုပြီးဆိုးရွားနေသေးတယ်။ လူသားအနေနဲ့ပြောရရင်တော့ စိတ်အာရုံပိုင်းဆိုင်ရာမှာ သေနေတဲ့ လူတွေ ဖြစ်နေကြပြီ။ ကျွန်ုပ်တို့က လိုက်လိုက်လဲလဲ သီချင်းမဆိုကြဘူး၊ အားရပါးရလဲ မ"က" နိုင်ကြဘူး၊ ဒုစရိုက်မှုကို ကျူးလွန်တဲ့အခါမှာတောင် သိပ်ပြီး စိတ်ပါလက်ပါ မရှိကြတော့ဘူး"ဟု



မှတ်ချက်ပြုဖူး၏။

ဆန္ဒပြင်းပြမှုသည် သင့်ဘဝတွင် ထူးခြားသောခြင်းရာတစ်ရပ် ဖြစ်ပါသလား၊ သင်အိပ်ရာမှ နိုးလာချိန်တွင် ထိုနေ့ရက်အတွက် သင်က စိတ်အားထက်သန်မှု ရှိနေပါသလား။ ရက်သတ္တပတ်၏ ပထမဦးဆုံးနေ့ရက်သည် သင်အကြိုက်ဆုံးနေ့ရက် ဖြစ်ပါသလား။ သို့တည်းမဟုတ် သင်သည် ဤရက်သတ္တပတ် ကုန်ဆုံးချိန်မှ နောက်ရက်သတ္တပတ် ကုန်ဆုံးချိန်အထိ အိပ်ပျော်လျက်နှင့် လမ်းလျှောက်နေသူပမာ နိစ္စဓူဝ ဆောင်ရွက်နေရသည့် ပုံမှန်လုပ်ငန်းများကို ဆောင်ရွက်ရင်းနှင့် ဘဝကို ကုန်ဆုံးနေစေသူ ဖြစ်ပါသလား။ သင်၏ စိတ်ကူးစိတ်သန်းတစ်ခုကြောင့် အလွန်စိတ်လှုပ်ရှားပြီး အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရသည်မှာ မည်မျှ ကြာမြင့်ခဲ့ပါပြီနည်း။

အကယ်၍ ဆန္ဒပြင်းပြမှုသည် သင့်ဘဝတွင်ရှိ အရည်အချင်းတစ်ခု မဟုတ်ပါက သင်သည် ခေါင်းဆောင်တစ်ယောက်အနေနှင့် ဒုက္ခရောက်နေမည်ဖြစ်ပါ၏။ မှန်ကန်သောအချက်တစ်ချက်မှာ သင့်အနေ နှင့် သဲကြီးမဲကြီး စိုးရိမ်ကြောင့်ကြမှုမရှိသော ကိစ္စတစ်ရပ်အတွက် မည်သည့်အခါတွင်မှ သင်က ဦးဆောင်မှုပေးနိုင်လိမ့်မည်မဟုတ်ပါ။ သင့်ခန္ဓာကိုယ်ထဲတွင် တွန်းအားပေးမှု ဖြစ်ပေါ်မလာဘဲနှင့် အဖွဲ့အစည်းတစ်ခုလုံးအား သင်က တွန်းအားပေးနိုင်လိမ့်မည်မဟုတ်ပါ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

U **သင်၏ကိုယ်အပူချိန်ကို တိုင်းတာပါ။**

သင်သည် သင်၏အလုပ်နှင့် သင့်ဘဝအတွက် မည်မျှလောက်အထိ ပြင်းပြင်းပြပြ ဖြစ်နေပါသနည်း။ ထိုကိစ္စသည် ထင်သာမြင်သာရှိပါရဲ့လား။ သင်၏စိတ်ဆန္ဒအဆင့်ကို အမှန်အတိုင်း သိရှိနိုင်ရန် အတွက် သင်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေသူအချို့နှင့် သင့်ဇနီးကို မေးမြန်းစုံစမ်းကြည့်ပါ။ စိတ်ဆန္ဒပြင်းပြမှုသည် သင့်ဘဝတွင် ထူးခြားမှုကို ဖြစ်စေနိုင်လိမ့်မည်ဟု သင်မယုံကြည်သေးသရွေ့ သင်သည် စိတ်ဆန္ဒပြင်းပြင်းပြပြရှိသူတစ်ဦး မဖြစ်နိုင်ပါချေ။

U **သင်၏အစျစ်ဦးထံသို့ ခြေဦးလှည့်ပါ။**

လူအတော်များများသည် ဘဝနှင့် အခြေအနေအရပ်ရပ်ကြောင့် လမ်းကြောင်းပြောင်းလွဲသွားမှုကို လက်ခံထားကြရ၏။ သင်၏ပထမဦးဆုံးလုပ်ငန်းခွင်သို့ စတင်ဝင်ရောက်ခဲ့သည့်အချိန်ကို ပြန်စဉ်းစားကြည့်လိုက်ပါ။ သို့တည်းမဟုတ် ထိုအချိန်ကာလ၏ နောက်ဘက်သို့ ပြန်ဆုတ်၍ သင်၏ကလေးဘဝကို ပြန်တွေးကြည့်လိုက်ပါ။ သင်က မည်သည့်ကိစ္စကို နာရီပေါင်းများစွာကြာအောင် မပျင်းမရိ လုပ်ကိုင်နိုင်ခဲ့ပါသနည်း။ သင်အရင်က စိတ်အားထက်သန်ခဲ့မှုကို ပြန်စဉ်းစားကြည့်ပါ။ ထို့နောက် ထိုအချစ်ဟောင်းများနှင့် ယခုလက်ရှိလုပ်ငန်းတို့ကို နှိုင်းယှဉ်ပြီး အကဲဖြတ်ကြည့်ပါ။

U **စိတ်ဆန္ဒပြင်းပြသူများနှင့် အပေါင်းအသင်းပြုလုပ်ပါ။**

ဤလုပ်ရပ်မှာ သင့်အား တမင်ကြိုက်လုံးပေးသည်ဟု ထင်စရာရှိသော်လည်း သူတော်ချင်းချင်း သတင်းလွှေလွှေ့ ပေါင်းဖက်မွှေဆိုသည့် စကားမှာ မှန်ကန်ကြောင်းကို ဖော်ပြပါသည်။ အကယ်၍ သင့်ထံတွင်



ဆန္ဒပြင်းပြမှု ပျောက်ဆုံးသွားခဲ့သည်ဆိုပါက ဆန္ဒပြင်းပြမှုကို မီးထိုးပေးမည့်ပုဂ္ဂိုလ်များနှင့် သင်ဆက်ဆံရတော့မည် ဖြစ်ပါ၏။ ဆန္ဒပြင်းပြမှုသည် ကူးစက်တတ်ပြီး သင့်အား ကူးစက်စေနိုင်မည့် ထိုပုဂ္ဂိုလ်များနှင့် အတူရှိနေအောင် သင့်အစီအစဉ်တွင် ထည့်သွင်းရေးဆွဲထားပါ။

## နေ့စဉ်မှတ်သားလိုက်နာရန်

"ဂျင်နရယ်ဘီလီမစ်ချယ်" သည် စစ်သားဘဝနှင့် တောက် လျှောက်အမှုထမ်းခဲ့သူဖြစ်၏။ ၎င်းအား ၁၉၁၆ ခုနှစ်က လေကြောင်း ဌာနစိတ်သို့ စေလွှတ်တာဝန်ချထားခဲ့သည်။ သူသည် ထိုဌာနစိတ်တွင် လေယာဉ်မောင်းနှင်မှုကို သင်ယူခဲ့ပြီးနောက် ထိုကိစ္စသည် သူ့ဘဝ၏ ပြင်းပြသောဆန္ဒဖြစ်လာခဲ့၏။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ်က လေယာဉ်ပျံများသည် ထိုစစ်ပွဲတွင် အနည်းငယ်မျှသာ အရေးပါခဲ့သော်လည်း လေကြောင်းအင်အားကြီးမှုက စစ်အင်အားအတွက် အလားအလာရှိကြောင်းကို သူကြိုတင်၍ မြင်နိုင်ခဲ့၏။ စစ်ကြီးပြီးစီးသွားသောအခါ လေတပ်ထူထောင်သင့်သည်ဟုဆိုသော အယူအဆတစ်ရပ်ကို စစ်တပ်မှပုဂ္ဂိုလ်ကြီးများက လက်ခံလာစေမည့် လှုံ့ဆော်မှုတစ်ရပ်သူစတင်ဆောင်ရွက်ခဲ့၏။ လေယာဉ်ပျံများက မည်ကဲ့သို့ ဆောင်ရွက်နိုင်စွမ်းရှိကြောင်းဖြင့် ၎င်းက သရုပ်ပြမှုများကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ပြသခဲ့၏။ သို့ရာတွင် ပြင်းထန်သော အတိုက်အခံများနှင့်သာ ရင်ဆိုင်ခဲ့ရ၏။ သူသည် မချင့်မရဲဖြစ်လွန်းလှသောကြောင့် ၁၉၂၅ ခုနှစ်တွင် တပ်မတော်က ၎င်းအား စစ်ခုံရုံးတင်စေသည်အထိ ဇွတ်အတင်းဆောင်ရွက်ခဲ့၏။ နောက်တစ်နှစ်ကြာသောအခါ သူသည် ရာထူးမှ နှုတ်ထွက်လိုက်လေ၏။ ဒုတိယကမ္ဘာစစ် ပြီးစီးသွားသည့်အခါကျမှသာ ဘီလီမစ်ချယ်အား အပြစ်မှ ခွင့်လွှတ်ပြီး စစ်ဖက်ဆိုင်ရာ အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော Medal

of Honor ကို သူကွယ်လွန်ပြီးနောက်မှ ချီးမြှင့်ခဲ့လေ၏။ သူသည် သူမှန်ကန်သည် ဟုထင်သော ကိစ္စရပ်တစ်ခုအတွက် ဘာကိုပဲ ပေးဆပ်ရ ပေးဆပ်ရ ရဲရဲကြီးရင်ဆိုင်ခဲ့သူ ဖြစ်၏။ ကဲ ယခုသင်ကော ဘယ်လိုလဲ။

အရည်အချင်း (၁၃)

# အပြုသဘော ထားရှိနိုင်မှု

**သင်ဆောင်ရွက်နိုင်စွမ်းရှိလိမ့်မည်ဟု ယုံကြည်လျှင် သင်ဆောင်ရွက်နိုင်ပါလိမ့်မည်။**

ကျွန်ုပ်တို့ မျိုးဆက်၏ အကြီးမားဆုံးသော ရှာဖွေတွေ့ရှိချက်မှာ လူသားများသည် ၎င်းတို့၏ စိတ်နေသဘောထားကို ပြောင်းလဲပစ်ခြင်းဖြင့် မိမိတို့၏ ဘဝကို ပြောင်းလဲစေနိုင်သည် ဆိုခြင်းပင် ဖြစ်သည်။

**ဝီလီယံဂျိမ်းစ်–စိတ်ပညာရှင်–**

အောင်မြင်သော ပုဂ္ဂိုလ်တစ်ယောက် ဆိုသည်မှာ အခြား ပုဂ္ဂိုလ်များက ၎င်းအား ပစ်ပေါက်လိုက်သောအုတ်ခဲများနှင့် ခိုင်ခံ့သော အုတ်မြစ်တစ်ခုအား တည်ဆောက်နိုင်သူပင် ဖြစ်သည်။

**ဒေးဗစ်ဘရင့်ကလီ၊ ရုပ်မြင်သံကြားသတင်းစာဆရာ**

## ဉာဏ်ကွန့်မြူးမှုနှင့် ချွေးထွက်မှုတို့ထက် သာလွန်၍

လိုက်ဖ်မဂ္ဂဇင်းကြီးက ထိုပုဂ္ဂိုလ်အား ထောင်စုနှစ်၏ နံပါတ်တစ်ပုဂ္ဂိုလ်ဟု အမည်ပေးခဲ့ပြီးလျှင် သူတီထွင်ခဲ့သော ပစ္စည်းအရေအတွက်မှာ အကြီးအကျယ် အံ့အားသင့်စရာကောင်းလှ၏။ စုစုပေါင်း ၁၀၉၃ ခုဖြစ်သည်။ သူမူပိုင်အဖြစ် မှတ်ပုံတင်ထားခဲ့သော ပစ္စည်းများမှာ ကမ္ဘာပေါ်ရှိ အခြားပုဂ္ဂိုလ်များထက် ပိုများနေ၏။ တစ်နှစ်လျှင် အနည်းဆုံး တစ်ခုနှုန်းနှင့် နှစ်ပေါင်း ၆၅ နှစ်တိုင်အောင် နှစ်တိုင်းဆက်တိုက် ခွင့်ပြုခံခဲ့ရသည်။ သူသည် ခေတ်မီသုတေသနဓာတ်ခွဲခန်းကိုလည်း တည်ဆောက်ခဲ့သည်။ သူ့နာမည်မှာ "သောမတ်အက်ဒီဆင်" ဖြစ်ပါ၏။

လူအများစုက သောမတ်အက်ဒီဆင်၏ အရည်အချင်းကို တီထွင်နိုင်စွမ်းရှိသော ပါရမီရှင်ဟု ဂုဏ်ပြုကြ၏။ သူကမူ အပင်ပန်းခံ၍ ဆောင်ရွက်မှုကြောင့်သာဖြစ်သည်ဟု ဆိုပါ၏။ သူကကြေညာဖူး၏။ "ပါရမီရှင်ဆိုတာ ကိုးဆယ့်ကိုးရာခိုင်နှုန်း ချွေးထွက်မှုနဲ့ တစ်ရာခိုင်နှုန်း ဉာဏ်ကွန့်မြူးမှုပါပဲ" ၎င်း၏အောင်မြင်မှုမှာ တတိယအချက်၏ ရလဒ်ကြောင့်လည်း ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ထိုအချက်မှာ ၎င်း၏ အပြုသဘောဆောင်သည့် စိတ်နေသဘောထားပင် ဖြစ်ပါ၏။

အက်ဒီဆင်သည် အစစအရာရာ၏ အကောင်းဆုံးအချက်ကိုသာ မြင်သော "အကောင်းမြင်ဝါဒီ" ဖြစ်၏။ "တကယ်လို့ ကျုပ်တို့ လုပ်ကိုင်နိုင်စွမ်းရှိသမျှအားလုံးကို လုပ်လိုက်ကြမယ်ဆိုရင် စကားအဖြစ်ပြောရရင်တော့ ကျုပ်တို့ကိုယ်တိုင်တောင် အရမ်းအံ့အားသင့်သွားကြလိမ့်မယ်" ဟု သူတစ်ခါက ပြောဖူး၏။ သူက သူ၏လျှပ်စစ်မီးလုံးတွင် အသုံးပြုရန်အတွက် မှန်ကန်သော ပစ္စည်းကို ရှာဖွေတွေ့ရှိရန် အကြိမ်ပေါင်းတစ်သောင်းအထိ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ရသော်လည်း



သူက ထိုစမ်းသပ်မှုများကို ထိုမျှလောက် များပြားသော ရှုံးနိမ့်မှုများအဖြစ် မသတ်မှတ်ပါချေ။ သူသည် တစ်ကြိမ်ကြိုးစားလိုက်သည့်အခါတိုင်း မည်သည့်ကိစ္စအတွက် မအောင်မြင်ခြင်းဖြစ်သည်ဆိုသည့် အချက်အလက်များကို ရရှိလိုက်သောကြောင့် အဖြေနှင့်ပို၍ နီးစပ်လာပြီဖြစ်သည်ဟု ဆိုပါ၏။ သူက ကောင်းမွန်သည့်အဖြေတစ်ခုကို ရှာတွေ့လိမ့်မည်ဟု အမြဲယုံကြည်သူဖြစ်သည်။ သူ၏ယုံကြည်မှုကို သူ၏ ပြောကြားချက်နှင့်ပင် အကျဉ်းချုပ်အဖြစ် ဖော်ပြနိုင်သည်။ "ဘဝရဲ့ ဆုံးရှုံးမှုအတော်များများဟာ လူတွေက လက်မြှောက်သွားခဲ့ကြတဲ့အချိန်မှာ သူတို့ဟာ အောင်မြင်မှုနဲ့ ဘယ်လောက်အထိ နီးကပ်နေပြီဆိုတာကို သဘောမပေါက်ကြလို့ဘဲ"

အက်ဒီဆင်၏ အပြုသဘောထားရှိနိုင်မှုကို သူအသက် ၆၀ ကျော်နှောင်းပိုင်းကာလ၌ တွေ့ကြုံခဲ့ရသော ဝမ်းနည်းဖွယ်ဖြစ်ရပ်တစ်ခု အား သူ၏ချဉ်းကပ်ပုံ ချဉ်းကပ်နည်းက အကောင်းဆုံးဥပမာအဖြစ် ပြသနိုင်ဖွယ်ရှိပါသည်။ နယူးဂျာဆီပြည်နယ်၊ ဝက်စ်အောရိန့်ချ်ရှိ သူတည်ဆောက်ခဲ့သော ဓာတ်ခွဲခန်းကြီးသည် ကမ္ဘာကျော်ခဲ့သည်။ သူက အဆောက်အအုံပေါင်း တစ်ဆယ့်လေးခု ပါဝင်သည့် ထိုအဆောက်အအုံတွဲကြီးအား "တီထွင်ရေးစက်ရုံ" ဟု ခေါ်ဝေါ်ခဲ့သည်။ ထိုအဆောက်အအုံတွဲကြီး၏ ပင်မအဆောက်အအုံကြီးမှာ ဘောလုံးကစားကွင်း သုံးခုစာထက်ပို၍ ကြီးမားခဲ့သည်။ သူနှင့် သူ၏အဖွဲ့သားများသည် တီထွင်မှုများကို ထိုနေရာမှ စတင်၍ စိတ်ကူးရရှိလာကြသည်။ ရှေ့ပြေးပုံစံငယ်များကို တည်ဆောက်ခဲ့ကြသည်။ ပစ္စည်းများကို ထုတ်လုပ်ကြသည်။ ဖောက်သည်များထံသို့ တင်ပို့ကြသည်။ ထိုအဆောက်အအုံသည် ခေတ်မီသုတေသနနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာဌာနကြီးတစ်ခုဖြစ်ခဲ့သည်။

အက်ဒီဆင်က ထိုနေရာကို အလွန်ချစ်မြတ်နိုးသည်။ သူသည် တတ်နိုင်သလောက် ထိုနေရာ၌သာ နေထိုင်ခဲ့သည်။ သူသည် မကြာ

ခဏဆိုသလိုပင် ဓာတ်ခွဲခန်းစားပွဲတစ်လုံးပေါ်၌ အိပ်နေတတ်သည်။ သို့ရာတွင် ၁၉၁၄ ခုနှစ်၊ ဒီဇင်ဘာလ၏ ရက်တစ်ရက်တွင် သူ့အလွန် ချစ်မြတ်နိုးသော ဓာတ်ခွဲခန်းကြီးကို မီးလောင်လေတော့၏။ သူသည် မီးလောင်နေသည်ကို အပြင်ဘက်က မတ်တပ်ရပ်၍ကြည့်နေရင်း ယခုလိုပြောခဲ့သည်ဟု အဆိုရှိ၏။ "ဟေ့ ကလေးတွေ၊ မင်းတို့အမေတွေကို သွားခေါ်ကြစမ်း၊ သူတို့ ဒီလောက်ကြီးမားတဲ့ မီးလောင်မှုကြီးကို နောက်တစ်ခါမြင်ကြရတော့မှာ မဟုတ်ဘူး"

လူအများစုကတော့ ဆိုးရွားစွာ စိတ်ထိခိုက်သွားဖွယ်ရှိပါသည်။ အက်ဒီဆင်ကတော့ ထိုသို့မဟုတ်ချေ။ သူက မီးလောင်မှုကြီးအပြီးတွင် ပြောလိုက်၏။

"ကျုပ်အသက် ၆၇ နှစ်ရှိပြီ၊ အသစ်ကနေ ပြန်စဖို့အတွက် သိပ်အသက်မကြီးသေးပါဘူး။ ကျုပ်က ဒီလိုကိစ္စမျိုးတွေနဲ့ အများကြီး ကြုံတွေ့ခဲ့ရပြီးပါပြီ။"

သူက ဓာတ်ခွဲခန်းကို ပြန်ဆောက်သည်။ ပြီးတော့နောက်ထပ် ၁၇ နှစ်ကြာအောင် အလုပ် ဆက်လုပ်သွားခဲ့သည်။ သူက မှတ်ချက်ပြုဖူး၏။

"ကျုပ်မှာ စိတ်ကူးတွေ အများကြီးရှိနေပါသေးတယ်။ ဒါပေမယ့် အချိန်ကတော့ တိုတောင်းလွန်းလှတယ်ဗျာ၊ ကျုပ်က အသက်တစ်ရာ လောက်အထိပဲ နေချင်တာပါ"

သူသည် အသက် ၈၄ နှစ်အရွယ်၌ ကွယ်လွန်ခဲ့၏။



# ပြည့်စုံအောင် ဖြည့်စွက်ကြစို့

အကယ်၍ အက်ဒီဆင်သည် ထိုကဲ့သို့ အပြုသဘောဆောင်သည့် ပုဂ္ဂိုလ်မဟုတ်ခဲ့ပါက သူသည် တီထွင်သူတစ်ယောက်အနေနှင့် ဤမျှ လောက် အောင်မြင်မှုရရှိနိုင်မည် မဟုတ်ပါ။ အကယ်၍ သင်သည် မည်သည့် သက်မွေးမှုလုပ်ငန်း၌မဆို စွဲမြဲစွာ အောင်မြင်မှုရရှိနေ သူများအား လေ့လာမည်ဆိုပါက ထိုပုဂ္ဂိုလ်အားလုံးနီးပါးသည် ဘဝနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့် အမြင်များကို ပိုင်ဆိုင်ထားကြ သူများသာ ဖြစ်ကြောင်း သင်တွေ့ရပေလိမ့်မည်။

အကယ်၍ သင်သည် ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ဦး ဖြစ်လိုပါက အပြုသဘောဆောင်သည့် စိတ်နေစိတ်ထားရှိမှုက လူ တစ်ယောက်အနေနှင့် ကျေနပ်ရောင့်ရဲမှု၏ အဆင့်ကို ပြဋ္ဌာန်းပေးသည့် အပြင် အခြားပုဂ္ဂိုလ်များက သင်နှင့် ဆက်ဆံပုံဆက်ဆံနည်းများ အပေါ်၌လည်း ထိရောက်သော အကျိုးသက်ရောက်မှုများ ရှိစေမည် ဖြစ်သည်။ အပြုသဘောဆောင်မှုက မည်ကဲ့သို့ အဓိပ္ပါယ်ရှိသည်ကို သိလိုပါက အောက်ပါအချက်များကို လေ့လာသုံးသပ်ကြည့်ပါ။

**၁။ သင်၏ စိတ်နေသဘောထားသည် သင်၏ရွေးချယ်မှုပင်ဖြစ်သည်။**

သာမန်လူပုဂ္ဂိုလ်တစ်ယောက်သည် တစ်ယောက်ယောက်က ၎င်းအား စေ့ဆော်တိုက်တွန်းလာသည်အထိ စောင့်နေလေ့ရှိ၏။ သူ၏ အခြေအနေအရပ်ရပ်မှာ သူ၏တွေးပုံတွေးနည်းကြောင့်သာ ဖြစ်ပေါ်လာရ ခြင်း ဖြစ်သည်ဟု ထင်မြင်ယူဆ၏။ သို့ရာတွင် 'စိတ်နေစိတ်ထား' သို့မဟုတ် 'အခြေအနေ' ၎င်းတို့ ၂ မျိုးအနက်၊ မည်သည့် ကိစ္စက အရင်ကျပါသနည်း။ ထိုကိစ္စမှာ ကြက်ဥကစသလား၊ ကြက်က စသလားဆိုသည့် မေးခွန်းမျိုးပင်ဖြစ်၏။ အမှန်မှာ မည်သည့်ကိစ္စက

အရင်ဖြစ်သည်ဆိုသော အကြောင်းအရာမှာ အရေးမကြီးပါ။ ယမန်နေ့က သင့်အဖို့ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ယနေ့အချိန်တွင် သင်၏စိတ်နေစိတ်ထားမှာ သင်၏ ရွေးချယ်မှုပင် ဖြစ်ပေသည်။

စိတ်–ပညာရှင် "ဗစ်တာဖရန်ကယ်"က "လူသားတို့ဆိုင်ရာ လွတ်လပ်မှု၏ နောက်ဆုံးအချက်မှာ မည်ကဲ့သို့သော အခြေအနေမျိုးတွင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ စိတ်နေစိတ်ထားကို ရွေးချယ်နိုင်ရေးပင် ဖြစ်သည်"ဟု ယုံကြည်ထားပါ၏။ သူက ထိုအဆို၏ မှန်ကန်မှုကိုလည်း သိထားပါ၏။ ဖရန်ကယ်သည် နာဇီတို့၏ လူသတ်အကျဉ်းစခန်းမှ အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့သူတစ်ဦးဖြစ်သည်။ ပြီးတော့လည်း ခံနိုင်ရည်ရှိရန် အလွန်ခက်ခဲလှသော အဆိုပါစမ်းသပ်ပွဲကြီးတွင် သူသည် သူ့စိတ်နေသဘောထားကို ပျက်ပြားမသွားအောင် ထိန်းထားနိုင်ခဲ့သည်။ အကယ်၍ သူသည် ကောင်းမွန်သောစိတ်နေစိတ်ထားကို ထိန်းသိမ်းထားနိုင်ခဲ့သည်ဆိုပါက သင်သည်လည်း ထိန်းနိုင်မည်မှာ အမှန်ပင်ဖြစ်သည်။

## ၂။ သင်၏စိတ်နေသဘောထားက သင်၏လုပ်ဆောင်ချက်များကို ပြဋ္ဌာန်းပေး၏။

အိမ်ထောင်ရေးဘဝ ကျွမ်းကျင်သူပညာရှင် "ဒင်းနစ်ဝိတ်လေး"က ဤအချက်နှင့်ပတ်သက်၍ ယခုလို ထင်မြင်ယူဆ၏။ "အောင်မြင်သူတစ်ယောက်က အားလုံးရဲ့ရှေ့ကို စွန်းထွက်ပြီး အသာစီးရသွားတယ်ဆိုတာ မွေးတုန်းက တော်လို့၊ ဉာဏ်ရည်အညွှန်းပြကိန်း မြင့်မားလို့၊ ဒါမှမဟုတ် ပါရမီပါလာလို့မဟုတ်ဘူး။ စိတ်နေစိတ်ထားကြောင့်ပဲ ဖြစ်တယ်။ အောင်မြင်မှုအတွက် မှတ်ကျောက်ဟာ စိတ်နေစိတ်ထားပဲ ဖြစ်တယ်" သင်၏စိတ်နေစိတ်ထားက အလွန်အရေးကြီးပါသည်။ အဘယ့်ကြောင့်ဆိုသော် သင်၏ ပြုမူဆောင်ရွက်ပုံကို ပြဋ္ဌာန်းပေးသောကြောင့် ဖြစ်ပေသည်။



## ၃။ သင်၏တပည့်များသည် သင့်စိတ်နေသဘောထား၏ 'မှန်' တစ်ချပ်ပင် ဖြစ်သည်။

အချို့သော ပုဂ္ဂိုလ်များသည် စိတ်နေစိတ်ထား ညံ့ဖျင်းကြသည့်တိုင်အောင် ၎င်းတို့၏တပည့်များကို ဝမ်းသာရွှင်လန်း၍သာ နေစေလို၏။ အဆိုပါပုဂ္ဂိုလ်များကို ကျွန်ုပ်အလွန်အံ့ဩမိ၏။ သို့ရာတွင် သံလိုက်ဓာတ်၏ ဥပဒေသက မှန်ကန်ပါ၏။ သင်မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို သင်ဆွဲဆောင်ထားသောပုဂ္ဂိုလ်များက ပြသလျှက်ရှိနေပါသည်။

အကယ်၍ သင်သည် အက်ဒီဆန်၏ဘဝကို လေ့လာမည် ဆိုပါက သူ၏အပြုသဘောဆောင်သည့် စိတ်ထားနှင့် စိတ်အား ထက်သန်မှုတို့ကို တွေ့ကြရမည်ဖြစ်သည်။ အဆိုပါအချက်များက ၎င်းအား မီးထိုးပေးနေသကဲ့သို့ ၎င်း၏တပည့်များအားလည်း ဉာဏ်ကွန့်မြူးမှု ဖြစ်စေသည်သာမက အောင်မြင်မှုမရမချင်း ဆက်၍ဆောင်ရွက်ချင်ကြအောင် တွန်းအားပေးလျက်ရှိပါ၏။ သူက အဆိုပါအရည်အချင်းအား တမင်တကာပင် အခြားသူများထံ လက်ဆင့်ကမ်းပေးရန် ကြိုးပမ်းခဲ့ရခြင်း ဖြစ်သည်။ သူတစ်ခါက မှတ်ချက်ပြုဖူး၏။ "တကယ်လို့ ကျုပ်တို့ရဲ့ကလေးတွေအတွက် ချန်ထားရစ်ခဲ့တဲ့ ပစ္စည်းဟာ စိတ်အားထက်သန်မှုဆိုတဲ့ အရည်အချင်းသာဖြစ်ခဲ့ရင် ကျုပ်တို့က သူတို့အတွက် တွက်ချက်လို့မရအောင် တန်ဖိုးကြီးမားလှတဲ့ နယ်မြေကြီးတစ်ခုကို ပေးအပ်လိုက်ခြင်းပဲ ဖြစ်လိမ့်မည်။"

## ၄။ ကောင်းမွန်သောစိတ်နေစိတ်ထားကို ထိန်းသိမ်းထားခြင်းသည် ပြန်ရရှိအောင် လုပ်ယူရခြင်းထက် ပို၍ လွယ်ကူ၏။

"မြေကမ္ဘာနှင့် ယဇ်ပလ္လင်"ဆိုသော စာအုပ်တွင် "ယူဂျင်းအိတ်ချ်ပီတာဆန်"က "ကရုဏာတရားဆိုတာ လူသားတွေမှာသာ ရရှိနိုင်တဲ့ မြင့်မြတ်သောစိတ်အာရုံတစ်မျိုး ဖြစ်တယ်။ ကိုယ့်ကိုယ်ကို သနားတဲ့စိတ်ကတော့ အဖြစ်နိုင်ဆုံး အလွန်ယုတ်ညံ့တဲ့စိတ်ပဲဖြစ်တယ်"ဟု ရေးသား

ခဲ့သည်။

အကယ်၍ သင့်ထံတွင် အပြုသဘောဆောင်သည့်စိတ်နေ စိတ်ထား ရှိနေပြီဆိုပါက ထိုစိတ်ထားကို ဆက်လက်ထိန်းထားရန် တိုက်တွန်း အားပေးပါ၏။ သို့သော်ငြားလည်း သင်နှင့်အခြားပုဂ္ဂိုလ်များအတွက် အကောင်းဆုံးကို သင်က မျှော်လင့်ထားသည့်တိုင်အောင် အခက်ကြုံ တွေ့နေရသည် ဆိုပါက စိတ်ပျက်လက်ပျက် မဖြစ်ပါနှင့်။ အဘယ် ကြောင့်ဆိုသော် စိတ်နေစိတ်ထားကို သင်ကသာ ရွေးချယ်ခြင်းဖြစ်ပြီးလျှင် သင်ထိုကိစ္စကို ပြုပြင်နိုင်စွမ်းရှိပါ၏။

## ဆင်ခြင်သုံးသပ်ရန်

အင်္ဂလိပ်လူမျိုး နှလုံးခွဲစိတ်ကုဆရာဝန် "မာတင်လွိုက်ဂျုံးစ်"က အခိုင်အမာ ပြောဖူးသည်။ "ဘဝမှာ စိတ်ဆင်းရဲနေရမှုအများဆုံးဟာ သင်က သင့်ခန္ဓာကိုယ်ကို စကားမပြောဘဲ၊ သင့်ခန္ဓာကိုယ်က စကားပြောတာကိုသာ နားထောင်နေလို့ပဲ ဖြစ်တယ်" ဟု ဆိုဖူးပါ၏။ သင်က မည်သည့်အသံမျိုးကို ကြားနေရပါသလဲ၊ သင်ကအခြားပုဂ္ဂိုလ် များနှင့် တွေ့ဆုံသည့်အခါတွင် ထိုပုဂ္ဂိုလ်များက သင့်အပေါ်တွင် တာဝန်မကျေဘဲ၊ ပျက်ကွက်ကြလိမ့်မည်ဟု သင့်ကိုယ်သင်ပြောနေ ပါသလား။ သင်က အတွေ့အကြုံသစ်တစ်ခုနှင့် ကြုံတွေ့နေရချိန်တွင် သင့်ခေါင်းထဲရှိ အသံက သင်ရှုံးနိမ့်မှာမလွဲဟု ပြောနေပါသလား၊ အကယ်၍ သင်သည် ဆန့်ကျင်ဘက် သတင်းစကားများကိုသာ ကြားနေရပါက သင့်ကိုယ်သင် စိတ်ဓာတ်ခွန်အား တက်ကြွလာစေမည့် စကားများကို ပြောပြတတ်အောင် လေ့ကျင့်ရန် လိုအပ်နေပါပြီ။ သင်၏ စိတ်နေစိတ်ထားကို ပြန်လည်၍ လေ့ကျင့်ပေးရန် အကောင်းဆုံး နည်းလမ်းမှာ သင်၏ စိတ်ဓာတ်သည် လမ်းမကြီးပေါ်မှ နံဘေးသို့



ခွဲထွက်သွားသော အပျက်သဘောဆောင်သည့် လမ်းခွဲအတိုင်း ဆက်မလျှောက်မိအောင် တားဆီးထားရေးပင် ဖြစ်သည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏စိတ်နေစိတ်ထား ပိုမိုကောင်းမွန်လာစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **သင့်ကိုယ်ကို မှန်ကန်သော အစားအစာ ကျွေးပါ။**

အကယ်၍သင်သည် အပြုသဘောဆောင်သည့် မည်သည့်အရာ ကိုမဆို ငတ်မွတ်နေသူဖြစ်ပါက သင့်အား စိတ်ဓာတ်တက်ကြွစေမည့် ပစ္စည်းများ ပါဝင်သော အစားအစာကို စတင်၍ ပုံမှန်ကျွေးသွားရန် လိုအပ်နေပါပြီ။ အပြုသဘောဆောင်သည့် စိတ်နေစိတ်ထားကို တိုက်တွန်းအားပေးသော စာအုပ်များကိုဖတ်ပါ။ စိတ်ဓာတ်ကို လှုံ့ဆော် ပေးသော တိပ်ခွေများကို နားထောင်ပါ။ သင်သည် အပျက်သဘော ဆောင်မှု ပို၍များနေလေလေ၊ သင်၏စိတ်နေစိတ်ထားကို အကောင်း ဘက်သို့ ရောက်အောင်လုပ်ယူဖို့ ပို၍ကြာမြင့်စေပါလိမ့်မည်။ သို့ရာတွင် အကယ်၍ သင်က မှန်ကန်သောအစားအစာကို ပုံမှန်စားသုံးနေခဲ့ပါက သင်သည် အပြုသဘော ပြောဆိုစဉ်းစားတတ်သူ ဖြစ်လာပါလိမ့်မည်။

U **နေ့စဉ်နေ့တိုင်း ရည်မှန်းချက်တစ်ခု ပြီးစီးအောင်လုပ်ပါ။**

အချို့သောပုဂ္ဂိုလ်များက မိမိတို့သည် တိုးတက်အောင် ဆောင် ရွက်နိုင်ခြင်းမရှိဟု ခံစားနေရသောကြောင့် အပျက်သဘောဆောင်သည့် မြောင်းထဲသို့ ရောက်နေကြ၏။ သင်သည် ထိုပုံစံမျိုးဖြစ်နေပါက နေ့စဉ်နေ့တိုင်း သင်ဆောင်ရွက်၍ ပြီးစီးနိုင်မည့် ပန်းတိုင်များကို သတ်မှတ်၍ စတင်ဆောင်ရွက်ပါ။အပြုသဘောဆောင်သည့်ဆောင်ရွက် ပြီးစီးမှုပုံစံက အပြုသဘောဆောင်သည့် ဆင်ခြင်တွေးတောမှုပုံစံကို

တည်ဆောက်ရာတွင် ကူညီပါလိမ့်မည်။

**U နံရံပေါ်မှာ ရေးသားထားလိုက်ပါ။**

ကျွန်ုပ်တို့၏ တွေးခေါ်မှု မှန်ကန်ရေးကို ကူညီနိုင်ရန်အတွက် သတိပေးမည့်အရာများသည် ကျွန်ုပ်တို့အားလုံးအဖို့ လိုအပ်နေပါ၏။ "အဲလက်ဟေလီ"က ၎င်း၏ရုံးခန်းထဲ၌ ခြံစည်းရိုးတိုင်ထိပ်ပေါ်သို့ ရောက်နေသော လိပ်ကလေးတစ်ကောင်၏ ဓာတ်ပုံကို ချိတ်ဆွဲထားသည်။ သူက လူတိုင်း လူတိုင်းသည် အခြားပုဂ္ဂိုလ်များ၏ အကူအညီကို ရယူရန် လိုအပ်ကြောင်း သူ့ကိုယ်ကို ပြန်၍သတိပေးနိုင်ရန် ချိတ်ဆွဲ ထားခြင်းပင် ဖြစ်ပါ၏။ မက်လုံးတစ်ခုအနေနှင့် အချို့သောပုဂ္ဂိုလ်များက ၎င်းတို့ရရှိခဲ့သော ဆုတံဆိပ်များ၊ စိတ်ဓာတ်တက်ကြွစေမည့် ပိုစတာများ သို့မဟုတ် ၎င်းတို့ရရှိခဲ့သော 'စာ' များကို ချိတ်ဆွဲထားတတ်ကြ၏။ သင့်အတွက်လည်း အသုံးတည့်မည့် ပစ္စည်းတစ်ခုခုကို ရှာဖွေပြီး သင့်နံရံပေါ်တွင် ချိတ်ဆွဲထားလိုက်ပါ။

## နေ့စဉ် မှတ်သားလိုက်နာရန်

သင်က မည်သည့်ဆုကြေးစားအားကစားသမားကိုမဆို လေ့လာမည်ဆိုပါက ၎င်းတို့၏ ကြီးမားသည့်စွမ်းရည်ကို တွေ့ကြရမည် ဖြစ်၏။ သို့ရာတွင် ၎င်းတို့၏ စိတ်ဓာတ်ကသာလျှင် အကောင်းဆုံးစွမ်းရည်ကို အမြင့်ဆုံး အဆင့်သို့ရောက်အောင် မြှင့်တင်ပေးနိုင်ခြင်းဖြစ်သည်။ ဥပမာအဖြစ် တင်းနစ်အားကစားမယ် ခရစ်အဲဗတ်ကို ကြည့်ပါ။ သူမသည် အားကစားမယ်အားလုံးထဲတွင် အချိန်အခါမရွေးအကောင်းဆုံး အားကစားမယ်တစ်ဦးအဖြစ် ပါဝင်သည်။ "ဂရင်းဆလမ်"ဟု သတ်မှတ်သော ကမ္ဘာ့တင်းနစ်ပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲကြီးပေါင်း ၁၈ ပွဲ၌ ဗိုလ်စွဲအနိုင်ရခဲ့သူ ဖြစ်၏။ သူမသည် ပွဲစဉ်စုစုပေါင်း ၁၃၀၉ ပွဲနိုင်ပြီး ၁၄၆ ပွဲကိုသာ ရှုံးခဲ့၏။



သူမ၏ တင်းနစ်အားကစားလောက သက်တမ်း ၁၇ နှစ်တာ ကာလအတွင်း ကမ္ဘာ့အဆင့်နံပါတ်လေး၏ အောက်ဘက်သို့ တစ်ခါမှ မရောက်ခဲ့ပါ။ သူမက မှတ်ချက်ချဖူး၏။

"အားကစားသမားကောင်းတစ်ယောက်နဲ့ ထူးချွန်ပြောင်မြောက် တဲ့ အားကစားသမားဆိုတာကို စည်းခြားထားတာကတော့ စိတ်နေစိတ်ထားပဲဖြစ်တယ်။ ကစားတဲ့ပွဲစဉ်တစ်ခုလုံးမှာ အမှတ်တစ်မှတ် နှစ်မှတ်လောက်ပဲ ကွာခြားနိုင်ပါတယ်။ ဒါပေမယ့် အဲဒီ အဓိကကျတဲ့အမှတ်တွေကို ဘယ်လိုကစားခဲ့သလဲဆိုတဲ့ကိစ္စရပ်က နိုင်တာနဲ့ ရှုံးတာကို ဖြစ်ပေါ်သွားစေနိုင်ပါတယ်။ တကယ်လို့ စိတ်ဓာတ်ကသာ ပြင်းထန်နေခဲ့တယ်ဆိုရင်၊ သင်လိုချင်သမျှ အားလုံးနီးပါးကိုရအောင် ဆောင်ရွက်နိုင်ပါလိမ့်မည်"

သင်၏စိတ်ဓာတ်တွင် သင်ရင်ဆိုင်တွေ့ကြုံလာရမည့် အဓိကအချက်များ၌ နိုင်ရမည်ဆိုသောအချက်ကို အသားတကျဖြစ်အောင် ထည့်သွင်းထားပြီးပါပြီလား။

အရည်အချင်း (၁၄)

# ပြဿနာ ဖြေရှင်းနိုင်မှု

## သင်၏ ပြဿနာ များကို ပြဿနာ အဖြစ်မခံပါနှင့်

ခေါင်းဆောင်တစ်ဦးကို ၎င်းကိုင်တွယ်ဖြေရှင်းသော ပြဿနာ ပမာဏများအရ တိုင်းတာနိုင်ပါ၏။ သူသည် ၎င်းနှင့် အရွယ်တူများကိုသာ ရှာဖွေလေ့ရှိပါ၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

အောင်မြင်မှုအား တိုင်းတာသည့်အခါတွင် သင့်ထံတွင် ဖြေရှင်းရန် ခက်ခဲသည့် ပြဿနာရှိနေခြင်း ဟုတ်မဟုတ် ဆိုသည်ထက် ယခင်နှစ်က သင့်ထံသို့ရောက်ရှိလာခဲ့ဖူးသော ပြဿနာဟောင်း ဟုတ်မဟုတ် ဆိုသည့်အချက်ပင် ဖြစ်၏။

**ဂျွန်ဖော်စတာဒါးလက်စ်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း**

## မြို့ငယ်ကလေးမှ အစွမ်းထက်သော ကုန်သည်ကလေး

ဝေါလ်မတ် (ကုန်ပဒေသာ)ဆိုင်များကို စတင်တည်ထောင်ခဲ့သူ "ဆမ်ဝေါလ်တန်"အား နာမည်မျိုးစုံတပ်၍ ဆဲရေးတိုင်းထွာခဲ့ကြ၏။ ထိုနာမည်များထဲတွင် "အမေရိကမြို့ငယ်ကလေးများ၏ရန်သူ"နှင့် "လမ်းမကြီးပေါ်မှ ကုန်သည်များကို ဖျက်ဆီးပစ်သူ" ဆိုသည့်အမည်များလည်း ပါဝင်ခဲ့သည်။ ဆမ်ဝေါလ်တန်က "ဝေါလ်မတ်ဆိုင်တွေ ကြီးထွားလာနေတဲ့အချိန်မှာ စတိုးဆိုင်ငယ်အတော်များများ ပြုတ်သွားကြပါတယ်။ အဲဒီကိစ္စကို လူတစ်ချို့က လျှောမွေးကိုဗာရာဏသီ ချဲ့ချင်ခဲ့ကြတယ်။ "မြို့ငယ်ကလေးက ကုန်သည်တွေကို ကယ်ကြပါဆိုပြီး အော်တာမျိုးပေါ့၊ သူတို့ကိုယ်သူတို့ ဝေလငါးတွေလို ကြိုးကြာငှက်တွေလို သဘောထားနေကြတယ် ထင်တာပဲ"ဟု ဝန်ခံဖူး၏။ တကယ်ကလည်း ဆိုင်ငယ်များကို ပြုတ်သွားအောင်လုပ်မှုဖြင့် ဝေဖန်ခံနေရသော ဝေါလ်တန်ကိုယ်တိုင်က မြို့ငယ်ကလေးရှိ လမ်းမကြီးပေါ်မှ ကုန်သည်တစ်ဦးသာ ဖြစ်ခဲ့ပါသည်။ တစ်ခုတည်းသော ခြားနားချက်မှာ သူသည် အလွန်တော်သော ခေါင်းဆောင်တစ်ဦးဖြစ်ပြီးလျှင် ပြဿနာများကို ဖြေရှင်းနိုင်သူနှင့် စီးပွားရေးအပျက်စီးခံမည့်အစား ပြောင်းလဲပြင်ဆင်တတ်သူတစ်ဦး ဖြစ်နေမှုပင်တည်း။

"ဆမ်ဝေါလ်တန်"ကို အိုကလာဟိုးမားပြည်နယ်၊ ကင်းဖစ်ရှ်မြို့တွင် မွေးဖွားခဲ့ပြီးနောက် သူသည် မစ်ဆူရီပြည်နယ်၊ ကိုလမ်ဘီယာ မြို့တွင် ကြီးပြင်းခဲ့၏။ သူ၏ခေါင်းဆောင်မှုအရည်အချင်းကို အထက်တန်းကျောင်း၌ ကျောင်းနေစဉ်ကပင် ကျောင်းသားထု၏ ဥက္ကဋ္ဌအဖြစ် အရွေးခံရမှုဖြင့် ပြသခဲ့၏။ ၎င်း၏ဘောလုံးအသင်းကို တစ်ရာသီလုံး အရှုံးပွဲမရှိအောင် ဦးဆောင်နိုင်ခဲ့၏။ပြည်နယ်ချန်ပီယံ ဖိုလ်လုပွဲတွင်လည်း



ကိုယ်တိုင်ပါဝင်ကစားခဲ့၏။ ထို့နောက် ဘတ်စကက်ဘောအသင်းတွင်လည်း အရပ်ငါးပေကိုးလက်မသာရှိသောသူသည် အသင်းခေါင်းဆောင်အဖြစ် ကိုယ်တိုင်ပါဝင်ကစားခဲ့ပြီးလျှင် ဘောလုံးအသင်းကဲ့သို့ပင် အောင်ပွဲဆင်နိုင်ခဲ့သည်။

သူသည် ကောလိပ်မှ ဘွဲ့ရပြီးနောက် ၂ နှစ်ခန့် အလုပ်ဝင်လုပ်ခဲ့၏။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်းက ကြည်းတပ်တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ သူတပ်ထဲမှ ပြန်ထွက်လာသောအခါ လက်လီရောင်းချရသည့်အလုပ်ကို သက်မွေးမှုလုပ်ငန်းအဖြစ် ရွေးချယ်လိုက်ပြီး ထိုလောကကိုလည်း သူကြိုက်နှစ်သက်၏။ ထို့နောက် ဇနီးဖြစ်သူနှင့်အတူ အာကန်ဆောပြည်နယ်ရှိ ဘင်တွန်ဗီးလ်မြို့ငယ်ကလေးတွင် နေထိုင်ရန် ရွေးချယ်လိုက်ကြသည်။ ထိုမြို့တွင် "ဝေါလ်တန်၏ ငါးပြားနှင့်ဆယ်ပြား၊ ကုန်မျိုးစုံစတိုး"ဆိုင်ကို ဖွင့်လှစ်ခဲ့ကြ၏။

စတိုးဆိုင်လုပ်ငန်းက ရောင်းကောင်းပါ၏။ ထိုကဲ့သို့ ရောင်းကောင်းခြင်းမှာ ဝေါလ်တန်၏ တွန်းတွန်းတိုက်တိုက်ဆောင်ရွက်တတ်မှုကလည်း တစ်စိတ်တစ်ပိုင်း ပါဝင်သလို ရှေ့အလားအလာကို ကြိုတင်၍ မြင်တတ်မှုကြောင့် ၎င်း၏စတိုးဆိုင်တွင် "ကိုယ်တိုင်ယူ"စနစ်ဖြင့် ရောင်းချခဲ့ခြင်းလည်း ပါဝင်မည်ဖြစ်ပါသည်။ ထိုအချိန်က ၎င်းစနစ်မှာ ဆန်းသစ်သော အတွေးအခေါ်တစ်ခုဖြစ်၏။ သူက အလုပ်ကို ကြိုးစားပြီး လုပ်ငန်းကိုလည်း ဆက်လက်၍ တိုးချဲ့လျက်ရှိ၏။ ၁၉၆၀ ပြည့်နှစ်တွင် သူပိုင်သောစတိုးဆိုင်ပေါင်း ၁၅ ဆိုင်ရှိနေခဲ့ပြီ ဖြစ်၏။ သို့ရာတွင် ထိုအချိန်မှာ ၎င်း၏ပြိုင်ဘက် "ဟပ်ဗ်ဂစ်ဘ်ဆန်" က အာကန်ဆောပြည်နယ်အနောက်မြောက်ဒေသတွင် စျေးလျှော့၍ ပြန်အမ်းငွေပေးသောစနစ်နှင့် ရောင်းချသောဆိုင်များကို တည်ထောင်နေချိန်လည်းဖြစ်၏။ ထိုစတိုးဆိုင်များက ဝေါလ်တန်၏ ကုန်မျိုးစုံစတိုးဆိုင်များနှင့် ထိပ်တိုက်ယှဉ်ပြိုင်နေခဲ့ကြသည်။

"ကျုပ်တို့မှာ တကယ်ကတော့ ရွေးချယ်စရာနည်းလမ်း ၂ ခုပဲ ရှိပါတော့တယ်။ ကုန်မျိုးစုံစတိုးဆိုင်လုပ်ငန်းကို ဆက်လက်လုပ်ကိုင် ပြီး ဈေးလျှော့ပြီး ပြန်အမ်းပေးနေတဲ့ လှိုင်းလုံးကြီးရဲ့ ရိုက်ခတ်မှုဒဏ်ကို ကျောကော့ပြီးခံမလား။ ဒါမှမဟုတ် ဈေးလျှော့ပြီး ပြန်အမ်းတဲ့ စတိုးဆိုင်မျိုးကိုပဲ လိုက်ဖွင့်မလား၊ ဒီတော့ ကျုပ်က တစ်နယ်လုံးအနှံ့ လျှောက်သွားပြီး အဲဒီအယူအဆကို လေ့လာစူးစမ်းခဲ့တယ်။ ကျုပ်တို့က ဝေါလ်မတ် အမှတ်တစ်ကို ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၂ ရက်နေ့က အာကန်ဆောပြည်နယ်၊ ရောဂျာစ်မြို့မှာ စဖွင့်ခဲ့တယ်၊ ဘင်တွန်ဗီးလ် ကလာတဲ့ လမ်းမကြီးပေါ်မှာပေါ့"

များမကြာမီ ဝေါလ်တန်သည် နောက်ထပ်စတိုးဆိုင်များကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၎င်း၏ ဝေါလ်-မတ်စတိုးဆိုင် ဆိုင်ခွဲများသည် ထိုအချိန်တစ်ဝိုက်က ဖွင့်လှစ်ခဲ့ကြသော ကေမတ်၊ တားဂက်နှင့် ဂူးလ်ကို တို့နှင့် ယှဉ်လျှင် သေးငယ်ကြသည်။ သို့ရာတွင် လုပ်ငန်းမှာ ရှင်သန်လျက်ရှိနေပါ၏။ ဤတွင် နောက်ပြဿနာတစ်ရပ်နှင့် ထပ်တွေ့ရ ပြန်၏။ ဝေါလ်တန်က သူ့အနေနှင့် စတိုးဆိုင်များ၏ စီမံခန့်ခွဲမှုများနှင့် ထိုဆိုင်များသို့ ကုန်ပစ္စည်းဖြန့်ချိပို့ပေးမှုတို့ကို ပို၍ကောင်းမွန်အောင် ဆောင်ရွက်ဖို့ လိုအပ်ကြောင်းကိုလည်း သဘောပေါက်လာခဲ့၏။ ဤကိစ္စကို သူနှင့် သူ့လူများက ကုန်ပစ္စည်းဖြန့်ချိပေးရာ ဗဟိုဌာနများကို တည်ထောင်ခြင်းဖြင့် ထိုပြဿနာကို ဖြေရှင်းနိုင်ခဲ့ကြ၏။ ထို့အပြင် ကွန်ပျူတာစနစ်ကို အသုံးပြုခြင်းဖြင့် ထိုဆိုင်များမှ ပစ္စည်းများကို အစုလိုက်အပြုံလိုက် မှာယူနိုင်ခြင်းနှင့် စတိုးဆိုင်တစ်ဆိုင်ချင်း၏ လိုအပ်ချက်များကိုလည်း မျက်ခြည်မပြတ် ခြေရာခံနိုင်ခဲ့ကြ၏။ ထိုလိုအပ်ချက်များကို လျင်မြန်စွာနှင့် ကျွမ်းကျင်စွာ ပို့ပေးနိုင်ခဲ့ကြသည်။ သို့ရာတွင် ဖြန့်ဖြူးရေး ဗဟိုဌာနများအတွက် အဆောက်အအုံများကို တည်ဆောက်ရမှုနှင့် စက်ပစ္စည်းအသစ်များကို ဝယ်ယူရမှုတို့အတွက်



မြောက်မြားစွာ အကြွေးတင်လာသောအခါ ထိုကိစ္စမှာ နောက်ထပ်ဖြေရှင်း ရမည့် ပြဿနာတစ်ခုသာ ဖြစ်ပါတော့၏။ ဝေါလ်တန်က ထိုကိစ္စကို ၎င်း၏ကုမ္ပဏီအား ၁၉၇၀ ပြည့်နှစ်တွင် အများပိုင်ပြုလုပ်ခြင်းဖြင့် ဖြေရှင်းလိုက်၏။

၁၉၉၂ ခုနှစ်တွင် သူကွယ်လွန်သွားသောအခါ ၎င်း၏ကုမ္ပဏီသည် ပြည်နယ် ၄၂ ခုနှင့် မက်ဆီကိုနိုင်ငံတို့တွင် စတိုးဆိုင်ခွဲပေါင်း ၁၇၀၀ ကျော်ကို ဖွင့်လှစ်ထားခဲ့ပြီးဖြစ်သည်။ မြို့ငယ်ကလေးမှ ကုန် မျိုးစုံ စတိုးဆိုင်ပိုင်ရှင် "ဆမ်ဝေါလ်တန်"သည် အမေရိက၏ နံပါတ်တစ် လက်လီရောင်းချသူ ဖြစ်လာခဲ့၏။ ထို့အပြင် ၎င်းကွယ်လွန်ချိန်မှစ၍ ကုမ္ပဏီသည် အင်အားကောင်းစွာဖြင့် ဆက်လက်ချီတက်နေဆဲ၊ ကုမ္ပဏီ၏ခေါင်းဆောင်ပိုင်းကလည်း ပေါ်လာသောပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနေဆဲနှင့် ဝေါလ်မတ်အား ကြီးထွားလာအောင် ဆောင်ရွက် နေစဉ်မှာပင် အခြားလက်လီ၊ ဆိုင်ခွဲအသစ်ဖြစ်သော "ဆမ်၏ ကလပ်"စတိုးဆိုင်များကိုလည်း ရှေ့သို့ ဆက်လက်ချီတက်နိုင်အောင် မြေတောင်မြှောက်ပေးနေဆဲ ဖြစ်ပါတော့သည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ဆမ်ဝေါလ်တန်ကဲ့သို့သော ထိရောက်မှုရှိသည့် ခေါင်းဆောင် များသည် အမြဲတမ်းလိုလိုပင် စိန်ခေါ်မှုကို ရဲရဲကြီး ရင်ဆိုင်လေ့ရှိကြသည်။ ထိုအချက်မှာ အောင်မြင်သူများနှင့် ညည်းညူနေသူများအကြားတွင် အမြဲတမ်း စည်းခြားထားသောကိစ္စတစ်ရပ်ဖြစ်၏။ အခြားသောလက်လီ ရောင်းချသူများက ပြိုင်ဆိုင်လာမှုများအတွက် ကန့်ကွက်ပြောဆိုနေကြ စဉ်တွင် ဝေါလ်တန်က တီထွင်နိုင်စွမ်းရှိမှု၊ ဇွဲကြီးမှုတို့ဖြင့် ပြဿနာများအား ဖြေရှင်းသောနည်းကိုသုံး၍ ကျော်လွှားပစ်လိုက်လေသည်။

ခေါင်းဆောင်တစ်ယောက်သည် မည်သည့်လုပ်ငန်းမျိုးထဲသို့ ရောက်ရှိနေပါစေ၊ ပြဿနာများနှင့် ရင်ဆိုင်တွေ့ရမည်သာ ဖြစ်ပြီးလျှင် ထိုကိစ္စများသည် အကြောင်းအချက် သုံးချက်တို့ကြောင့် မလွဲမသွေ တွေ့ကြုံကြရမည်သာဖြစ်သည်။ ပထမအချက်မှာ ကျွန်ုပ်တို့သည် ကြီးထွားလာနေသော ရှုပ်ထွေးပွေလီမှုများနှင့် ထွေပြားမှုအမျိုးမျိုးရှိနေသော ကမ္ဘာကြီးထဲတွင် နေထိုင်ကြရသောကြောင့်ဖြစ်၏။ ဒုတိယအချက်မှာ ကျွန်ုပ်တို့သည် လူသားအချင်းချင်း ဆက်ဆံနေရသောကြောင့် ဖြစ်၏။ တတိယအချက်မှာ ကျွန်ုပ်တို့ တွေ့ကြုံရသည့် အခြေအနေအရပ်ရပ်ကို ကုန်စင်အောင် ထိန်းချုပ်နိုင်စွမ်းမရှိသောကြောင့်ပင် ဖြစ်၏။

ပြဿနာများကို ကောင်းစွာဖြေရှင်းနိုင်သည့် အရည်အချင်း ရှိသော ခေါင်းဆောင်များက အောက်ပါအချက်ငါးချက်ကို စွမ်းဆောင်ပြသလေ့ရှိကြပါသည်။

**၁။ ၎င်းတို့က ပြဿနာများကို ကြိုတင်မျှော်လင့်ထားကြ၏။**

ပြဿနာများသည် မလွဲမသွေ ပေါ်ပေါက်လာမည်သာ ဖြစ်သောကြောင့် ခေါင်းဆောင်ကောင်းများက ကြိုတင်၍ မျှော်လင့်ထားကြလေ့ရှိ၏။ မိမိသွားရမည့် ခရီးလမ်းတို့သည် ဖြောင့်ဖြူးနေလိမ့်မည်ဟု မျှော်လင့်ထားသူတိုင်း ဒုက္ခနှင့် ကြုံတွေ့ကြရမည်သာ ဖြစ်သည်။ အာဖရိကတိုက်သို့ သာသနာပြုရန် ရောက်ရှိသွားသော "ဒေးဗစ်လစ်ဗင်းစတုန်း" အကြောင်းကို ကျွန်ုပ်ကြားဖူးပါ၏။ ထိုကိစ္စက ခေါင်းဆောင်များ၌ ရှိသင့်ရှိထိုက်သော စိတ်နေစိတ်ထားတစ်ရပ်ကို ဖော်ပြလျက်ရှိနေပါသည်။ သာသနာပြုအဖွဲ့အစည်းတစ်ခုက "ဒေးဗစ်လစ်ဗင်းစတုန်း" ထံသို့ ကူညီဆောင်ရွက်မည့်ပုဂ္ဂိုလ်များကို ပို့ပေးလိုသောကြောင့် အဖွဲ့ခေါင်းဆောင်က လစ်ဗင်းစတုံးထံ စာရေးသားလိုက်၏။ "သင်နေထိုင်သည့်နေရာသို့ သွားရောက်နိုင်သော လမ်းကောင်းကောင်းကို သင်ရှာတွေ့ထားပါပြီလား၊ ရှာတွေ့ခဲ့သည်ရှိသော် သင်နှင့်အတူ လုပ်ဆောင်မည့် အခြားပုဂ္ဂိုလ်များကို ကျွန်ုပ်တို့က စေလွှတ်လိုပါသည်"

လစ်ဗင်းစတုန်းက ပြန်ကြားလိုက်၏။ **"လမ်းကောင်းကောင်း ရှိသည်ဆိုမှ လာချင်သောပုဂ္ဂိုလ်များ သင့်ထံ၌ ရှိနေသည်ဟုဆိုလျှင် ၎င်းပုဂ္ဂိုလ်များကို ကျွန်ုပ်မလိုချင်ပါ။ လမ်းမရှိသည့်တိုင်အောင် လာချင် သည်ဆိုသော လူများကိုသာ ကျွန်ုပ်လိုချင်ပါသည်။"**

အကယ်၍ သင့်ထံတွင် အပြုသဘောဆောင်သည့်စိတ်နေစိတ်ထား ရှိနေသည့်တိုင်အောင် အဆိုးရွားဆုံးကို မျှော်မှန်း၍ အစီအစဉ်များ ရေးဆွဲထားပါက တွေ့ကြုံလာရမည့် ပြဿနာများအား သင်က ကောင်းမွန်စွာဖြေရှင်းနိုင်သည့် အနေအထား၌ ရှိနေပါလိမ့်မည်။

**၂။ ၎င်းတို့က အမှန်တရားကို လက်ခံကြ၏။**

လူအများစုက ပြဿနာများကို ဤကဲ့သို့သော နည်းလမ်းများဖြင့် တုံ့ပြန် တတ်ကြသည်။ ၎င်းတို့ကလက်ခံရန် ငြင်းဆန်ကြ၏။ ၎င်းတို့က ပြဿနာများကို လက်ခံပြီးလျှင် ထိုပြဿနာများနှင့် အတူတူနေထိုင်တတ်ကြ၏။ သို့တည်းမဟုတ် ၎င်းတို့က ပြဿနာများကို လက်ခံပြီးနောက် အခြေအနေများ ပိုမိုကောင်းမွန်လာအောင် ကြိုးပမ်းတတ်ကြ၏။" ခေါင်းဆောင်များသည် နောက်ဆုံးအချက်အတိုင်း အမြဲတမ်းဆောင်ရွက်ကြရမည်သာဖြစ်ပါသည်။

အသံလွှင့်သူ "ပေါလ်ဟာဗေး"က ပြောဖူး၏။ "ယခုလိုအချိန်အခါမျိုးတွင် ယခင်ကလည်း ဤကဲ့သို့သော အချိန်များရှိခဲ့ဖူးသည်ဟု သတိရနေခြင်းမှာ ကောင်းမွန်ပါပေ၏။"

မည်သည့်ခေါင်းဆောင်မဆို ၎င်း၏ဦးခေါင်းကို သဲထဲ၌ မြှုပ်ထားပြီး တစ်ချိန်တည်းမှာပင် ၎င်း၏တပည့်များအား အန္တရာယ်ရှိသော ရေလမ်းခရီးမှ လွတ်မြောက်သွားအောင် လမ်းပြ၍မရနိုင်ပါ။ ထိရောက်မှုရှိသော ခေါင်းဆောင်များသည် အနေအထားတစ်ခု၏ အခြေအနေမှန်နှင့် ရဲရဲကြီး ရင်ဆိုင်တတ်လေ့ရှိကြ၏။

**၃။ ၎င်းတို့က မြင်ကွင်းကျယ်ကို မြင်လေ့ရှိကြ၏။**

ခေါင်းဆောင်များသည် မြင်ကွင်းကျယ်ကိုသာ စဉ်ဆက်မပြတ် မြင်နေကြရမည်ဖြစ်ပြီး စိတ်လှုပ်ရှားမှုက လွှမ်းမိုးသွားမှု မျိုးကို လက်မခံသင့်ချေ။ ထိုနည်းတူစွာပင် အသေးစိတ်များထဲ၌ နစ်မြုပ်နေမှုကြောင့် မည်သည့်ကိစ္စက အရေးကြီးသည်ကို မျက်ခြည် ပြတ်သွားသည်အထိလည်း အဖြစ်မခံသင့်ချေ။ "စာရေးဆရာအဲလ်ဖရတ် အာမန်မွန်တာပတ်"က **"လူအများစုက အခက်အခဲများကိုသာ မြင်တွေ့ကြပြီး လူအနည်းငယ်ကသာ ဓမ္မဓိဋ္ဌာန်ကျကျ မြင်တတ်ကြ၏။ သမိုင်းမှတ်တမ်းများက ဓမ္မဓိဋ္ဌာန်ကျကျ မြင်တတ်သူများ၏ အောင်မြင်မှုများကိုသာ မှတ်တမ်းတင်ခဲ့ကြ၏။ ပထမလူများကမူ မေ့ပျောက်ခံရသည့်ရလဒ်ကိုသာလျှင် ရရှိကြတော့၏"** ဟု ရေးသားဖူးသည်။

**၄။ ၎င်းတို့က တစ်ကြိမ်လျှင် တစ်ခုကိုသာ ကိုင်တွယ်ကြ၏။**

"ရစ်ချတ်ဆလိုမာ"က ဤကဲ့သို့ အကြံပေး၏။ **"ပြဿနာအားလုံးကို တပြိုင်နက်တည်း ရင်ဆိုင်ဖြေရှင်းဖို့ မကြိုးစားပါနှင့်၊ ၎င်းတို့ကို တန်းစီထားပြီးလျှင် တစ်ခုပြီးတစ်ခုသာ ဖြေရှင်းပါ"**

ဒုက္ခနှင့်ကြုံတွေ့ကြရသော ခေါင်းဆောင်များသည် မကြာခဏ ဆိုသလိုပင် အဆိုပါဒုက္ခများ၏ အရွယ်အစားကြီးမားမှု သို့တည်းမဟုတ် ပမာဏများပြားမှုတို့၏ လွှမ်းမိုးဖိစီးမှုကို ခံစားကြရပြီး ပြဿနာ ဖြေရှင်းရာတွင်လည်း မစို့မပို့ ဆောင်ရွက်လေ့ရှိတတ်ကြ၏။ အကယ်၍ သင်သည် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရသည့်အခါ မိမိကိုင်တွယ် ဖြေရှင်းနေသည့် ပြဿနာတစ်ခုကို ဖြေရှင်း၍ ပြီးစီးမှသာ နောက်ထပ် ပြဿနာတစ်ခုကို ကိုင်တွယ်ပါလေ။



**၅။ သူတို့သည် ရှုံးနိမ့်နေချိန်မှာပင် အစီကာပန်းတိုင်ကို လက်လျှော့လေ့မရှိကြချေ။**

ထိရောက်မှုရှိသော ခေါင်းဆောင်များသည် "အမြင့်ဆုံးမှသည် အမြင့်ဆုံးဆီသို့"ဆိုသော သဘောတရားကို နားလည်ကြ၏။ ၎င်းတို့သည် အရေးကြီးသော ဆုံးဖြတ်ချက်များကို ၎င်းတို့ခေါင်းဆောင်နေရသော အချိန်ပိုင်းအတွင်း အထိရောက်ဆုံးအချိန်များ၌သာ ချမှတ်လေ့ရှိပြီးလျှင် နိမ့်ကျနေသောအချိန်များတွင် ဆုံးဖြတ်လေ့မရှိကြချေ။ ဘတ်စကက်ဘော နောက်တန်းလူ "ဘော့ဘ်ခရစ်စ်တီယန်"က ပြောဖူး၏။ "ကျုပ်ကတော့ လေ့ကျင့်ခန်းယူဖို့ စခန်းဝင်နေတဲ့အချိန်မှာ ကျုပ်အဖို့ ဒီအားကစား လောက,က အနားယူချိန်ရောက်ပြီလားဆိုတဲ့ကိစ္စကို ဘယ်တော့မှ မစဉ်းစား မဆုံးဖြတ်ဘူး" ဟု ပြောဖူး၏။ သူသည် စိတ်ညစ်ညူး စရာများနှင့် ကြုံတွေ့နေရသည့် အချိန်တွင် လက်မမြှောက်သင့်ကြောင်း သိသူတစ်ဦးဖြစ်ပေသည်။

## ဆင်ခြင်သုံးသပ်ရန်

စာရေးဆရာ "ဂျော့ချ်မက်သယူအဒမ်"က ဆိုဖူး၏။ **"သင်မည်သို့မည်ပုံ တွေးခေါ်သည်ဆိုသောအချက်က သင့်ဘဝတွင်အရာအားလုံးထက် ပို၍ အဓိပ္ပာယ်ရှိ၏။ သင်ငွေမည်မျှရရှိသည်ဆိုသော အချက်ထက်ပို၍ အဓိပ္ပာယ်ရှိ၏။ သင်မည်သည့်နေရာ၌ နေထိုင်သည်ဆိုတာထက်လည်း ပို၍အဓိပ္ပာယ်ရှိ၏။ လူ့အဖွဲ့အစည်းတွင်ရှိသင့်အဆင့်အတန်းထက်လည်း ပို၍အဓိပ္ပာယ်ရှိ၏။ ပြီးတော့လည်း အခြားသူများက သင့်ကို မည်သို့မည်ပုံ တွေးထင်ကြသည်ဆိုသော အချက်ထက်လည်း ပို၍အဓိပ္ပာယ်ရှိပြန်၏။ ပြဿနာရပ်တိုင်းကို သင်ကိုယ်တိုင်ကပင် သင့်ကို မိတ်ဆက်ပေးနေခဲ့ခြင်း ဖြစ်၏။**

**မည်သူမပြု မိမိမှု ဖြစ်၏။ ထိုကိစ္စက သင်မည်သို့ တွေးခေါ်သည်၊ သင်သည် မည်ကဲ့သို့သော လူစားမျိုးဖြစ်သည်ကိုလည်း ပြသလျှက်ရှိ၏။”**

ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရသည့်အခါတွင် သင်က မည်ကဲ့သို့ တုံ့ပြန်ပါသနည်း။ သင်က ထိုပြဿနာသည် သူ့အလိုလို ပြေလည်သွားလိမ့်မည်ဟု ယူဆပြီး မသိချင်ယောင်ဆောင်နေပါသလား။ သင့်အနေနှင့် ထိုကိစ္စကို ဖြေရှင်းရန် အစွမ်းသတ္တိမရှိဟု ခံစားနေရပါသလား။ ပြဿနာများကို ဖြေရှင်းရန် ကြိုးစားရာတွင် အတိတ်ကာလက ကြုံခဲ့ရသော ဆိုးရွားသည့်အတွေ့အကြုံများကြောင့် သင်က လက်လျှော့ပစ်လိုက်ပါသလား။ သို့တည်းမဟုတ် သင်က စိတ်ပါလက်ပါနှင့် ဖြေရှင်းပါသလား။ ပြဿနာများကို ထိရောက်စွာ ဖြေရှင်းနိုင်သော အရည်အချင်းသည် အခက်အခဲများကို ရင်ဆိုင်နိုင်သော အတွေ့အကြုံများမှသာလျှင် ရရှိနိုင်၏။ ပြဿနာတစ်ရပ်ရပ်ကို ဖြေရှင်းလိုက်သည့်အခါတိုင်း သင်သည် နောက်ထပ်တစ်ကြိမ် ပြဿနာဖြေရှင်းရာတွင် ပို၍တော်လာမည် ဖြစ်သည်။ အကယ်၍ သင်က ပြဿနာကို ဖြေရှင်းရန် မည်သည့်အခါကမှ ကြိုးစားခဲ့ခြင်းမရှိ၊ မအောင်မြင်သည့်အခါတွင် ထပ်မံကြိုးစားခြင်းလည်းမရှိခဲ့ပါက သင်သည် ပြဿနာဖြေရှင်းရာ၌ မည်သည့်အခါတွင်မှ တော်လာမည့်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါချေ။



# ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ပြဿနာဖြေရှင်းမှု အရည်အချင်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **ပြဿနာကို လိုက်ရှာပါ။**

အကယ်၍ သင်သည် ပြဿနာများနှင့် မတွေ့အောင် ရှောင်နေခဲ့ပါက ထိုပြဿနာများကို လိုက်လံပြီးသာ ရှာဖွေပါတော့။ ထိုပြဿနာများနှင့် ထိတွေ့ဆက်ဆံမှုတို့မှ အတွေ့အကြုံများကို ရရှိလာမှသာလျှင် သင်သည် ပြဿနာဖြေရှင်းရာတွင် ပို၍တော်လာမည် ဖြစ်ပါသည်။ ပြုပြင်၊ ပြင်ဆင်ရန် လိုအပ်နေသည့်အနေအထားများကို လိုက်လံရှာဖွေပါ။ ဖြစ်နိုင်သည့် နည်းလမ်းမျိုးစုံကို ရှာဖွေပါ။ ထို့နောက် ထိုအချက်အလက်များကို ပြဿနာဖြေရှင်းရာ၌ အတွေ့အကြုံများစွာရှိနေသော ခေါင်းဆောင်တစ်ဦးအား ချပြလိုက်ပါ။ ၎င်း၏ဆုံးဖြတ်ချက်များမှနေ၍ အခက်အခဲများကို ကိုင်တွယ်ရာ၌ ၎င်းကမည်ကဲ့သို့ တွေးခေါ်သည်ကို သင်ပညာရနိုင်မည် ဖြစ်ပါသည်။

U **နည်းစနစ်တစ်ခုကို ဖော်ထုတ်ပါ။**

အချို့သောပုဂ္ဂိုလ်များသည် ပြဿနာများကို ဖြေရှင်းရာတွင် မည်သို့မည်ပုံ ကိုင်တွယ်ရမည်ကို မသိသောကြောင့် အခက်အခဲများနှင့် တွေ့ရတတ်၏။ TEACH ဆိုသည့် နည်းစနစ်တစ်ခုကို စမ်း၍ အသုံးပြုကြည့်ပါ။

T ၏အရှည်ကောက်မှာ Time ကို ကိုယ်စားပြုသည်။ ‘အချိန်’ဟု အဓိပ္ပာယ် ရ၏။ စစ်မှန်သောအကြောင်းရင်းကို ရှာဖွေတွေ့ရှိနိုင်အောင် “အချိန်”ပေးပါ။

E သည် Exposure ကို ကိုယ်စားပြုသည်။ ဖော်ထုတ်ခြင်းဟု

အဓိပ္ပာယ်ရ၏။ အခြားပုဂ္ဂိုလ်များက မည်သို့မည်ပုံ ဆောင်ရွက်ခဲ့ကြသည်ကို လေ့လာဖော်ထုတ်ပါ။

A သည် Assistance ကို ကိုယ်စားပြု၏။ လက်ထောက်များကို ဆိုလိုခြင်းဖြစ်သည်။ သင်၏အဖွဲ့သားများအား ဘက်စုံထောင့်စုံမှနေ၍ လေ့လာခိုင်းပါ။

C သည် Creativity ကို ကိုယ်စားပြု၏။ ဖန်တီးခြင်းဟု အဓိပ္ပာယ်ရသည်။ ဖြစ်နိုင်သည့်အဖြေအမျိုးမျိုးကို ရရှိအောင် ခေါင်းချင်းရိုက်၍ အဖြေရှာပါ။

H သည် Hit it ကို ကိုယ်စားပြုသည်။ "ဆောင်ရွက်တော့"ဟု အဓိပ္ပာယ်ရ၏။ အကောင်းဆုံးအဖြေကို အကောင်အထည်ဖော်ရန်ပင် ဖြစ်၏။

**U သင့်ဝန်းကျင်တွင် ပြဿနာကို အဖြေရှာတတ်သူများနှင့် ဝန်းရံထားပါ**

အကယ်၍ သင်သည် ပြဿနာကို ဖြေရှင်းရာတွင် ထူးချွန်သူတစ်ဦး မဟုတ်ခဲ့ပါက ပြဿနာများအား အဖြေရှာတတ်သူများကို သင်၏ အဖွဲ့ထဲတွင် ထည့်သွင်းထားပါ။ထိုပုဂ္ဂိုလ်များက သင်၏အားနည်းချက်ကို ချက်ချင်းဖြည့်စွက်ပေးကြမည် ဖြစ်သလို၊ သင်သည်လည်း ထိုပုဂ္ဂိုလ်များထံမှ လေ့လာသင်ယူနိုင်မည် ဖြစ်ပေသည်။



## နေ့စဉ်မှတ်သားလိုက်နာရန်

လက်ဖွေ့သမား ဂျင်းတန်နီသည် ဂျက်ခ်ဒင်မဆီကို အနိုင်ရပြီးလျှင် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာခဲ့သည်။ ဂျင်းတန်နီ လက်ဝှေ့ကြိုးဝိုင်းထဲသို့ စတင်ဝင်ရောက်ခဲ့စဉ်က "အလွန်လက်သီးပြင်းသူ"တစ်ဦးအဖြစ် ဝင်ရောက်ခဲ့ကြောင်းကို လူအတော်များများက မသိခဲ့ကြပါ။ သို့ရာတွင် သူသည် ကြေးစားလက်ဝှေ့လောကသို့ မဝင်မီတွင် လက်နှစ်ဘက်စလုံး ကျိုးသွားခဲ့၏။ သူ့ဆရာဝန်နှင့် မန်နေဂျာတို့က သူသည် ရလဒ် အနေနှင့် မည်သည့်အခါတွင်မှ ကမ္ဘာ့ချန်ပီယံဖြစ်နိုင်တော့မည်မဟုတ်ဟု ပြောခဲ့ကြ၏။ သို့ရာတွင် ထိုကိစ္စရပ်က သူ့ကို ဟန့်တားထားနိုင်ခဲ့ခြင်း မရှိပါ။

သူက "တကယ်လို့ ကျုပ်က လက်သီးပြင်းတဲ့လူတစ်ယောက် အနေနဲ့ ချန်ပီယံမဖြစ်နိုင်ခဲ့ရင် ကျုပ်က လက်ဝှေ့ထိုးတဲ့လူတစ်ယောက် အနေနဲ့ ချန်ပီယံဘွဲ့ကို ရအောင်ယူမယ်ဗျာ"ဟု ပြောလိုက်၏။ သူက လက်ဝှေ့ပညာကို ဆက်လက်သင်ယူပြီးနောက် အကျွမ်းကျင်ဆုံး လက်ဝှေ့ ထိုးတတ်သူတစ်ယောက် ဖြစ်လာခဲ့လေ၏။ သင်၏ စိတ်ကူးအိပ်မက် ရှေ့တွင် မည်သူတစ်ဦးတစ်ယောက် ကမျှ အခက်အခဲ အတားအဆီးများကို လာထားခွင့် မပြုပါလေနှင့်။

**အရည်အချင်း (၁၅)**

# ပေါင်းသင်းဆက်ဆံတတ်မှု

**သင်ကသာ သူတို့နှင့် ပေါင်းသင်းဆက်ဆံတတ်မည်ဆိုလျှင် ၎င်းတို့ကလည်း သင်နှင့် ပေါင်းသင်းဆက်ဆံကြပါလိမ့်မည်၊**

အောင်မြင်ခြင်းတရား၏ ပုံသေနည်းတွင် တစ်ခုတည်းသော အရေးအကြီးဆုံးအချက်မှာ လူအများနှင့် ပြေလည်အောင် ပေါင်းသင်းဆက်ဆံတတ်မှုပင် ဖြစ်သည်။

**သီယိုဒိုရူးစဗဲ့၊ အမေရိကန်သမ္မတ**

သင်မည်သူမည်ဝါဖြစ်ကြောင်း လူအများက မသိကြသေး မီ၌၊ သင်မည်မျှ သိနားလည်သည်ကို လူအများက ဂရုမစိုက်ကြပေ။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## အကောင်းဆုံးဆေး

အကယ်၍ သင်သည် ဆရာဝန်တစ်ယောက် မဟုတ်ခဲ့ပါက "ဝီလီယံအော်စလာ"ဆိုသော အမည်ကို ကြားဖူးကောင်းမှ ကြားဖူးပေလိမ့်မည်။ သူသည် ဆရာဝန်တစ်ဦး၊ တက္ကသိုလ်မှ ပါမောက္ခနှင့် စာရေးဆရာတစ်ဦးဖြစ်၏။ သူသည် လူနာများကို ဆေးဝါးကုသပေးသည်သာမက သူအသက် ၇၀ အရွယ် ၁၉၁၉ ခုနှစ်တွင် ကွယ်လွန်ချိန်အထိ စာသင်ကြားပေးခဲ့သူလည်း ဖြစ်၏။

သူရေးသားသော "ဆေးဝါးလက်တွေ့ကုသမှုနှင့် ဆေးကုသမှုဆိုင်ရာ မူဝါဒများ"စာအုပ်သည် ဆရာဝန်များကို မွေးထုတ်ပေးသည့်အကြိုကာလတွင် အင်္ဂလိပ်စကားပြောသော နိုင်ငံအားလုံးနှင့် တရုတ်နှင့်ဂျပန်နိုင်ငံတို့၌ နှစ်ပေါင်း ၄၀ ကျော်ကြာအောင် ဩဇာတိက္ကမကြီးမားခဲ့၏။ သို့တိုင်အောင် အဆိုပါစာအုပ်သည် ကမ္ဘာသို့ သူ၏ အကြီးမားဆုံးသော အကူအညီပေးမှုမဟုတ်ပါချေ။ အော်စလာက ဆေးကုသမှု တွင် နှလုံးသားနှင့်ပါထည့်သွင်းကုသကြရန် ဆော်ဩခဲ့မှုပင် ဖြစ်ပါသည်။

ခေါင်းဆောင်ရသည့်ကိစ္စအား အော်စလာက နှစ်ခြိုက်ခဲ့ပုံကို သူ့ကလေးဘဝကပင် ထင်ရှားစွာ ပြသခဲ့သည်။ သူသည် မွေးရာပါခေါင်းလူကြီးဖြစ်ပြီး ကျောင်းတွင် ဩဇာအရှိဆုံး ကျောင်းသားလည်းဖြစ်ခဲ့လေသည်။ သူသည် လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် ထူးခြားသည့် အရည်အချင်းရှိသူတစ်ဦးဖြစ်သည်။ အော်စလာ ဆောင်ရွက်ခဲ့သမျှလုပ်ငန်းတိုင်းသည် ဆက်ဆံရေးတည်ဆောက်မှု၏ အရေးကြီးပုံကို ဖော်ပြလျက်ရှိသည်။ သူအသက်အရွယ်ရလာပြီး ဆရာဝန်ဖြစ်လာသောအခါတွင် သူက အမေရိကန်ဆရာဝန်များအသင်းကို စတင်တည်



ထောင်ခဲ့သည်။ ဤကဲ့သို့ တည်ထောင်ခြင်းဖြင့် ဆေးဝါးကုသမှုနှင့် သက်မွေးဝမ်းကျောင်းမှု ပြုကြသူများအချင်းချင်း အတူတကွ တွေ့ဆုံနိုင်ကြမည် ဖြစ်ပြီး ဆေးဝါးကုသမှုဆိုင်ရာ သတင်းများကို အချင်းချင်း ဖလှယ်ယူကြရန်နှင့် အချင်းချင်း ထောက်ခံမှုပေးနိုင်ကြရန် ဖြစ်ပေသည်။ ဆရာတစ်ယောက်အနေနှင့် ဆေးတက္ကသိုလ်များ၌ သင်ကြားပုံသင်ကြားနည်းကိုလည်း ပြောင်းလဲပစ်ခဲ့သည်။ သူက ကျောင်းသားများအား အလွန်ငြီးငွေ့စရာကောင်းသော စာသင်ခန်းထဲမှ ခေါ်ထုတ်လာခဲ့ပြီး လူနာများနှင့် အပြန်အလှန် အကျိုးသက်ရောက်မှုဖြစ်စေရန် ဆေးကုသဆောင်များထဲသို့ ခေါ်လာခဲ့ခြင်းဖြစ်သည်။ ဆေးကျောင်းသားများသည် လူနာများထံမှ သင်ခန်းစာများကို ပထမဦးဆုံးနှင့် အကောင်းဆုံးလေ့လာသင်ယူနိုင်ကြလိမ့်မည်ဟု သူက ယုံကြည်ပေသည်။

သို့ရာတွင် "အော်စလာ"၏ ပြင်းပြသောဆန္ဒမှာ ဆရာဝန်များက လူနာများအပေါ်တွင် သနားကြင်နာမှုထားတတ်အောင် သင်ကြားရေး ပင်ဖြစ်သည်။ သူက ဆေးကျောင်းသားတစ်စုအား–

"လူတွေကြားထဲမှာ အင်မတန်ခိုင်မာတဲ့ ခံစားမှုတစ်ရပ် ရှိနေခဲ့တယ်–အဲဒါကို မင်းတို့ သတင်းစာတွေထဲမှာ တွေ့ကြရပါလိမ့်မယ်–အဲဒါကတော့ ငါတို့ဆရာဝန်တွေဟာ အခုအချိန်မှာ သိပ္ပံပညာရပ်ကိုပဲ ဦးစားပေးနေကြတယ်၊ (တို့က လူသားတစ်ဦးချင်းထက် ရောဂါနဲ့ ရောဂါရဲ့ သိပ္ပံဆိုင်ရာ သွင်ပြင်လက္ခဏာတွေကို ပိုပြီးအလေးထားနေကြတယ်လို့) မင်းတို့က ကိုယ့်ဆေးခန်းမှာ ဆေးကုသပေးတဲ့အခါ အထူးသဖြင့် လူနာတစ်ဦးချင်းကို ပိုပြီး ဂရုစိုက်ကြဖို့–ငါတိုက်တွန်းလိုတယ်––ငါတို့ဟာ၊ သနားစရာကောင်းလောက်အောင် ဝေဒနာခံစားနေကြရတဲ့ လူသားတွေနဲ့ ဆက်ဆံတဲ့နေရာမှာ လူသားတွေရဲ့ အားအင်ချည့်နဲ့မှုတွေ၊ အန္တရာယ်အသွယ်သွယ်ကို အကာအကွယ် မရှိဘဲ ရင်ဆိုင်နေရပုံတွေကို မျက်နှာဖုံးမပါဘဲ အရင်းတိုင်း မြင်တွေ့နေ

ကြရသူတွေဖြစ်တယ်၊ မင်းတို့က မင်းတို့ရဲ့ နှလုံးသားကို ပျော့ပျောင်းပြီး နူးညံ့နေအောင် လုပ်ထားရမယ်။ ဒါမှမဟုတ်ရင်တော့ မင်းတို့ရဲ့ ရောင်းရင်း လူသတ္တဝါတွေအပေါ်မှာ စက်ဆုပ်ရွံရှာမှုတွေ ဖြစ်ပွားလာလိမ့်မယ်" ဟု ပြောခဲ့ဖူး၏။

"အော်စလာ"၏ သနားကြင်နာစိတ်ထားတတ်သော အရည်အချင်းကို ၁၉၁၈ ခုနှစ်တွင် တုပ်ကွေးအဆုတ်ရောင် ရောဂါကပ်ဆိုက်ခဲ့စဉ်က လူနာတစ်ယောက်အား ၎င်းကုသခဲ့ပုံနှင့် သံခိပ်ပြု၍ ပြသနိုင်မည်ဖြစ်သည်။ အော်စလာသည် ၎င်း၏ ဆေးကုသမှုလုပ်ငန်းကို အများအားဖြင့် ဆေးရုံ၌သာ ဆောင်ရွက်လေ့ရှိ၏။ သို့ရာတွင် အဆိုပါကပ်ရောဂါ၏ ပမာဏကြီးမားလွန်းမှုကြောင့် လူနာအတော်များများကို ၎င်းတို့၏နေအိမ်များသို့ လိုက်လံ၍ ကုသပေးခဲ့ရ၏။ အမျိုးသမီးငယ်ကလေးတစ်ယောက်၏ မိခင်က ဆရာဝန်ကြီး အော်စလာက တစ်နေ့လျှင် ၂ ကြိမ် လာရောက်ကြည့်ရှုပုံ၊ လူနာအမျိုးသမီးငယ်ထံမှ ရောဂါလက္ခဏာများနှင့်ဆိုင်သော အချက်အလက်များကို ရရှိအောင် လူနာအား ညင်သာစွာစကားပြောပုံ ကလေးမလေးအား ဖျော်ဖြေသည့် အနေနှင့် ၎င်းနှင့်အတူ ဆော့ကစားခဲ့ပုံတို့ကို ပြန်လည်ပြောပြခဲ့သည်။

ထိုကလေးငယ်သည် သေအံ့ဆဲဆဲ ဖြစ်နေသည်ကို သိသောကြောင့် တစ်ရက်တွင် ဆရာဝန်ကြီးအော်စလာသည် စက္ကူနှင့်ပတ်ထားသော အလွန်လှပသည့် နှင်းဆီပန်းကလေးတစ်ပွင့်နှင့် ရောက်ရှိလာခဲ့၏။ ထိုနှင်းဆီပန်းမှာ ၎င်း၏ဥယျာဉ်ထဲ၌ ၎င်းကိုယ်တိုင်စိုက်ပျိုး ထားသောပန်းဖြစ်ပြီး၊ နွေရာသီ၏ နောက်ဆုံးပန်းပွင့်လည်းဖြစ်သည်။ ဆရာဝန်ကြီးက လူနာအား နှင်းဆီပန်းကလေးကို ပေးရင်း နှင်းဆီပန်းများသည်ပင်လျှင် တစ်နေရာတည်း၌ ၎င်းတို့နေချင်သလောက်နေ၍ မရကြောင်း၊ အခြားအိမ်သစ်တစ်နေရာသို့ ပြောင်းရွှေ့သွားရလေ့ရှိကြောင်း ရှင်းပြခဲ့သည်။ ၎င်း၏စကားများနှင့် လက်ဆောင်ကြောင့် ထိုလူနာကလေးမလေးသည် နှစ်သိမ့်မှု ရရှိသွားဟန်တူ၏။ ထိုကလေးမကလေးသည် နောက်ထပ် ရက်အနည်းငယ်အကြာတွင် သေဆုံးသွားခဲ့လေသည်။

"အော်စလာ"သည်လည်း နောက်နှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။ ဗြိတိသျှလူမျိုး လုပ်ဖော်ကိုင်ဖက်တစ်ယောက်က အော်စလာ နှင့်ပတ်သက်၍–

"ဤနည်းဖြင့် သူသည် ၎င်းအတွက် သတ်မှတ်ထားသောအချိန်ကာလတစ်ခုကို ရရှိခဲ့သော်လည်း၊ အချိန်မကျမီ ကွယ်လွန်ခဲ့ရသော အကြီးကျယ်ဆုံး ဆရာဝန်အဖြစ်–သမိုင်းတွင် မှတ်တမ်းတင်ခြင်းခံခဲ့ရသည်။ ပြီးတော့လည်း သူသည် သူ့ဘဝ တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့၏ မျိုးဆက်မှ အားလုံးသော ပုဂ္ဂိုလ်တို့ထက် မိတ်ဆွေအဖြစ်ဆက်ဆံရာ၌ ပို၍မြင့်မားသော ဒီကရီကို ပိုင်ဆိုင်သူဖြစ်လေသည်။ ၎င်း၏ ထူးခြားပြောင်မြောက်သော အခြင်းအရာမှာ ကျွန်ုပ်တို့အားလုံးအပေါ်၌ ၎င်း၏အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်ဝင်စားမှုပင် ဖြစ်ပေသည်။ ၎င်း၏လူသားဆန်မှု၊ မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများအပေါ်တွင် ထူးကဲစွာ စိတ်ဝင်စားမှုတို့မှ ၎င်း၏အခြားသောအစွမ်းသတ္တိများသည် ယိုစီးထွက်ကျလာပုံရပေသည်" ဟု ပြောဖူးသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

လူတိုင်းနှင့်တွဲ၍ အလုပ်လုပ်နိုင်သည်သာမက လူတိုင်းနှင့် ဆက်ဆံမှုတို့ကို ပိုကောင်းလာစေအောင် လုပ်နိုင်သောအရည်အချင်းသည် ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ဦးအတွက် မရှိမဖြစ် လုံးဝလိုအပ်ချက် ဖြစ်ပေသည်။ ၁၉၉၁ ခုနှစ်၊ မေလထုတ် "အမျိုးသမီးအမှုဆောင်

အရာရှိ” မဂ္ဂဇင်းတွင် လုပ်ငန်းရှင်များအား မေးမြန်း၍ သုတေသနပြုထားချက်ကို ဖော်ပြခဲ့သည်။ လုပ်ငန်းရှင်များအား ၎င်းတို့၏ အလုပ်သမားများထံမှ အလိုချင်ဆုံး ဥာဉ်သုံးမျိုးကို မေးမြန်းခဲ့ခြင်းဖြစ်၏။ နံပါတ်တစ်ဥာဉ်မှာ အခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံနိုင်မှု စွမ်းရည်ဖြစ်၏။ ၈၄ ရာခိုင်နှုန်းက ၎င်းတို့အနေနှင့် လူလူချင်း ဆက်ဆံရေးကောင်းမွန်သည့် စွမ်းရည်ရှိသူများကိုသာ ရှာဖွေလေ့ရှိသည်ဟု ဖြေကြားကြ၏။ ၄၀ ရာခိုင်နှုန်းကသာ ပညာအရည်အချင်းနှင့် အတွေ့အကြုံတို့ကို ၎င်းတို့၏ လိုအပ်ချက်များတွင် ထိပ်ဆုံး ၃ ခု၌ ထည့်သွင်းဖော်ပြထားကြ၏။ ပြီးတော့လည်း အကယ်၍ အလုပ်သမားများတွင် လူလူချင်း ဆက်ဆံရေးကောင်းမွန်သည့် အရည်အချင်းကို အလုပ်ရှင်များက လိုချင်သည်ဆိုပါက ခေါင်းဆောင်များအနေနှင့် ထိုအရည်အချင်းကို ပိုင်ဆိုင်ထားရေးမှာ ပို၍ပင် လိုအပ်ကြောင်း စဉ်းစားကြည့်နိုင်ပေသည်။ လူအများအပြားသည် ၎င်းတို့နှင့် အဆင်ပြေသော ပုဂ္ဂိုလ်များနှင့်သာ တွဲ၍ အလုပ်လုပ်လိုကြ၏။ ပြီးတော့လည်း တစ်ယောက်ယောက်ထံတွင် ဆက်ဆံရေးပြေပြစ်သည့် အရည်အချင်းများ ရှိနိုင်သော်လည်း ခေါင်းဆောင်ကောင်းတစ်ဦး မဟုတ်ခဲ့ပါက၊ ၎င်းသည် လူလူချင်း ဆက်ဆံတတ်သည့် အရည်အချင်းမရှိဘဲ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာမည်မဟုတ်ပါချေ။

ခေါင်းဆောင်တစ်ဦးအနေနှင့် ကောင်းမွန်သောဆက်ဆံရေးကို ရရှိလာအောင် မည်သို့မည်ပုံ ဆောင်ရွက်နိုင်စွမ်းရှိပါသနည်း–

**၁။ ခေါင်းဆောင်တစ်ဦး၏ ဦးနှောက်ရှိပါစေ၊ လူ့သဘာဝကို နားလည်ရမည်။**

ဆက်ဆံရေးကောင်းမွန်သော ခေါင်းဆောင်တစ်ဦး၏ ပထမဦးဆုံး အရည်အချင်းမှာ လူအများက မည်ကဲ့သို့ ခံစားပြီး မည်ကဲ့သို့တွေးခေါ်ကြောင်းကို နားလည်သဘောပေါက်နိုင်မှုပင် ဖြစ်သည်။ သင်သည်



လူအများနှင့် တွဲဖက်၍ အလုပ်လုပ်ကိုင်ရင်း ခေါင်းဆောင်များဖြစ်စေ၊ သို့တည်းမဟုတ် နောက်လိုက်ငယ်သားများပင်ဖြစ်စေ၊ ၎င်းတို့အားလုံးတွင် တူညီသောအချက်များ ရှိနေကြသည်ကို သတိပြုမိလာလိမ့်မည်။

- **သူတို့က ၎င်းတို့ကို အထူးတလည် အရေးပေးစေချင်ကြ၏။ ထို့ကြောင့် ၎င်းတို့အား အရိုးခံသဘောဖြင့် ချီးမွမ်းလိုက်ပါ။**
- **သူတို့က ပို၍ကောင်းသော နက်ဖြန်ကို လိုချင်ကြ၏။ ထို့ကြောင့် ၎င်းတို့အား မျှော်လင့်ချက်များကို ဖော်ပြလိုက်ပါ။**
- **သူတို့က ညွှန်ပြမှုကို ခံယူလိုကြ၏။ ထို့ကြောင့်၎င်းတို့အား လမ်းညွှန်ပြလိုက်ပါ။**
- **သူတို့က တစ်ကိုယ်ကောင်းဆန်ကြ၏။ ထို့ကြောင့် ၎င်းတို့၏ လိုအပ်ချက်များကို အရင်ဆုံး ဖြည့်ဆည်းပေးလိုက်ပါ။**
- **အချို့က စိတ်ဓာတ်ရေးရာအရ အားငယ်တတ်ကြ၏။ ထို့ကြောင့် ၎င်းတို့အား အားပေးအားမြှောက်ပြုပါ။**
- **အချို့က အောင်မြင်လိုကြ၏။ ထို့ကြောင့် ၎င်းတို့ကို အောင်မြင်အောင် ကူညီလိုက်ပါ။**

ဤအမှန်တရားများကို သဘောပေါက်လာခြင်းကြောင့် ခေါင်းဆောင်တစ်ဦးသည် လူအများကို ပုဂ္ဂိုလ်တစ်ဦးစီအဖြစ် ခွဲခြား၍ ဆက်ဆံနိုင်စွမ်းရှိလာပေလိမ့်မည်။ လူတစ်ဦးချင်းကို အကဲဖြတ်နိုင်ခြင်း၊ ၎င်းအား နားလည်နိုင်ခြင်းနှင့် ၎င်းနှင့်ဆက်သွယ်နိုင်စွမ်းရှိမှု အရည်အချင်းတို့သည် ဆက်ဆံမှုကောင်းမွန်ရေးတွင် အလွန်ကြီးမားသည့် အောင်မြင်မှုပင်ဖြစ်သည်။ ဆိုလိုသည့်သဘောမှာ လူအများကို တစ်ပုံစံတည်းမဟုတ်ဘဲ ကွဲပြားခြားနားစွာဖြင့် ဆက်ဆံရခြင်းဖြစ်သည်။

ဈေးကွက်ကျွမ်းကျင်သူ “ရော့ဒ်နီကိုးလ်”က ကုန်သွယ်မှုလုပ်ငန်းတွင် ထိုကိစ္စသည် အလွန်အရေးကြီးကြောင်း။ အကယ်၍ သင်က ဖောက်သည်တိုင်းကို တစ်ပုံစံတည်း ဆက်ဆံခဲ့လျှင် သင်သည် ရောင်းဝယ်မှုဆိုင်ရာ စာချုပ်အားလုံး၏ ၂၅ ရာခိုင်နှုန်းကိုသာ ချုပ်ဆိုနိုင်ပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်က ဉပဓိရုပ်လေးမျိုးအနက် တစ်မျိုးတည်းကိုသာ အသားပေးနေသောကြောင့် ဖြစ်သည်။ အကယ်၍ သင်က ဉပဓိရုပ် လေးမျိုးစလုံးနှင့် ထိရောက်စွာ ဆက်ဆံနိုင်အောင် လေ့လာထားမည်ဆိုပါက သင်သည်စာချုပ်အားလုံး၏ ၁၀၀ ရာခိုင်နှုန်းကို ချုပ်ဆိုနိုင်လိမ့်မည်ဟု ယူဆရပေသည်။

ဤသိမ်မွေ့နူးညံ့သော သဘောတရားကို ခေါင်းဆောင်မှုတွင် “နူးညံ့သောအကြောင်းခြင်းရာ” ဟု ခေါ်ဝေါ်လေ့ရှိကြ၏။ သင်က ဦးဆောင်ဦးရွက်ပြုနေသော ပုဂ္ဂိုလ်များနှင့် ကိုက်ညီမှုရှိအောင် သင်၏ ဦးဆောင်မှုပုံစံကို ပြင်ဆင်နိုင်စွမ်းရှိရပေမည်။

**၂။ ခေါင်းဆောင်တစ်ဦး၏ နှလုံးသားရှိပါစေ၊ လူအများကို ချစ်ခင်ပါ။**

ဒီဗီနီးတစ်ကွန်ပျူတာဝန်ဆောင်မှု ကုမ္ပဏီ၏ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ်ဖြစ်သူ “ဟင်နရီဂရူလင်ဒ်”က အဆိုပါစိတ်ကူးကို ဤကဲ့သို့ ပုံဖော်၍ ပြသခဲ့၏။ “ခေါင်းဆောင်တစ်ဦးဖြစ်ရမှုဟာ ဦးဆောင်လိုစိတ်ရှိတာထက် ပိုရပေလိမ့်မယ်။ ခေါင်းဆောင်တွေဟာ အခြားပုဂ္ဂိုလ်တွေအပေါ်မှာ စာနာမှုရှိရမယ်၊ ပြီးတော့လဲ လူတွေရဲ့အကောင်းဆုံးတွေကိုသာ စိတ်အားထက်သန်စွာ ရှာလိုတဲ့အရည်အချင်းရှိရမယ်။ အဆိုးရွားဆုံးတွေကို ရှာဖို့မဟုတ်ဘူး။ အဲဒီလို ရှာဖွေဖို့ဆိုတာကတော့ အခြားပုဂ္ဂိုလ်တွေကို အမှန်တကယ် အရေးစိုက်ခြင်းဖြင့်သာ ဆောင်ရွက်ရမှာဖြစ်တယ်”

သင်က လူအများကို ချစ်ခင်မှုမရှိခဲ့ပါက လူအများက သင်၏ ဦးဆောင်မှုကို ခံယူလိုသော အမှန်တကယ် ထိရောက်မှုရှိသည့်



ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာနိုင်မည်မဟုတ်ပါ။ ရူပဗေဒပညာရှင် “အဲလ်ဘတ်အိုင်းစတိုင်း”က ဤကဲ့သို့ ပြောပြဖူး၏။

“ဒီကမ္ဘာမြေပေါ်က ကျုပ်တို့ရဲ့အနေအထားဟာ တကယ့်ကို ထူးဆန်းနေတယ်။ ကျုပ်တို့ တစ်ဦးချင်းဟာ ဘာအကြောင်းကြောင့်မှန်း မသိဘဲ တိုတောင်းတဲ့ကာလလေးအတွက် လာရောက်လည်ပတ်နေခဲ့ကြတယ်။ ဒါနဲ့တောင် တစ်ခါတလေကျရင် ကျုပ်တို့ရဲ့ ရည်ရွယ်ချက် တချို့က အလွန်မွန်မြတ်နေပုံရတယ်။ ဒါပေမယ့် နေ့စဉ်ဘဝဘက်က ရပ်တည်ပြီး ပြောရမယ်ဆိုရင် ကျုပ်တို့ သေသေချာချာသိထားတဲ့ အချက်တစ်ချက်တော့ရှိတယ်။ အဲဒါကတော့ ဒီမှာလူတွေရှိနေခြင်းဟာ တခြားလူသားတွေအတွက်ကြောင့်ပဲ ဖြစ်တယ်ဆိုတဲ့အချက်ပဲ”

**၃။ ခေါင်းဆောင်တစ်ဦး၏ လက်အဖြစ် ဆန့်ထုတ်လိုက်ပါ။ လူအများကို ကူညီပါ။**

ဂျင်နရယ်မော်တော်ကားကုမ္ပဏီမှ “လီရှိုင်အိတ်ချ်ကတ်(ဇ်)”က မိမိကပေးဖို့ထက် ယူဖို့ကိုသာ စိတ်ဝင်စားတဲ့၊ လွယ်လွယ်ကူကူ အစားထိုးမရတဲ့ ပုံသေပိုင်ပစ္စည်းတွေဟာ လူသားတွေပဲဖြစ်တယ်ဆိုတာကို သဘောမပေါက်တဲ့၊ ပြီးတော့ ဆွေးမြည့်ဟောင်းမြင်းတဲ့ အယူအဆတွေနဲ့ မှိုတက်နေတဲ့ ခေါင်းဆောင်တွေရှိတဲ့ အဖွဲ့အစည်းတွေရဲ့ အရိုးတွေဟာ စက်မှုလုပ်ငန်းတွေရဲ့ မြေကြီးတွေအပေါ်မှာ အပြည့် အနှက် ကြဲပြန့်နေကြတယ်” ဟု ဆိုဖူးလေသည်။ ငယ်သားများ၏ စိတ်ဝင်စားမှုများကို မှတ်သားထားသည့် ခေါင်းဆောင်တစ်ဦးကို လူအများက လေးစားကြသည်။ သင်၏ အာရုံစူးစိုက်မှုသည် ငယ်သားများထံမှ ရသလောက် နှိုက်ယူမည်ဆိုသော စိတ်ထားထက် ၎င်းတို့အား တတ်နိုင်သလောက်ပေးမည်ဆိုသည့် စိတ်ထားဖြစ်ပါက ငယ်သား များက သင့်အား လေးစားပြီး ချစ်ခင်လာကြလိမ့်မည်။ ပြီးတော့လည်း ဆက်ဆံရေးကောင်းမွန်မှုအတွက် အလွန်ကြီးကျယ်သော အခြေခံ

အုတ်မြစ်ကို ချပြီးဖြစ်ပါလိမ့်မည်။

## ဆင်ခြင်သုံးသပ်ရန်

သင်၏ ပေါင်းသင်းဆက်ဆံတတ်မှုအရည်အချင်းသည် မည်ကဲ့ သို့ ရှိနေပါသနည်း။ သင်က လူစိမ်းသူစိမ်းများနှင့် ခင်ခင်မင်မင် ပေါင်းသင်း၍ရပါသလား။ သင်သည် လူအမျိုးပေါင်းစုံနှင့် အပြန်အလှန် အကျိုးရှိစွာ ဆက်ဆံ၍ရပါသလား။ အခြေခံတူညီသောအချက်ကို ရှာရှာရှုရှု ရှာဖွေ၍ရပါသလား။ ကာလရှည်ကြာစွာ အကျိုးတူ အပြန်အလှန် ဆက်ဆံမှုမျိုးကော ပြုလုပ်၍ရပါသလား။ သင်သည် ခင်မင်ရင်းနှီးနေမှုကို ကာလရှည်ကြာအောင် ထိန်းသိမ်းထားနိုင်ပါ သလား။ သင်၏ပေါင်းသင်းဆက်ဆံတတ်မှု အရည်အချင်းသည် အားနည်းနေပါက သင်၏ခေါင်းဆောင်မှုသည် အမြဲတစေပင် ဒုက္ခ ရောက်နေပေလိမ့်မည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ပေါင်းသင်းဆက်ဆံတတ်မှု အရည်အချင်းများ တိုးတက် ကောင်းမွန်လာအောင် အောက်ပါတို့ကို ဆောင်ရွက်ပါ–

U **သင်၏စိတ်ဓာတ်ကို တိုးတက်ကောင်းမွန်လာအောင် ဆောင် ရွက်ပါ။**

အကယ်၍ သင်၏လူအများအား နားလည်နိုင်မှုစွမ်းရည်ကို ပိုမိုတိုးတက်အောင်လုပ်ဖို့ လိုအပ်နေပါက တစ်ဟုန်ထိုးတိုးတက် လာအောင် အဆိုပါဘာသာရပ်နှင့်သက်ဆိုင်သည့် စာအုပ်အများအပြားကို ဖတ်ရှုပါ။ “ဒေးလ်ကာနယ်ဂျီ”၊ “အလန်လွိုင် မက်ဂင်းနစ်” နှင့်



“လက်စ်ပါရော့(၃)” တို့၏ စာအုပ်များကို ဖတ်ရှုသင့်ကြောင်း အကြံပြုပါသည်။ ထို့နောက် သင်လေ့လာထားသည့်အချက်အလက် များကို အသုံးချနိုင်ရန်အတွက် လူအများအပြားကို အချိန်ယူ၍ လေ့လာပါ။ ၎င်းတို့နှင့် ဆွေးနွေးပြောဆိုကြည့်ပါ။

U **သင်၏ နှလုံးသားကို အားဖြည့်ပါ။**

အကယ်၍ သင်သည် သင်ဆောင်ရွက်နိုင်စွမ်းရှိသလောက် အခြားပုဂ္ဂိုလ်များအား ပြုစုစောင့်ရှောက်ခြင်းမရှိခဲ့ပါက မိမိကိုယ်ကို အာရုံစိုက်နေမှုအား ပြောင်းလဲပစ်ရန် လိုအပ်ပေသည်။ သင်၏မိတ်ဆွေ များနှင့် အပေါင်းအသင်းတို့အတွက် တန်ဖိုးတက်လာစေမည့် သင်ဆောင်ရွက်ပေးနိုင်သောကိစ္စရပ်ကလေးများကို စာရင်းပြုလုပ်လိုက် ပါ။ ထို့နောက် တစ်ရက်တွင် တစ်ခုကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားပါ။ သင်က အခြားသူများအား ကူညီလိုစိတ် ဖြစ်ပေါ်လာသည့် အချိန်အထိ စောင့်ဆိုင်းမနေပါနှင့်။ စိတ်မပါခင်ကပင် စတင်၍ လုပ်ဆောင်လိုက်ပါ။

U **ပျက်ယွင်းသွားသော ဆက်ဆံမှုတစ်ခုကို ပြန်ပြင်လိုက်ပါ။**

ကာလကြာမြင့်စွာ တန်ဖိုးထားဆက်ဆံခဲ့ပြီးနောက် မေးမှိန်သွား ခဲ့သော ဆက်ဆံမှုတစ်ခုကို ပြန်စဉ်းစားကြည့်ပါ။ ထိုဆက်ဆံရေး ပြန်လည်ကောင်းမွန်လာစေဖို့ သင်တတ်နိုင်သမျှ ဆောင်ရွက်ပါ။ ထိုပုဂ္ဂိုလ်နှင့် ပြန်လည်ဆက်သွယ်ပြီးလျှင် ၎င်းနှင့်ပြန်ဆက်ဆံနိုင်အောင် ကြိုးပမ်းပါ။ အကယ်၍ သင်နှင့်ရန်ဖြစ်ထားပါက သင့်ဘက်ကကိစ္စရပ် များအတွက် သင်ကပဲ တာဝန်ယူပြီးတော့ တောင်းပန်လိုက်ပါ။ ပို၍နားလည်မှုရှိအောင် ကြိုးစားပါ။ သူ့ကိုမေတ္တာထားပါ။ အလုပ် အကျွေးပြုပါ။

## နေ့စဉ်မှတ်သားလိုက်နာရန်

နိုဗယ်ဆုရ စာရေးဆရာကြီး "အားနက်ဟဲမင်းဝေး"ရေးသားသော "The Capital of the World" ဟု ခေါင်းစဉ်တပ်ထားသည့် ဝတ္ထုတို တစ်ပုဒ်တွင် "ပါကို"ဆိုသော မြီးကောင်ပေါက်အရွယ် သားလေးနှင့် ၎င်း၏ဖခင်တို့အကြားတွင် ဆက်ဆံရေးပြတ်တောက်သွားမှုအကြောင်း ရေးသားဖော်ပြထားသည်။ သားဖြစ်သူ နေအိမ်မှထွက်ပြေးသွားသော ကြောင့် ဖခင်ဖြစ်သူက သားကို နေရာအနှံ့ လိုက်လံရှာဖွေခဲ့သည်။ ထိုနောက်တွင် နောက်ဆုံးကြိုးပမ်းမှုအဖြစ် မက်ဒရစ်မြို့ထုတ် ဒေသ ဆိုင်ရာ သတင်းစာတစ်စောင်၌ ကြော်ငြာထည့်လိုက်လေ၏။ စာသား မှာ ဤကဲ့သို့ ဖြစ်၏။

"ချစ်ရပါသော ပါကို၊ နက်ဖြန်မွန်းတည့်ချိန်တွင် ငါ့ကို သတင်းစာတိုက်ရှေ့မှာ လာတွေ့ပါ။ အားလုံးကို ခွင့်လွှတ်သည်။ မင်းကို ငါချစ်ပါသည်။"

နောက်တစ်နေ့နံနက်တွင် သတင်းစာတိုက်ရှေ့၌ ပျက်စီးသွား သည့် ဆက်ဆံရေးတစ်ခုကို ပြန်လည်အသက်သွင်းလိုကြသည့် "ပါကို" အမည်ရှိသူပေါင်း လူရှစ်ရာ ရောက်ရှိနေခဲ့သည်။ လူသားတို့၏ဘဝတွင် ပေါင်းသင်းဆက်ဆံတတ်မှု၏ တန်ခိုးသတ္တိကို မည်သည့်အခါတွင်မှ လျှော့မတွက်ပါလေနှင့်။

အရည်အချင်း (၁၆)

## တာဝန်ယူမှု

**အကယ်၍ သင် တာ ဝန်မယူပါက သင်သည် အဖွဲ့ကို ခေါင်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။**

ကြီးမားသော မည်သည့်အောင်မြင်မှုမဆို၊ သင်က တာဝန် ယူရန် လိုအပ်ပေ၏။ နောက်ဆုံး လေ့လာဆန်းစစ်မှုများအရ အောင်မြင်သော ပုဂ္ဂိုလ်တိုင်း၌ရှိသည့် အရည်အချင်းတစ်ခုမှာ တာဝန်ယူနိုင်စွမ်းရှိမှုပင် ဖြစ်သည်။

**မိုက်ကယ်ကောဒါ**
**ဆိုင်မွန်အင်ရှုစတာစာအုပ်တိုက်၏ အယ်ဒီတာချုပ်**

ခေါင်းဆောင်တစ်ဦးသည် နောက်ဆုံးတာဝန်ယူမှုကလွဲ၍ အခြားမည်သည့်ကိစ္စကိုမဆို စွန့်လွှတ်၍ ရနိုင်ပေ၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## အလာမိုကို ပြန်လည်တူးဖော်ခြင်း

၁၈၃၅ ခုနှစ်၊ နှစ်ကုန်ပိုင်းလောက်က တက်ဆက်ပြည်နယ်မှ သူပုန်အုပ်စုတစ်စုသည် တက်ဆက်ပြည်နယ် ဆန်အန်တိုနီယိုမြို့ရှိ ခံတပ်တစ်ခုအား ဝန်းရံ၍ လုပ်ကြံခဲ့ကြ၏။ ထိုခံတပ်မှာ ဘုရားရှိခိုးကျောင်းငယ်ကလေးတစ်ခုအား ခံတပ်အဖြစ် ပြောင်းလဲထားခြင်းဖြစ်သည်။ နှစ်ကုန်သောအခါ ထိုခံတပ်အတွင်းရှိ မက်ဆီကန်စစ်သားများသည် လက်နက်ချပြီး တောင်ဘက်အရပ်သို့ ထွက်ခွာသွားခဲ့ကြရာ ထိုခံတပ်ကလေးသည် တက်ဆက်သူပုန်များ၏ လက်ထဲ၌ ကျန်ရစ်ခဲ့လေ၏။ ထိုအိုမင်းသော ဘုရားရှိခိုးကျောင်းအဆောက်အအုံ၏ အမည်မှာ 'အလာမို' ဖြစ်၏။

တက်ဆက်သူပုန်များက ထိုဘုရားရှိခိုးကျောင်းအား သိမ်းယူလိုက်မှုသည် အမေရိကန်ပြည်ထောင်စုသမိုင်း၌ ကြီးမားစွာ သူရဲကောင်းဆန်သော အဖြစ်အပျက်များ ပေါ်ပေါက်လာစေရန် ကန့်လန့်ကာဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ နောက်နှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့၌ ထိုနေရာတွင် ဖြစ်ပွားခဲ့သော စစ်ပွဲသည် ရဲစွမ်းသတ္တိရှိမှုနှင့် တာဝန်ယူမှုတို့ကို မယုံနိုင်လောက်အောင် သက်သေထူသည့်အဖြစ်အပျက်ပင် ဖြစ်ပေ၏။

'အလာမို' ခံတပ်၌ရှိနေသော နယ်ပယ်သစ်တွင်အခြေချသူအမေရိကန်လူမျိုးများနှင့် မက်ဆီကန်စစ်တပ်တို့အကြား၌ တိုက်ပွဲဖြစ်ပွားရတော့မည်မှာ မလွှဲမရှောင်သာသောကိစ္စပင် ဖြစ်တော့၏။ တက်ဆက်ပြည်နယ်သားများသည် ၂၅ နှစ်တိုင်တိုင် မက်ဆီကန်အစိုးရထံမှ လွတ်မြောက်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့ကြ၏။ ပြီးတော့လည်း ထိုသို့ကြိုးပမ်းသည့်အကြိမ်တိုင်းတွင် နှိမ်နင်းရန်



မက်ဆီကန်စစ်တပ်များကို ဆောလျင်စွာ စေလွှတ်လေ့ရှိ၏။ ဤတစ်ကြိမ်တွင်မူ ထူးခြား၏။ အလာမိုခံတပ်ကို စီးနင်းထားသူများမှာ သန္နိဋ္ဌာန်ချထား ကြသော မိမိဆန္ဒအလျောက် စုစည်းထားသည့်အုပ်စု ဖြစ်နေ၏။ ထိုအုပ်စုတွင် စုစုပေါင်း ၁၈၃ ယောက် ပါဝင်ကြ၏။ ၎င်းတို့အထဲတွင် ဝါရင့်စစ်သားများသာမက နယ်စပ်တွင် အခြေချသူများဖြစ်သည့် "ဝီလီယံထရားဗစ်ခ်"၊ "ဒေဗီကရော့ကက်"နှင့် "ဂျင်မ်ဘိုဝီ"တို့ ပါဝင်ကြ၏။ ၎င်းတို့၏ဆောင်ပုဒ်မှာ– "အောင်နိုင်မှု မရလျှင် အသေခံကြမည်" ဟူ၍ပင်ဖြစ်သည်။

ဖေဖော်ဝါရီလ၏ လကုန်ပိုင်းတွင် ဗိုလ်ချုပ်ကြီးအန်တိုနီယိုလိုပက်ဒီဆန်တာအင်နာ၏ ဦးဆောင်မှုအောက်မှ မက်ဆီကန်စစ်သားထောင်ပေါင်းများစွာတို့သည် အလာမိုသို့ ချီတက်လာပြီး ဝန်းရံထားလိုက်ကြ၏။ မက်ဆီကန်တို့က လက်နက်ချရမည့် စည်းကမ်းများကို ကမ်းလှမ်းလိုက်သောအခါ ခုခံနေသော သူပုန်များက ငြင်းပယ်ခဲ့ကြ၏။ ပြီးတော့လည်း မက်ဆီကန်စစ်တပ်က ၎င်းတို့အား ခုခံတိုက်ခိုက်ခဲ့သည်ရှိသော် လုံးဝညှာတာလိမ့်မည်မဟုတ်ဟု ရာဇသံပေးသော်လည်း အမေရိကန်သူပုန်တို့က လုံးဝမတုန်လှုပ်ခဲ့ပါချေ။

တိုက်ပွဲဖြစ်ပွားတော့မည်မှာ သေချာသွားသောအခါ တက်ဆက်နယ်သားများက တက်ဆက်စစ်တပ်မှ အကူအညီသွားရောက် တောင်းခံကြည့်ရန် လူငယ်တစ်ယောက်ကို စေလွှတ်လိုက်၏။ ထိုလူငယ်၏နာမည်မှာ 'ဂျိမ်းစ်ဘွန်ဟန်' ဖြစ်၏။ သူသည် ညပိုင်းတွင် ခံတပ်ထဲမှခိုးထွက်ခဲ့ပြီးနောက် ၉၅ မိုင်ဝေးသော "ဂိုးလိတ်ဒ်"သို့ အကူအညီတောင်းခံရန် သွားရောက်ခဲ့သည်။ သူရောက်ရှိသွားသောအခါ မည်သည့်အကူအညီကိုမှ မရနိုင်ကြောင်း ၎င်းကို ပြောကြားလိုက်ကြလေ၏။

ဗိုလ်ချုပ်ကြီးဆန်တာအင်နာသည် အလာမိုခံတပ်အား ၁၁ ရက်ကြာအောင် တရစပ်ပစ်ခတ်လျက်ရှိ၏။ ထို့နောက် ၁၈၃၆ ခုနှစ်၊ မတ်လ

၆ ရက်နေ့ နံနက်တွင် မက်ဆီကန်စစ်တပ်က အလာမိုခံတပ်ကို အတင်းဝင်၍ စီးနင်းတိုက်ခိုက်လေတော့၏။ တိုက်ပွဲပြီးဆုံးသွားသော အခါ ခုခံသူ ၁၈၃ ဦးထဲမှ တစ်ဦးတစ်ယောက်မှ အသက်ရှင်လျက် မကျန်ရစ်ကြတော့ချေ။ သို့ရာတွင် ၎င်းတို့က မက်ဆီကန်စစ်တပ်မှ စစ်သား ၆၀၀ အား ၎င်းတို့နှင့်အတူ သေရွာသို့ အပါခေါ်သွားနိုင်ခဲ့ပါ၏။

ဤတွင် "ဂိုးလိတ်ဒ်"သို့ စေလွှတ်လိုက်သည့် ခြေမြန်တော် "ဂျိမ်းစ်ဘွန်ဟန်"တစ်ယောက်၊ မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့လေသနည်း။ "ဘွန်ဟန်"အနေဖြင့် မြင်းစီးပြီး အဝေးသို့ ရှောင်ထွက်သွားရန်မှာ အလွန်လွယ်ကူသောကိစ္စရပ် ဖြစ်ခဲ့ပါ၏။ သို့ရာတွင် ၎င်း၏တာဝန်ယူသည့်စိတ်ဓာတ်က ကြီးမားလွန်းလှပါသည်။ ထိုသို့ရှောင်ထွက်သွားမည့်အစား သူသည် အလာမိုသို့ မြင်းစီး၍ ပြန်လာခဲ့၏။ ရန်သူ့စစ်ကြောင်းကို ဖြတ်သန်း၍ အထဲသို့ရောက်အောင် ပြန်ဝင်ခဲ့၏။ မက်ဆီကန်များကို ၎င်း၏ ရဲဘော်ရဲဘက်များနှင့် အတူလက်တွဲ၍ တိုက်ခိုက်ခဲ့ပြီးနောက် ၎င်းတို့နှင့်အတူ အသေခံသွားခဲ့လေ၏။

အလာမိုတိုက်ပွဲတွင် အမေရိကန်တို့ ရှုံးနိမ့်ခဲ့ရသော်လည်း ထိုတိုက်ပွဲသည် မက်ဆီကိုနှင့်တိုက်သော စစ်ပွဲကြီး၌ အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့ရ၏။ ဗိုလ်ချုပ်ကြီးဆန်တာအင်နာနှင့် ၎င်း၏စစ်တပ်များအား ဆက်လက်၍ တိုက်ခိုက်ကြသည့် နောက်ထပ်ဖြစ်ပွားသော တိုက်ပွဲများတွင် "အလာမိုကို သတိရကြ" ဆိုသည့် တိုက်ပွဲကြွေးကြော်သံကို သုံးစွဲ၍ စိတ်ဓာတ်အင်အားရယူခဲ့ကြ၏။ နောက်ထပ် ၂ လ မကြာမီ၌ တက်ဆက်ပြည်နယ်သည် လွတ်လပ်ရေးကို ပိုင်ပိုင်နိုင်နိုင် ရရှိသွားခဲ့လေတော့သည်။



# ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ယနေ့ အမေရိကန်ယဉ်ကျေးမှုတွင် ဂျိမ်းစ်ဘွန်ဟန်နှင့် ၎င်း၏အပေါင်းအသင်းများက ပြသခဲ့ကြသည့် တာဝန်ယူမှုမျိုးကို မြင်တွေ့နိုင်ရန် အလွန်ရှားပါးခဲ့လေပြီ။ ယခုအခါတွင် လူအများက ၎င်းတို့၏ တာဝန်ထက် ရပိုင်ခွင့်များကိုသာ ပို၍ အာရုံစိုက်နေကြတော့၏။

လက်ရှိစိတ်နေစိတ်ထားများအား သုံးသပ်သည့်အနေနှင့် ကျွန်ုပ် ၏ မိတ်ဆွေ "ဟက်ဒွန်ရိဘင်ဆန်" က "တကယ်လို့ ခင်ဗျားက ချမ်းသာချင်တယ်ဆိုရင်တော့ "မတရားဖိနှိပ်မှုလုပ်ငန်း" မှာ ရင်းနှီးမြှုပ်နှံထားပေတော့။ အဲဒါက အမေရိကန်မှာ အမြန်ဆုံးကြီးထွားနေတဲ့ စက်မှုလုပ်ငန်းပဲ"ဟု မှတ်ချက်ပြုခဲ့ပါ၏။ သူက ဆက်လက်၍ "ဒုက္ခသည်" ဆိုသည့် ပုဂ္ဂိုလ်များသည် မည်သူမည်ဝါများဖြစ်ကြောင်းကို ထုတ်ဖော်ပေးခြင်း၊ ၎င်းတို့အတွက် ကိုယ်စားပြု၍ ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့အား အာမခံပြုလုပ်ပေးခြင်းနှင့် ဆွေးနွေးအကြံဉာဏ်ပေးခြင်း စသည့်လုပ်ငန်းများဖြင့် လူသန်းပေါင်းများစွာတို့သည် ကြွယ်ဝချမ်းသာနေကြသည်" ဟု ရှင်းပြခဲ့ပါ၏။

ခေါင်းဆောင်ကောင်းများသည် ၎င်းတို့က မည်သည့်ပုဂ္ဂိုလ် များကို တာဝန်ယူရမည်။ ၎င်းတို့၏ တာဝန်ယူမှုသည် မည်သည့် အတိုင်းအတာအထိ ရှိသည်ကို ကွဲပြားစွာသိရှိကြ၏။ အခြားပုဂ္ဂိုလ်များအား တာဝန်လွှဲချလေ့မရှိပါ။ သူတို့က "ကံ" ပစ်ချသည့်အတိုင်း၊ လက်ခံကြပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားလေ့ရှိကြ၏။ ၎င်းတို့ တာဝန်ယူသည့်ကိစ္စကို အဖွဲ့သားများက သိမှသာလျှင် ငယ်သားများအား ခေါင်းဆောင်နိုင်ခွင့်ရှိသည်ကို သိကြသောကြောင့်ပင်ဖြစ်ပါ၏။

တာဝန်ယူမှုကို လက်ခံကြသော ပုဂ္ဂိုလ်များ၏ အောက်ဖော်ပြပါ

ထူးခြားချက်များကို လေ့လာကြည့်ကြရအောင်။

**၁။ ၎င်းတို့က လုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်ကြ၏။**

ဂျော်ဂျီယာတက္ကသိုလ်မှ "ဒေါက်တာသောမတ်စတန်လီ"က ကိုယ့်ထူးကိုယ်ချွန် သန်းကြွယ်သူဌေးကြီးများအား လေ့လာရာတွင် ၎င်းတို့အားလုံး၌ တူညီသောအချက်တစ်ချက် ရှိနေကြောင်း တွေ့ရ လေ၏။ ၎င်းတို့က အလုပ်ကို ကြိုးစားပမ်းစားလုပ်ကိုင်ကြ၏။သန်းကြွယ် သူဌေးကြီးတစ်ဦးအား အဘယ်ကြောင့် တစ်ရက်လျှင် ၁၂ နာရီမှ ၁၄ နာရီအထိ အလုပ်လုပ်နေပါသနည်းဟု မေးမြန်းခဲ့ရာ ၎င်းကအဖြေ ပေးပါ၏။

"ကျုပ်က အဖွဲ့အစည်းကြီးတစ်ခုမှာ ဝင်ရောက်ပြီးတော့ ၁၅ နှစ်ကြာ အောင် အလုပ်လုပ်ပြီးတဲ့အခါကျမှ ကျုပ်တို့လူ့အဖွဲ့အစည်းမှာ အသက် မသေဘဲ ရှင်သန်နေဖို့အတွက် တစ်နေ့ကို ၈ နာရီကြာအောင်အလုပ် လုပ်ရတယ်ဆိုတာကို သဘောပေါက်လာခဲ့တယ်။ တကယ်လို့ ကျုပ်တို့က တစ်နေ့ကို ၈ နာရီပဲ အလုပ်လုပ်မယ်ဆိုရင် ခင်ဗျားဆောင်ရွက်သမျှဟာ အသက်မသေရုံတမယ် လုပ်ကိုင်နေတာပဲဖြစ်မယ်။ ရှစ်နာရီ ထက်ပိုပြီးတော့ ခင်ဗျားဆောင်ရွက်သမျှတို့ဟာ ခင်ဗျားရဲ့ အနာဂတ် အတွက် ရင်းနှီးမြှုပ်နှံထားခြင်းပဲဖြစ်တယ်"။ မည်သူမဆို အနည်းဆုံးကိုသာ လုပ်ကိုင်ပြီးမှ အမြင့်မားဆုံးအလားအလာကို ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပါချေ။

အလုပ်ကို ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်မည်ဆိုသည့်စိတ် ထားမျိုး အမြဲတစေရှိနေနိုင်အောင် အချို့ပုဂ္ဂိုလ်များက မည်သို့မည်ပုံ ဆောင်ရွက်ထားကြပါသနည်း။ အဆိုပါပုဂ္ဂိုလ်များက မိမိ၏ကိုယ်ပိုင် အလုပ်ကို လုပ်ဆောင်နေကြရသည်ဟု သဘောထားကြ၏။ သင်က ပို၍ စွမ်းဆောင်နိုင်စွမ်းရှိပြီး ငယ်သားများ၏ ယုံကြည်မှုကို ပိုမို တည်ဆောက်လိုပါက အဆိုပါစိတ်ထားမျိုးကို သင်လည်း ခံယူရပေ



လိမ့်မည်။ ထိုကိစ္စရပ်က သင့်အတွက် များစွာအကျိုးရှိစေပါလိမ့်မည်။

**၂။ ၎င်းတို့က နောက်ထပ်တစ်မိုင် ဆက်သွားရန်အတွက် လိုလို လားလား ရှိကြ၏။**

တာဝန်ခံတတ်သော ပုဂ္ဂိုလ်များက "အဲဒါ ကျုပ်လုပ်ရမယ့်အလုပ် မဟုတ်ဘူး"ဟု မည်သည့်အခါတွင်မှ ကန့်ကွက်လေ့မရှိကြ။ အဖွဲ့ အစည်းက လိုအပ်နေသည့် လုပ်ငန်းများပြီးစီးသွားအောင် မည်သို့ပင် ဆောင်ရွက်ပေးရမည်ဖြစ်ပါစေ၊ လိုလိုလားလားရှိကြ၏။ အကယ်၍ သင်သည် အောင်မြင်မှုရရှိလိုပါက သင်၏ လုပ်ငန်းစဉ်ဇယားထိပ် ဘက်တွင် အဖွဲ့အစည်းကို လိုလိုလားလား ဦးစားပေးထားလိုက်ပါ။

**၃။ ၎င်းတို့ကို "ထူးချွန်မှု"က တွန်းအားပေးလျက် ရှိ၏။**

"ထူးချွန်မှု"သည် အကောင်းဆုံးလှုံ့ဆော်မှုတစ်ရပ်ဖြစ်၏။ ထူးချွန်မှုကို လိုလားတောင့်တပြီးလျှင် ရရှိအောင် ပင်ပင်ပန်းပန်း လုပ်ဆောင်နေသူများသည် အမြဲတမ်းလိုလိုပင် တာဝန်ယူသူများ ဖြစ်တတ်ကြ၏။ ပြီးတော့လည်း ၎င်းတို့က အစွမ်းရှိသမျှ စိုက်ထုတ် ဆောင်ရွက်ပြီးသောအခါ သူတို့သည် ငြိမ်းချမ်းစွာနေထိုင်ကြလေ့ရှိ၏။ အောင်မြင် မှုဆိုင်ရာ ကျွမ်းကျင်သူပညာရှင် "ဂျင်မ်ရွှန်"က– "စိတ်ဖိစီးမှုသည် သင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှုထက် လျော့နည်း၍ လုပ်ကိုင်ရာမှ ပေါ်ပေါက်လာခြင်း ဖြစ်၏"ဟု ဆိုပါသည်။ သင်၏ရည်မှန်းချက်ပန်းတိုင် ကို အဆင့်မြင့်မားအောင် သတ်မှတ်ပါ။ ဤတွင် တာဝန်ရှိမှုက သဘာဝကျစွာ နောက်မှ ကပ်၍လိုက်ပါလာပါလိမ့်မည်။

**၄။ ၎င်းတို့သည် အခြေအနေကို အရေးမထားဘဲ ပြီးစီးအောင် ဆောင်ရွက်လေ့ရှိကြ၏။**

တာဝန်ယူသူတစ်ယောက်၏ အန္တိမအရည်အချင်းမှာ ပြီးစီး အောင် ဆောင်ရွက်နိုင်စွမ်းရှိမှုပင် ဖြစ်သည်။ "ပွင့်နေသော လမ်းမကြီး" ဆိုသည့်စာအုပ်တွင် "ရစ်ချတ်အယ်အီဗန်"က တာဝန်ကို လိုလိုလားလား

ယူသူ၊ ပြီးစီးအောင် ဆောင်ရွက်မည့်သူနှင့် နောက်ဆုံးအသေးစိတ်အထိ တစ်ခုမကျန် လိုက်လံဆောင်ရွက်မည့်လူတစ်ဦးကို ရှာဖွေတွေ့ရှိရမှု သည် အဖိုးမဖြတ်နိုင်သော ရှာဖွေတွေ့ရှိမှုတစ်ရပ်ပင်ဖြစ်၏။ ၎င်းအား ပေးအပ်လိုက်သည့် တာဝန်ကို လက်ခံလိုက်သည်နှင့် တပြိုင်နက် ၎င်းက ထိုလုပ်ငန်းကို ထိရောက်မှုရှိစွာ တာဝန်သိစွာဖြင့် ပြီးစီးအောင် ဆောင်ရွက်နိုင်မည်မှာ မလွဲဟု သိရခြင်းမျိုးပင်ဖြစ်သည်”ဟု ရေးသားဖူး၏။ သင်သည် ခေါင်းဆောင်မှုပေးမည်ဆိုပါက ပြီးစီးအောင်လည်း ဆောင်ရွက်ရပေလိမ့်မည်။

## ဆင်ခြင်သုံးသပ်ရန်

“ဂီးလ်ဘတ်အာလင်”က ယခုလို အကြံပေး၏။ **“လေးသည်တော်တစ်ယောက်သည် ၎င်းပစ်ရမည့် အမှတ်အသားကို လွဲချော်သွားခဲ့ပါက မိမိ၏ကိုယ်တွင်း၌သာ အပြစ်ကို ရှာရာ၏။ စက်ဝိုင်း၏ အလယ်ဗဟိုသို့ မထိမှန်ဘဲ လွဲချော်သွားမှုသည် မည်သည့်အခါကမှ ပစ်မှတ်၏ ချွတ်ယွင်းချက် မဟုတ်ခဲ့ပါ။ သင်၏ ချိန်ရွယ်မှုကို ပို၍ကောင်းမွန်စေလိုပါက မိမိကိုယ်ကို ပိုကောင်းအောင်သာ လုပ်ပါ”**

တာဝန်ယူမှုနှင့် စပ်လျဉ်း၍ သင်သည် ပစ်မှတ်ကို ထိမှန်အောင် ပစ်နိုင်သူ ဖြစ်ပါသလား။ အခြားသောပုဂ္ဂိုလ်များက သင့်ကို လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်သူဟု ထင်မြင်ယူဆကြပါသလား။ အခက် အခဲ ကြုံတွေ့နေရသည့်အခါများတွင် ငယ်သားများက သင့်ကို တာဝန် ယူစေလိုကြပါသလား”သင်သည် ထူးချွန်မှုအတွက် လူသိများပါ သလား။ အကယ်၍ သင်၏ဆောင်ရွက်မှုများသည် အမြင့်မားဆုံး အဆင့်အတန်း၌ ရှိမနေခဲ့ပါက သင်၏တာဝန်ယူလိုသည့်စိတ်ဓာတ်ကို ပိုမြင့်မားအောင်



မွေးမြူယူဖို့ လိုအပ်ပေလိမ့်မည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ တာဝန်ယူမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **လက်မလျှော့ဘဲ ဆက်ကြိုးစားပါ။**

တစ်ခါတစ်ရံတွင် ခက်ခဲသော အနေအထားများ ရှိနေသည့်တိုင်အောင် ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်ခြင်းသည် ထပ်ခါတလဲလဲ ဖြစ်ပေါ်နေသော ပြဿနာတစ်ရပ်ကြောင့်သာလျှင် ဖြစ်နိုင်၏။ သင်သည် သတ်မှတ်ချက်မတိုင်မီ၌ မပြီးစီးနိုင်မှုမျိုး၊ ကမ်းလှမ်းထားချက်ကို လက်လွှတ်ရတော့မည့်ပုံစံမျိုး၊ သို့တည်းမဟုတ် ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုကို စတင်လုပ်ကိုင်ရန်ပင် အခက်အခဲဖြစ်နေမှုမျိုးတို့နှင့် ကြုံတွေ့လာပါက ထိုကိစ္စကို ရပ်တန့်ထားပြီးနောက် မည်သို့မည်ပုံ ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ကို အကြံဉာဏ်ထုတ်ပါ။ ပုံမှန်လုပ်ရိုးလုပ်စဉ် ထက်ပို၍ စဉ်းစားကြည့်ပါ။ သင်တစ်ညလုံး မအိပ်မနေ ဆောင်ရွက်နိုင်စွမ်း ရှိပါသလား။ သင်၏ အပေါင်းအသင်းတစ်ယောက်ယောက်အား လာရောက်ကူညီဖို့ ခေါ်၍ရနိုင်ပါသလား။ သင်၏ဝန်ထမ်းတစ်ယောက်၊ သို့တည်းမဟုတ် မေတ္တာဖြင့် ကူညီမည့်သူတစ်ယောက်ယောက်ကို ငှားရမ်း၍ ရနိုင်ပါမည်လား။ သင်၏ တီထွင်ကြံဆမှုက တာဝန်ယူမှုကို ပြန်၍ အသက်ဝင်လာစေနိုင်ပါသည်။

U **ကောင်းသည်ဆိုရုံမျှနှင့် မလုံလောက်ကြောင်း ဝန်ခံပါ။**

အကယ်၍ သင်သည် ထူးချွန်မှုရရှိသည်အထိ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့ပါက သင်၏စံချိန်များကို “နှိမ့်”ထားသောကြောင့်သာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ သင်၏ ကိုယ်ရေးကိုယ်တာဘဝတွင် ချွတ်ချော်သွား

မှုများကို မည်သည့်နေရာ၌ လက်ခံထားမိခဲ့ကြောင်းကို ပြန်စဉ်းစား ကြည့်ပါ။ ထို့နောက် ပို၍မြင့်မားသော အဆင့်အတန်းကို ပြင်ဆင် သတ်မှတ်ပါ။ ထိုသို့ဆောင်ရွက်မှုက သင်၏ ထူးချွန်မှုစံချိန်အား ပြန်လည်ပြင်ဆင်ပေးရာတွင် ကူညီနိုင်မည် ဖြစ်ပေသည်။

U **ပို၍ ကောင်းမွန်သော ကိရိယာများကို ရှာဖွေပါ။**

အကယ်၍ သင်၏ စံချိန်များသည် မြင့်မားနေကြောင်း တွေ့ရှိရပြီး သင်၏ စိတ်နေသဘောထားကလည်း ကောင်းမွန်သည်၊ ပြီးတော့ သင်က ရှေ့နောက်ညီညွတ်စွာ အလုပ်ကို အမြဲတမ်းကြိုးစား၍ လုပ်ကိုင်လေ့ရှိ သည်၊ သို့တိုင်အောင်ပင် သင်လိုချင်သည့် ရလဒ်များကို မရရှိသေးဟု ဆိုပါက သင့်ကို ပို၍ကောင်းမွန်သော ကိရိယာများနှင့် တပ်ဆင်ပေးရန် လိုအပ်နေပေပြီ။ သင်၏ကျွမ်းကျင်မှု ပိုမိုတိုးတက်လာ စေရန် သင်တန်းများ တက်ပါ။ စာအုပ်များကို ဖတ်ပါ။ တိတ်ခွေ များကို နားထောင်ပါ။ ဆရာသမားတစ်ယောက်ကို ရှာဖွေပါ။ သင် လုပ်သမျှ ကိုင်သမျှ ပိုမိုကောင်းမွန်လာစေရေးအတွက် သင်လုပ်သင့် လုပ်ထိုက် သမျှကို ဆောင်ရွက်ပါလေ။

## နေ့စဉ်မှတ်သားလိုက်နာရန်

ဘက်တီကောင်တီအကျဉ်းထောင်မှ အကျဉ်းသားတစ်ယောက်က ထောင်မှ ၎င်းထွက်ပြေးသွားခဲ့မှုအတွက် အကျဉ်းထောင်ဝန်ထမ်းများအား ယခုလို ရှင်းပြခဲ့၏။ "ကျုပ်က ဝါးလုံးထောက်ခုန်နည်းကို လေ့ကျင့်နေ တုန်းမှာ ကျုပ်လေ့ကျင့်တဲ့နေရာက ထောင်နံရံနဲ့ သိပ်နီးကပ်နေတော့ ထောင်နံရံပေါ်ကကျော်ပြီး အပြင်ဘက်ကို လိမ့်ကျသွားခဲ့တယ်၊ ကျုပ်ပြန်ပြီး သတိရလာတဲ့အခါကျတော့ ကျုပ်က အကျဉ်းထောင် အပြင်ဘက်ရောက်နေပြီ။ ဒါကြောင့် အကျဉ်းထောင်ထဲ ပြန်ဝင်လို့ရမယ့်



နည်းလမ်းတွေကို ဟိုဒီလျှောက်ပြေးပြီး ရှာပါသေးတယ်၊ ဒါပေမယ့် ကျုပ်က မြေအနေအထားကို သိမထားလေတော့၊ လမ်းပျောက်သွားတယ်။ နောက်ထပ် ကျုပ်သိလိုက်ရတာကတော့ ကျုပ်က 'ချီကို' မြို့ထဲကို ရောက်နေပြီ"

လူအများသည် မိမိပေးသည့် ဆင်ခြေဆင်လက်များသည် မည်မျှလောက်အထိ အားနည်းနေကြောင်းကို မသိကြချေ။ ထိုဆင်ခြေ များနှင့် ပတ်သက်၍ အခြားပုဂ္ဂိုလ်များထံမှ တုံ့ပြန်ပြောဆိုချက်ကို ပြန်မကြားရခင်အထိ မိမိ၏ ချွတ်ယွင်းအားနည်းမှုကို သဘောပေါက် လေ့ မရှိကြချေ။

အရည်အချင်း (၁၇)

# လုံခြုံစိတ်ချမှု

## လုပ်ရည်ကိုင်ရည်ရှိမှုက မလုံခြုံမှုနှင့် ပြန်ထေ၍မရချေ၊

သင်သည် လူအများကို လိုအပ်နေပါက သင်က လူအများကို ခေါင်းဆောင်နိုင်လိမ့်မည် မဟုတ်ချေ။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

အကုန်လုံးကို မိမိတစ်ယောက်တည်းသာ လုပ်ကိုင်လိုသူ၊ သို့မဟုတ် ထိုကိစ္စကို ဆောင်ရွက်နိုင်မှုအတွက် တစ်ယောက်တည်း ဂုဏ်ယူလိုသူ မည်သူမဆို ကြီးကျယ်သော ခေါင်းဆောင်တစ်ယောက် ဖြစ်လာမည် မဟုတ်ချေ။

**အင်ဒရူးကာနက်ဂျီ – စက်မှုလုပ်ငန်းရှင်**

## သံမဏိအခြေခံစည်းမျဉ်းနှင့် ထိုစည်းမျဉ်းကို ယှဉ်နိုင်သော လုံခြုံမှု

သမ္မတရော်နယ်ရီဂင်၏ သက်တမ်းတွင် စက်မှုနိုင်ငံကြီး (၇)နိုင်ငံမှ ခေါင်းဆောင်များသည် စီးပွားရေးမူဝါဒကို ဆွေးနွေးကြရန် အိမ်ဖြူတော်၌ ရောက်ရှိနေကြ၏။ အဆိုပါအစည်းအဝေးတွင် ကနေဒါဝန်ကြီးချုပ် ပီရီထရူးဒေါက ဗြိတိန်ဝန်ကြီးချုပ်မာဂရက်သက်ချာအား မာဂရက်သက်ချာသည် လုံးဝမှားယွင်းနေသလို ၎င်း၏မူဝါဒများကလည်း အောင်မြင်ဖွယ်မရှိကြောင်း ပြင်းထန်စွာ ပြစ်တင်ပြောဆိုလျက်ရှိ၏။ မာဂရက်သက်ချာသည် ကနေဒါဝန်ကြီးချုပ်ရှေ့တွင် ခေါင်းမော့၍ မတ်တပ်ရပ်ရင်း၊ သူပြောဆိုနေသည့်စကားများကို ပြီးဆုံးသည်အထိ နားထောင်နေလိုက်သည်။ ထို့နောက်တွင်မှ အပြင်သို့ထွက်ခွာသွားသည်ကို တွေ့ရဖူးကြောင်း သမ္မတရီဂင်က ပြန်ပြောပြဖူး၏။

ထိုကဲ့သို့ ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပွားပြီး နောက်ပိုင်းတွင် ရီဂင်က မာဂရက်သက်ချာထံသွားရောက်၍ "မက်ဂီ၊ သူကခင်ဗျားကို အဲဒီလိုမျိုး ဘယ်တော့မှ မပြောသင့်ဘူး၊ ဒါတကယ့်ကို မသင့်တော်တဲ့ကိစ္စပဲ။ လုံးဝမသင့်တော်တဲ့ကိစ္စပဲ၊ ခင်ဗျားက သူ့ကို ဘာဖြစ်လို့ ခွန်းတုံ့ပြန်ပြီး မချေပလိုက်တာလဲ"

သက်ချာက ရီဂင်ကို ပြန်ကြည့်ပြီး အဖြေပေးလိုက်၏။

"ယောကျ်ားရင့်မကြီးတစ်ယောက်က သက်သက်မဲ့"ကလေးဆန်" နေတဲ့ကိစ္စကို အမျိုးသမီးတစ်ယောက်က သိသင့်တာပေါ့"

အဆိုပါကိစ္စက မာဂရက်သက်ချာသည် မည်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း ဖော်ပြလျက်ရှိသည်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး လုံခြုံစိတ်ချမှု အပြည့်အဝရှိသော ပုဂ္ဂိုလ်တစ်ဦးကသာလျှင် ကမ္ဘာ့ခေါင်းဆောင်တစ်ဦး



အဖြစ် အောင်မြင်နိုင်မည်ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် အမျိုးသမီးတစ်ဦး ဖြစ်နေခဲ့ပါက ထိုကိစ္စသည် ပို၍ပင် မှန်ကန်ပါပေ၏။

မာဂရက်သက်ချာသည် ၎င်း၏ဘဝတစ်လျှောက်လုံး ရေစီးကြောင်းကိုဆန်၍ ရုန်းကန်ခဲ့ရသူတစ်ဦးလည်းဖြစ်၏။ အောက်စဖို့တက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့စဉ်က အမျိုးသားများကသာ လွှမ်းမိုးထားသည့် ဘာသာရပ်ဖြစ်သော ဓာတုဗေဒဘာသာရပ်ကို အဓိက ဘာသာအဖြစ် သင်ယူခဲ့၏။ ထို့အပြင် သူမသည် အောက်စဖို့တက္ကသိုလ် ကွန်ဆာဗေးတစ်ပါတီ၏ ပထမဦးဆုံး အမျိုးသမီးဥက္ကဋ္ဌဖြစ်လာခဲ့၏။ နောက်ထပ်နှစ်အနည်းငယ်ကြာသောအခါ သူမသည် ရှေ့နေတစ်ဦးအဖြစ် အရည်အချင်းပြည့်မီလာပြီး အခွန်ကျွမ်းကျင်သူအဖြစ်လည်း ဆောင်ရွက်ခဲ့၏။

၁၉၅၉ ခုနှစ်တွင် မာဂရက်သက်ချာသည် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ခဲ့၏။ မာဂရက်သက်ချာသည် ပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရချိန်တွင် နိုင်ငံရေးနယ်ပယ်သည် အမျိုးသားများကသာ လွှမ်းမိုးထားသော အမျိုးသားတို့၏လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်၏။ ဝေဖန်ပိုင်းခြားစိတ်ဖြာတတ်သူ၊ စကားပြောကောင်းသူ၊ ပြင်းထန်စွာ ထိုးနှက်ခံရချိန်တွင်ပင် တည်တည်ငြိမ်ငြိမ်ရှိသူ မာဂရက်သက်ချာအား ပါလီမန်ထဲ၌ စကားအချေအတင် ပြောရဆိုရသည့်အခါများတွင် တစ်ဘက်ပါတီမှ ပြိုင်ဘက်များနှင့် ရင်ဆိုင်ပြောဆိုရန်အတွက် သူမ၏ပါတီက သူမအား မကြာခဏ တောင်းဆိုလေ့ရှိ၏။ သူမ၏ ကျွမ်းကျင်မှုနှင့် ယုံကြည်မှုတို့သည် ၎င်း၏ဖခင်ထံမှ သင်ယူရရှိခဲ့သော စိတ်နေစိတ်ထားက တွန်းအားပေးခဲ့ပုံရသည်။ သူမ၏ဖခင်က "မင်းလူအုပ်နောက်က ဘယ်တော့မှမလိုက်နဲ့၊ ကိုယ်ကိုယ်တိုင်ဆုံးဖြတ်" ဟု ပြောခဲ့ဖူး၏။

သူမ၏ ခိုင်ကျည်သော ဆုံးဖြတ်ချက်နှင့် မြင့်မားသောလုပ်ရည်ကိုင်ရည်တို့က အစိုးရရာထူးပေါင်းများစွာတွင် ပါဝင်ဆောင်ရွက်ခွင့်

ရခဲ့သည်။ သူမသည် ဗြိတိန်နိုင်ငံ၏ ပညာရေးနှင့် သိပ္ပံဆိုင်ရာ ဝန်ကြီးရာထူးကို တာဝန်ယူခဲ့ရစဉ်က သူမအား "ဗြိတိန်နိုင်ငံ၏ လူကြိုက်အနည်းဆုံးအမျိုးသမီး"ဟု ကင်ပွန်းတပ်သည်ကိုလည်း ခံခဲ့ရ၏။ သို့ရာတွင် မာဂရက်သက်ချာသည် ဝေဖန်ခံရမှုကြောင့် ယိမ်းယိုင်ခြင်းမရှိခဲ့ပါချေ။ သူမသည် အလုပ်ကို ပင်ပင်ပန်းပန်းဆက်လက်လုပ်ကိုင်ရင်းနှင့် လူအများ၏ လေးစားကြည်ညိုမှုကို ရရှိလာခဲ့သည်။ သူမရရှိခဲ့သော ဆုလာဘ်မှာ ဗြိတိန်နိုင်ငံသမိုင်းတွင် ပထမဦးဆုံး အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာ ခဲ့ခြင်းပင် ဖြစ်၏။

ဝန်ကြီးချုပ်ရာထူးတွင်လည်း သူမသည် ဝေဖန်မှုနှင့် ဆက်လက်၍ ရင်ဆိုင်နေရဆဲပင် ဖြစ်၏။ သူမသည် အစိုးရပိုင်စက်မှုလုပ်ငန်း များကို ပုဂ္ဂလိကပိုင်လုပ်ငန်းများအဖြစ် လွှဲပြောင်းပေးမှု၊ အလုပ်သမား အဖွဲ့အစည်း၏အခန်းကဏ္ဍကို လျော့နည်းကျဆင်းသွားစေမှု၊ ဖော့ကလင်ကျွန်းသို့ တပ်များစေလွှတ်၍ တိုက်ခိုက်မှု၊ ဆိုဗီယက်ယူနီယံနှင့် စပ်လျဉ်း၍ ကွန်ဆာဗေးတစ်မူဝါဒများနှင့် ဆက်ဆံမှု–စသည့်ကိစ္စရပ်များကြောင့် ဝေဖန်ထိုးနှက်ချက်များကို အကြီးအကျယ် ခံခဲ့ရ၏။ သို့ရာတွင် သူမအား မည်မျှလောက်အထိ ပြင်းထန်ဆိုးရွားစွာ တိုက်ခိုက်ဝေဖန်နေကြစေကာမူ သူမသည် ၎င်း၏ယုံကြည်ချက်များအတွက် လုံခြုံစိတ်ချစွာရှိနေပြီး ကိုယ့်သိက္ခာကိုယ် လေးစားမှုအား ဆက်လက်၍ ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

မာဂရက်သက်ချာ တစ်ခါက ပြောဖူး၏။

"ကျွန်မအဖို့ကတော့ "အားလုံးသဘောတူညီချက်"ဆိုတာဟာ၊ ကိုယ့်ယုံကြည်ချက်အားလုံး၊ ကိုယ်လက်ခံထားတဲ့ တန်ဖိုးအားလုံးနဲ့ မူဝါဒအားလုံးတို့ကို စွန့်လွှတ်လိုက်ရတဲ့ လုပ်ငန်းစဉ်ဖြစ်ပုံရတယ်။ "ကျွန်ုပ်က အားလုံးရဲ့သဘောတူညီချက်ကို ထောက်ခံပါတယ်"ဆိုတဲ့ အလံနဲ့ယှဉ်ပြိုင်ပြီး အနိုင်ရလာတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ ဘယ်လို



ကြီးကျယ်တဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်နိုင်မှာလဲ"

မာဂရက်သက်ချာသည် ခေါင်းဆောင်မှုတွင် ခိုင်မာသော ယုံကြည်မှုအတွက် ရပ်တည်သူလည်းဖြစ်သည်။ ရလဒ်အနေနှင့် "သံမဏိလေဒီ"ဟု အခေါ်ခံရသော သူမသည် ဝန်ကြီးချုပ်အဖြစ် သုံးကြိမ်ဆက်တိုက် အရွေးခံခဲ့ရပါ၏။ ခေတ်သစ်ဗြိတိသျှသမိုင်းတွင် သူမတစ်ဦးတည်းသာ ထိုကဲ့သို့ အရွေးခံရသော ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

မာဂရက်သက်ချာသည် သူ့ကိုယ်သူသော်လည်းကောင်း၊ ၎င်း၏ယုံကြည်မှုများအပေါ်တွင်လည်းကောင်း၊ ယုံကြည်စိတ်ချမှုအပြည့်အဝ ရှိပုံရသည်။ ပြီးတော့လည်း သူမသည် ရလဒ်အနေနှင့် သူမ၏ ခေါင်းဆောင်မှုကဏ္ဍတွင် လုံခြုံစိတ်ချမှု အပြည့်အဝရရှိထားလေသည်။ ထိုကိစ္စသည် ကြီးကျယ်သော ခေါင်းဆောင်ကြီးအားလုံးနှင့်လည်း သက်ဆိုင်ပေသည်။ မည်သူမဆို မိမိကိုယ်ကို အကဲဖြတ်ထားသော အဆင့်နှင့် ညီညွတ်မှုမရှိဘဲ၊ ရပ်တည်နိုင်ခြင်းမရှိကြပေ။ ထိုကိစ္စကို သာမန်လူများတွင်လည်း မြင်တွေ့နိုင်ပေသည်။ အကယ်၍ တစ်ယောက်ယောက်က မိမိကိုယ်ကို အရှုံးသမားဟု ထင်မြင်ယူဆနေပါက သူသည် ရှုံးနိမ့်မည့် နည်းလမ်းတစ်ခုခုကို ရှာဖွေနေတော့မည်သာဖြစ်သည်။ အချိန်မရွေး ၎င်း၏ အောင်မြင်မှုက ၎င်း၏လုံခြုံစိတ်ချမှုကို ကျော်လွန်သွားမည်ဖြစ်သဖြင့် ရလဒ်မှာ မိမိကိုယ်ကိုပျက်စီးအောင် ဖျက်ဆီးတော့မည်သာ ဖြစ်ပေသည်။ ထိုကိစ္စသည် ငယ်သားများအတွက် သာမကဘဲ ခေါင်းဆောင်များအတွက်လည်း မှန်ကန်မှုရှိပါသည်။

မိမိကိုယ်ကို စိတ်မချသော လုံခြုံမှုမရှိသည့် ခေါင်းဆောင်များ သည် ၎င်းတို့အတွက်သာမက ၎င်းတို့၏ ငယ်သားများ၊ ၎င်းတို့

ဦးဆောင်နေသော အဖွဲ့အစည်းများအတွက်ပါ အန္တရာယ်ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်တစ်ဦး၏ နေရာတွင် ရောက်ရှိနေမှုက ၎င်း၏ကိုယ်ရေးကိုယ်တာ ချွတ်ယွင်းအားနည်းချက်များအား ပုံကြီးချဲ့ခြင်းကို ခံရလေ့ရှိသောကြောင့်ပင် ဖြစ်သည်။ သင့်ထံတွင် အပျက်သဘောဆောင်သည့် ဝန်စည်စလယ်တစ်မျိုးမျိုး ရှိနေခဲ့ပါက သင်က အခြားပုဂ္ဂိုလ်များအား ခေါင်းဆောင်ရန်ကြိုးစားသည့်အခါ ထိုပစ္စည်းများကို ဆက်လက်သယ်ဆောင်သွားနိုင်ရန် ပို၍ခက်ခဲလာပါလိမ့်မည်။

လုံခြုံစိတ်ချမှုမရှိသော ခေါင်းဆောင်များတွင် တူညီသောဉာဉ် အများအပြား ရှိနေတတ်၏။

**၁။ ၎င်းတို့က အခြားသူများအား လုံခြုံမှုမပေးပါ။**

ရှေးဆိုရိုးစကားတစ်ခုက **"သင့်ထံ၌မရှိသောပစ္စည်းကို သင်က ပေး၍မရပါ"** ဟု ဆိုထားပါ၏။ ကျွမ်းကျင်မှုမရှိသော ပုဂ္ဂိုလ်များက အခြားသူများအား ကျွမ်းကျင်မှုကို ခွဲဝေပေး၍ မရသကဲ့သို့ မိမိကိုယ်တိုင် လုံခြုံမှုမရှိသောပုဂ္ဂိုလ်များသည်လည်း အခြားပုဂ္ဂိုလ်များကို လုံခြုံမှုရှိသည်ဟု ခံစားစေနိုင်လိမ့်မည်မဟုတ်ပါ။ ထိရောက်မှုရှိသည့် ခေါင်းဆောင်တစ်ဦးဖြစ်လိုပါက ၎င်း၏ငယ်သားများအား ၎င်းတို့အနေနှင့် လုံခြုံမှုရှိသည်ဟု ခံစားနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပေသည်။

**၂။ ၎င်းတို့က ငယ်သားများကို ပေးလိုက်သည်ထက် ပို၍ရယူကြ၏။**

လုံခြုံစိတ်ချမှုမရှိသော ပုဂ္ဂိုလ်များသည် အစဉ်သဖြင့် ၎င်း၏ နေရာခိုင်မြဲစေမှု၊ အသိအမှတ်ပြုခံရမှုနှင့် ချစ်ခင်ခံရမှုတို့ကို လိုက်လံရှာဖွေလေ့ရှိကြ၏။ ထို့ကြောင့် ၎င်းတို့၏အာရုံစူးစိုက်မှုသည် ၎င်းတို့၏ လုံခြုံမှုအတွက်သာဖြစ်ပြီးလျှင် အခြားသူများအတွက် ဆောင်ရွက်ပေးရန် မဟုတ်ချေ။ ၎င်းတို့သည် အခြေခံအားဖြင့် "ယူ"ကြသူများသာ ဖြစ်၏။ "ပေး"သူများ မဟုတ်ကြ။ ပြီးတော့လည်း "ယူ"သူများသည်



ခေါင်းဆောင်ကောင်းများ ဖြစ်မလာနိုင်ကြချေ။

**၃။ ၎င်းတို့က မိမိတို့၏ အတော်ဆုံးပုဂ္ဂိုလ်များကို ကန့်သတ်လေ့ရှိကြ၏။**

ကျွန်ုပ်အား လုံခြုံစိတ်ချမှုမရှိသောခေါင်းဆောင်တစ်ဦးကို ညွှန်ပြခဲ့ပါက ကျွန်ုပ်ကလည်း သင့်အား ၎င်းငယ်သားများ၏ အောင်မြင်မှုများကို စစ်မှန်စွာ ဂုဏ်ပြုနိုင်ခြင်းမရှိသူတစ်ဦးအား ပြန်လည်ပြသပါမည်။ သူသည် ၎င်း၏ငယ်သားများအား မည်သည့်အောင်မြင်မှုမျိုးကိုမှ မရရှိအောင် တားဆီးပေလိမ့်ဦးမည်။ သို့တည်းမဟုတ် သူသည် အဖွဲ့သားများ၏ အောင်မြင်မှုအား ၎င်းတစ်ဦးတည်း၏ အောင်မြင်မှုအဖြစ် ဂုဏ်ယူကောင်းဂုဏ်ယူပေလိမ့်မည်။ ကျွန်ုပ်က "ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်" စာအုပ်ထဲ၌ ဖော်ပြခဲ့သည့် အတိုင်း လုံခြုံစိတ်ချမှုရှိသော ခေါင်းဆောင်များကသာလျှင် ဩဇာ၊ အာဏာကို အခြားပုဂ္ဂိုလ်များအား လွှဲအပ်ပေးလေ့ရှိ၏။ သို့ရာတွင် လုံခြုံစိတ်ချမှုမရှိသော ခေါင်းဆောင်များကမူ ဩဇာအာဏာ အားလုံးကို ချုပ်ကိုင်ထားလေ့ရှိကြ၏။ တကယ်ကလည်း ၎င်း၏ငယ်သားများက ပို၍ "တော်"လာကြလေလေ၊ သူ့ကို ခြိမ်းခြောက်နေပြီဟု ပို၍ထင်လာ လေလေ ဖြစ်၏။ ဤတွင်–ငယ်သားများ၏ အောင်မြင်မှုနှင့် အသိအမှတ်ပြုခံရမှုတို့ကို ကန့်သတ်နိုင်ရန် သူကပို၍ ဆောင်ရွက်ပေလိမ့်မည်။

**၄။ ၎င်းတို့က အဖွဲ့အစည်းကိုလည်း အစဉ်သဖြင့် ကန့်သတ်လေ့ရှိ၏။**

ငယ်သားများသည် အနှိမ်ခံနေကြရပြီး အသိအမှတ်ပြုခြင်းကိုလည်း မခံစားကြရသည့်အခါ သူတို့သည် စိတ်ဓာတ်ပျက်ပြားလာပြီး နောက်ဆုံးတွင် အလားအလာရှိသလောက် အလုပ်မလုပ်ကြတော့ပေ။ ထိုကဲ့သို့ဖြစ်လာခဲ့ပါက အဖွဲ့အစည်းတစ်ခုလုံး နစ်နာခြင်းသို့ ရောက်ရပေလိမ့်မည်။

ခြားနားမှုအနေနှင့် လုံခြုံစိတ်ချမှုရှိသော ခေါင်းဆောင်များသည်

မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသောကြောင့် အခြားပုဂ္ဂိုလ်များအပေါ်တွင်လည်း ယုံကြည်မှုရှိကြ၏။ ၎င်းတို့သည် မောက်မာခြင်းမရှိကြဘဲ မိမိ၏ အားကောင်းသောအချက်များနှင့် အားနည်းသော အချက်များကို သိထားကြပြီး ကိုယ့်သိက္ခာကို ကိုယ်လေးစားကြ၏။ ၎င်းတို့၏ ငယ်သားများက ထူးချွန်စွာ ဆောင်ရွက်နိုင်ကြသည့်အခါတွင်လည်း ၎င်းတို့ကို ခြိမ်းခြောက်နေသည်ဟု မခံစားကြရချေ။ သူတို့က တမင်ကလာပင် အတော်ဆုံးပုဂ္ဂိုလ်များကို စုစည်းပြီး ထိုပုဂ္ဂိုလ်များအနေနှင့် အမြင့်ဆုံးအဆင့်အထိ ဆောင်ရွက်နိုင်စွမ်းရှိကြအောင်၊ မြေတောင်မြှောက်ပေးကြ၏။ ပြီးတော့လည်း လုံခြုံစိတ်ချမှုရှိသော ခေါင်းဆောင်တစ်ဦးသည် ၎င်း၏အဖွဲ့က အောင်မြင်မှုရလာသည့်အခါများ၌ ၎င်းအနေနှင့် အလွန်ပင် ဝမ်းသာပျော်ရွှင်လေ့ရှိ၏။ သူက ထိုကိစ္စသည် ၎င်း၏ ခေါင်းဆောင်မှုအရည်အချင်းကို အမြင့်မားဆုံးသော ဖြည့်စွက်ပေးချက်တစ်ရပ်အဖြစ် ခံယူ၏။

## ဆင်ခြင်သုံးသပ်ရန်

သင်က မိမိကိုယ်ကို မည်မျှ နားလည်သဘောပေါက်ပြီး မည်မျှ လေးစားကြည်ညိုပါသနည်း။ သင်က မိမိ၏ အားကောင်းသော အချက်များကိုသိရှိပြီး ထိုအချက်များအတွက် ဝမ်းသာအားရမှုရှိနေပါသလား၊ သင်၏အားနည်းသောအချက်များကို သိပြီး ပြုပြင်ပြောင်းလဲ၍ မရနိုင်သောအချက်များကိုရော သင်လက်သင့်ခံပါသလား။ လူတစ်ယောက်က ၎င်းသည် ဥပမိရုပ်ပုံစံတစ်မျိုးနှင့် တည်ရှိနေခြင်းဖြစ်ပြီး ထူးခြားသော စွမ်းရည်များရှိသည်ဟု ခံစားနေရပါက သူသည် မိမိ၏ အားသာချက်များကို တန်ဖိုးထားသည်သာမက အခြားပုဂ္ဂိုလ်များ၏ အောင်မြင်မှုများကိုလည်း တန်ဖိုးထားသင့်ပေသည်။



သင်သည် ခေါင်းဆောင်တစ်ယောက်အနေနှင့် မည်မျှလောက်အထိ လုံခြုံစိတ်ချမှု ရှိနေပါသနည်း။ သင်၏ငယ်သားတစ်ယောက်ယောက်က အလွန်ကောင်းမွန်သည့် စိတ်ကူးစိတ်သန်းတစ်ခု ရရှိလာပါက သင်က ထောက်ခံပါသလား၊ နှိပ်ကွပ်ပစ်လိုက်ပါသလား၊ သင်က မိမိအဖွဲ့သားများ အောင်မြင်မှုရရှိခဲ့ပါက သင်၏အဖွဲ့သားများကို ဂုဏ်ပြုပါသလား၊ အကယ်၍ ထိုကဲ့သို့မဆောင်ရွက်ခဲ့ပါက သင်သည် မလုံခြုံမှုနှင့် ရင်ဆိုင်နေရပုံရပြီး သင့်ကိုသာမက သင်၏အဖွဲ့သားများနှင့် အဖွဲ့အစည်းကြီးတစ်ခုလုံးကိုပါ ကန့်သတ်ထားမှု ဖြစ်စေနိုင်ပေသည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏လုံခြုံစိတ်ချမှု ကောင်းမွန်စေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ပါ။

**U သင့်အကြောင်း သင်သိပါ။**

အကယ်၍ သင်သည် သင့်ကိုယ်သင် မည်သည့်လူစားမျိုး ဖြစ်သည်ဟု သတိထားလေ့မရှိသောပုဂ္ဂိုလ်ဖြစ်ခဲ့ပါက မိမိအကြောင်းကို အချိန်ယူ၍ လေ့လာပါ။ သင်၏ဥပမိရုပ်အား “မိုင်းယားစ်–ဘရစ်ဂ်ျ” သို့မဟုတ် “ဖလောရင့်လစ်တော”တို့က တီထွင်ထားသည့် ဥပမိရုပ် စစ်ဆေးနည်း၊ နည်းလမ်းတစ်မျိုးမျိုးနှင့် စစ်ဆေးပါ။ သင့်အကြောင်း ကောင်းကောင်းသိသူ အများအပြားအား သင်၏အတော်ဆုံးစွမ်းရည် သုံးမျိုးနှင့် အကြီးမားဆုံး အားနည်းချက် သုံးမျိုးတို့ကို မေးမြန်းကြည့်ပါ။ ၎င်းတို့ထံမှ အဖြေများကို ကြားရသည့်အခါ သင့်ကိုယ်သင် မကာကွယ်ပါနှင့်။ အချက်အလက်များကိုသာ စုဆောင်းထားပြီးနောက် ဆင်ခြင်သုံးသပ်ကြည့်ပါ။

**U ဂုဏ်ယူစရာကိစ္စများကို လွှဲပြောင်းပေးလိုက်ပါ။**

သင့်အဖွဲ့သားများက ဆောင်ရွက်နေသော လုပ်ငန်းအတွက် ၎င်းတို့အနေနှင့် ချီးကျူးစကား ပြောကြားခံရပါက သင်လည်း အောင်မြင်မှုရရှိလိမ့်မည်ဆိုသော အချက်ကို သင်ယုံချင်မှ ယုံပေလိမ့် မည်။ စမ်းကြည့်ပါ။ သင်က အခြားသူများကို အထောက် အကူပြုနိုင်သည် သာမက ၎င်းတို့၏ ပါဝင်ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါ။ ၎င်းတို့၏ သက်မွေးမှုလုပ်ငန်းကို ကူညီပါ။ စိတ်ဓာတ်တက်ကြွလာအောင် ပြုလုပ်ပေးပါ။ ပြီးတော့အဖွဲ့အစည်းကိုပါ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ပါ။ ဤတွင် ထိုကိစ္စရပ်များက သင့်အား ထိရောက်သော ခေါင်းဆောင်တစ်ဦးအဖြစ် မြင်လာစေလိမ့်မည် ဖြစ်ပါသည်။

**U အကူအညီအချို့ ရယူပါ။**

အကယ်၍သင်သည် သင်ကိုယ်တိုင် လုံခြုံစိတ်ချမှုမရှိဟု ခံစားနေရမှုကို ပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပါက ကျွမ်းကျင်သူ တစ်ဦးဦး၏အကူအညီကို ရယူပါ။ အလွန်တော်သောဆွေးနွေးသူ တစ်ဦးဦး၏အကူအညီဖြင့် သင်၏ပြဿနာများကို အရင်းအမြစ်မှ စတင်ရှာဖွေပါ။ ဤသို့ဆောင်ရွက်ခြင်းသည် သင်၏အကျိုးအတွက် သာမက သင့်ငယ်သားများ၏ အကျိုးအတွက်လည်း ပါဝင်နိုင်ပါသည်။



## နေ့စဉ်မှတ်သားလိုက်နာရန်

ပြင်သစ်စာရေးဆရာကြီး ဘောလ်ဇက်သည် လူ့သဘာဝကို စူးရှစွာ လေ့လာတတ်သူဖြစ်၏။ သူရေးသားထားသော “The Human Comedy” ဆိုသည့်စာအုပ်၌ ခေတ်သစ်လူ့ယဉ်ကျေးမှု၏ အနေအထားကို ပြီးပြည့်စုံအောင် ဤကဲ့သို့ ကြိုးစား၍ ဖော်ပြထားပါသည်။ သူ တစ်ကြိမ်က မှတ်ချက်ချဖူး၏။

“အခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံတဲ့နေရာမှာ အဆင်ပြေချောမောနေမှုကို အဟန့်အတားဖြစ်စေတဲ့ အကြီးမားဆုံးကိစ္စရပ်ကတော့ ကိုယ်ကိုယ်တိုင် နေမထိထိုင်မသာ ဖြစ်နေမှုပါပဲ”

သင်၏ မလုံခြုံမှုက သင့်အစွမ်းအစကို အစွမ်းကုန်ပြသနိုင်ရေးတွင် အဟန့်အတား မဖြစ်ပါစေနှင့်။

**အရည်အချင်း (၁၈)**

# ကိုယ်တိုင် စည်းကမ်းရှိမှု

## ပထမဦးဆုံး သင်ဦးဆောင်ရမည့်ပုဂ္ဂိုလ်သည် သင်ကိုယ်တိုင်ပင် ဖြစ်သည်

ပထမဦးဆုံးနှင့် အကောင်းဆုံးအောင်မြင်မှုသည် မိမိကိုယ်ကို အောင်နိုင်ခြင်း ဖြစ်သည်။

**ပလေတို–ဒဿနိကတွေးခေါ်ပညာရှင်**

ဆုံးဖြတ်နိုင်သည့် စရိုက်လက္ခဏာမရှိသူသည် မိမိကိုယ်ကို ပိုင်ဆိုင်သူဖြစ်သည်ဟူ၍ မည်သည့်အခါတွင်မှ ပြော၍ ရနိုင်မည် မဟုတ်ပါ။ ထိုသူသည် သူ့ကို ဖမ်းစားမှုမှန်သမျှ တို့က ပိုင်ဆိုင်နေမည်သာ ဖြစ်ပေသည်။

**ဂျွန်ဖော်စတာ–စာရေးဆရာ**

## တောင်တို့၏ အရှင်သခင်

ထိပ်ဆုံးသို့ရောက်ရန် တက်လှမ်းရသော လမ်းသည် အလွန်ပင် ကြမ်းတမ်းခက်ခဲ၏။ မိမိ၏လုပ်ငန်း၌ အကောင်းဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ခံထားရသူများသည်ပင်လျှင် ထိပ်ဆုံးသို့ရောက်ရှိသွားသူမှာ မများပြားလှချေ။ ပြီးတော့လည်း အချိန်အခါမရွေး အကောင်းဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ခံရသူမှာ ပို၍ပင်ရှားလေသည်။ သို့တိုင်အောင် "ဂျယ်ရီ ရိုက်စ်"သည် ထိုကဲ့သို့သတ်မှတ်ခံရသူဖြစ်သည်။ သည်ရတ်ဂ်ဘီဘောလုံး ကစားနည်း၌ ကျယ်ပြန့်စွာ နေရာယူ၍ အတင်းထိုးစစ်ဆင်ကစားတတ် သူများတွင် အတော်ဆုံးပုဂ္ဂိုလ်ဟု သတ်မှတ်ခံရသူဖြစ်သည်။ ထို့အပြင် ထိုကဲ့သို့ သတ်မှတ်ခံရသည်မှာ မှန်ကန်ကြောင်း ၎င်းတွင် သက်သေပြစရာ မှတ်တမ်းများလည်း ရှိနေပေသည်။

သူ့အကြောင်းကို ကောင်းကောင်းသိနေသူများက သူသည် ပင်ကို အရည်အချင်းရှိသူဟု ပြောကြ၏။ ဘုရားသခင်က သူ့ကို ချီးမြှင့်ထားသော သူ့ခန္ဓာကိုယ်နှင့် သက်ဆိုင်သမျှတို့မှာ အလွန်အံ့အားသင့်စရာကောင်းလှသည်။ အတင်းထိုးစစ်ဆင် ကစားတတ်သူတစ်ဦး၌ ရှိသင့်ရှိထိုက်သည်ဟု နည်းပြဆရာက လိုလားသည့်အရာမှန်သမျှ ၎င်းထံတွင် ရှိနေသည်။ ရတ်ဂ်ဘီဘောလုံးနည်းပြဆရာ အကျော်အမော်ဘီလ်ဝေါ့ရှ်က "ကာယဗလနဲ့ ယှဉ်မယ်ဆိုရင် သူနဲ့ယှဉ်နိုင်တဲ့သူ တစ်ယောက်မှ မရှိဘူး" ဟု ပြောဖူး၏။ သို့တိုင်အောင် ထိုကိစ္စတစ်ခုတည်းကသာ ၎င်းအား အလွန်ကြီးကျယ်သောပုဂ္ဂိုလ်ဖြစ်လာအောင် ပြုလုပ်ပေးခဲ့ခြင်းမဟုတ်ပါ။ ၎င်းအောင်မြင်မှု၏အဓိကသော့ချက်မှာ ကိုယ်တိုင်စည်းကမ်းရှိမှုပင် ဖြစ်သည်။ သူသည် အခြားကြေးစားဘောလုံးသမားများနှင့်မတူဘဲ နေ့စဉ်ရက်ဆက် ကြိုတင်ပြင်ဆင်သူ၊ လေ့ကျင့်တတ်သူလည်း ဖြစ်သည်။



ဂျယ်ရီရိုက်စ်၏ မိမိကိုယ်ကို တွန်းအားပေးနိုင်မှုကို တောင်ပေါ်သို့ အပြေးတက်ခဲ့သော ၎င်း၏အတွေ့အကြုံက ရှင်းပြနိုင်မည်ဖြစ်ပါသည်။ ပထမကိစ္စမှာ သူအထက်တန်းကျောင်း၌ နေစဉ်က ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ လေ့ကျင့်မှုတစ်ကြိမ်ပြီးသည့်အခါတိုင်း ဘီအလ်မိုး အထက် တန်းကျောင်းမှ အားကစားနည်းပြဆရာ "ချားလ်စ်ဒေးဗစ်"က ၎င်း၏ အားကစားသမားများအား ကိုက်လေးဆယ်မြင့်သော တောင်ကုန်း ကလေးကို အကြိမ်ပေါင်းနှစ်ဆယ် တစ်ရှိန်ထိုးပြေးတက်လိုက်၊ ပြေးဆင်းလိုက်၊ လုပ်ခိုင်းလေ့ရှိသည်။ မစ်စစ်စပီပြည်နယ်၏ အလွန်ပူအိုက်ပြီး စိုထိုင်းသော နေ့ရက်တစ်ရက်တွင် ဂျယ်ရီရိုက်စ်သည် ဆယ့်တစ်ကြိမ် ပြေးတက်ပြေးဆင်း ပြုလုပ်ပြီးချိန်၌ လက်လျှော့ချင်စိတ် ဖြစ်ပေါ်လာလေ၏။ သူက အဝတ်အစားဘီရိုများရှိသည့် နေရာဆီသို့ ခိုးကြောင် ခိုးဝှက်နှင့် လာနေစဉ် သူ့လုပ်ရပ်ကို ကိုယ်တိုင်သတိပြုမိလာလေ၏။ "လက်မလျှော့နဲ့"ဟု သူ့ကိုယ်သူ ပြန်ပြောမိ၏။ "ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုစိတ်အနေအထားမျိုးထဲကို ရောက်သွားလို့ရှိရင် အဲဒီလိုလုပ်ရတာကို မင်းသဘောကျသွားလိမ့်မယ်" သူသည် မူလနေရာသို့ ပြန်သွားပြီး သူပြေးရမည့် အခေါက်ရေကို ပြီးအောင် ဆက်ပြေးလိုက်လေ၏။ ထိုနေ့ကစ၍ သူသည် မည်သည့်အခါတွင်မှ လက်လျှော့သူတစ်ဦး ဖြစ်မလာတော့ပါချေ။

သူသည် ကြေးစားအားကစားသမားတစ်ယောက်အနေနှင့် အခြား တောင်ကုန်းတစ်ခုကို တစ်ရှိန်ထိုးပြေးတက်နိုင်ခဲ့သော ၎င်း၏အရည် အချင်းကြောင့်လည်း နာမည်ကြီးလာခဲ့ပြန်၏။ ထိုတောင်ကုန်းမှာ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ကာလို့စ်မြို့၊ သဘာဝဥယျာဉ်ထဲရှိ ၂ မိုင်ခွဲ ရှည်လျားသော အလွန်ကြမ်းတမ်းသည့် တောင်တက်လမ်း ဖြစ်၏။ ထိုတောင်တက်လမ်းသည် ဂျယ်ရီရိုက်စ် မှန်မှန်ပြုလုပ်နေသော လေ့ကျင့်မှုဇယား၌ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လျက်ရှိသည်။ အခြားသော အားကစားသမားအကျော်အမော်များက သူ့ကိုမှီအောင် ကြိုးစားခဲ့

ကြသော်လည်း သူ့နောက်၌ ပြတ်၍ကျန်ရစ်ခဲ့ကြ၏။ သူ၏သက်လုံကောင်းမှုကို အလွန်အမင်းအံ့သြနေကြ၏။ သို့ရာတွင် ထိုကိစ္စမှာ သူမှန်မှန် ပြုလုပ်နေသော ၎င်း၏လေ့ကျင့်ခန်းဇယား၌ ပါဝင်မှုတစ်စိတ်တစ်ဒေသသာလျှင်ဖြစ်၏။ ရတ်ဂ်ဘီဘောလုံးကစားသည့် ရာသီမဟုတ်သောအချိန်များ၌ အခြားအားကစားသမားများက ငါးမျှားခြင်း၊ လဲလျောင်းနေခြင်း စသည်တို့ဖြင့် အနားယူချိန်အား ပြည့်ပြည့်ဝဝခံစားနေကြစဉ်တွင် ဂျယ်ရီရိုက်စ်က ၎င်း၏ပုံမှန်လေ့ကျင့်မှုကို နံနက် ၇ နာရီမှ မွန်းတည့်ချိန်အထိ ပြုလုပ်လေ့ရှိ၏။

အမျိုးသားဘောလုံးအဖွဲ့မှ နောက်တန်းအစွန်လူ "ကီဗင်စမစ်"က "ဂျယ်ရီအကြောင်းကို လူအတော်များများက နားမလည်ကြဘူး။ ဂျယ်ရီအဖို့ ဘောလုံးနဲ့ပတ်သက်လာရင် တစ်နှစ်လုံးကိစ္စသာဖြစ်နေတယ်။ သူကပင်ကိုအရည်အချင်းရှိတဲ့လူ ဒါနဲ့တောင်မှ သူကလေ့ကျင့်နေသေးတယ်။ ကောင်းတဲ့လူနဲ့ တော်တဲ့လူကို အဲဒါက စည်းခြားထားခြင်းပဲ ဖြစ်တယ်" ဟု ပြောလေ့ရှိ၏။

ရိုက်စ်သည် မကြာခင်က ၎င်း၏အားကစားသက်တမ်းတွင် အခြားတောင်တစ်တောင်ကို တက်ခဲ့ရပြန်၏။ သူ့အား အကြီးအကျယ်ဆုံးရှုံးစေခဲ့သော ဒဏ်ရာရမှုမှ ပြန်လည်၍ ကစားနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့မတိုင်မီက သူသည် ဘောလုံးပွဲရာသီ ၁၉ ခုစလုံး၊ တစ်ပွဲမှ မပျက်ဘဲပါဝင်ကစားနိုင်ခဲ့၏။ သူ၏အားကစားကျင့်ဝတ်နီတိနှင့် စွဲမြဲစွာလုပ်ဆောင်တတ်မှုတို့အပေါ်တွင် စည်းကမ်းရှိမှုကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ၎င်း၏ ဒူးဆစ်မှဂုံညင်းကွဲသွားသည့်အခါ သူသည် ထိုရာသီတွင် ပြန်လည်၍ ကစားနိုင်တော့မည်မဟုတ်ဟု ထင်ခဲ့ကြ၏။ တကယ်တော့လည်း အဆိုပါထိခိုက်ဒဏ်ရာရမှုမျိုးကို အခြားအားကစားသမားတစ်ယောက်က ရဖူးခဲ့ပြီးထိုအားကစားရာသီမှာပင် ပြန်ကစားနိုင်ခဲ့ဖူး၏။ ထိုသူမှာ "ရော့ဒ်ဝုဒ်ဆန်"



ဖြစ်၏။ သူက ၎င်း၏ဒူးခေါင်း ဒဏ်ရာရပြီး လေးလခွဲအကြာတွင် ပြန်ကစားနိုင်ခဲ့၏။

ဂျယ်ရီရိုက်စ်ကမူ မလျော့သောဇွဲ သတ္တိ၊ ခိုင်မြဲသောသန္နိဋ္ဌာန်၊ ပြီးတော့ မယုံနိုင်စရာ ကိုယ်တိုင်စည်းကမ်းရှိမှုတို့ဖြင့် သုံးလခွဲအကြာ တွင်ပြန်ကစားနိုင်ခဲ့၏။ ထိုကိစ္စမျိုးကို အရင်က တစ်ခါမှ မတွေ့ဖူးခဲ့ ကြသလိုနောင်တွင်လည်း တွေ့ကောင်းမှ တွေ့ကြရပေလိမ့်မည်။ ဂျယ်ရီရိုက်စ်သည် မိမိ၏ဘောလုံးအသင်းကို အောင်မြင်မှုရအောင် ကူညီခြင်းဖြင့် ၎င်း၏မော်ကွန်းနှင့် ကျောစောကိတ္တိရှိမှုကို ဆက်လက် တည်ဆောက်လျက်ရှိပေသည်။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ဂျယ်ရီရိုက်စ်သည် ကိုယ်တိုင် စည်းကမ်းရှိမှု၏ အစွမ်းသတ္တိကို ပြသရန် အကောင်းဆုံးနမူနာတစ်ရပ်ဖြစ်သည်။ ထိုကဲ့သို့ ကိုယ်တိုင်စည်းကမ်းရှိမှုမပါဘဲနှင့် မည်သူမှ အောင်မြင်မှုမရနိုင်သလို ထိုအောင်မြင်မှုကိုလည်း ထိန်းထားနိုင်လိမ့်မည် မဟုတ်ပါ။ ခေါင်းဆောင်တစ်ယောက်သည် မည်မျှပင် အထုံပါရမီရှိသူ ဖြစ်နေပါစေ၊ ၎င်းကိုယ်တိုင် စည်းကမ်းရှိမှုနှင့် ပါဝင်ဆောင်ရွက်ခြင်းမရှိပါက ၎င်း၏အလားအလာများသည် မည်သည့်အခါတွင်မှ အမြင့်ဆုံးအထိ ရောက်ရှိနိုင်လိမ့်မည် မဟုတ်ပါ။ ကိုယ်တိုင်စည်းကမ်းရှိမှုက ခေါင်းဆောင်တစ်ယောက်အား အမြင့်ဆုံးအဆင့်အထိ ရောက်အောင် နေရာချထားပေးနိုင်သည့်အပြင် တည်တံ့ခိုင်မြဲသော ခေါင်းဆောင်မှုအတွက် သော့ချက်လည်းဖြစ်ပါပေ၏။

အကယ်၍ သင်သည် ကိုယ်တိုင်စည်းကမ်းရှိမှုကို တန်ဖိုးရှိသောပစ္စည်းတစ်ခုအဖြစ် ပိုင်ဆိုင်ရယူထားလိုပါက အောက်ပါဆောင်ရွက် ရမည့်အချက်များကို လိုက်နာပါလေ။

**၁။ သင်၏ ဦးစားပေးမှုများကို စာရင်းပြုစုပါ။ ထိုဦးစားပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။**

မည်သူမဆို မပျက်မကွက် ဆောင်ရွက်ရမည့်ကိစ္စများကို စျာန်ဝင်စားသည့်အခါကျမှ သို့တည်းမဟုတ် အဆင်ပြေချောမွေ့သည့် အချိန်ကျမှသာ ဆောင်ရွက်မည်ဆိုပါက ထိုသူသည် အောင်မြင်မှုရှိမည် မဟုတ်ချေ။ ထိုနည်းတူစွာပင် လူအများက သူ့ကို လေးစားကြည်ညိုပြီး သူ့နောက်က လိုက်ပါချင်ကြမည်မဟုတ်ချေ။ ခေါင်းဆောင်တစ်ယောက်က ပြောဖူး၏။ “အရေးကြီးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အချက် ၂ ချက် လိုအပ်ပါတယ်။ စီမံချက်တစ်ခုရှိဖို့နဲ့ မလုံလောက်တဲ့ အချိန်ကာလတစ်ခုရှိနေဖို့ပဲ ဖြစ်တယ်”ခေါင်းဆောင်တစ်ဦးအနေနှင့် သင့်တွင် ‘မလုံလောက်သောအချိန်’ က ရှိနှင့်ပြီးဖြစ်၍ ယခုသင့်တွင် ထပ်မံလိုအပ်နေသည်မှာ စီမံချက်တစ်ခုပင် ဖြစ်တော့၏။ အကယ်၍ သင်က မည်သည့်ကိစ္စများသည် ဦးစားပေးမှုများဖြစ်သည်ဟု ဆုံးဖြတ်နိုင်စွမ်း ရှိပြီးလျှင် ထိုစာရင်း၌ မပါဝင်သော အခြားကိစ္စများထဲတွင် ပါဝင်ဆောင်ရွက်နေမှုမှ သင့်ကိုယ်သင် လွတ်မြောက်စေခဲ့မည်ဆိုပါက အရေးကြီးသည့် ကိစ္စရပ်များကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ရန် အများကြီး လွယ်ကူသွားပါလိမ့်မည်။ ထိုအချက်သည် ကိုယ်တိုင်စည်းကမ်းရှိမှု၏ အနှစ်သာရပင်ဖြစ်တော့၏။

**၂။ စည်းကမ်းရှိသော ဘဝ၏နေထိုင်မှုပုံစံကို သင်၏ပန်းတိုင်အဖြစ် သတ်မှတ်ပါ။**

ဂျယ်ရီရိုက်စ်ကဲ့သို့ အလွန်စည်းကမ်းရှိသည့် ပုဂ္ဂိုလ်များအကြောင်း လေ့လာသည့်အခါတွင် အောင်မြင်မှုရရှိရန်အတွက် ကိုယ်တိုင်စည်းကမ်းရှိမှုသည် တစ်ကြိမ်တစ်ခါသုံးကိစ္စမဟုတ်ကြောင်းကို သင်နားလည်သဘောပေါက်သင့်ပေပြီ။ ထိုကိစ္စသည် သင့်ဘဝ၏ နေထိုင်မှုပုံစံတစ်ရပ်ဖြစ်လာရပါမည်။



ထိုကဲ့သို့ ဖြစ်လာစေရန်အတွက် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ သင်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုတို့အတွက် အလွန်အရေးပါသော နယ်ပယ်များတွင် နည်းစနစ်များနှင့် ပုံမှန်ဆောင်ရွက် ရမည့်ကိစ္စရပ်များတို့ကို တီထွင်ထားရပါမည်။ ဥပမာအားဖြင့် ကျွန်ုပ်သည် ဟောပြောမှုနှင့် စာရေးသားမှုတို့ကို ဆက်တိုက်ဆိုသလိုဆောင်ရွက်နေသူတစ်ဦးဖြစ်ရာ ကျွန်ုပ်က နေ့စဉ် စာဖတ်ပါသည်။ ထိုနည်းတူစွာပင် နောင်တစ်ချိန်၌ အသုံးပြု၍ရနိုင်မည့် အချက်အလက်များကိုလည်း နေ့စဉ်ဖိုင်တွဲလေ့ရှိပါသည်။ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် နှလုံးရောဂါ၏ ရုတ်တရက်တိုက်ခိုက်မှုကို ခံခဲ့ရသောကြောင့် ကျွန်ုပ်သည် နံနက်တိုင်းပင် လေ့ကျင့်ခန်းပြုလုပ်၏။ ထိုကိစ္စရပ်သည် ကျွန်ုပ်က တစ်ရာသီတည်းသာ ဆောင်ရွက်ရမည့်ကိစ္စမဟုတ်ဘဲ။ ကျွန်ုပ်အသက်ထက်ဆုံး နေ့စဉ်ဆောင်ရွက်သွားရမည့် ကိစ္စများသာလျှင်ဖြစ်ပါ၏။

**၃။ သင်၏ဆင်ခြေဆင်လက်များကို စိန်ခေါ်ပါ။**

သင်သည် စည်းကမ်းရှိသော နေထိုင်မှုပုံစံတစ်ရပ်ကို တည်ဆောက်ရန်အတွက် ပထမဦးဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းမှာ သင်၏ဆင်ခြေပေးလိုသောစိတ်ထားကို စိန်ခေါ်ရန်နှင့် ထိုစိတ်ထားအား ပျောက်ကွယ်သွားအောင် ဖျောက်ပစ်ရန်ပင်ဖြစ်သည်။ ပြင်သစ်လူမျိုး ဂန္ထဝင်စာရေးဆရာ Francois La Rochefoucald ပြောသကဲ့သို့ “ကျွန်ုပ်တို့၏ ချွတ်ယွင်းချက်အားလုံးလိုလိုသည် အဆိုပါ ချွတ်ယွင်းချက်များကို ဖုံးကွယ်ရန်အတွက် ကျွန်ုပ်တို့ တွေးတောကြံဆလုပ်ကိုင်ကြသော နည်းလမ်းများထက်စာလျှင် ပို၍ ခွင့်လွှတ်နိုင်လောက်ပေသည်” ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့် သင်သည် စည်းကမ်းရှိစွာ နေထိုင်၍ မဖြစ်နိုင်ကြောင်း အကြောင်းပြချက် အတော်များများရှိနေသည်ဆိုပါက သင်က ထိုအကြောင်းပြချက်အားလုံးကိုစိန်ခေါ်ရန် လိုအပ်မည်ဖြစ်သည်။

### ၄။ လုပ်ငန်းမပြီးစီးခင် ဆုပေးမှုများကို ဖယ်ရှားထားပါ။

စာရေးဆရာ မိုက်ဒီလနီးက ပညာရှိဆန်ဆန် မှတ်ချက်ချဖူး၏။ **“မည်သည့်စီးပွားရေးလုပ်ငန်း ဒါမှမဟုတ် မည်သည့်စက်မှုလုပ်ငန်းမှာမဆို၊ အချိန်ဖြုန်းနေတဲ့ ယောင်ခြောက်ဆယ်သမားတွေနဲ့ တကယ့်ကို လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့ လူတွေကို ဆုလာဘ်တွေ အတူတူပေးနေမယ်ဆိုရင်တော့ သိပ်မကြာခင်မှာပဲ၊ အဲဒီအဖွဲ့အစည်းမှာ ယောင်ခြောက်ဆယ် သမားတွေက ပိုများလာတာကို တွေ့ရလိမ့်မယ်”** အကယ်၍ သင်သည် ကိုယ်တိုင်စည်းကမ်းမရှိသူဖြစ်ပါက ထမင်းကို ပြီးဆုံးအောင် မစားသေးမီ အချိုပွဲကို နှိုက်စားသူမျိုး ဖြစ်နေပေလိမ့်မည်။

ဆုလာဘ်များကို ထိန်းချုပ်ထားမှု၏ အကျိုးကျေးဇူးကို ဤအဖြစ်အပျက်ကလေးက ရှင်းပြပါလိမ့်မည်။ သက်ကြီးရွယ်အို ဇနီးမောင်နှံနှစ်ယောက်သည် အများပြည်သူများ အနားယူစခန်းချသည့် နေရာတစ်နေရာ၌ ရောက်ရှိနေခဲ့သည်မှာ ရက်အတန်ကြာခဲ့ပြီဖြစ်၏။ လေး၊ ငါးရက် ကြာသောအခါ ၎င်းတို့စခန်းချသည့် နေရာနှင့် ယှဉ်လျက်နေရာသို့ မိသားစုတစ်စု ရောက်ရှိလာခဲ့သည်။ အဆိုပါမိသားစု၏ အားကစားလုပ်ငန်းသုံး မော်တော်ယာဉ်ကလေး ရပ်တန့်သွားသည်နှင့်တပြိုင်နက် လင်မယား ၂ ယောက်နှင့် ၎င်းတို့၏သားသမီး ၃ ယောက်၊ ကားထဲမှ ထွက်လာကြ၏။ ကလေးတစ်ယောက်က ကားပေါ်မှ ရေခဲဗူးများ၊ ကျောပိုးအိတ်များနှင့် အခြားပစ္စည်းပစ္စယများကို အောက်ချနေစဉ် ကျန်ကလေး ၂ ယောက်က ရွက်ထည်တဲများကို တည်ဆောက်နေကြ၏။ ၎င်းတို့၏ စခန်းချရာ နေရာကလေးသည် ၁၅ မိနစ်အတွင်းတွင် ပြီးစီးသွားခဲ့လေ၏။

အဘိုးကြီး၊ အဘွားကြီး ၂ ယောက်မှာ အံ့အားသင့်သွားကြပြီးလျှင် အဘိုးကြီးက အဆိုပါမိသားစုမှ ဖခင်ဖြစ်သူကို ကျေနပ်အားရစွာဖြင့်



ပြောလိုက်၏။

“မင်းတို့ မိသားစုကတော့ တကယ့်ကို လက်ညီတက်ညီရှိကြတာပဲကိုး”

ဖခင်ဖြစ်သူက ပြန်ဖြေလိုက်၏။

“ဟုတ်ကဲ့၊ အဲဒီလိုဖြစ်ဖို့အတွက် နည်းစနစ်တစ်ခုပဲ လိုအပ်ပါတယ်။ ဒီစခန်းကို ပြီးစီးအောင် မဆောက်ရသေးခင်မှာ ဘယ်သူမှ တပိုတပါး မသွားရဘူးခင်ဗျ”

### ၅။ ရလဒ်များအပေါ်မှာ အာရုံစိုက်ထားပါ။

မည်သည့်အချိန်အခါတွင်မဆို သင်ဆောင်ရွက်နေသော အလုပ်မှ ရရှိလာမည့် ရလဒ် သို့မဟုတ် ဆုလာဘ်များကို မစဉ်းစားဘဲ လုပ်ငန်း၏အခက်အခဲများပေါ်၌သာ အာရုံစိုက်နေမိပါက သင့်စိတ်ဓာတ် ပိုမိုကျဆင်းရဖွယ်ရှိနေပေသည်။ ထိုကိစ္စကို ပို၍ခပ်ကြာကြာ စဉ်းစားလေလေ သင်သည် ကိုယ်တိုင်စည်းကမ်းရှိမှုထက် မိမိကိုယ်ကို ပို၍ သနားစိတ်ဝင်လာလေလေ ဖြစ်လာပေလိမ့်မည်။ နောက်တစ်ကြိမ်တွင် မဖြစ်မနေ ဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်နှင့် ရင်ဆိုင်လာရသောအခါ သင်က ဒုက္ခခံ၍ ပင်ပင်ပန်းပန်းလုပ်မည့်အစား အဆင်ပြေသလို ဆောင်ရွက်ဖို့ကိုသာ စဉ်းစားမိပေလိမ့်မည်။ ထိုကဲ့သို့ ဖြစ်လာခဲ့ပါက သင်၏အာရုံစိုက်မှုကို ပြောင်းလဲပစ်လိုက်ပါ။ အမှန်အတိုင်း ဆောင်ရွက်မှုကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကိုသာ စဉ်းစားပြီးလျှင် မဖြစ်မနေ ဆက်၍ ဆောင်ရွက်ရန်ဖြစ်ပါ၏။

## ဆင်ခြင်သုံးသပ်ရန်

စာရေးဆရာ အိတ်ချ်ဂျက်ဆန်ဘရောင်း ဂျူနီယာက ရယ်သလို၊ မောသလိုနှင့် ပြောလိုက်ဖူး၏။ "စွမ်းရည်သာရှိပြီး စည်းကမ်းမရှိတဲ့ လူစားမျိုးကတော့ ဘီးတပ်ထားတဲ့ ရေခဲပြင်စီးဖိနပ်တစ်ရန်ကို စီးထားတဲ့ "ရေဘဝဲ"နှင့် တူနေလိမ့်မယ်။ လှုပ်ရှားမှုတွေကတော့ များပ့ါ၊ ဒါပေမယ့် ရှေ့ကိုသွားမှာလား၊ နောက်ကို ရွေ့မှာလား၊ ဘေးတစောင်းကြီး သွားမှာလားဆိုတာကို ဘယ်လိုမှ မှန်းဆလို့မရနိုင်ဘူး"အကယ်၍ သင့်တွင် စွမ်းရည်ရှိပြီး လှုပ်ရှားမှုတွေ များပြားနေသော်လည်း ထင်ရှား သောရလဒ်က အနည်းငယ်မျှသာ ရှိနေခဲ့သည်ဆိုပါက သင့်ထံတွင် ကိုယ်တိုင် စည်းကမ်းရှိမှု ချို့တဲ့နေ၍ ဖြစ်ရပေမည်။

ယခင်ရက်သတ္တပတ်က ဆောင်ရွက်ခဲ့သည့် အချိန်ဇယားကို ပြန်စစ်ဆေးကြည့်ပါ။ သင်မှန်မှန်နှင့် စည်းကမ်းရှိရှိ လုပ်ဆောင်လေ့ရှိသည့် လှုပ်ရှားမှုများအတွက် သင်က အချိန်မည်မျှ ပေးခဲ့ပါသနည်း။ သင်၏ လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်း တိုးတက်လာစေဖို့ မည်သည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသနည်း။ သင်က ကျန်းမာရေး ကောင်းမွန်လာစေမည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသလား၊ သင်၏ ဝင်ငွေမှ အချို့ကို ငွေစုရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုခုတွင် ထည့်သွင်းခဲ့ပါသလား။ အကယ်၍ သင်သည် အဆိုပါအလုပ်များကို နောက်မှပဲ လုပ်တော့မည်ဟု ကိုယ့်ကိုယ်ကို အကြောင်းပြပြီး ရွှေ့ဆိုင်း ပစ်ခဲ့သည်ဆိုပါက သင်၏ ကိုယ်တိုင်စည်းကမ်းရှိမှုအတွက် အချိန်မဆိုင်းဘဲ စတင်ဆောင်ရွက်ရန် လိုအပ်နေပေပြီ။



## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ ကိုယ်တိုင်စည်းကမ်းရှိမှု တိုးတက်ကောင်းမွန်လာအောင် အောက်ပါတို့ကို ဆောင်ရွက်ပါ။

U **သင်၏ ဦးစားပေးမှုများကို ရွေးထုတ်ပါ။**

သင်၏ဘဝတွင် မည်သည့်နယ်ပယ် (နှစ်နေရာ သုံးနေရာ)တို့က သင့်အတွက် အရေးအကြီးဆုံးဖြစ်သည်ကို ရွေးထုတ်လိုက်ပါ။ ထိုနယ်ပယ်တို့ကို စာဖြင့် ရေးချပါ။ ထိုကိစ္စရပ်များ ဖွံ့ဖြိုးလာစေရန်နှင့် တိုးတက်လာစေရန်တို့အတွက် သင့်အနေနှင့် ဆောင်ရွက်ရမည့် စည်းကမ်းများကိုပါ ယှဉ်တွဲ၍ ရေးချပါ။ အဆိုပါစည်းကမ်းများကို နေ့စဉ် သို့မဟုတ် အပတ်စဉ် လိုက်နာရန်အတွက် အစီအစဉ်တစ်ခု ထပ်မံ ရေးဆွဲပါ။

U **အကြောင်းပြချက်များကို တန်းစီပြီးရေးထားပါ။**

သင်မကြာသေးခင်က ရေးချခဲ့သော စည်းကမ်းများကို လိုက်နာခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အချိန်ယူပြီး ရေးချလိုက်ပါ။ ထို့နောက် သင်နေ့စဉ် မြင်တွေ့နေရမည့် တစ်နေရာရာတွင် ကပ်ထားလိုက်ပါ။ သင်က စည်းကမ်းများကို မလိုက်နာချင်သည့်နေ့ရက်များတွင် အဆိုပါအကျိုးကျေးဇူးများ စာရင်းကို ပြန်ဖတ်ကြည့်ပါ။

U **ဆင်ခြေပေးမှုများကို ဖယ်ရှားပစ်လိုက်ပါ။**

သင်၏စည်းကမ်းများအတိုင်း သင်က အဘယ်ကြောင့် ဆောင်ရွက်နိုင်စွမ်းမရှိသည့် အကြောင်းပြချက်များအားလုံးကို ရေးချလိုက်ပါ။ ထိုအချက်အားလုံးကို ဆုံးအောင်ဖတ်ကြည့်ပါ။ ထိုအကြောင်းပြချက်များသည် ဆင်ခြေများသာဖြစ်သောကြောင့် သင်က မဖြစ်မနေ ငြင်းပယ်ပစ်ရန် လိုအပ်ပါသည်။ အကယ်၍ အကြောင်း

ပြချက်တစ်ခုက သဘာဝကျသည်ဟု ထင်နေရသည့်တိုင်အောင် အဖြေတစ်ခုကို ရှာဖွေပြီးလျှင် ထိုအချက်ကို ပယ်ပစ်လိုက်ပါ။ သင့်ထံတွင် လက်လျှော့ဖို့အတွက် အကြောင်းအချက်များ ကျန်မနေရစ်ပါစေနှင့်။ သင်သည် စည်းကမ်းရှိသည့် အချိန်ပိုင်း၌သာ သင်၏အိပ်မက်များကို အကောင် အထည်ဖော်နိုင်မည့် စွမ်းရည်သတ္တိရှိလိမ့်မည်ဆိုသည့် အချက်တစ်ခု တည်းကိုသာ သတိရပါ။

## နေ့စဉ် မှတ်သားလိုက်နာရန်

ကနေဒါနိုင်ငံရှိ ပျိုးပင်များ စိုက်ပျိုးရောင်းချသည့် နေရာတစ်ခု၏ နံရံပေါ်တွင် ဤသို့ရေးသားထား၏။ "သစ်ပင်စိုက်ပျိုးရန် အကောင်းဆုံး အချိန်သည် လွန်ခဲ့သော ၂၅ နှစ်က ဖြစ်၏။ ---ဒုတိယအကောင်း ဆုံးအချိန်သည် ယနေ့ဖြစ်၏။" ထို့ကြောင့်သင့်ဘဝတွင် ကိုယ်တိုင် စည်းကမ်းရှိမှုဆိုသည့် သစ်ပင်ကို ယနေ့ပင်စတင်စိုက်ပျိုးပါ။

အရည်အချင်း (၁၉)

## အလုပ်အကျွေးပြုမှု

### သင် ရှေ့သို့ရောက်လိုက အခြားပုဂ္ဂိုလ်များကို ဦးစားပေးလိုက်ပါ

စစ်မှန်သောခေါင်းဆောင်များက လူအများအပြားကို အလုပ်အကျွေးပြုကြ၏။ ထိုပုဂ္ဂိုလ်များက အကောင်းဆုံးအကျိုး ကျေးဇူးများရရှိရေးအတွက် အလုပ်အကျွေးပြုကြခြင်းလည်း ဖြစ်၏။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် အမြဲတစေ၊ လူကြိုက် များလိမ့်မည်၊ အမြဲတစေပင် အထင်ကြီးကြလိမ့်မည် မဟုတ်ချေ။ သို့ရာတွင် စစ်မှန်သော ခေါင်းဆောင်များသည် မိမိတို့၏ ပုဂ္ဂလိက ဂုဏ်ကျက်သရေ တိုးပွားစေလိုသောဆန္ဒထက် ချစ်ခင် စွာဖြင့် စိုးရိမ်ပူပန်မှုတို့က တွန်းအားပေးနေမှုကြောင့် ဖြစ်ပေါ် လာသည့် အကျိုးဆက်ကို လက်ခံရန် ဝန်မလေးကြချေ။

**ယူဂျင် ဘီ ဟာဘက်ကာ–စာရေးဆရာ**

သင်၏ရာထူးအဆင့်အတန်းထက် သင်၏ငယ်သားများကို ပို၍ ချစ်ခင်ရပေမည်။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

## တုန်လှုပ်ချောက်ချားစွာဖြင့်

သိပ်မကြာသေးမီက အမေရိကန်လူမျိုးများသည် အမေရိကန်ကြည်းတပ်မှ ဗိုလ်ချုပ်ကြီးအိတ်ချ်နော်မန်ရှဝပ်ဇ်ကော့ဖ် (H. Norman Schwarzkopf) ကို သိကျွမ်းခွင့်ရခဲ့ကြ၏။ သူသည် ၎င်း၏စစ်ဘက်သက်တမ်းကို စတင်ခဲ့သော ဝက်စ်ပွိုင့်စစ်တက္ကသိုလ်သို့ ဝင်ရောက်ခဲ့ချိန်မှစ၍ ခေါင်းဆောင်မှုအရည်အချင်းကို တောက်လျှောက်ပြသခဲ့၏။ သူသည် ပါရှန်းပင်လယ်ကွေ့စစ်ပွဲတွင် မဟာမိတ်တပ်ပေါင်းစု၏တပ်များကို ဦးဆောင်ကွပ်ကဲရာ၌ အလွန်တရာအောင်မြင်မှုရှိသော ၎င်း၏ခေါင်းဆောင်မှုအရည်အချင်းများကို ပြသနိုင်ခဲ့သူဖြစ်သည်။

"ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ဥပဒေသ ၂၁ ချက်" စာအုပ်ထဲတွင် သူသည် ဗီယက်နမ်၌ ဖရိုဖရဲဖြစ်နေသော တပ်ရင်း တစ်ရင်းကို ပြန်လည်ကောင်းမွန်လာအောင် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့သည်ကို ကျွန်ုပ်ရေးသားဖော်ပြခဲ့ပြီးဖြစ်၏။ အမှတ်ခြောက် ခြေလျင်တပ်မ၏တပ်ရင်း "တစ်" သည် "ခြောက်၏အဆိုးရွားဆုံးတပ်ရင်း"ဟု ကင်ပွန်းတပ်ခံရ၏။ လူရယ်စရာတပ်ရင်းအဖြစ်မှ အင်မတန်ထိရောက်မှုရှိသော တပ်ရင်းဖြစ်လာပြီးနောက် ပို၍ခက်ခဲသောတာဝန်များကို ထမ်းဆောင်ရန် ရွေးချယ်ခြင်းခံရလေသည်။ ထိုတာဝန်မှာ ရှဝပ်ဇ်ကော့ဖ်၏အဆိုအရ "ကြောက်စရာကောင်းပြီး အလွန်အန္တရာယ်ပေးနိုင်သည့်နေရာ" ဖြစ်သော "ဘတန်ဂန်ကျွန်းဆွယ်"သို့ သွားရောက်စစ်ဆင်ရေးပင်ဖြစ်သည်။ ထိုနေရာ၌ တိုက်ပွဲဖြစ်ပွားနေခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကျော် ကြာမြင့်ခဲ့ပြီး မိုင်းဗုံးများ၊ ထောင်ချောက်မိုင်းများနှင့် ပြည့်နှက်နေသည်။ အဆိုပါပစ္စည်းများကြောင့် အပတ်စဉ်သေကြေမှုများစွာ



ဖြစ်ပွားနေသည့်နေရာလည်းဖြစ်၏။

ရှဝပ်ဇ်ကော့ဖ်သည် ဆိုးရွားသည့်အနေအထားအား အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ သူက ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းသွားစေမည့် လုပ်နည်းကိုင်နည်းများကို စတင်ဆောင်ရွက်စေ၏။ ပြီးတော့လည်း စစ်သားတစ်ယောက် မိုင်းထိခံရသည့်အခါတိုင်း သူက ရဟတ်ယာဉ်နှင့် လာရောက်ပြီး အဆိုပါစစ်သားကို စစ်ဆေး၏။ အခြားစစ်သားများ စိတ်ဓာတ်တက်ကြွလာအောင် ၎င်းတို့နှင့် အားပေးစကားပြော၏။ ဒဏ်ရာရသူကိုလည်း ၎င်း၏ ရဟတ်ယာဉ်နှင့်ပင် သယ်ဆောင်ပေး၏။

၁၉၇၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့တွင် စစ်သားတစ်ဦး မိုင်းထိ၍ ဒဏ်ရာရသည်။ ဤတွင် ရှဝပ်ဇ်ကော့ဖ်သည် ထိုနေရာသို့ ရဟတ်ယာဉ်နှင့် လာရောက်ခဲ့၏။ ရဟတ်ယာဉ်က ဒဏ်ရာရထားသည့် စစ်သားအား ရဟတ်ယာဉ်ပေါ်သို့ တင်နေစဉ် အခြားစစ်သားတစ်ယောက်သည်လည်း နောက်ထပ်မိုင်းဗုံးတစ်လုံးကို နင်းမိပြီး ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ ရသွားပြန်လေ၏။ ထိုစစ်သားသည် ၎င်း၏ ပတ်ပတ်လည်ရှိ မြေကြီးပေါ်တွင် ထုနှက်ရိုက်ခတ်ရင်း အသံကုန် အော်ဟစ်နေလေ၏။ ဤတွင် ပထမပေါက်ကွဲသွားခဲ့သောမိုင်းဗုံးသည် တစ်လုံးတည်းပေါက်ကွဲစေရန် ပြုလုပ်ထားခဲ့သော မိုင်းဗုံးမဟုတ်ကြောင်းကို သတိထားမိလာကြလေ၏။ ၎င်းတို့အားလုံးသည် မိုင်းဗုံးများ ထောင်ထားသည့် မိုင်းစက်ကွင်းပေါ်၌ မတ်တပ်ရပ်မိလျက်သား ရှိနေကြလေပြီ။

ရှဝပ်ဇ်ကော့ဖ်က ဒဏ်ရာရထားသော စစ်သားသည် အသက်ရှင်နိုင်သည်သာမက ၎င်း၏ခြေထောက်ကိုပင် မိမွေးတိုင်း ဖမွေးတိုင်း ပြန်ရနိုင်ဖွယ်ရှိသည်ဟု ယုံကြည်၏။ သို့ရာတွင် စိတ်ဓာတ်ပျော့ညံ့ စွာဖြင့် ရိုက်ပုတ်နေမှုကို ရပ်တန့်မှသာလျှင် ဖြစ်နိုင်ဖွယ်ရှိ၏။ သူဆောင်ရွက်ပေးနိုင်သည့်ကိစ္စမှာလည်း တစ်မျိုးတည်းသာဖြစ်၏။ သူက

ထိုစစ်သားထံသို့ အရောက်သွားပြီး မလှုပ်နိုင်မရှားနိုင်အောင် လုပ်ရပေတော့မည်။ ရှဝပ်ဇ်ကော့ဖ်က ဤသို့ရေးသားထား၏။

> "ကျွန်ုပ်မိုင်းကွင်းထဲသို့ စလျှောက်၏။ တစ်ချိန်တွင် ဖြည်းညင်းစွာဖြင့် ခြေတစ်လှမ်းလှမ်း၏။ မြေကြီးကိုလည်း မမိုတ်မသုန်စိုက်ကြည့်နေရ၏။ ဖော်ကောင်လုပ်ပေးမည့် ကြွတက်နေသည့်နေရာကလေးများ၊ ဒါမှမဟုတ်၊ ဖုန်မှုန့်ထဲမှ ထိုးထိုးထောင်ထောင်နှင့် ပေါ်ထွက်နေမည့် ဆူးကလေးများကို ကြည့်နေရ၏။ ကျွန်ုပ်၏ဒူးခေါင်းများသည် တဆတ်ဆတ်တုန်ခါနေကြသောကြောင့် နောက်ထပ်ခြေတစ်လှမ်း မလှမ်းခင်၌ ခြေထောက်ကို ကျွန်ုပ်၏လက်နှစ်ဘက်နှင့် ဖိကိုင်၍ ငြိမ်နေအောင် ထိန်းပေးထားရ၏။– ကျွန်ုပ်ထိုချာတိတ်ထံသို့ ရောက်ရှိရန်အတွက် နှစ်ပေါင်းတစ်ထောင်မကကြာသည်ဟုပင် ထင်ခဲ့ရ၏"

ကိုယ်အလေးချိန် ပေါင် ၂၄၀ ရှိပြီး၊ ဝက်စ်ပွိုင့်စစ်တက္ကသိုလ်၌ ရှိစဉ်က နပန်းသမားအဖြစ် ပြိုင်ပွဲဝင်ခဲ့သော ရှဝပ်ဇ်ကော့ဖ်သည် ထိုစစ်သားအား မလှုပ်နိုင်အောင် ချုပ်ထားလိုက်ပြီးနောက်တွင် သူ့ကို စိတ်ငြိမ်သွားအောင် ပြုလုပ်ရ၏။ ထိုသို့ဆောင်ရွက်မှုက ၎င်း၏အသက်ကို ကယ်တင်နိုင်ခဲ့ပါ၏။ ထို့နောက် အင်ဂျင်နီယာတပ်ဖွဲ့တစ်ဖွဲ့၏ အကူအညီဖြင့် ရှဝပ်ဇ်ကော့ဖ်က ထိုစစ်သားနှင့် ကျန်တပ်သားများကို မိုင်းကွင်းထဲမှ လွတ်ထွက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထိုနေ့ရက်က ရှဝပ်ဇ်ကော့ဖ် ပြသခဲ့သော အရည်အချင်းကို သူရဲကောင်းဆန်မှု၊ သူရသတ္တိရှိမှု သို့တည်းမဟုတ် မိုက်ရူးရဲဆန်မှု ဟူ၍ ပြောနိုင်ကြမည်ဖြစ်၏။ သို့ရာတွင် ထိုကိစ္စကို ရုပ်လုံးဖော်နိုင်သည့် ဝေါဟာရမှာ 'အလုပ်အကျွေးပြုမှု'ပင် ဖြစ်သည်ဟု ကျွန်ုပ်က ဆိုချင်ပါ၏။ မေလ၏ ထိုနေ့ရက်က ထိရောက်မှုရှိသော ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်းကို သူပြသနိုင်သည့် တစ်ခုတည်းသော လုပ်ရပ်မှာ ဒုက္ခရောက်



နေသော စစ်သားကလေးအား အလုပ်အကျွေးပြုရန်ပင် ဖြစ်တော့၏။

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

အလုပ်အကျွေးပြုမှုအကြောင်းကို သင်တွေးတောမိသည့်အခါ လူ့အဖွဲ့အစည်း၏ အဆင့်အတန်း၊ အနေအထားတွင် အောက်ဆုံး၌ ရှိနေသော လုပ်ငန်းမကျွမ်းကျင်သူများက ဆောင်ရွက်ကြရသည့် လုပ်ငန်းမျိုးကို တွေးတောမိပါသလား။ ထိုကဲ့သို့ တွေးတောမိသည် ဆိုပါက သင်သည် မှားယွင်းစွာယူဆနေခြင်းသာလျှင် ဖြစ်ပေသည်။ အလုပ်အကျွေး ပြုမှုသည် နေရာအဆင့် သို့မဟုတ် ကျွမ်းကျင်မှုတို့နှင့် မသက်ဆိုင်ချေ။ စိတ်နေစိတ်ထားနှင့်သာ သက်ဆိုင်ပါ၏။ သင်နှင့် ဆက်ဆံရာတွင် အလွန်ရိုင်းပြသော အစိုးရဝန်ထမ်းတစ်ဦး၊ သင်မှာကြားမည့် အစားအစာစာရင်းကို စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်း၍ နားထောင်လိုစိတ်မရှိသည့် စားပွဲထိုး၊ သင့်အားကူညီခြင်းမပြုဘဲ ၎င်း၏ မိတ်ဆွေနှင့်သာ တယ်လီဖုန်းနှင့် အချိန်ကြာမြင့်စွာ စကားပြောနေသည့် အရောင်းစျေးသည်စသည်ဖြင့် အလုပ်အကျွေးပြုရမည့်နေရာ၌ ရောက်ရှိနေကြသော်လည်း အလုပ်အကျွေးပြုသည့် စိတ်ဓာတ်ရေးရာတွင် အလွန်ညံ့ဖျင်းသူများကို သင်မလွဲမသွေ တွေ့ဖူးကြုံဖူးပါလိမ့်မည်။

အလုပ်သမားတစ်ဦးက အခြားသူများအား ကူညီလိုစိတ်ရှိမရှိကို သင်က ချက်ချင်းခံစားသိရှိနိုင်သကဲ့သို့ပင် ခေါင်းဆောင်တစ်ဦးထံ၌ အလုပ်အကျွေးပြုလိုစိတ် ရှိမရှိကို သင်က လွယ်ကူစွာ ထောက်လှမ်း၍ သိနိုင်မည်ဖြစ်သည်။ အမှန်တရားအရလည်း အကောင်းဆုံးခေါင်းဆောင်များသည် အခြားပုဂ္ဂိုလ်များကိုသာ အလုပ်အကျွေးပြုလိုစိတ်ရှိကြပြီးလျှင် မိမိကိုယ်ကိုမူ အလုပ်အကျွေးပြုလိုစိတ်မရှိကြချေ။

အလုပ်အကျွေးပြုမှုဆိုသော အရည်အချင်းတွင် မည်သည့်အချက်

များ ပေါင်းစပ်ပါဝင်နေကြပါသနည်း။ စစ်မှန်စွာဖြင့် အလုပ်အကျွေးပြုသူ ခေါင်းဆောင်တစ်ဦးသည်–

**၁။ ၎င်း၏လုပ်ငန်းရပ်များတွင် အခြားပုဂ္ဂိုလ်များကို ရှေ့ဆုံးကထား လေ့ရှိကြ၏။**

အလုပ်အကျွေးပြုနိုင်မှု၏ ပထမဦးဆုံး အရည်အချင်းမှာ အခြားပုဂ္ဂိုလ်များကို မိမိနှင့် မိမိ၏ပုဂ္ဂိုလ်ရေးဆန္ဒများ၏ ရှေ့ဘက်၌ ထားနိုင်မှုပင် ဖြစ်သည်။ ဤကိစ္စသည် မိမိ၏လုပ်ငန်းဆောင်တာများကို လိုလိုလားလား ရပ်တန့်ထားသည်ထက်ပင် သာလွန်ပါ၏။ ဆိုလိုသည်မှာ သင်ကငယ်သားများ၏ လိုအပ်ချက်ကို တမင်သိအောင် ပြုလုပ်ပြီး ၎င်းတို့အား ကူညီရန် အဆင်သင့်ရှိမှုပြီးတော့ ၎င်းတို့၏ လိုအင်ဆန္ဒများကို အရေးကြီးသည်ဟု လက်ခံနိုင်မှုများပင် ဖြစ်ကြ၏။

**၂။ အလုပ်အကျွေးပြုရန် ယုံကြည်မှုရှိခြင်း။**

အလုပ်အကျွေးပြုမှု၏ အဓိကကျသော အချက်မှာ လုံခြုံစိတ်ချရမှုပင်ဖြစ်သည်။ ကျွန်ုပ်အား မိမိသည် အလွန်အရေးကြီးသည့်ပုဂ္ဂိုလ်ဖြစ်သောကြောင့် မည်သူ့ကိုမှ အလုပ်အကျွေးပြုရန် မလိုဟု ယူဆထားသူတစ်ဦးကို ဖော်ပြပါ။ ကျွန်ုပ်ကလည်း အခြေခံအားဖြင့် ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချမှုမရှိသော ပုဂ္ဂိုလ်တစ်ဦးအား ပြန်လည်၍ ပြသပါမည်။ ကျွန်ုပ်တို့က အခြားပုဂ္ဂိုလ်များအား ပြုမူဆက်ဆံမှုသည် ကျွန်ုပ်တို့က မိမိကိုယ်ကို မိမိ မည်သို့မည်ပုံ တွေးထင်သည်ဆိုမှု၏ ရောင်ပြန်ဟပ်ချက်ပင်ဖြစ်သည်။ အတွေးအခေါ်ပညာရှင်နှင့် ကဗျာဆရာ "အီးရစ်ဟိုဖာ" က အဆိုပါ အတွေးအခေါ်ကို ဤကဲ့သို့ ဖွင့်ဆိုထား၏–

> "ထူးခြားသောအချက်မှာ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကို ချစ်သလောက်ပင် အိမ်နီးနားချင်းများကို ချစ်၏။ ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကို မုန်းတီးသောအခါတွင် အခြားပုဂ္ဂိုလ်များကိုလည်း မုန်းတီး၏။ ကျွန်ုပ်တို့က ကိုယ့်ကိုယ်ကို သည်းခံနိုင်စွမ်းရှိသော အခါတွင် အခြားပုဂ္ဂိုလ်များကိုလည်း သည်းခံ၏။ ကျွန်ုပ်တို့က မိမိကိုယ်ကို ခွင့်လွှတ်နိုင်သောအခါတွင် အခြားပုဂ္ဂိုလ်များကို လည်း ခွင့်လွှတ်၏။ ဤကိစ္စမှာ ကျွန်ုပ်တို့၏ကမ္ဘာကြီးအား ဒုက္ခပေးနေသော ပြဿနာအားလုံး၏ အရင်းအမြစ်ပင် ဖြစ်ပေ၏"



ကိုယ့်ကိုယ်ကို လုံခြုံစိတ်ချမှုရှိသော ခေါင်းဆောင်များကသာလျှင် အခြားသူများကို အလုပ်အကျွေးပြုကြ၏။

**၃။ အခြားပုဂ္ဂိုလ်များကိုလည်း အလုပ်အကျွေးပြုကြရန် ဇာတ်သွင်းပေး၏။**

လူတိုင်းလူတိုင်းကို အလုပ်အကျွေးပြုကြဟု အတင်းအဓမ္မခိုင်းစေခဲ့ပါက အလုပ်အကျွေးပြုကြမည်သာဖြစ်၏။ အချို့ကလည်း အကျဉ်းအကျပ်ထဲသို့ ရောက်နေမှသာလျှင် အလုပ်အကျွေးပြုကြမည် ဖြစ်ပါသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များအား အလုပ်အကျွေးပြုသူများ ဖြစ်လာအောင် ဇာတ်သွင်းပေးသူများ၏နှလုံးသားကို သင်တကယ်ပင် မြင်တွေ့နိုင်ပါသည်။ ကြီးကျယ်သော ခေါင်းဆောင်များသည် လိုအပ်မှုတို့ကို သိမြင်၏။ ထိုအခွင့်အရေးကို အရယူပြီးနောက်တွင် မည်သည့် အကျိုးကျေးဇူးကိုမျှ ပြန်လည်ရရှိရန် မမျှော်လင့်ဘဲ အလုပ်အကျွေးပြုလေ့ရှိကြ၏။

**၄။ သူသည် ၎င်း၏ရာထူးအဆင့်ကို စိတ်အာရုံထဲတွင် ထည့်ထားခြင်း မရှိချေ။**

အလုပ်အကျွေးပြုသည့်ခေါင်းဆောင်များသည် ၎င်းတို့၏အဆင့်နှင့် ရာထူးအပေါ်တွင် အာရုံစူးစိုက်လေ့မရှိကြပါ။ ဗိုလ်မှူးကြီးရှဝပ်ဇ်ကော့ဖ်သည် မိုင်းကွင်းထဲသို့ ဝင်ရောက်ခဲ့စဉ်က သူ့စိတ်ထဲတွင် ရာထူးအဆင့်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်း မရှိပါချေ။ သူ့အနေနှင့် လူသားတစ်ဦးက အခြားပုဂ္ဂိုလ်များအပေါ် ကူညီရန် ကြိုးစားခဲ့ခြင်းသာဖြစ်သည်။ ခေါင်းဆောင်တစ်ဦးဖြစ်နေမှုက အလုပ်အကျွေးပြုရန် တာဝန်ရှိသည်ဆိုသော

အသိစိတ်ဓာတ်ကိုလည်း ပိုမိုရရှိစေပါ၏။

**၅။ မေတ္တာထားပြီး အလုပ်အကျွေးပြုပါ။**

အလုပ်အကျွေးပြုမှုသည် ပရိယာယ်ဖြင့် ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကိုယ့်ကိုယ်ကို လူသိများအောင်ပြုလုပ်ခြင်းဆိုသည့် စိတ်ဓာတ်များက တိုက်တွန်းနှိုးဆော်နေခြင်းတို့ကြောင့် မဟုတ်ပါ။ မေတ္တာဓာတ်၏ အားပေးမှုကြောင့်သာလျှင် ဖြစ်ပါ၏။နောက်ဆုံးတွင် အခြားပုဂ္ဂိုလ်များ အပေါ် သင်၏ ဩဇာသက်ရောက်မှုတို့သည် သင်က အခြားပုဂ္ဂိုလ်များ အပေါ်၌ထားရှိသည့် စေတနာအတိမ်အနက်ပေါ်၌သာ မူတည်မည် ဖြစ်၏။ ထို့ကြောင့်ပင်လျှင် ခေါင်းဆောင်များသည် အခြားပုဂ္ဂိုလ်များအား လိုလိုလားလား အလုပ်အကျွေးပြုကြရန်မှာ အလွန်အရေးကြီးခြင်း ဖြစ်ပါ၏။

## ဆင်ခြင်သုံးသပ်ရန်

အခြားသူများအား အလုပ်အကျွေးပြုရာ၌ သင်၏စိတ်ထားကရော လိုလိုလားလား ရှိနေပါသလား၊ သင်သည် ရာထူးအရရရှိသော အခွင့်အရေးများနှင့် အကျိုးကျေးဇူးများအတွက် ခေါင်းဆောင် တစ်ဦးဖြစ်လိုသူ ဟုတ်ပါသလား။ သို့တည်းမဟုတ် သင်သည် အခြားသူများအား ကူညီလိုသောစိတ်က စေ့ဆော်တိုက်တွန်းသောကြောင့် အလုပ်အကျွေးပြုခြင်း ဖြစ်ပါသလား။

အကယ်၍ သင်သည် ငယ်သားများက သင့်နောက်သို့ လိုက်ပါ လိုစိတ်ရှိသော ခေါင်းဆောင်တစ်ဦး အမှန်တကယ်ဖြစ်ချင်သည်ဆိုပါက အလုပ်အကျွေးပြုမှုဆိုသည့် အချက်ကို သင့်စိတ်ထဲ၌ ရှင်းလင်းသွား အောင် ပြုလုပ်ရပါလိမ့်မည်။ သင်၏စိတ်နေစိတ်ထားသည် အခြားသူများကို အလုပ်အကျွေးပြုခြင်းထက် မိမိအား အလုပ်အကျွေးပြုကြသည်ကိုသာ



ခံယူလိုသူဖြစ်ပါက သင်သည် ဘေးဒုက္ခဆီသို့ ဦးတည်နေသူ ဖြစ်ပါလိမ့်မည်။အကယ်၍ဤအချက်သည် သင့်ဘဝ၌ ပြဿနာ တစ်ရပ်ဖြစ်နေခဲ့ပါက ယခုဖော်ပြမည့်အကြံဉာဏ်ကို လိုက်နာပါလေ–

- **သင်က အခြားပုဂ္ဂိုလ်များအပေါ်တွင် ကြီးစိုးမင်းမူနေခြင်းကို ရပ်တန်းက ရပ်ပါ။ ၎င်းတို့ပြောဆိုကြသည့်စကားများကို စတင် နားထောင်ပါ။**
- **မိမိ၏ရာထူးတိုးတက်ရေးအတွက် ဟန်ဆောင်နေမှုကို ရပ်တန်းကရပ်ပါ။ အခြားပုဂ္ဂိုလ်များ၏ အကျိုးကျေးဇူးများ အတွက် စတင်စွန့်စားပါ။**
- **သင်ဖြစ်စေချင်သလို ဖြစ်လာအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေမှုများကို ရပ်တန်းကရပ်ပါ။ အခြားပုဂ္ဂိုလ် များကို စတင်ပြီး အလုပ်အကျွေးပြုပါ။**

ကြီးကျယ်လာမည့် ပုဂ္ဂိုလ်များသည် ကြီးကျယ်နေသူများနှင့် သိပ်မတူသင့်ကြဘဲ လူသားအားလုံးကို အလုပ်အကျွေးပြုသူများသာ ဖြစ်သင့်ပါသည်။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

**U သေးငယ်သည့်အပြုအမူများကို ပြုလုပ်ပေးပါ။**

သင်သည် အခြားပုဂ္ဂိုလ်များအတွက် မပြောပလောက်သည့် ကြင်နာမှုများကို နောက်ဆုံး မည်သည့်အချိန်က ပြုလုပ်ခဲ့ပါသနည်း။ သင်နှင့် အနီးကပ်ဆုံးပုဂ္ဂိုလ်များနှင့် စတင်ပါ။ သင်၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးများ၊ မိဘများနှင့် စတင်ဆောင်ရွက်ပါ။ သင်က အခြားပုဂ္ဂိုလ်များအား ဂရုစိုက်ကြောင်း ပြသနိုင်မည့် သေးငယ်သော လုပ်ရပ်ကလေးများကို ယနေ့ပင် ရှာဖွေပါလေ။

**U လူ့အုပ်ထဲတွင် စပ်ဖြည်းဖြည်းလမ်းလျှောက်တတ်ရန် လေ့လာသင်ယူပါ။**

ကျွန်ုပ်သည် ခေါင်းဆောင်ငယ်တစ်ဦးအနေနှင့် သင်ကြားလေ့လာခွင့်ရလိုက်သော အကြီးမားဆုံး သင်ခန်းစာတစ်ခုမှာ ကျွန်ုပ်၏ဖခင်ထံမှ ရရှိခဲ့ခြင်းဖြစ်ပါ၏။ ကျွန်ုပ်က ထိုသင်ခန်းစာကို "လူအုပ်ကြီးထဲတွင် ခပ်ဖြည်းဖြည်း လမ်းလျှောက်ခြင်း"ဟု အမည်ပေးထားပါသည်။ နောက်တစ်ကြိမ် သင်က မိမိအား အလုပ်ကိစ္စနှင့် လာရောက်ဆက်ဆံလေ့ရှိသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သို့မဟုတ် ငယ်သားများနှင့် တွေ့ဆုံရသည့် အခမ်းအနားတစ်ခုသို့ တက်ရောက်ရသည့်အခါများ၌ လူအများနှင့် တွေ့ထိနိုင်အောင် ဖြည်းညင်းစွာ လည်ပတ်လှုပ်ရှားပါ။ သင်၏ရည်မှန်းချက်ကို တစ်ဦးစီနှင့် တွေ့ဆုံစကားပြောရန်ဟု သတ်မှတ်ထားပါ။ သင်နှင့်တွေ့သူတစ်ဦးချင်းကို အာရုံစိုက်ပါ။ ၎င်း၏နာမည်ကို သင်မသိသေးပါက သိအောင်ပြုလုပ်ပါ။ သင်၏အစီအစဉ်တွင် လူတစ်ဦးစီ၏ လိုအပ်ချက်များ၊ ၎င်းတို့လိုချင်သည့်အရာများနှင့် ၎င်းတို့၏ ဆန္ဒများကို သိအောင်လေ့လာပါ။ ထို့နောက် သင်အိမ်ပြန်ရောက်သည့်အခါ ထိုပုဂ္ဂိုလ်များထဲမှ လူခြောက်ဦးခန့်အတွက် ၎င်းတို့အနေနှင့် တစ်ခုခုအကျိုးရှိစေမည့် ကိစ္စများကို ဆောင်ရွက်ပေးနိုင်ရန် စာဖြင့် ရေးမှတ်ထားပါ။

**U လှုပ်ရှားဆောင်ရွက်ပါ။**

အလုပ်အကျွေးပြုမည်ဆိုသည့် စိတ်နေစိတ်ထားသည် သင့်ဘဝတွင် သိသာထင်ရှားစွာ ကွယ်ပျောက်နေခဲ့ပါက ထိုကိစ္စကို ပြောင်းလဲပစ်ရန် အကောင်းဆုံးနည်းလမ်းမှာ စတင်၍ အလုပ်အကျွေးပြုရန်ပင်ဖြစ်သည်။သင်က ကိုယ်ထိလက်ရောက် အလုပ်အကျွေးပြုမှုတစ်ရပ်နှင့် စတင်လိုက်ပါက နောက်ပိုင်းတွင် နှလုံးသားကပါ အမီလိုက်လာပါလိမ့်မည်။ သင်က အခြားပုဂ္ဂိုလ်များအား ၆ လတိတိ အလုပ်အကျွေးပြုရန်အတွက် သင်၏ဘုရားရှိခိုးကျောင်း၊ သို့မဟုတ် လူမှုရေးအဖွဲ့အစည်း၊



သို့မဟုတ် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတစ်ရပ်ရပ်တွင် သွားရောက်၍ စာရင်းပေးသွင်းလိုက်ပါ။ အဆိုပါ ၆ လကုန်ဆုံးချိန်တွင် သင်၏ စိတ်နေစိတ်ထားသည် မတိုးတက်၊ မကောင်းမွန်သေးပါက နောက်တစ်ကြိမ် ထပ်မံ၍ လုပ်အားပေးပါ။ သင်၏နှလုံးသားကပါ လိုလိုလားလား ပြောင်းလဲလာသည့် အချိန်အထိ ဆက်၍ ဆက်၍ လုပ်ကိုင်ပါလေ။

## နေ့စဉ်မှတ်သားလိုက်နာရန်

**အဲလ်ဘတ်ရှုဝိုက်ဇာ**က ပညာရှိပီသစွာ ပြောလိုက်၏။ "သင့်ရဲ့ကံကြမ္မာက ဘယ်လိုဖြစ်လာမလဲဆိုတာ၊ ကျုပ်မသိဘူး၊ ဒါပေမယ့် ကျုပ်သိတာတစ်ခုတော့ ရှိတယ်။ သူတစ်ပါးကို ဘယ်နည်းဘယ်ပုံ အလုပ်အကျွေး ပြုရမယ်ဆိုတာကို လိုက်လံရှာဖွေပြီး အလုပ်အကျွေးပြုတဲ့နည်းကို ရှာဖွေတွေ့ရှိသွားတဲ့ မင်းတို့အထဲက တစ်ယောက်ယောက်ဟာ အမှန်တကယ် ဝမ်းသာပျော်ရွှင်တဲ့လူ ဖြစ်လာလိမ့်မယ်ဆိုတာပဲ"

အကယ်၍ သင်သည် အမြင့်ဆုံးအဆင့်၌ ခေါင်းဆောင်သူဖြစ်လိုပါက အနိမ့်ဆုံးကို အလုပ်အကျွေးပြုရန်အတွက် လိုလိုလားလား ရှိပါစေ။

အရည်အချင်း (၂၀)

# သင်ယူနိုင်စွမ်းရှိမှု

## ခေါင်းဆောင်မှုပေးနိုင်ရန် အမြဲတစေ လေ့လာ ဆည်းပူးနေပါလေ

သင်၏နားထောင်ချိန်နှင့် စာဖတ်ချိန်တို့ကို သင်စကားပြော သည့်အချိန်၏ ဆယ်ဆလောက်အထိ တန်ဖိုးထားပါ။ ဤ အချက်က သင်သည် လေ့လာသင်ယူခြင်းနှင့် မိမိကိုယ်ကို စဉ်ဆက်မပြတ် တိုးတက်အောင် ပြုလုပ်နေသည့် လမ်းကြောင်း ပေါ်၌ရှိနေကြောင်း သေချာစေပါလိမ့်မည်။

**ဂျီရယ်မက်ဂင်းနစ်စ်**
**ရက်စ်ပီရိုနစ် အင်ကော်ပိုရိတ်တက်၏ဥက္ကဋ္ဌနှင့်**
**အမှုဆောင်အရာရှိချုပ်**

သင်အကြောင်းအရာတစ်ခုကို သိရှိပြီးနောက်ပိုင်း၌ သင်၏ ဆက်လက်လေ့လာမှုကသာ အရေးအကြီးဆုံး ဖြစ်ပေသည်။

**ဂျွန်ဝူးဒင်၊ ဘတ်စကက်ဘောနည်းပြဆရာ**

## လူလေလူလွင့်ကဲ့သို့ အယောင်ဆောင်လာသည့် အောင်မြင်မှု

တုတ်ကလေးတစ်ချောင်းကို ကိုင်ထားပြီး ဘောင်းဘီပွပွကြီးနှင့် ဦးထုပ်လုံးလုံးကလေးကို ဆောင်းထားသည့် လူပုပုသေးသေး တစ်ယောက်၊ ဖိနပ်ကလည်း ကြီးကြီးမားမား၊ နှုတ်ခမ်းမွေးကတော့ တိုနံ့နံ့၊ ထိုရုပ်သွင်နှင့် ပုဂ္ဂိုလ်တစ်ဦးကို သင်မြင်တွေ့သည့်အခါတိုင်း၊ ထိုသူသည် ချာလီချက်ပလင်ဟု သင်ချက်ချင်းသိပြီး သူ့ကို လူတိုင်းနည်းပါးက မှတ်မိကြ၏။ ၁၉၁၀ ဆယ်စုနှစ်နှင့် ၁၉၂၀ ဆယ်စုနှစ်ကာလများက သူသည် ဤကမ္ဘာဂြိုဟ်ပေါ်တွင် နာမည်အကြီးဆုံးနှင့် အမှတ်မိကြဆုံး လူပုဂ္ဂိုလ် တစ်ယောက်ဖြစ်ခဲ့၏။ အကယ်၍ ကျွန်ုပ်တို့က ယနေ့ကာလ နာမည်ကြီး နေသူတစ်ယောက်ယောက်ကို ရှာကြည့် မည်ဆိုပါက၊ လူသိများမှုကဏ္ဍ၌ ချာလီချက်ပလင်နှင့် တစ်တန်းတစ်စားတည်း ရှိနိုင်သူမှာ မိုက်ကယ်ဂျော်ဒန်ပင်ဖြစ်၏။ ပြီးတော့လည်း မိုက်ကယ်ဂျော်ဒန်သည် ပို၍ကြီး ကျယ်သော အနုပညာရှင်တစ်ယောက်ဟုတ်မဟုတ် အကဲဖြတ်နိုင်အောင် နောက်ထပ်နှစ်ပေါင်း ၇၅ နှစ်ကြာသည့်အခါ၌ မိုက်ကယ်ဂျော်ဒန်အား လူတိုင်းက သတိရကြသေးခြင်း ရှိမရှိကို စောင့်ကြည့်ရတော့မည် ဖြစ်ပါ၏။

ချာလီချက်ပလင်ကို မွေးဖွားစဉ်က သူသည် ကျော်ကြားလာ လိမ့်မည်ဟုလည်း မည်သူကမှ နိမိတ်ဖတ်ခဲ့မည်မဟုတ်ပါ။ သူသည် တေးဂီတ တီးဝိုင်းများတွင် ပါဝင်တီးခတ်ရသူ အင်္ဂလိပ်လူမျိုးမိဘ ၂ ပါးမှ ဆင်းရဲစွာ မွေးဖွားလာရသူဖြစ်၏။ ၎င်း၏မိခင်ဖြစ်သူအား စိတ်ရောဂါကု ဆေးရုံသို့ပို့လိုက်ရသောအခါ သူသည် ကလေးဘဝနှင့်ပင် လမ်းပေါ်သို့ ရောက်သွားခဲ့ရလေသည်။ သူသည် မိဘမဲ့ကလေးဂေဟာများနှင့် ဆင်းရဲ



သားများအား အလုပ်အကိုင်ပေးသည့်ဂေဟာများတွင် ကျင်လည်ခဲ့ရ ပြီးနောက် တစ်ဝမ်းတစ်ခါးအတွက် သူသည်ဇာတ်စင်ပေါ်တွင် စတင်၍ အလုပ်လုပ်ခဲ့ရလေ၏။ ၁၇ နှစ်သားအရွယ်သို့ ရောက်သောအခါ သူသည် ဝါရင့်သရုပ်ဆောင်တစ်ဦး ဖြစ်နေလေပြီ။ သူသည် ၁၉၁၄ ခုနှစ် အသက် ၂၅ နှစ်အရွယ်ခန့်တွင် ဟောလီးဝုဒ်၊ ကီးစတုန်းစတူဒီယို မှ မက်ဆင်းနက်ထံ၌ ရက်သတ္တတစ်ပတ်လျှင် ဒေါ်လာ ၁၅၀ နှင့် အလုပ်ဝင်လုပ်ခဲ့၏။ သူသည် အဆိုပါရုပ်ရှင်လောကထဲသို့ စတင် ရောက်ရှိသော ပထမနှစ်မှာပင် ရုပ်ရှင်ကား ၃၅ ကား၌ သရုပ်ဆောင်၊ စာရေးဆရာနှင့် ဒါရိုက်တာအဖြစ် အမျိုးစုံအောင် ပါဝင်ဆောင်ရွက်ခဲ့၏။ လူတိုင်းက ၎င်း၏စွမ်းရည်ကို သတိပြုမိလာကြပြီး သူ့ကိုလူကြိုက်များစ ပြုလာသည်။ နောက်တစ်နှစ်အကြာတွင် သူသည် ရက်သတ္တတစ်ပတ်လျှင် လည်း ဒေါ်လာ ၁၂၅၀ ရသူဖြစ်လာ၏။ ထို့နောက် ၁၉၁၈ ခုနှစ်တွင် သူသည် မည်သူမျှ မကြားဖူးသေးသည့် ကိစ္စတစ်ရပ်ကို ဆောင်ရွက် လိုက်၏။ သူသည် ဖြေဖျော်ရေးလောက၏ ပထမဦးဆုံး ဒေါ်လာတစ်သန်း တန် စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့၏။ သူသည် အသက် ၂၉ နှစ်အရွယ်မှာပင် အလွန်ကြွယ်ဝချမ်းသာသူ၊ နာမည်ကျော်ကြားသူနှင့် ကမ္ဘာပေါ်တွင် သြဇာအရှိဆုံး ရုပ်ရှင်ထုတ်လုပ်သူ ဖြစ်နေလေပြီ။

ချာလီချက်ပလင် အောင်မြင်မှုရရှိခြင်းမှာ သူ့တွင် အလွန်တော် သည့်စွမ်းရည် ရှိသည်သာမက မယုံကြည်နိုင်လောက်အောင် ပြင်းထန် သော မောင်းနှင်အားရှိနေခြင်းကြောင့်ပင် ဖြစ်၏။ သို့ရာတွင် အဆိုပါ ဉာဉ်များကို ၎င်း၏ သင်ယူနိုင်စွမ်းရှိမှုက လောင်စာအဖြစ် ပံ့ပိုးလျက် ရှိပါ၏။ သူသည် ၎င်း၏အတတ်ပညာ တိုးတက်စေရေးနှင့် ခြောက် ပစ်ကင်း သဲလဲစင် ဖြစ်စေရေးတို့အတွက် ကြိုးစား၍ စဉ်ဆက်မပြတ် လေ့လာဆည်းပူးလေ့ရှိ၏။ သူသည် ကမ္ဘာပေါ်၌ အထင်ပေါ် အကျော် ကြားဆုံးနှင့် သရုပ်ဆောင်ကြေး အများဆုံးရသည့်ပုဂ္ဂိုလ်တစ်ယောက်

ဖြစ်နေသည့်တိုင်အောင် လက်ရှိအနေအထားနှင့် ကျေနပ်နှစ်သိမ့်နေသူ မဟုတ်ချေ။

ချာလီချက်ပလင်က ၎င်း၏ လိုအင်ဆန္ဒနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းသူတစ်ဦးကို ယခုလို ရှင်းပြဖူး၏။

“ပရိသတ်ကို ကျုပ်ရိုက်ကူးတင်ဆက်လိုက်တဲ့ ရုပ်ရှင်ကားတစ်ကားကို ကျုပ်ကိုယ်တိုင် ပြန်ကြည့်နေတဲ့အချိန်မှာ သူတို့က ဘယ်ကိစ္စကို မရယ်ကြသလဲဆိုတာ ကျုပ်က စေ့စေ့စပ်စပ် အကဲခတ်လေ့ရှိတယ်။ ဥပမာဆိုပါစို့၊ တကယ်လို့ ကျုပ်က ရယ်စရာဖြစ်အောင် လုပ်ပြလိုက်တဲ့ ပြကွက်တစ်ခုကို ပရိသတ်အတော်များများက မရယ်ကြဘူးဆိုပါတော့။ ကျုပ်က အဲဒီပြကွက်ကို အနုစိတ်ဆန်းစစ်ပြီး စိတ်ကူးကပဲ မှားနေတာလား၊ ဒါမှမဟုတ် အကောင်အထည်ဖော်ပုံက ဟန်မကျတာလား ဆိုတာကို သိအောင် ကြိုးစားပါတယ်။ ပြီးတော့လည်း တကယ်လို့ ကျုပ်က ရယ်စရာအဖြစ် မျှော်လင့်မထားတဲ့ ပြကွက်တစ်ကွက်ကို ပရိသတ်အချို့က နည်းနည်းလောက် ရယ်လိုက်ကြတယ်ဆိုရင် ဘာဖြစ် လို့ အဲဒီပြကွက်က ရယ်စရာ ဖြစ်နေရတာလဲ ဆိုတာကို ကျုပ်က ဝေဖန်ဆန်းစစ်လေ့ ရှိတယ်”

ထိုကဲ့သို့ အရည်အချင်း တိုးတက်လာအောင် ဆောင်ရွက်လိုသည့် ၎င်း၏ဆန္ဒက စီးပွားရေးအရ အောင်မြင်မှုရရှိစေသည့်အပြင် သူ ဆောင်ရွက်လုပ်ကိုင်သမျှအားလုံးကို အကောင်းဆုံးအဆင့်အတန်းသို့ ရောက်ရှိစေခဲ့၏။ အဆိုပါ အစောပိုင်းကာလများက ချာလီချက်ပလင်၏ ရုပ်ရှင်ကားများသည် အလွန်ကောင်းမွန်သည့် ဖျော်ဖြေမှုများ ဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြ၏။ အချိန်ကြာလာသည်နှင့်အမျှ သူ့ကို ပါရမီထူးချွန်သည့် လူရွှင်တော်အဖြစ် အသိအမှတ်ပြုလာကြ၏။ ယနေ့အချိန်အခါတွင် ချာလီချက်ပလင်၏ ရုပ်ရှင်ကားအများအပြားကို အကောင်းဆုံးလက်ရာများဟု သတ်မှတ်ထားကြသလို သူ့ကိုလည်း ရုပ်ရှင်ထုတ်လုပ်သူများထဲတွင် အချိန်အခါမရွေး အတော်ဆုံးပုဂ္ဂိုလ်



တစ်ဦးဟု အသိအမှတ် ပြုထားကြပါသည်။

ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာနှင့် ရုပ်ရှင်ကား ဝေဖန်သူဂျိမ်းစ်အဂီးက “အကောင်းဆုံးဟာသသရုပ်ဆောင်မှု၊ အနက်ရှိုင်းဆုံး စိတ်လှုပ်ရှားမှု၊ အကြွယ်ဝဆုံးနှင့် ဆွတ်ပျံ့ဖွယ်အကောင်းဆုံး ကဗျာရေးဖွဲ့မှုတို့သည် ချာလီချက်ပလင်၏ ရုပ်ရှင်ကားများထဲ၌ပါရှိသည်”ဟု ရေးသားခဲ့ဖူး၏။

အကယ်၍ ချာလီချက်ပလင်သည် ၎င်း၏သင်ယူနိုင်စွမ်းရှိမှုကို စိတ်ကြီးဝင်ပြီး မိမိကိုယ်ကို နှစ်သိမ့်ကျေနပ်နေမှုနှင့် အစားထိုးခဲ့မည်ဆိုပါက သူ၏နာမည်သည် အသံတိတ်ရုပ်ရှင်လောက၏ ကြယ်ပွင့်များဖြစ်ခဲ့ကြသော်လည်း ယခုအချိန်တွင် မေ့နေကြပြီဖြစ်သော “ဖို့ဒ်စတာလင်” သို့မဟုတ် “ဘင်တာပင်”တို့နှင့် အတူတူပင် ဖြစ်နေပေလိမ့်မည်။ သို့ရာတွင် ချာလီချက်ပလင်သည် သရုပ်ဆောင်တစ်ယောက်၊ ဒါရိုက်တာတစ်ယောက်နှင့် နောက်ဆုံးတွင် ရုပ်ရှင်ထုတ်လုပ်သူအကြီးအကဲတစ်ယောက် ဖြစ်လာသည်အထိ သူ့ကိုယ်သူ တိုးတက်မြင့်မားလာအောင် လေ့လာသင်ယူမှုများကို ပြုလုပ်နေခဲ့လေသည်။ သူသည် ၎င်း၏ အတွေ့အကြုံများအရ ရုပ်ရှင်ထုတ်လုပ်သူများသည် ရုပ်ရှင်စတူဒီယိုပိုင်ရှင်များနှင့် ရုပ်ရှင်ကားဖြန့်ဖြူးသူတို့၏ လက်ဝယ်တွင် ၎င်းတို့ပြုသမျှ နရသည့်အခြေအနေမျိုး၌ ရှိနေကြောင်း သိလာရသည့်အခါ သူသည် “ဒေါက်ဂလပ်စ်ဖဲယားဘင့်ခ်၊ မေရီပစ်ဖို့ဒ်၊ ဒီဒဗလျူဂရစ်ဖစ်တို့နှင့်အတူ “ယူနိုက်တက်အားတစ်”ရုပ်ရှင်ကုမ္ပဏီကို တည်ထောင်ခဲ့၏။ အဆိုပါ ရုပ်ရှင်ကုမ္ပဏီသည် ယနေ့အထိ ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။

# ပြည့်စုံအောင် ဖြည့်စွက်ကြစို့

ခေါင်းဆောင်များသည် "လက်ရှိအနေအထား"နှင့်ပင် ကျေနပ်နှစ်သိမ့်နေတတ်သည့် အန္တရာယ်နှင့် ရင်ဆိုင်ကြရလေ့ရှိ၏။တကယ်ကလည်း ခေါင်းဆောင်တစ်ဦးတစ်ယောက်သည် ဩဇာအာဏာရှိနေသည်သာမက အဆင့်တစ်ခုအထိ လေးစားကြည်ညိုမှုကို ရရှိနေပြီဆိုလျှင် အဘယ်ကြောင့် သူက ဆက်လက်ရှင်သန်ကြီးထွားအောင် လုပ်နေရပါမည်နည်း။ အဖြေကတော့ ရိုးစင်းပါ၏။

**Uသင်၏ကြီးထွားမှုက သင်သည် မည်သူမည်ဝါဖြစ်ကြောင်း ဆုံးဖြတ်ချက် ချ၏။**

**Uသင်မည်သူမည်ဝါဖြစ်သည်ဆိုမှုက အခြားသောမည်သူမည်ဝါတို့ကို ဆွဲဆောင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်၏။**

**Uသင်မည်သူမည်ဝါတို့ကို ဆွဲဆောင်သည်ဆိုသော အချက်က သင့်အဖွဲ့အစည်း၏ အောင်မြင်မှုကို ပြဋ္ဌာန်း၏။**

သင်၏ အဖွဲ့အစည်းကို ကြီးထွားစေလိုပါက သင့်အနေဖြင့် သင်ယူနိုင်စွမ်းရှိနေရပေလိမ့်မည်။

သင့်အနေနှင့် သင်ယူနိုင်စွမ်းရှိသည့် စိတ်နေစိတ်ထားကို မွေးမြူရာတွင် ကူညီပံ့ပိုးပေးမည့် အချက်ငါးချက်ကို သင့်အား တင်ပြပါ ရစေ–

**၁။ "ပန်းတိုင်သို့ရောက်ပြီ" ဟုဆိုသည့် သင်၏ရောဂါကို ကုစားပါ။**

စကားကို ဖောက်ထိုးပြောင်းပြန်ပြောရမည်ဆိုပါက သင်ယူနိုင်စွမ်းရှိသော စွမ်းရည်ချို့တဲ့နေမှုသည် မကြာခဏဆိုသလိုပင် "ပြီးစီးအောင်မြင်မှု"၌ အမြစ်တွယ်နေတတ်ပေသည်။ အချို့သောပုဂ္ဂိုလ်များက ၎င်းတို့သည် ရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ရောက်ရှိသွားပြီဆိုပါက ဆက်လက်ကြီးထွားရန် မလိုအပ်တော့ဟု မှားယွင်းစွာ မှတ်ထင်နေတတ်ကြ၏။ ထိုကိစ္စမျိုးသည် ဘွဲ့ဒီကရီတစ်ခုကို ရရှိမှု၊ မိမိရည်မှန်းထားသည့် ရာထူးအဆင့်အတန်းသို့ ရောက်ရှိမှု၊ သို့တည်းမဟုတ် ဆုတစ်ခုခုကို ချီးမြှင့်ခံရမှု၊ သို့တည်းမဟုတ် မိမိရည်မှန်း ထားသော ငွေကြေးပမာဏသို့ ရောက်ရှိခံစားရမှု–စသည်ဖြင့် ကိစ္စတစ်ခုခုနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာတတ်၏။



သို့ရာတွင် ထိရောက်မှုရှိသော ခေါင်းဆောင်များသည် ထိုကဲ့သို့ မတွေးခေါ်သင့်ကြပေ။ ၎င်းတို့က မိမိတို့၏အလားအလာ သို့တည်းမဟုတ် အဖွဲ့အစည်း၏ အလားအလာတို့ကို စွန့်လွှတ်လိုက်သည်နှင့် တပြိုင်နက် ကြီးထွားမှုသည်လည်း ရပ်တန့်သွားပေလိမ့်မည်။ 'ရေးကရော့'၏ စကားများကို သတိရစေလိုပါသည်။ **"သင်သည် အစိမ်းရောင် ဖြစ်နေသေးသရွေ့ ကာလပတ်လုံးသင်သည် ကြီးထွားနေပါ၏။ အကယ်၍ ရင့်မှည့်ပြီဆိုသည်နှင့်တပြိုင်နက် သင်သည် စတင်၍ 'ပုပ်သိုး' စပြုလေပြီ"**

**၂။ သင်၏အောင်မြင်မှုကို အနိုင်ယူပါ။**

သင်ယူနိုင်စွမ်းရှိမှု၏ ဖောက်ထိုးသဘောတရားတစ်ခုမှာ အောင်မြင်မှုရရှိခြင်းက ၎င်းကိုနှောင့်နှေးသွားစေတတ်ခြင်းပင် ဖြစ်ပါသည်။ ထိရောက်သော ခေါင်းဆောင်များက ၎င်းတို့သည် အဘယ်ကြောင့် အောင်မြင်မှု၌ ရေရှည်မခိုင်မြဲနိုင်ခြင်းဖြစ်ကြောင်းကို သိထားကြ၏။ အကယ်၍ သင်သည် အတိတ်ကာလက အောင်မြင်ခဲ့ဖူးသည်ဆိုပါက သတိထားရန် လိုအပ်ပေ၏။ပြီးတော့လည်း **"အကယ်၍ သင်ယမန်နေ့က ဆောင်ရွက်ခဲ့သောကိစ္စရပ်ကို ယနေ့အချိန်အထိ ကြီးမားသော အောင်မြင်မှုဟု ထင်နေဆဲဖြစ်ပါက သင်သည် ယနေ့အဖို့ များများစားစား ဆောင်ရွက်ပြီးစီးနိုင်တော့မည် မဟုတ်ပါ။"** ဆိုသည့်အချက်ကို ဆင်ခြင်သုံးသပ်စေလိုပါသည်။

**၃။ ဖြတ်လမ်းများကို လုံးဝရှောင်ကြဉ်ပါ။**

ကျွန်ုပ်၏မိတ်ဆွေ "နန်စီဒေါ်နန်" က "နေရာ ၂ ခု၏ အဝေး ဆုံးသော အကွာအဝေးသည် ဖြတ်လမ်းပင်ဖြစ်သည်" ဟု ပြောဖူး၏။ ထိုကိစ္စသည် တကယ့်ကို မှန်ကန်ပါပေ၏။ သင့်ဘဝတွင် တန်ဖိုးရှိသော ပစ္စည်းမှန်သမျှအတွက် တန်ရာတန်ဖိုးကို ပေးဆပ်ရစမြဲဖြစ်၏။ အကယ်၍ သင်သည် နယ်ပယ်တစ်ခုခု၌ အောင်မြင်မှုရရှိလိုသည်ဆိုပါက ထိုသို့ အောင်မြင်မှုရရှိရေးအတွက် မည်သို့မည်ပုံ ကြိုးပမ်းရမည်၊ မည်မျှ လောက်အထိ ပေးဆပ်ရလိမ့်မည်ဆိုသော အချက်များကို လေးလေး နက်နက် စဉ်းစားတွေးတောကြည့်ပါ။ ထို့နောက် ထိုကဲ့သို့ ပေးဆပ်ရန် အတွက် သန္နိဋ္ဌာန်ချမှတ်ပါ။

**၄။ သင်၏မာနနှင့် အလဲအလှယ်ပြုလုပ်ပါ။**

သင်ယူနိုင်စွမ်းရှိမှုက ကျွန်ုပ်တို့သည် မည်သည့်အရာကိုမှ မသိရှိ သေးကြောင်း ဝန်ခံရန်လိုအပ်၏။ အကယ်၍ ထိုကဲ့သို့ ဝန်ခံလိုက်ပါ ကလည်း ကျွန်ုပ်တို့အဖို့ ညှိဖျင်းရာကျနိုင်သည့်အပြင် ကျွန်ုပ်တို့သည် ဆက်လက်၍ လေ့လာနေမည်ဆိုပါက အမှားအယွင်းပြုလုပ်မိခြင်း များလည်း ရှိလာမည်ဖြစ်၏။ သို့ရာတွင် စာရေးဆရာတစ်ဦးဖြစ်သည် သာမက လက်မှုပညာရှင်လည်းဖြစ်သော 'အဲလ်ဘတ်ဟပ်ဗတ်'က **"လူတစ်ယောက်အဖို့ သူ့ဘဝတွင် ပြုလုပ်နိုင်သော အကြီးကျယ် ဆုံးအမှားအယွင်းတစ်ခုမှာ သူသည် အမှားတစ်ခုခုပြုလုပ်မိမည်ကို အမြဲတစေ စိုးရိမ်နေခြင်းပင် ဖြစ်၏"**ဟု ဆိုဖူးပါသည်။ သင်သည် တစ်ချိန်တည်းမှာပင် 'မာနထားနိုင်သူ' နှင့် 'သင်ယူနိုင်စွမ်းရှိသူ' တစ်ယောက်မဖြစ်နိုင်ပါ။ကဗျာဆရာကြီးအီမာဆန်က **"သင်အကျိုး အမြတ်ရရှိသော လုပ်ငန်းတိုင်းအတွက် သင်တစ်ခုခုကို ဆုံးရှုံးခံရ လိမ့်မည်"** ဟု ရေးသားဖော်ပြဖူး၏။ သင်၏ကြီးထွားမှုအတွက် သင့်မာနကို ဆုံးရှုံးခံလိုက်ပါ။



**၅။ အမှားတစ်ခုကို မည်သည့်အခါတွင်မှ ၂ ကြိမ်မပြုလုပ်ပါနှင့်။**

တက်ဒီရူးစဗဲ့က **"အမှားတစ်ခုမှ မပြုလုပ်မိသူသည် တိုးတက်မှု မရှိသူဖြစ်၏"** ဟု အခိုင်အမာဆိုဖူးသည်။ ထိုအချက်သည် အလွန် မှန်ကန်ပါပေ၏။ သို့ရာတွင် မိမိပြုလုပ်ဖူးသောအမှားကိုပင် ထပ်မံ၍ ပြုလုပ်နေသော ခေါင်းဆောင်သည်လည်း တိုးတက်မှုမရှိသူဖြစ်၏။ သင်သည် သင်ယူနိုင်စွမ်းရှိသော ခေါင်းဆောင်တစ်ဦးအနေနှင့် အမှား အယွင်းများကို ပြုလုပ်မိမည်သာဖြစ်ပါသည်။ ထိုအမှားများကို မေ့ပစ် လိုက်ပါ။ သို့ရာတွင် ထိုအမှားများက သင့်ကို သင်ခန်းစာပေးခဲ့သော အချက်များအား အမြဲပင် သတိရနေပါစေ။ အကယ်၍ သင်သတိမရခဲ့ ပါက သင်သည် ထိုအမှားများကို တစ်ကြိမ်မက ပြုလုပ်မိပေလိမ့်မည်။

## ဆင်ခြင်သုံးသပ်ရန်

ကျွန်ုပ်ငယ်စဉ်က အိုဟိုင်းဟိုးပြည်နယ်မှ ကျေးလက်ဒေသတစ်ခု တွင် ကြီးပြင်းခဲ့ရ၏။ ကျွန်ုပ်သည် မျိုးစေ့ရောင်းချသော ဆိုင်တစ်ဆိုင်တွင် **"သင်ရိတ်သိမ်းနေရသည့် သီးနှံများကို သင်မနှစ်ခြိုက်ခဲ့ပါက သင် စိုက်ပျိုးနေသည့် မျိုးစေ့များကို ပြန်လည်စစ်ဆေးပါ"** ဆိုသည့် ဆိုင်းဘုတ်ပါစာသားများကို ဖတ်ရဖူး၏။ ထိုဆိုင်းဘုတ်မှာ မျိုးစေ့ ရောင်းချရန်အတွက် ကြော်ငြာခြင်းဖြစ်သော်လည်း ၎င်းစာသားတွင် အလွန်ထူးခြားသည့် အခြေခံသဘောတရားပါရှိနေ၏။

သင်သည် မည်သည့်သီးနှံများကို ရိတ်သိမ်းနေရပါသနည်း။ သင်၏ဘဝနှင့် သင်၏ဦးဆောင်မှုသည် တစ်ရက်ထက်တစ်ရက်၊ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် ပို၍ကောင်းမွန်လာပုံရပါ သလား။ သို့တည်းမဟုတ် သင်သည် လက်ရှိနေရာ၌ ခြေကုပ်ရအောင် အမြဲတစေ ကြိုးပမ်းနေရပါသလား၊ အကယ်၍ သင်သည် ယခုအချိန်

အခါတွင် သင်ရောက်ရှိသင့်ပြီဟု ယူဆထားသောနေရာတစ်ခုသို့ မရောက်ရှိသေးဟုဆိုပါက ပြဿနာမှာ သင့်ထံတွင် သင်ယူ နိုင်စွမ်းရှိမှု ချွတ်ယွင်းနေသောကြောင့် ဖြစ်ရပါမည်။ သင်သည် နောက်ဆုံး မည်သည့်အချိန်က လုပ်ငန်းတစ်ခုကို စတင်၍ ဆောင်ရွက် ခဲ့ဖူးပါသနည်း။ သင်သည် နောက်ဆုံး မည်သည့်အချိန်က သင်မကျွမ်းကျင်သော ကိစ္စထဲသို့ ခြေစုံပစ်၍ ဝင်ပါမိခဲ့သောကြောင့် မိမိကိုယ်ကို မလုံမခြုံဖြစ်စေခဲ့ပါသနည်း။ သင်မည်သည့်အနေအထား၌ရှိသည်ကို ဆုံးဖြတ်နိုင်ရန်အတွက်လာမည့် လေးငါးရက်၊ သို့မဟုတ် လာမည့် ရက်သတ္တလေးငါး ပတ်တွင် ကြီးထွားမှုနှင့် လေ့လာသင်ယူမှု တို့အပေါ်၌ ထားရှိသော သင်၏ စိတ်နေသဘောထားကို လေ့လာမှတ်သားပါ။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

သင်၏ သင်ယူနိုင်စွမ်းရှိမှု တိုးတက်ကောင်းမွန်လာအောင် အောက်ပါတို့ကို ဆောင်ရွက်ပါ–

**၁။ သင်၏အမှားအယွင်းများအပေါ်၌ မည်ကဲ့သို့ တုံ့ပြန်တတ် သည်ကို လေ့လာမှတ်သားပါ။**

သင်၏ မှားယွင်းမှုများကို ဝန်ခံတတ်ပါသလား။ သင့်လျော်သော အချိန်တွင် သင်က တောင်းပန်လေ့ရှိပါသလား။ သို့တည်းမဟုတ် သင်က ခုခံကာကွယ်လေ့ ရှိပါသလား။ သင့်ကိုယ်သင် လေ့လာပါ။ ပြီးတော့လည်း ယုံကြည်စိတ်ချရသူ မိတ်ဆွေတစ်ဦးကို မေးမြန်းပါ။ အကယ်၍ သင်သည် ဆိုးရွားစွာ ပြုမူတုံ့ပြန်တတ်သည် ဆိုပါက–သို့တည်းမဟုတ်၊ အမှား တစ်ခုခုကိုမှ မကျူးလွန်ခဲ့ဟု ဆိုပါက၊ သင်သည် သင်ယူနိုင်စွမ်းရှိအောင် ဆောင်ရွက်ဖို့ လိုအပ်နေပါပြီ။



**၂။ အသစ်အဆန်းတစ်ခုခုကို စတင်ဆောင်ရွက်ပါ။**

သင့်အား ရုပ်ပိုင်းအရသော်လည်းကောင်း၊ စိတ်ပိုင်းအရသော်လည်းကောင်း၊ ကောင်းကောင်းလုပ်ဆောင်ပေးမည့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများနှင့် ကွဲပြားခြားနားသည့် အလုပ်တစ်ခုခုကို ယနေ့ပင် စတင်ပြုလုပ်လိုက်ပါ။ စိန်ခေါ်မှုများက ကျွန်ုပ်တို့အား ပိုမိုကောင်းမွန်လာအောင် ပြောင်းလဲစေမည်ဖြစ်၏။ အကယ်၍ သင်သည် စတင်၍ အမှန်တကယ် ကြီးထွားလိုပါက သင်၏ နေ့စဉ်လုပ်ငန်းများတွင် စိန်ခေါ်မှုအသစ်များကို ထည့်သွင်းပြုလုပ်ပေးပါ။

**၃။ သင်၏စွန်အားရှိသော နယ်ပယ်တွင် လေ့လာမှုပြုလုပ်ပါ။**

သင်ကျွမ်းကျင်သော အထူးပြုလုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင် သည့် စာအုပ်များ၊ သို့မဟုတ် ခေါင်းဆောင်မှုနှင့်ဆိုင်သော စာအုပ် များကို တစ်နှစ်လျှင် ခြောက်အုပ်မှ တစ်ဆယ့်နှစ်အုပ်အထိ ဖတ်ရှုပါ။ လက်ရှိတွင် သင်ကျွမ်းကျင်မှုရှိနေပြီးဖြစ်သော နယ်ပယ်၌ ဆက်လက်လေ့လာနေမှုက သင့်အား "ဟုန်သွားစေမှု"၊ သို့မဟုတ် "သင်ယူနိုင်ခြင်း မရှိမှု" တို့မှ ကာကွယ်ပေးပါလိမ့်မည်။

## နေ့စဉ် မှတ်သားလိုက်နာရန်

နွားရိုင်းစီးပွဲ ကမ္ဘာ့ချန်ပီယံဆုကို သုံးကြိမ်မြောက်ရရှိချိန်တွင် "တပ်ဖ်ဟီဒီမင်"သည် ကြီးကျယ်သောအခမ်းအနားတစ်ခုခုကို ကျင်းပခြင်း မရှိချေ။ သူသည် နောက်ထပ် နွားရိုင်းစီးပွဲရာသီသစ်တစ်ခုကို စတင်နိုင်ရန် အတွက် "ဒင်ဗာ"သို့ ပြောင်းရွှေ့သွားလေသည်။ နောက်ပိုင်းတွင်လည်း သူသည် ထိုကဲ့သို့သာ ပြုလုပ်ဆောင်ရွက်လေ့ရှိခဲ့ပါ၏။ ၎င်း၏မှတ်ချက်မှာ "ကျုပ် အရင်အပတ်က လုပ်ဆောင်ခဲ့တဲ့ကိစ္စကို ကျုပ်စီးခဲ့တဲ့နွားသိုးက ဂရုတောင်စိုက်မိမှာ မဟုတ်ပါဘူး" ဟုသတတ်။

သင်သည် လုံးဝပွဲမတိုးဖူးသေးသော လူသစ်တစ်ယောက်သို့တည်းမဟုတ် အောင်မြင်မှုရရှိနေသည့် ဝါရင့်ပုဂ္ဂိုလ်တစ်ယောက်မည်သူပင် ဖြစ်နေပါစေ၊ သင်သည် အနာဂတ်တွင် ချန်ပီယံတစ်ဦးဖြစ်လိုပါက– ယနေ့ကာလတွင် သင်ယူနိုင်စွမ်းရှိသူ ဖြစ်ရပေမည်။

အရည်အချင်း (၂၁)

# အမြင်ကျယ်သည့် စိတ်ကူးရှိမှု

## သင်မြင်ရသည့်အရာကိုသာ ဖမ်းယူဆုပ်ကိုင် နိုင်ပေလိမ့်မည်

ကြီးကျယ်သော ခေါင်းဆောင်တစ်ဦး၏ အမြင်ကျယ်သော စိတ်ကူးကို ဖြစ်မြောက်အောင် ဆောင်ရွက်မည့်သတ္တိသည် ၎င်း၏ရာထူးအဆင့်မှ ပေါ်ထွက်လာခြင်းမဟုတ်ဘဲ၊ ဆန္ဒပြင်းပြမှုမှသာ ပေါ်ထွက်လာခြင်း ဖြစ်၏။

**ဂျွန်စီမက်ဆဝဲလ် (စာရေးသူ)**

ဖြစ်နိုင်သောအလားအလာများ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖြစ်ပေါ်မလာမီကပင် ထိုအလားအလာများကို ကြိုတင်၍ မြင်သူသည် အနာဂတ်ကို ပိုင်ဆိုင်သူများ ဖြစ်ကြ၏။

**ဂျွန်စကာလီ**
**ပက်ပဆီနှင့် အက်ပဲလ်ကွန်ပျူတာ၏**
**အမှုဆောင်အရာရှိချုပ်ဟောင်း**

## ဆေးများကွာကျမနေစေရ
## မြင်းရုပ်အားလုံး လှုပ်ရှားနေကြရမည်

၂၀ ရာစုနှစ်၏ အကြီးမားဆုံးသော စိတ်ကူးယဉ်သမားတစ်ဦးမှာ "ဝေါ့ဒစ်ဆနီ" ဖြစ်၏။ ပထမဦးဆုံး အသံထွက်ကာတွန်း၊ ပထမဦးဆုံး ဆေးရောင်စုံအပြည့်အဝပါသော ကာတွန်း၊ ရုပ်ရှင်ကားတစ်ကားစာရှည်လျားပြီး သက်ဝင်လှုပ်ရှားနေသည့် ပထမဦးဆုံး ကာတွန်းရုပ်ရှင်ကား တို့ကို ထုတ်လုပ်နိုင်သောသူသည် မည်သူပဲဖြစ်နေပါစေ၊ အမြင်ကျယ်သည့် စိတ်ကူးရှိသူတစ်ဦးသာ ဖြစ်ရပေမည်။ သို့ရာတွင် ဝေါ့ဒစ်ဆနီ၏ အကြီးကျယ်ဆုံး စိတ်ကူးစိတ်သန်းတို့မှာ "ဒစ်ဆနီနယ်မြေ" နှင့် "ဝေါ့ဒစ်ဆနီ ကမ္ဘာ" တို့ပင် ဖြစ်ကြ၏။ ထိုအမြင်ကျယ်သည့် စိတ်ကူးဖြစ်ပေါ်လာအောင် စတင်မီးမွှေးပေးခဲ့သည့် မီးပွားကလေးကိုလည်း သူမျှော်လင့်မထားသည့်နေရာ တစ်နေရာမှ ရခဲ့ခြင်း ဖြစ်ပါသည်။

ဝေါ့ဒစ်ဆနီ၏သမီး ၂ ယောက် ငယ်ရွယ်စဉ်အခါက ဝေါ့ဒစ်ဆနီသည် လော့စ်အင်ဂျလီရှိ ပျော်စရာ ရွှင်စရာမျိုးစုံရှိသော ပန်းခြံတစ်ခုသို့ စနေနေ့နံနက်တိုင်း ခေါ်သွားလေ့ရှိ၏။ ထိုပန်းခြံကို သမီး ၂ ယောက်က သဘောကျသလို သူကလည်း နှစ်ခြိုက်၏။ ထိုပန်းခြံသည် ကလေးများ၏ နတ်ဘုံနတ်နန်းဖြစ်ပြီးလျှင် ပတ်ဝန်းကျင်ကလည်း အံ့သြဖွယ်ကောင်း၏။ အာတာပူစီသကြားမုန့်အနံ့၊ ပြောင်းဖူးပေါက်ပေါက်တို့၏ အနံ့တို့နှင့် လှိုင်နေ၏။ ကလေးများ ဆော့ကစားရန်အတွက် စီးနင်းစရာမျိုးစုံကိုလည်း တောက်တောက်ပြောင်ပြောင်ရှိလှသော ဆေးရောင်များနှင့် ကြော်ငြာထားသေး၏။ ရင်ဖိုစရာ ရိုလာကိုစတာရထားကြီး တောင်ကုန်းကလေးပေါ်မှ တစ်ဟုန်ထိုး ဇောက်ထိုးမိုးမျှော် ဆင်းလာချိန်တွင် ကလေးတို့၏ အထိတ်တလန့် အော်ဟစ်သံများကိုလည်း စီစီညံညံ ကြားနေရသည်။



ဝေါ့ဒစ်ဆနီ၏ စိတ်အာရုံကို ဖမ်းစားထားနိုင်သည့်အရာမှာ မြင်းရုပ်များ ဝိုင်းကြီးပတ်ပတ်လည်နေသော မြင်ကွင်းပင်ဖြစ်သည်။ သူအနီးသို့ ချဉ်းကပ်သွားသောအခါ တောက်ပနေသော ပုံရိပ်များသည် မြူးကြွသော တေးဂီတသံနှင့်အတူ ရိပ်ကနဲ၊ ရိပ်ကနဲနေအောင် ဝိုင်းကြီးပတ်ပတ်လည်နေကြ၏။ သို့ရာတွင် သူအနီးသို့ရောက်ရှိသွားပြီး အဆိုပါမြင်းရုပ်များကလည်း ရပ်တန့်သွားသောအခါ ၎င်း၏ အမြင်ကို လှည့်စားခံလိုက်ရခြင်းဖြစ်ကြောင်း သိရလေတော့သည်။ စုတ်ချာနေသော အချို့မြင်းရုပ်များသည် အက်ကွဲနေကြ၏။ ဆေးရောင်များကလည်း ကွာကျနေကြ၏။ ပြီးတော့လည်း အပြင်ဘက်အတန်းမှ မြင်းရုပ်များကသာလျှင် တက်လိုက်ကျလိုက် ဖြစ်နေကြ၏။ ကျန်အတန်းမှ မြင်းရုပ်များမှာ လှုပ်ရှားမှုမရှိဘဲ ၎င်းတို့ကို ကြမ်းပြင်နှင့် မူလီအသေစုပ်ထားကြ၏။

ကာတွန်းဆရာတစ်ဦး၏ စိတ်ပျက်လက်ပျက် ဖြစ်သွားမှုက သူ့အား အလွန်ကြီးကျယ်ခမ်းနားသည့် စိတ်ကူးစိတ်သန်းကို ရစေခဲ့၏။ သူ့စိတ်အာရုံထဲမှ မျက်စိထဲတွင် ပျော်ရွှင်စရာ ပန်းခြံကြီးတစ်ခု၊ ထိုပန်းခြံကြီးထဲမှ လှည့်စားထားသော မြင်ကွင်းများသည်လည်း ပျောက်ကွယ်မသွားစေရ၊ ၎င်းအပြင် ကလေးများသာမက လူကြီးများပါ ပျော်ရွှင်စွာ ခံစားနိုင်ကြသော ပန်းခြံကြီးထဲတွင် ပေါပေါလောလော ဖန်တီးထားသည့် အနုပ်စုတ်ကုပ်စုတ်မြင်ကွင်းမျိုး မပါစေရ။ သူ၏ ထိုစိတ်ကူးယဉ်မှုမှသည် "ဒစ်ဆနီနယ်မြေ" ကို ပေါက်ဖွားလာစေခဲ့၏။ "လယ်ရီတေလာ" ၏ "လိမ္မော်သီးတစ်လုံး ဖြစ်ပါစေ" စာအုပ်ထဲ၌ ဖော်ပြထားသည့်အတိုင်း ဝေါ့ဒစ်ဆနီ၏ အမြင်ကျယ်သော စိတ်ကူးကို ယခုလို အကျဉ်းချုပ်၍ ဖော်ပြနိုင်မည် ဖြစ်ပါသည်။ "ဆေးများကွာကျမနေ စေရ၊ မြင်းရုပ်အားလုံး လှုပ်ရှားနေကြရမည်။"

## ပြည့်စုံအောင် ဖြည့်စွက်ကြစို့

အမြင်ကျယ်သော စိတ်ကူးသည် ခေါင်းဆောင်တစ်ဦးအတွက် ပြီးပြည့်စုံသော လိုအပ်ချက်ဖြစ်၏။ ထိုအရာသည် လုံးဝဥဿုံ မရှိ မဖြစ် လိုအပ်ချက်လည်း ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အမြင်ကျယ်သော စိတ်ကူးက ခေါင်းဆောင်ကို ဦးဆောင်နေသောကြောင့်ပင်ဖြစ်၏။ ထိုအချက်က ပစ်မှတ်ကို အရောင်ခြယ်ပေး၏။ ခေါင်းဆောင်၏ ကိုယ်တွင်း၌ရှိသော "မီး" ကို မီးပွင့်ကလေးနှင့် မီးညှိပေးပြီး တောက်လောင်လာစေ၏။ ထိုစိတ်ကူးက လောင်စာဆီလည်းဖြစ်၏။ ခေါင်းဆောင်ကို ရှေ့ဘက်သို့ ရောက်အောင်ဆွဲ၍လည်း ပို့ပေး၏။ ထို့အပြင် ထိုအချက်သည် အခြားပုဂ္ဂိုလ်များက ခေါင်းဆောင်၏ နောက်ဘက်သို့လိုက်ပါလာအောင် တွန်းအားပေးသည့် မီးစာလည်းဖြစ်၏။ ကျွန်ုပ်အား အမြင်ကျယ်သည့် စိတ်ကူးမရှိသော ခေါင်းဆောင်တစ်ဦးကို ပြသလာမည်ဆိုပါက ကျွန်ုပ်ကလည်း မည်သည့်ကိစ္စကိုမှ ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်သော ခေါင်းဆောင်တစ်ဦးကို ပြန်လည်၍ ပြသပါမည်။ ၎င်း၏ အကောင်းဆုံး လုပ်ရပ်မှာ ကရွတ်ကင်းလျှောက် ဆောင်ရွက်နေခြင်းသာ ဖြစ်နိုင်ပါ၏။

အမြင်ကျယ်သော စိတ်ကူးကို ရရှိစေရေးနှင့် ထိုစိတ်ကူးက အဘယ်ကြောင့် ခေါင်းဆောင်များ၏ဘဝတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာရသည်ကို နားလည်နိုင်ကြစေရန်အတွက် အောက်ပါအချက်များကို သဘောပေါက်ဖို့ လိုအပ်ပေသည်။

**၁။ အမြင်ကျယ်သော စိတ်ကူးသည် အတွင်းစိတ်မှသာ စတင်ဖြစ်ပေါ်လာပါ၏။**

ကျွန်ုပ်က ဆွေးနွေးပွဲများ၌ သင်ကြားပို့ချနေရစဉ် တစ်ခါတစ်ရံတွင် တစ်ယောက်သောပုဂ္ဂိုလ်က ၎င်း၏အဖွဲ့အစည်းအတွက် အမြင်ကျယ်



သော စိတ်ကူးကို တွေးတောကြံဆပေးဖို့ ကျွန်ုပ်အား တောင်းဆိုတတ်ပါ၏။ သို့ရာတွင် ကျွန်ုပ်က ဆောင်ရွက်မပေးနိုင်ခဲ့ပါ။ သင့်အနေနှင့် အမြင် ကျယ်သော စိတ်ကူးတစ်ခုကို ဝယ်ယူ၍သော်လည်းကောင်း၊ တောင်းခံ၍ သော်လည်းကောင်း၊ ငှားရမ်း၍သော်လည်းကောင်း ရရှိနိုင်မည်မဟုတ်ပါ။ ထိုစိတ်ကူးသည် သင်၏အတွင်းစိတ်မှသာလျှင် စတင်ရန် ဖြစ်နိုင်ပါ၏။ ဝေါ့ဒစ်ဆနီအဖို့မူ အမြင်ကျယ်သော စိတ်ကူးသည် မည်သည့်အခါ တွင်မှ ပြဿနာတစ်ရပ် မဟုတ်ခဲ့ပါချေ။ ၎င်း၏ တီထွင်နိုင်မှုစွမ်းရည်နှင့် အကောင်းဆုံးကိုမှ လိုလားမှုတို့အတွက် သူသည် မည်သို့မည်ပုံဖြစ်နိုင်ဖွယ်ရှိကြောင်းကို အမြဲတစေ မြင်တွေ့နေလေ့ရှိသူဖြစ်ပါ၏။

အကယ်၍ သင့်ထံတွင် အမြင်ကျယ်သောစိတ်ကူး ချို့တဲ့နေခဲ့ပါက သင့်အတွင်းစိတ်ကို ပြန်၍လေ့လာပါ။ သင်၏ ပင်ကိုဗီဇစိတ်နှင့် လိုအင်ဆန္ဒများကို စုစည်းလိုက်ပါ။ သင့်ထံတွင် သက်မွေးမှုပညာ တစ်ရပ်ရပ် ရှိနေပါက ထိုပညာရပ်တွင် အာရုံစုစည်းထားလိုက်ပါ။ သို့တိုင်အောင်ပင် သင့်ထံတွင် အမြင်ကျယ်သောစိတ်ကူးကို ကိုယ်တိုင် ဖော်ထုတ်နိုင်စွမ်းမရှိသေးပါက သင်နှင့်အမြင်အယူအဆချင်း ခပ်ဆင်ဆင်တူသော ခေါင်းဆောင်တစ်ယောက်ယောက်နှင့် ချိတ်ဆက်နိုင်ရန် ကြိုးစားပါ။ ၎င်း၏လုပ်ဖော်ကိုင်ဖက်တစ်ဦး ဖြစ်နိုင်အောင်လည်း ကြိုးပမ်းပါ။ ထိုကိစ္စမှာ ဝေါ့ဒစ်ဆနီ၏ ညီတော်မောင်ဖြစ်သူ ရွိုင်-ဆောင်ရွက်ခဲ့သော ကိစ္စမျိုးပင်ဖြစ်သည်။ ရွိုင်သည် ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်၏။ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သူလည်း ဖြစ်၏။ သို့ရာတွင် ဝေါ့ဒစ်ဆနီတစ်ဦးတည်းကသာ အမြင်ကျယ်သော စိတ်ကူးကို ပေးနိုင်ပြီး သူတို့နှစ်ယောက် ပူးပေါင်းလိုက်သောအခါတွင် အလွန်အံ့ဩဖွယ်ကောင်းသော အတွဲတစ်တွဲ ဖြစ်လာလေ၏။

**၂။ အမြင်ကျယ်သော စိတ်ကူးက သင်၏သမိုင်းကို ရေးလေသည်။**

အမြင်ကျယ်သောစိတ်ကူးဆိုသည်မှာ အချို့သော ပုဂ္ဂိုလ်များက ယူဆထားကြသလို လေဟာနယ်ထဲမှ ပေါ်ထွက်လာသော လျှို့ဝှက်ဆန်းကြယ်သည့် အရည်အချင်းတစ်ရပ် မဟုတ်ချေ။ ထိုကိစ္စသည် ခေါင်းဆောင်ဖြစ်သူ၏ အတိတ်ကာလနှင့် ၎င်း၏ပတ်ပတ်လည်၌ ရှိနေသော ပုဂ္ဂိုလ်များ၏ သမိုင်းကြောင်းတို့နှင့်သာ သက်ဆိုင်နေပေသည်။ ထိုအဖြစ်သနစ်မှာ ဝေါ့ဒစ်ဆနီအတွက် မှန်ကန်နေပါ၏။ သို့ရာတွင် ဤကိစ္စရပ်သည် ခေါင်းဆောင်အားလုံးအတွက်လည်း မှန်ကန်ပါ၏။ မည်သည့်ခေါင်းဆောင်ကိုမဆို မေးမြန်းကြည့်ပါ။ ၎င်း၏အမြင်ကျယ်သော အနာဂတ်စိတ်ကူးကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေခဲ့သော ၎င်း၏အတိတ်ဘဝမှ သော့ချက်ကျသည့် အဖြစ်အပျက်များကို သင်သိလာရဖွယ် ရှိပေသည်။

**၃။ အမြင်ကျယ်သော စိတ်ကူးက အခြားပုဂ္ဂိုလ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေး၏။**

မှန်ကန်သည့်အမြင်ကျယ်သော စိတ်ကူးသည် အလွန်တာသွား လေ့ရှိ၏။ ထိုစိတ်ကူးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဆောင်ရွက်နိုင်စွမ်းရှိသောကိစ္စထက် ပို၍ တာသွား၏။ ပြီးတော့လည်း ထိုစိတ်ကူးတွင် စစ်မှန်သော တန်ဖိုးရှိသည်ဆိုပါက အခြားပုဂ္ဂိုလ်များအား ပေါင်းစပ်ပါဝင်လာစေသည်ထက်ပင် ပိုမိုကောင်းမွန်နိုင်ပါ၏။ ထိုပုဂ္ဂိုလ်များ၏ တန်ဖိုးကိုလည်း ပိုမိုမြင့်တက်လာစေပါ၏။ အကယ်၍ သင့်ထံ၌ရှိသော စိတ်ကူးသည် အခြားပုဂ္ဂိုလ်များကို အလုပ်အကျွေး မပြုဟုဆိုခဲ့ပါက ထိုစိတ်ကူးသည် အလွန်သေးငယ်သည့်စိတ်ကူးသာလျှင် ဖြစ်နိုင်ပေသည်။

**၄။ အမြင်ကျယ်သော စိတ်ကူးစိတ်သန်းက ရင်းမြစ်ပစ္စည်းများကို သင်ရှာဖွေရာတွင် ကူညီမည်ဖြစ်၏။**

အမြင်ကျယ်သော စိတ်ကူး၏ အဖိုးတန်ဆုံး အချက်တစ်ချက်မှာ



ထိုစိတ်ကူးက သံလိုက်ပစ္စည်းတစ်ခုကဲ့သို့ပင် လူအများအား ဆွဲဆောင်ခြင်း၊ စိန်ခေါ်ခြင်းနှင့် စုစည်းစေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်၏။ ထိုအချက်က ငွေကြေးများနှင့် အခြားသောရင်းမြစ်ပစ္စည်းများကိုပါ စုစည်းပေးပါသည်။ အမြင်ကျယ်သောစိတ်ကူးက ပို၍ ကြီးမားလေလေ အောင်မြင်သူအများအပြားအား ဆွဲဆောင်နိုင်မည့် အလားအလာပိုများလာလေလေပင်ဖြစ်၏။ အဆိုပါအမြင်ကျယ်သော စိတ်ကူးက ပို၍ စိန်ခေါ်မှုများလေလေ ပါဝင်ကူညီသူများကလည်း အောင်မြင်အောင် လက်တွဲပြီး ပို၍ ကြိုးပမ်းလာကြမည်သာလျှင် ဖြစ်၏။ ပိုလာရွိုက်ကင်မရာကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူ "အက်ဒဝင်လင်းန်"က–

"သင်ပထမဦးဆုံး လုပ်ဆောင်ရမည့်ကိစ္စက "အမြင်ကျယ်တဲ့စိတ်ကူးဆိုတာ သိပ်ပြီးအရေးကြီးတယ်၊ အကောင်အထည်ဖော်တဲ့အခါမှာ မဖြစ်နိုင်ဖို့နဲ့ တော်တော်လေးနီးစပ်တယ်" ဆိုတာကို သူ့စိတ်ထဲက ခံစားလာရအောင် သင်ကြားပေးရမယ်။ အဲဒီလိုဆွပေးလိုက်ခြင်းကနေ အောင်မြင်မယ့်ပုဂ္ဂိုလ်တွေရဲ့ စိတ်ဓာတ်ခွန်အားတွေကို အပြင်သို့ရောက်လာအောင် ဆွဲထုတ်ပေးပါလိမ့်မယ်" ဟု အကြံပေးဖူး၏။

## ဆင်ခြင်သုံးသပ်ပါ

အမြင်ကျယ်သော စိတ်ကူးသည် မည်သည့်နေရာက ရောက်ရှိလာခြင်း ဖြစ်ပါသနည်း။ ခေါင်းဆောင်တစ်ဦးအတွက် မရှိလျှင် မဖြစ်သော အမြင်ကျယ်သည့်စိတ်ကူးကို ရရှိနိုင်အောင် သင်သည် ကောင်းမွန်စွာ နားထောင်တတ်သူတစ်ဦး ဖြစ်ရပေလိမ့်မည်။ သင်သည် အောက်တွင် ဖော်ပြထားသော အသံဗလံမျိုးစုံကို နားထောင်ရပါလိမ့်မည်။

**အတွင်းဘက်ကအသံ**

ကျွန်ုပ်ပြောခဲ့သလိုပင်၊ အမြင်ကျယ်သောစိတ်ကူးသည် အတွင်း

စိတ်မှသာ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သင်ဆောင်ရွက်ရမည့် သင့်ဘဝ တစ်သက်တာ လုပ်ငန်းကို သင်သိပါသလား။ မည်သည့်ကိစ္စက သင်၏နှလုံးသားကို ရိုက်ခတ်သွားစေပါသနည်း။ သင်၏စိတ်ကူး အိပ်မက်က မည်သို့ပါနည်း။ အကယ်၍ သင့်ဘဝ၌ သင်ကြိုးပမ်းနေ သော ကိစ္စသည် အတွင်းစိတ်မှ ဖြစ်ပေါ်လာသော စိတ်ဆန္ဒမဟုတ်ခဲ့ပါက (ထိုကိစ္စသည် သင်၏အလွန်နက်ရှိုင်းသော နေရာမှ ထွက်ပေါ်လာခြင်း နှင့် သင်၏ယုံကြည်ချက် မဟုတ်ပါက) သင်သည် ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းရှိချင်မှ ရှိပါလိမ့်မည်။

**ဝမ်းမသာသောအသံ**

အလွန်ကြီးမားသော စိတ်ကူးစိတ်သန်းများအတွက် စိတ်ခါတ် ကွန့်မြူးမှုသည် မည်သည့်နေရာမှ ရောက်ရှိလာပါသနည်း။ ဆောင်ရွက် ၍ မဖြစ်နိုင်သောကိစ္စကို သတိထားမိမှုမှ ရလာခဲ့ခြင်းဖြစ်၏။ လက်ရှိအခြေ အနေအား မကျေနပ်မှုသည် အမြင်ကျယ်သော စိတ်ကူးအတွက် အလွန်ကြီး မားသော တွန်းအားပေးမှုတစ်ခုလည်းဖြစ်၏။ သင်သည် အေးအေး ဆေးဆေး ထိန်းသိမ်းချုပ်ကိုင်ခံနေရမှုကို နှစ်သိမ့်အားရနေပါသလား၊ သင်သည် သင်၏ကမ္ဘာကို ပြောင်းလဲပစ်ရန်အတွက် သင့်စိတ်ထဲက အလွန်ယားကျိကျိ ဖြစ်နေပါသလား။ သမိုင်းတွင် မည်သည့်ခေါင်းဆောင် ကမှ ပြောင်းလဲလာမှုကို ကာကွယ်တားဆီးရန် ဆောင်ရွက်လေ့မရှိခဲ့ကြပါ။

**အောင်မြင်နေသောအသံ**

မည်သူမဆို ကြီးမားသည့်လုပ်ငန်းများကို တစ်ဦးတစ်ယောက် တည်းနှင့် ပြီးစီးအောင် ဆောင်ရွက်၍မရပါချေ။သင်သည် ကြီးမားသော စိတ်ကူးကြီးတစ်ခုကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ အတွက် သင့်ထံတွင် ကောင်းမွန်သောအဖွဲ့တစ်ဖွဲ့ရှိရန် လိုအပ်ပါ၏။ သို့ရာတွင် သင့်ထက်စော၍ ခေါင်းဆောင်ဖြစ်နေသူ တစ်ဦးဦးထံမှ ကောင်းမွန်သော အကြံဉာဏ်ကို ရယူဖို့လည်း လိုအပ်ပါ၏။



သင်သည် အခြားပုဂ္ဂိုလ်များအား ဦးဆောင်မှုပေးလိုပါက ဆရာ တစ်ဦးဦးကို ရှာဖွေပါ။ သင်၏အမြင်ကျယ်သောစိတ်ကူးကို ပို၍ စူးရှထက်မြက်လာစေမည့် အကြံပေးပုဂ္ဂိုလ် သင့်ထံတွင် ရှိနေပါသလား။

**အထက်မှလာသောအသံ**

သင်၏အမြင်ကျယ်သောစိတ်ကူးသည် သင်၏အတွင်းစိတ်ဆီမှ စတင်ရမည်မှာ မှန်ကန်သော်လည်း အကန့်အသတ်ရှိသော သင်၏ အရည်အချင်းထဲမှာပင် ထိန်းချုပ်မထားသင့်ပါ။ အမှန်တကယ် တန်ဖိုး ရှိသော အမြင်ကျယ်သည့်စိတ်ကူးတွင် (သင်ကိုးကွယ်သည့်ဘာသာ၏) ဘုရားသခင်ပါဝင်သင့်၏။ ၎င်းကသာလျှင် သင်၏ ရာနှုန်းပြည့် စွမ်းဆောင်နိုင်မှုကို သိရှိမည်ဖြစ်ပါသည်။ သင်သည် အမြင်ကျယ်သော စိတ်ကူးကို ရှာဖွေရင်း သင်ကိုယ်တိုင်ထက် ကျော်လွန်၍ သို့မဟုတ် သင်၏ ဘဝသက်တမ်းထက်ပင် ကျော်လွန်၍ စဉ်းစားကြည့်မိဖူးပါသလား။ ထိုကဲ့သို့ မဆောင်ရွက်ခဲ့ဖူးပါက သင်၏ မှန်ကန်သော အလားအလာနှင့် သင့်ဘဝ၏အကောင်းဆုံးအနေအထား တို့မှာ ပျောက်ဆုံးနေဖွယ်ရှိပါ၏။

## ကိုယ်တိုင် စတင်ဆောင်ရွက်ပါ

အမြင်ကျယ်သော စိတ်ကူးရရှိရေးတွင် သင်ပိုမိုတိုးတက်လာစေရန် အောက်ပါတို့ကို ဆောင်ရွက်ပါ။

**၁။ သင့်ကိုယ်ကို အကဲဖြတ်ပါ။**

အကယ်၍ သင်က သင့်ဘဝအတွက် အမြင်ကျယ်သောစိတ်ကူးအား ယခင်ကပင် စဉ်းစားတွေးတောထားပြီး ဖြစ်သည့်အလျောက် အခြား သူများအားလည်း ပြောဆိုတင်ပြထားပြီး ဖြစ်ခဲ့ပါက သင့်အနေဖြင့် မည်ရွေ့မည်မျှအထိ ဆောင်ရွက်နိုင်စွမ်းရှိမည်ကို အကဲဖြတ်ပါ။ သင်၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ သို့မဟုတ် ရင်းနှီးသောမိတ်ဆွေသူငယ်ချင်း၊

သို့မဟုတ် အရေးကြီးသည့်ဝန်ထမ်းများ စသည်ဖြင့် အရေးပါသူ အတော်များများနှင့် ဆွေးနွေးကြည့်ပါ။ သင်၏စိတ်ကူးအပေါ် ၎င်းတို့၏ ထင်မြင်ချက်များကိုလည်း တောင်းခံပါ။ အကယ်၍ ၎င်းတို့က အားရ ပါးရ ပြောကြဆိုကြနိုင်သာ ဆွေးနွေးမည်ဆိုပါက သင်၏စိတ်ကူးသည် ဖြစ်လာနိုင်ဖွယ်ရှိပေ၏။

**၂။ ရေးချပြီး မှတ်တမ်းတင်လိုက်ပါ။**

အကယ်၍ သင်သည် သင်၏အမြင်ကျယ်သောစိတ်ကူးကို စဉ်းစားတွေးတောပြီး ဖြစ်သော်လည်း စာနှင့်ပေနှင့် မှတ်တမ်းတင်ရ သေးခြင်း မရှိခဲ့ပါက ယနေ့ပင် အချိန်ယူ၍ ရေးချလိုက်ပါ။ စာနှင့် ပေနှင့် ရေးချထားမှုက သင်၏တွေးတောဆင်ခြင်မှုတို့ကို ရှင်းလင်းပြတ် သားစေမည် ဖြစ်ပါ၏။ ထိုစိတ်ကူးကို သင်က ရေးသားပြီးသည်နှင့် တပြိုင်နက် ၎င်းစိတ်ကူးသည် သင့်ဘဝ၏အကောင်းဆုံးအနေအထားနှင့် ထိုက်တန်မှု ရှိမရှိကို သုံးသပ်ပါ။ ထို့နောက် နှစ်ခြိုက်မှုရှိပါက သင့်တွင် ရှိရှိသမျှသော ခွန်အားတို့ဖြင့် ဖြစ်မြောက်အောင် ကြိုးပမ်းပါလေ။

**၃။ အခြေခံကျကျ စစ်ဆေးကြည့်ပါ။**

အကယ်၍ သင်သည် သင်၏ အမြင်ကျယ်သောစိတ်ကူးနှင့် စပ်လျဉ်း၍ နက်နက်နဲနဲ စဉ်းစားခဲ့ဖူးခြင်း မရှိပါက လာမည့်ရက်သတ္တ ပတ် အတော်များများ၊ သို့မဟုတ် လပေါင်းအတော်များများအထိ အချိန်ယူ၍ ထိုစိတ်ကူးကို စဉ်းစားသုံးသပ်ကြည့်ပါ။ အခြေခံကျသော အဆင့်တွင် မည်သည့်ကိစ္စက သင့်ကို ရိုက်ခတ်မှုရှိပါသနည်း။

မည်သည့်ကိစ္စက သင့်ကို ငိုယိုစေပါသနည်း။ ..........

မည်သည့်ကိစ္စက သင့်ကို စိတ်ကူးယဉ်စေပါသနည်း။ ..........

မည်သည့်ကိစ္စက သင့်ကို အားအင်ပြည့်ဖြိုးစေပါသနည်း။ .........

ထိုနည်းတူစွာပင် သင်၏နံဘေးပတ်ဝန်းကျင်၌ သင်မြင်တွေ့ လိုသော ပြောင်းလဲမှုများကိုလည်း တွေးတောဆင်ခြင်ကြည့်ပါ။ မဖြစ်သေး



သည့် မည်သည့်ကိစ္စများကို သို့မဟုတ် ဖြစ်နိုင်သောကိစ္စရပ်များကို သင်တွေးတောမိပါသနည်း။ သင်၏စိတ်ကူးစိတ်သန်းများသည် ကြည်လင် ပြတ်သားလာပါက ထိုစိတ်ကူးများကို ရေးချလိုက်ပြီးနောက် ထိုအချက် များကို သင်၏ဆရာတစ်ယောက်ယောက်နှင့် ဆွေးနွေးကြည့်ပါ။

## နေ့စဉ်လှုပ်ကိုနာဆောင်ရွက်ရန်

ရောဘတ်ဝုဒ်ရပ်ဖ်သည် ၁၉၂၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ကိုကာကိုလာ အချိုရည်ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အဆိုပါကာလအတွင်း သူသည် ကမ္ဘာအရပ်ရပ်ရှိ အမေရိကန်တပ်သား များအားလုံးအတွက် ကိုကာကိုလာတစ်ပုလင်းလျှင် အမေရိကန်ငွေ ငါးဆင့်နှင့် (ကုမ္ပဏီအတွက် မည်မျှပင် စရိတ်စက ကုန်ကျနေသည် ဖြစ်ပါစေ)၊ ရောင်းချပေးလိုသော ဆန္ဒရှိခဲ့သည်။ အလွန်ရဲရင့်သော ပန်းတိုင်ပင် ဖြစ်ပေ၏။သို့ရာတွင် ထိုကိစ္စမှာ ၎င်း၏စိတ်ထဲမှ ပို၍ ကြီးမားသော အခြားစိတ်ကူးနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက မဖြစ် စလောက်မျှသာ ဖြစ်နေပြန်ပါ၏။ သူ၏ဘဝတစ်သက်တာအတွင်း သူက ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အား "ကိုကာကိုလာ" ကို မြည်းစမ်း ကြည့်စေချင်ခဲ့သည်။ သင်က သင်၏ နှလုံးသားနှင့် ဝိညာဉ်ထဲသို့ နက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်ပြီးလျှင် သင်၏ အမြင်ကျယ်သော စိတ်ကူးကို ရှာဖွေကြည့်မည်ဆိုပါက မည်သည့်စိတ်ကူးကို သင်တွေ့ရှိ ရမည်နည်း။

# နိဂုံး

သင်သည် ဤစာအုပ်ကို ဖတ်ရှုရာတွင် ကျေနပ်အားရမှုရရှိပြီး အခန်းတိုင်း၌ ပါရှိသော 'ကိုယ်တိုင် စတင်ဆောင်ရွက်ပါ'ဆိုသည့်ကဏ္ဍမှ လေ့ကျင့်ခန်းများကိုလည်း လေ့ကျင့်ပြုလုပ်သဖြင့် အကျိုးကျေးဇူးရကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုကဲ့သို့ လေ့ကျင့်ရန် ပေးထားသော လေ့ကျင့်ခန်းများသည် သင်က အရည်အချင်းတစ်ခုစီအား နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်စေရန်နှင့် သင်၏ဘဝတွင် ကိုယ်ရည်ကိုယ်သွေး မြင့်မားလာစေမှုအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းများအား စတင်ဆောင်ရွက်ရာတွင် အကူအညီဖြစ်စေရန် ပုံစံချပေးထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်က သင့်အား အကြွင်းမဲ့ခေါင်းဆောင်မှုပေးနိုင်သော ခေါင်းဆောင်တစ်ဦးအဖြစ် မြင့်မားလာစေရေးအတွက် အားပေးအားမြှောက်ပြုလိုပါသည်။ သင်မည်သို့မည်ပုံ မြင့်မားတိုးတက်လာသည်ကို သိရှိနိုင်အောင် ဤစာအုပ်အား အခါအားလျော်စွာ ထပ်မံဖတ်ရှုပြီးလျှင် ပြန်လည် သုံးသပ်ကြည့်ပါ။ သင့်စွမ်းရည်ကို တိုးတက်လာစေမည့် ပုံမှန်အစီအစဉ် တစ်ရပ်ကိုလည်း သင်က ရေးဆွဲဆောင်ရွက်စေလိုပါသည်။ ထိုအစီအစဉ်အရ အထောက်အကူပြုမည့် စာအုပ်များကို မှန်မှန်ဖတ်ရှုခြင်း၊ တိပ်ခွေများကို မှန်မှန်နားထောင်ခြင်း၊ ဆွေးနွေးပွဲများသို့ မှန်မှန်တက်ရောက်ခြင်းစသည်တို့ကိုလည်း တသမတ်တည်း ဆောင်ရွက်သွားစေလိုပါ၏။ အဆိုပါ လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ အထောက်အကူများ ရရှိရန် လိုအပ်နေပါက ကျွန်ုပ်၏အဖွဲ့အစည်းနှင့် ဆက်သွယ်စေလိုပါသည်။



ကျွန်ုပ်တို့က လက်ရှိဆွေးနွေးပွဲ ရက်ချိန်းဇယားများနှင့် ကက်တလောက်တို့ကို ဝမ်းမြောက်ဝမ်းသာစွာ ပို့ပေးပါမည်။ ၎င်းအပြင် သင့်အား လူကိုယ်တိုင်သော်လည်းကောင်း စာအုပ်များနှင့် တိပ်ခွေများမှသော်လည်း လမ်းညွှန်မှုပြုနိုင်မည့် အခြားသောခေါင်းဆောင်များကိုလည်း သင်ကရှာဖွေစေလိုပါသည်။

လူအများက မိမိနောက်မှ လိုက်ပါလိုကြသော ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာစေရေးအတွက် သင်ဆောင်ရွက်နိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ မိမိကိုယ်တိုင် အရည်အသွေး မြင့်မားလာစေရန်နှင့် ခေါင်းဆောင်မှုအကြောင်းကို စဉ်ဆက်မပြတ် လေ့လာနေရန်ပင် ဖြစ်ပါ၏။ သင်၏ ဘဝခရီးလမ်းတစ်လျှောက်တွင် ကံကောင်းပါစေ။

**The INJOY Group**
**P.O. Box 7700**
**Atlanta, GA 30357-0700**
**800-333-6506**
**U.S.A**
**www.injoy.com**

. . . . . .